# THE STRUGGLE

တော်လှန်ရေးသီအိုရီမရှိဘဲ တော်လှန်ရေးလှုပ်ရှားမှု မရှိနိုင်ဘူး

issue
15
june
2026



*In defence of*

# GENUINE MARXISM

THE STRUGGLE
theoretical organ of the
REVOLUTIONARY MARXISM

issue 15 June 2026 © marxistburma.org

# မာတိကာ

စာမျက်နှာ - 3
ထရော့စကီးဝါဒဆိုတာ ဘာလဲ
အယ်ဒီတာ့အာဘော်

စာမျက်နှာ - 9
ဘာကြောင့် ကွန်မြူနစ်အင်တာနေရှင်နယ် လိုအပ်သလဲ
သူရိန်မွန်

စာမျက်နှာ - 14
ဗကပရဲ့ 'national-reformist' အတွေးအခေါ်ကို ချေဖျက်ခြင်း
သူရိန်မွန်

စာမျက်နှာ - 18
မာ့က်စ်ဝါဒနဲ့ အမျိုးသားရေး ပြဿနာ မိတ်ဆက်
လန်းနှာ့(ဒ်)

စာမျက်နှာ - 24
အီရန်စစ်ပွဲ၊ ကွန်မြူနစ်တွေရဲ့ ရပ်တည်ချက်
မေဆန်

စာမျက်နှာ - 31
ယူအက်(စ်)-အစ္စရေး နယ်ချဲ့စစ်ကို ဘာ့ကြောင့် ဆန့်ကျင်ရသလဲ
မေဆန်

စာမျက်နှာ - 36
အကူးအပြောင်း လုပ်ငန်းစဉ် : အကျပ်အတည်းကာလရဲ့ မာ့က်စ်ဝါဒ နည်းနာ
ရှင်မင်းဟန်

စာမျက်နှာ - 41
အမေရိကန် ပြည်ထောင်စု၊ ၂၀၂၆ မင်နီဆိုးတား အထွေထွေသပိတ်ဆိုင်ရာ စစ်တမ်း ဆယ်ချက်
ရှင်မင်းဟန်

စာမျက်နှာ - 44
သဘာဝသိပ္ပံနဲ့ လူမှုသိပ္ပံ ဘယ်လို ကွာခြားသလဲ
လန်းနှာ့(ဒ်)



join us
marxistburma.org

# ထရော့စကီးဝါဒဆိုတာ ဘာလဲ

**အယ်ဒီတာ့အာဘော်**

**စဉ်ဆက်မပြတ် တော်လှန်ရေး သီအိုရီ**ဟာ လီနင်ရဲ့ နယ်ချဲ့စနစ် သီအိုရီလိုပဲ မာ့(က်စ်)နဲ့ အန်းဂယ်(လ်စ်)တို့ မရှိတော့တဲ့ နောက်ပိုင်း မာ့(က်စ်)ဝါဒကို အရေးကြီးဆုံး အကျိုးပြုချက်တွေထဲက တခု ဖြစ်တယ်။ ဒါ့ကြောင့် *In Defence of Marxism* မဂ္ဂဇင်း အမှတ် ၅၁ မှာ ဒီသဘောတရားကို နက်နက်နဲနဲ တူးဆွထားတဲ့ ဆောင်းပါးများကို ဂုဏ်ယူစွာ ဖော်ပြလိုက်ပါတယ်။

၁၈၅၀ ခုနှစ်မှာ မာ့(က်စ်) ပထမဆုံး အသုံးပြုခဲ့တဲ့ 'permanent revolution' (စဉ်ဆက်မပြတ် တော်လှန်ရေး) ဆိုတဲ့ ဝေါဟာရနဲ့ လီယွန် ထရော့စကီး နာမည်ဟာ ခွဲမရတော့ဘူး။ ထရော့စကီးက စဉ်ဆက်မပြတ် တော်လှန်ရေး သဘောတရားတွေကို ၁၉၀၅ ရုရှား တော်လှန်ရေး ကာလမှာ ဖော်ထုတ်ခဲ့ခြင်း ဖြစ်တယ်။

ဒါ့ကြောင့် စဉ်ဆက်မပြတ် တော်လှန်ရေးအကြောင်း ပြောတိုင်း 'ထရော့စကီးဝါဒ' လို့ခေါ်တဲ့ ပြဿနာ မလွဲမသွေ ထွက်ပေါ်လာတယ်။ ဒါပေမဲ့ ထရော့စကီးဝါဒ ဆိုတာ ဘာကို ပြောတာလဲ။ ထရော့စကီး လုပ်ကြံခံရပြီး ၈၅ နှစ်အကြာ ဒီကနေ့ ခေတ်မှာ အဓိပ္ပါယ် ရှိသေးရဲ့လား။

## အမှန်တရားဟာ အခိုင်အမာ လက်တွေ့ ဖြစ်တယ်

စတာလင်နစ်ဝါဒကို ဆန့်ကျင်တာ ထရော့စကီးဝါဒပဲလို့ မကြာခဏ ပုံဖော်လေ့ ရှိတယ်။ ဒါပေမဲ့ စတာလင်ဝါဒကို ဆန့်ကျင်တဲ့ အင်အားစု မျိုးစုံ ရှိနိုင်တယ်၊ သူတို့အများစုက ထရော့စကီး အယူအဆတွေနဲ့ ဘာဆို ဘာမှ မသက်ဆိုင်ဘူး။

ထရော့စကီးဝါဒရဲ့ တကယ့် အနှစ်သာရက ဘာကို ဆန့်ကျင်သလဲ ဆိုတာနဲ့ မသက်ဆိုင်ဘူး၊ ဘာတွေ အဆိုပြု ဖော်ထုတ်ထားသလဲ ဆိုတာနဲ့ပဲ သက်ဆိုင်တယ်။ ဒါ့ကြောင့် ထရော့စကီးဝါဒအကြောင်း ဆွေးနွေးမယ်ဆိုရင် ထရော့စကီးရဲ့ ဘဝကို တော်လှန်ရေးသမား တယောက်အဖြစ် သတ်မှတ်ပေးထားတဲ့ အခြေခံ သဘောတရားတွေကနေ အစပြုရမယ်။

အဲဒီသဘောတရားတွေထဲမှာ အခြေခံအကျဆုံး ပထမအချက်က မာ့(က်စ်)ဝါဒရဲ့ ဒဿနိက နည်းနာ (ဒိုင်ယာလက်တစ်) နဲ့ ပတ်သက်တဲ့ ထရော့စကီးရဲ့ သဘောထားပဲ။ ၁၉၃၉ မှာ ထရော့စကီး ရေးခဲ့သလိုပဲ -

> "ပီယာနိုသမား တယောက်က လက်ချောင်း လေ့ကျင့်ခန်းတွေ လုပ်နေဖို့ လိုအပ်သလို တော်လှန်ရေးသမား တယောက်ကလဲ သူ့စိတ်ကို



> ဒိုင်ယာလက်တစ် နည်းကျ လေ့ကျင့်ထားဖို့ လိုအပ်တယ်၊ ဒိုင်ယာလက်တစ်က ပြဿနာ အားလုံးကို ပြောင်းလဲခြင်း မရှိတဲ့ အရာတွေလို့ မမြင်ဘဲ ဖြစ်စဉ်တွေအဖြစ် သဘောထား ချဉ်းကပ်ဖို့ တောင်းဆိုတယ်။”[1]

သက်ရှိ ဘဝမှာလိုပဲ နိုင်ငံရေးမှာလဲ ‘ဒီမိုကရေစီ’၊ ‘အာဏာရှင်စနစ်’၊ ‘အရင်းရှင်စနစ်’၊ ‘ဆိုရှယ်လစ်စနစ်’၊ အစရှိတဲ့ အယူအဆတချို့ကို ကျနော်တို့ နားရည်ဝပြီး သုံးစွဲနေကြတယ်။ ဒါ့အပြင် မာ့(က်စ်)ဝါဒ သီအိုရီကလဲ ပိုပြီး တိကျတဲ့ သဘောတရားတွေကို ရှင်းပြနိုင်အောင် သူ့ကိုယ်ပိုင် သိပ္ပံနည်းကျ ဝေါဟာရတွေ ဖော်ထုတ်ထားတယ်။ ဥပမာ၊ ‘ဘူဇွာ တော်လှန်ရေး’၊ ‘အလုပ်သမား နိုင်ငံတော်’၊ ‘ဘိုနာပတ်တစ်ဇင်’၊ စသဖြင့်။

မျိုးတူစု ခွဲထားတဲ့ ဒီအယူအဆ အားလုံးကို အရှိတရားကနေ ထုတ်ယူထားခြင်း ဖြစ်တယ်။ သူတို့ဟာ ပြောင်းလဲ ဖြစ်ပေါ်နေတဲ့ လူ့အဖွဲ့အစည်းကို နားလည်ဖို့အတွက် အလွန်တန်ဖိုးရှိတဲ့ လက်နက်တွေ ဖြစ်တယ်။ ဒါပေမဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေရဲ့ သီးခြား မျက်နှာစာ တခုခုကနေ ထုတ်ယူထားခြင်းကြောင့် ဒီအယူအဆတွေမှာ ယေဘုယျဆန်တဲ့ သဘောမျိုး မလွဲမသွေ ရှိနေတတ်တယ်။ အထူးသဖြင့် ရှင်သန်နေတဲ့ အရှိတရားနဲ့ နှိုင်းယှဉ်ကြည့်လိုက်ရင် ဒီသဘောမျိုး တွေ့ရတယ်။ ရှင်သန်နေတဲ့ အရှိတရားဟာ အင်မတန် ရှုပ်ထွေးပြီး ဘက်ပေါင်းစုံ ရှိတယ်။

ဥပမာအားဖြင့် ‘အရင်းရှင်စနစ်’ ဆိုတဲ့ မျိုးတူစု အယူအဆကို လူအများစု ရင်းနှီးကြလိမ့်မယ်၊ ဒီကနေ့ ကမ္ဘာပေါ်က စီးပွားရေး အားလုံး နီးပါးကို အရင်းရှင် စနစ်လို့ မျိုးတူစု သတ်မှတ်နိုင်တယ်။ ဒါ့အပြင် အရင်းရှင် စနစ် ဖြစ်နေတဲ့အတွက် အဲဒီ နိုင်ငံ အားလုံးမှာ ဘုံတူညီတဲ့ ဝိသေသတွေ ရှိပြီး ဘုံတူညီတဲ့ နိယာမတွေရဲ့ ပြဋ္ဌာန်းမှုကို ခံရမယ်လို့ ပြောလာရင် လူအများစု သဘောတူကြမှာပဲ။

ဒါပေမဲ့ အရင်းရှင် စီးပွားရေး အားလုံး အတူတူပဲလို့ ကောက်ချက်ချနိုင်လား၊ အားလုံးက တပုံစံတည်း တရှိန်တည်း ဖွံ့ဖြိုးသွားတယ်လို့ ပြောနိုင်လား။ လူ့အဖွဲ့အစည်းတခုက သဘောတရားရေးအရ ပုံဖော်ထားတဲ့ ယေဘုယျ အရင်းရှင် ပုံစံနဲ့ အံဝင်ခွင်ကျ မဖြစ်တာနဲ့ အဲဒီ လူ့အဖွဲ့အစည်းကို အရင်းရှင်စနစ် မဟုတ်ဘူးလို့ ဆိုနိုင်လား။

အဲဒီလို တွေးခေါ်လိုက်မယ်ဆိုရင် *formalism* (သဏ္ဌာန်အဓိက ယုတ္တိဗေဒ) ထောင်ချောက်ထဲ ကျသွားလိမ့်မယ်၊ သဏ္ဌာန်အဓိက ယုတ္တိဗေဒဟာ ယေဘုယျ မျိုးတူစုတွေ၊ အဓိပ္ပါယ် ဖွင့်ဆိုချက်တွေကို စမှတ်အဖြစ် သတ်မှတ်ပြီး အဲဒီကနေ သီးခြား ဖြစ်ရပ်တွေကို ကောက်ချက်ချတယ်၊ လက်တွေ့ အချက်အလက်တွေအပေါ် ယေဘုယျ အယူအဆတွေ သွတ်သွင်းဖို့ ကြိုးစားတယ်။ ဒီနည်းလမ်းကို နိုင်ငံရေးမှာလဲ ခဏခဏ တွေ့ရတယ်၊ ဒီနည်းလမ်းကို သုံးတိုင်း ကြီးလေးတဲ့ အမှားတွေ ဖြစ်ကုန်တာလဲ ခဏခဏပဲ။

အမှန်တော့ အတွေးအခေါ် အယူအဆတွေနဲ့ မတူတာက ဘယ်အရာမှ အမြဲတမ်း ငြိမ်နေတာ မရှိဘူး၊ သီးခြား ဖြစ်နေတာ မရှိဘူး။ အရာ အားလုံးဟာ အပြန်အလှန် ယှက်နွှယ်နေကြတယ်၊ အရာအားလုံးဟာ ဖြစ်တည်လာကြတယ်၊ ပြီးတော့ ပျက်သုဉ်းသွားကြတယ် ဆိုတဲ့ အဆက်မပြတ် ဖြစ်စဉ်အတွင်း ရှိနေတယ်။ အရာအားလုံးဟာ ဆန့်ကျင်ဖက် အဖြစ်ကို ပြောင်းလဲသွားကြတယ် - အသက်မဲ့ခြင်းကနေ သက်ရှိ ရုပ်၊ တည်ငြိမ်မှုနဲ့ တိုးတက်ခြင်းကနေ အကျပ်အတည်းနဲ့ ကျဆင်းမှု၊ အပြန်အလှန်အားဖြင့်လဲ ဒီသဘောပဲ။

ဒိုင်ယာလက်တစ် လော့ဂျစ်ဟာ ဒီအရှိတရားကို အတွေးအခေါ်အားဖြင့် ဖမ်းဆုပ်နိုင်အောင် လူသားတွေ ဖော်ထုတ်ထားတဲ့ အစွမ်းထက်ဆုံး လက်နက်ပဲ။ ဒီလက်နက်ကြောင့် ကျနော်တို့ရဲ့ အယူအဆတွေ၊ သဘောတရားတွေဟာ တရားသေ မဆန်ဘဲ အခိုင်အမာသဘောတွေနဲ့ ကြွယ်ဝလာတယ်၊ ဒါ့ကြောင့်လဲ အလုပ် လမ်းညွှန်အဖြစ် ထမ်းဆောင်နိုင်ခြင်း ဖြစ်တယ်။ ထရော့စကီး ပြောခဲ့သလိုပဲ-

> “ဒိုင်ယာလက်တစ် အတွေးအခေါ်နဲ့ သမားရိုးကျ အတွေးအခေါ်ကြား ဆက်နွှယ်မှုဟာ ရုပ်ရှင်နဲ့ ရုပ်သေ ဓာတ်ပုံကြားက ဆက်နွှယ်မှုအတိုင်းပဲ။ ရုပ်ရှင်က ရုပ်သေ ဓာတ်ပုံကို ပစ်ပယ်လိုက်တာမျိုး မလုပ်ဘူး၊ ရုပ်သေတွေကို ရွေ့လျားပြောင်းလဲမှု နိယာမတွေအတိုင်း ပေါင်းစပ်ပေးလိုက်ခြင်းသာ ဖြစ် တယ်။”[2]

ထရော့စကီးရဲ့ မိန့်ခွန်းနဲ့ အရေးအသား အားလုံးမှာ မစဉ်းစား မတွေးခေါ်ဘဲ ကြက်တူရွေးလို စာအံပြခြင်း၊ သဏ္ဌာန်အဓိက ယုတ္တိဗေဒနဲ့ ပုံသေကားကျဝါဒ အမျိုးအစား အားလုံးကို အမြဲ ဆန့်ကျင် ဝေဖန်ခဲ့တာ တွေ့ရမယ်။

## ဒိုင်ယာလက်တစ်နည်းကျ စိတ်ဖြာလေ့လာခြင်း

စတာလင်နဲ့ ဒီဘိတ်တွေ မတိုင်ခင် အနှစ် ၂၀ လောက်ကတည်းက ထရော့စကီး ဟာ ရုရှား ဆိုရှယ်ဒီမိုကရေစီရဲ့ မင်ရှီဗစ် တောင်ပံကို ၁၉၀၆ ခုနှစ်မှာ သဘောတရားရေး တိုက်ပွဲ ဆင်နွှဲခဲ့တယ်။ မင်ရှီဗစ်တွေဟာ မာ့(က်စ်)ဝါဒ သဘောတရားတွေကို ‘အဆင့်တွေ’ အသေချထားတဲ့ ဖော်မြူလာတခုအဖြစ် ပြောင်းလဲပစ်ခဲ့တယ်။

မင်ရှီဗစ်တွေဟာ အဲဒီခေတ် မာ့(က်စ်)ဝါဒီတိုင်း လက်ခံထားပြီးသား အခြေခံ သဘောတရားကနေ အစပြုခဲ့တယ်၊ အဲဒါကတော့ ရုရှားပြည်ဟာ ‘ဘူဇွာ တော်လှန်ရေး’ ကို မျက်မှောက်ပြုနေတယ် ဆိုတဲ့ အချက်ပဲ။ သို့သော် မင်ရှီဗစ်တွေက ဒီယေဘုယျ သဘောကို အခြေခံပြီး ဘူဇွာ လူတန်းစားက အနောက် နိုင်ငံတွေနဲ့ အလားတူတဲ့ အရင်းရှင် ဒီမိုကရေစီကို ပထမဆုံး ထူထောင်ရမယ်လို့ အဆိုပြုတယ်။ အရင်းရှင်စနစ် ဖွံ့ဖြိုးမှုကို အတိအကျ ပြောမထားတဲ့ ကာလရှည်တခု ဖြတ်သန်းပြီးမှ ရုရှားဟာ ဆိုရှယ်လစ် တော်လှန်ရေး ဆင်နွှဲဖို့ အခြေအနေ ရင့်မှည့်သွားလိမ့်မယ်လို့ မင်ရှီဗစ်တွေက ဆိုတယ်။

ထရော့စကီး ဝေဖန်ခဲ့သလိုပဲ ဒီအယူအဆဟာ မာ့(က်စ်)နဲ့ အန်းဂယ်(လ်စ်) တို့ရဲ့ နည်းနာ အစစ်နဲ့ လုံးဝ ကွဲလွဲနေတယ်။ တကယ်တော့ အဲဒီခေတ် ရုရှား နိုင်ငံတွင်း အမှန်တကယ် ရှင်သန် လှုပ်ရှားနေတဲ့ လူတန်းစား အသီးသီးရဲ့ အကျိုးစီးပွားတွေ၊ အင်အားတွေကို အခိုင်အမာ ခွဲခြမ်းလေ့လာကြည့်ဖို့ လိုအပ်နေခြင်း ဖြစ်တယ်။ ထရော့စကီးရဲ့ ဒိုင်ယာလက်တစ်နည်းကျ ခွဲခြမ်းလေ့လာမှုရဲ့ ရလဒ်အဖြစ် စဉ်ဆက်မပြတ် တော်လှန်ရေး သီအိုရီ ထွက်ပေါ်လာခဲ့တယ်။

လက်တွေ့တည်ရှိနေတဲ့ ရုရှား ဘူဇွာလူတန်းစားက ဇာဘုရင်စနစ်နဲ့ မြေရှင်ကြီး စနစ်ကို ဖြိုချပစ်ဖို့ စိတ်မဝင်စားဘူးလို့ ထရော့စကီး ရှင်းပြခဲ့တယ်။ ဒါ့ကြောင့် လယ်သမားထုနဲ့ မဟာမိတ်ပြုထားတဲ့ အခြေခံပေါ်မှာ အလုပ်သမား လူတန်းစားက ဦးဆောင်ပြီး အာဏာ အရယူနိုင်မှသာ ဘူဇွာ ဒီမိုကရေစီ တော်လှန်ရေးကို အဆုံးသတ်နိုင်မယ်။ ဒါပေမဲ့ အလုပ်သမား လူတန်းစားက ဘူဇွာ သမ္မတနိုင်ငံ ထူထောင်ပြီးရုံနဲ့ ရပ်သွားမှာ မဟုတ်ဘူး။ ဒါ့ကြောင့် ဘူဇွာ တော်လှန်ရေးကနေ ဆိုရှယ်လစ် တော်လှန်ရေးအဖြစ် ဆက်ပြီး ကြီးထွားသွားလိမ့်မယ် (‘grow over’ လို့ သုံးပါတယ်)။

၁၉၁၇ အောက်တိုဘာမှာ ဆိုဗီယက်တွေ အာဏာသိမ်းနိုင်ခဲ့တဲ့ ရုရှား တော်လှန်ရေး အတွေ့အကြုံက ထရော့စကီးရဲ့ သီအိုရီကို အပြည့်အဝ သက်သေထူခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီနောက် ဖြစ်ခဲ့တဲ့ ကမ္ဘာတလွှားက တော်လှန်ရေးတွေမှာလဲ စဉ်ဆက်မပြတ် တော်လှန်ရေး လော့ဂျစ်ကို တွေ့နိုင်တယ် - ဗီယက်နမ်ကနေ ဗင်နီဇွဲလားအထိ၊ ဆီးရီးယားကနေ ဆူဒန်အထိ၊ စသဖြင့်။

## မာ့(က်စ်)ဝါဒကို ခုခံကာကွယ်ခြင်း

ထရော့စကီးဟာ သူတို့ကိုယ်သူတို့ လီနင် အမွေဆက်ခံသူတွေအဖြစ် ကြွေးကြော်ထားကြတဲ့ စတာလင်နဲ့ ဘူခါရင်တို့ကိုလဲ အလားတူ ဆန့်ကျင် တိုက်ပွဲဝင်ခဲ့ရတယ်။ စတာလင်နဲ့ ဘူခါရင်တို့ဟာ ကာလတခုရဲ့ ‘accomplished facts’ တွေကိုသာ မျက်တောင်မွေးတဆုံးစာပဲ မြင်နိုင်ပြီး



မာ့က်စ်ဝါဒ သီအိုရီကို အလယ်ခေတ် ကျောင်းတော်ဝါဒီဆန်ဆန် သဏ္ဍာန် အဓိကထား ချဉ်းကပ်ခဲ့သူတွေ ဖြစ်တယ်။

“သီအိုရီ နယ်ပယ်မှာ ယေဘုယျ စိတ်ကူးထည်တွေနဲ့ အလုပ် လုပ်သူဟာ အချက်အလက်တွေကို မျက်ကန်း ကိုးကွယ်ရတဲ့ ဘဝ ရောက်သွားမယ်” လို့ ထရော့စကီး သတိပေးခဲ့ဖူးတယ်။ [3]

ဒါ့ကြောင့် ပထမ ကမ္ဘာစစ်အပြီး ထွက်ပေါ်လာတဲ့ တော်လှန်ရေး လှိုင်းကြီး ငြိမ်ကျသွားတဲ့အခါ စတာလင်က ‘ဆိုရှယ်လစ် စနစ်ကို တိုင်းပြည်တခုထဲ တည်ဆောက်ခြင်း’ ဆိုတဲ့ အသစ်စက်စက် သဘောတရား တခုကို ၁၉၂၄ ခုနှစ် ဆောင်းဦးကာလမှာ ထကြေညာခဲ့တယ်။ ဆိုဗီယက် ပြည်ထောင်စုအနေနဲ့ ဆိုရှယ်လစ် စနစ်သစ်ကို ရုရှား နယ်နိမိတ်အတွင်းမှာပဲ တည်ဆောက်နိုင်တယ်၊ ရှေ့တန်းရောက် အရင်းရှင် တိုင်းပြည်တွေမှာ အလုပ်သမား လူတန်းစားက အာဏာ သိမ်းနိုင်ဖို့ မလိုအပ်ဘူးလို့ အဲဒီ သီအိုရီက ဆိုပါတယ်။

မာ့(က်စ်)ဝါဒရဲ့ အခြေခံ သဘောတရားတခုကို အဲဒီလို ပြန်လည် ပြင်ဆင်လိုက်ခြင်းကို ဆန့်ကျင်ခဲ့တဲ့ ထရော့စကီးကို “အဆိုးမြင်ဝါဒ” ကိုင်စွဲသူ၊ တော်လှန်ရေးကို “သေချာပေါက် ရှုံးနိမ့်မယ်”လို့ ယုံကြည်ထားသူ အဖြစ် သူတို့ စွပ်စွဲခဲ့ကြတယ်။ ဘာ့ကြောင့်လဲ၊ ဆိုရှယ်လစ် စနစ်ကို ရုရှားပြည်မှာ မတည်ဆောက် နိုင်ဘူးဆိုရင် *“၁၉၁၇ အောက်တိုဘာမှာ ငါတို့ အာဏာ မသိမ်းခဲ့သင့်ဘူး”* လို့ စတာလင်က စောဒကတက်ခဲ့တယ်။ [emphasis in original][4]

ဒီနေရာမှာ စတာလင်နဲ့ အပေါင်းအပါတွေက မင်ရှီဗစ်တွေ ငြင်းခုံတဲ့ အတိုင်း တထေရာတည်း အကြောင်းပြခဲ့တာပဲ။ မင်ရှီဗစ်တွေက သဏ္ဍာန် အဓိက ဆင်ခြင်နည်းကို သုံးပြီး အလုပ်သမားတွေ အာဏာ မသိမ်းသင့်ဘူးလို့ ကောက်ချက်ချခဲ့သလို စတာလင်နစ်တွေက ဒီလော့ဂျစ်ကို ပြောင်းပြန်လှန် ပြီး အသုံးပြုခဲ့တယ် - အလုပ်သမားတွေက အာဏာ သိမ်းထားတဲ့အတွက် ဆိုရှယ်လစ် စနစ်ကို သေချာပေါက် တည်ဆောက်နိုင်ရမယ်။

အဲဒီ မင်ရှီဗစ် နည်းနာကြောင့် မင်ရှီဗစ် နိုင်ငံရေး ထွက်ပေါ်လာခဲ့တယ်။ ဒါ့ကြောင့် တရုတ်ပြည်ဟာ ‘နေရှင်နယ်-ဘူဇွာ တော်လှန်ရေး’ ကို မျက်မှောက်ပြုနေရတယ်ဆိုတဲ့ အချက်ကို အကြောင်းပြပြီး တရုတ် ကွန်မြူနစ်တွေကို ဘူဇွာ အမျိုးသားရေး ပါတီ ကူမင်တန်အောက် ခေါင်းလျှို ဝင်ဖို့ အမိန့်ပေးခဲ့ခြင်း ဖြစ်တယ်။

ဒီနည်းလမ်းကြောင့် ပြည်တွင်းရော ပြည်ပမှာပါ အကျပ်အတည်းနဲ့ အရှုံးတွေ တသီကြီး ဖြစ်ပေါ်စေခဲ့တယ်။ ဒါပေမဲ့ ဆိုဗီယက် အစိုးရက ၁၉၂၈ မှာ လမ်းကြောင်း တဆစ်ချိုး ပြောင်းလိုက်တာတောင် သူ့ရဲ့ သဏ္ဍာန်အဓိက ဝါဒက ဆက်ရှိနေတုန်းပဲ။

ဒါနဲ့ ပတ်သက်လို့ အထင်ရှားဆုံး သက်သေကို နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ ‘ဆိုရှယ်-ဖက်ဆစ်ဝါဒ’ သီအိုရီမှာ တွေ့နိုင်တယ်။ ဖက်ဆစ်နဲ့ ဆိုရှယ် ဒီမိုကရက် နှစ်ခုလုံးက အရင်းရှင်စနစ်ကို ကျားကန်ပေးထားတယ်၊ ဒါ့ကြောင့် ဆိုရှယ်ဒီမိုကရေစီ ဆိုတာ ဖက်ဆစ်ဝါဒရဲ့ ‘အလယ် တောင်ပံ’ ဖြစ်တယ်လို့ ‘ဆိုရှယ်-ဖက်ဆစ်ဝါဒ’ သီအိုရီက ဆိုတယ်။ ဒါတင် မကသေး၊ ဆိုရှယ်ဒီမို-ကရေစီ ကို “အရင်းရှင် အာဏာရှင် စနစ်ရဲ့ အဓိက ထောက်တိုင်ကြီး” အဖြစ် ကြေညာခဲ့တယ်။ [5]

အဲဒီ ‘သီအိုရီ’ ဆိုတာရဲ့ လက်တွေ့ ရလဒ်ကတော့ အလုပ်သမား လူတန်းစားဟာ အချင်းချင်း သွေးကွဲပြီး သွက်ချာပါဒလိုက်သွားခဲ့တယ်၊ ဒါ့ကြောင့် ဟစ်တလာ အောင်ပွဲခံသွားခဲ့ခြင်း ဖြစ်တယ်။

ကွန်မြူနစ် အင်တာနေရှင်နယ်ဟာ နောက်တချီ လမ်းကြောင်း ပြောင်းရ ပြန်တယ်။ ဒါပေမဲ့ ပေါ်လစီ တခါ ပြောင်းတိုင်း မာ့(က်စ်)ဝါဒကို ပြန်လည် ပြင်ဆင်မှု အသစ် တခါ ထပ်လုပ်ရတယ်၊ ထုံးစံအတိုင်း အဆက်အစပ်မဲ့ နှုတ်ယူထားတဲ့ လီနင်ရဲ့ ‘ကောက်စာတွေ’ ဒင်းကြမ်း အပြည့်ပေါ့။ အဲဒီနည်းနဲ့ ခေါင်းဆောင်ပိုင်းဟာ ‘ယေဘုယျအားဖြင့်’ ပေါ်လစီ မပြောင်းခင်ကလဲ မှန်တယ်၊ ပြောင်းပြီးတော့လဲ မှန်နေဆဲ ဖြစ်ကြောင်း သက်သေထူပြခဲ့ကြ တယ်။

လမ်းကြောင်း တဆစ်ချိုး ပြောင်းတိုင်း ပါတီဝင်ထုကို ‘ပညာပြန်ပေးတဲ့ အခါ’ အသရေဖျက်ပစ်၊ ပါတီက ထုတ်ပစ်၊ နောက်ဆုံး သတ်တောင် သတ်ပစ်တဲ့ နည်းတွေ သုံးပြီး အကောင်အထည်ဖော်ခဲ့တယ်။ ဒီလုပ်ရပ်တွေရဲ့ ရလဒ်ကတော့ ကွန်မြူနစ် အင်တာနေရှင်နယ် အဖွဲ့ဝင်တွေကြား မာ့(က်စ်) ဝါဒ အတွေးအခေါ် အားလုံး ရှင်းပစ်ရုံ မကဘူး၊ ဘယ်လို တွေးခေါ် စဉ်းစားမှုမျိုးကိုမှ လက်မခံနိုင်ဘူး၊ ‘ပါတီ လိုင်း’ ကို ကျိုးကျိုးနွံနွံ နာခံဖို့သာ သူတို့ အလိုရှိတယ်။

ဒီအတွေးအခေါ်တွေကို ထရော့စကီး ဆန့်ကျင်တယ် ဆိုတာ ဆိုဗီယက် အစိုးရ ပေါ်လစီကို သဘောမတူရုံ သက်သက်ကြောင့် ဆန့်ကျင်ခဲ့တာ မဟုတ်ဘူး၊ ထရော့စကီးရဲ့ ဆန့်ကျင်မှုက ပုဂ္ဂိုလ်ရေး အာဏာ လွန်ဆွဲပွဲနဲ့ ခြေပုန်းခုတ် တိုက်ပွဲတွေကနေ ထွက်ပေါ်လာတယ်လို့ ပြောရင် ပိုတောင် မှားသေးတယ်။ ဒါဟာ မာ့(က်စ်)ဝါဒရဲ့ ရှင်သန်နေသော အနှစ်သာရကို ခုခံကာကွယ်ရေး တိုက်ပွဲ တခုပဲ။

ဒါပေမဲ့ ထရော့စကီးရဲ့ တိုက်ပွဲဟာ မာ့(က်စ်)ဝါဒကို စတာလင်ဝါဒီတွေရဲ့ ရန်ကနေ ခုခံကာကွယ်ရုံပဲ လုပ်ခဲ့တာ မဟုတ်ဘူး။ မာ့(က်စ်)ဝါဒရဲ့ အတွေးအခေါ်နဲ့ နည်းနာတွေကို အမှန်တကယ် ဖမ်းဆုပ်နိုင်ခြင်း မရှိဘဲ စတာလင်ဝါဒကို ဆန့်ကျင်ရုံ သက်သက်နဲ့ အင်တာနေရှင်နယ် လက်ဝဲ အတိုက်အခံ အင်အားစုဘက် စုရုံးလာသူတွေကိုလဲ ထရော့စကီး တိုက်ပွဲဝင် ခဲ့ရသေးတယ်။

ဘူဖွာ အတွေးအမြင်တွေရဲ့ ကြီးမားလှတဲ့ ဖိအားကို ရင်ဆိုင်ရတဲ့အခါ အနောက်က ထရော့စကီးဝါဒီ တချို့က ဒုတိယ ကမ္ဘာစစ်အတွင်း ဆိုဗီယက် ပြည်ထောင်စုကို ခြွင်းချက်မရှိ ခုခံကာကွယ်ရမယ် ဆိုတဲ့ ထရော့စကီးရဲ့ ရပ်တည်ချက်ကို ဆန့်ကျင်ခဲ့ကြတယ်။ ဆိုဗီယက် ပြည်ထောင်စုဟာ စတာလင်နစ် ဗျူရိုကရေစီရဲ့ ဖောက်ပြန်သော ပေါ်လစီတွေနဲ့ ရက်စက် ကြမ်းကြုတ်တဲ့ အာဏာရှင်စနစ်ကြောင့် အရင်းရှင် စနစ်ကနေ ဆိုရှယ်လစ် စနစ်ဆီ ကူးပြောင်းနေတဲ့ အလုပ်သမား နိုင်ငံတော်တခု မဟုတ်တော့ဘူးလို့ သူတို့ဘက်က ဆိုတယ်။

ထရော့စကီး ဘဝရဲ့ နောက်ဆုံး နှစ်များမှာ အင်မတန် အနှစ်သာရ ပြည့်ဝတဲ့ အရေးသားတွေ ထုတ်ခဲ့တယ်၊ ဒီအရေးအသား အတော်များများက မာ့(က်စ်)ဝါဒ ကနေ အနှစ်သာရအားဖြင့် ပက်တီးဘူဇွာ အတွေးအခေါ်ဘက် နောက်ပြန်ခေါက် သွားသူတွေကို နိုင်ငံရေးအရ ပြန်လည်ချေပခဲ့ရုံသာမက မာ့(က်စ်)ဝါဒရဲ့ ဒဿနိက အခြေခံကိုပါ ရဲရင့်ပြတ်သားစွာ ခုခံကာကွယ် ခဲ့ခြင်း ဖြစ်တယ်။ အဲဒီလို ဒီဘိတ်တွေ လုပ်ရင်း ဒိုင်ယာလက်တစ်နဲ့ ပတ်သက်လို့ အဆင့်မြင့် သင်ခန်းစာတခု ထရော့စကီး ပေးခဲ့တယ် -

> "လူ့အဖွဲ့အစည်းဆိုင်ရာ ဖြစ်စဉ်တွေက အမြဲတမ်း ပြီးမြောက်ပြည့်စုံတဲ့ လက္ခဏာ ရှိနေရင် လူမှုဗေဒ ပြဿနာတွေဟာ သေချာပေါက် ရိုးရှင်းနေမှာပဲ။ သို့သော် ယုတ္တိဗေဒ ပြီးပြည့်စုံမှုအတွက် ဒီကနေ့ ခင်ဗျား ကိုင်စွဲထားတဲ့ ပုံစံခွက်နဲ့ အံမဝင်ဖြစ်နေပြီး မနက်ဖြန်ကျရင် အဲဒီ ပုံစံခွက်ကို လုံးလုံးလျားလျား မှောက်လှန်ပစ်နိုင်တဲ့ အစိတ်အပိုင်း တွေကို အရှိတရားကနေ ဖယ်ထုတ်ပစ်တာလောက် အန္တရာယ်ကြီးတာ မရှိဘူး။ [...] သိပ္ပံပညာရဲ့ အလုပ်နဲ့ နိုင်ငံရေး အလုပ် ဆိုတာ ပြီးမြောက်ခြင်း မရှိသေးတဲ့ ဖြစ်စဉ်တခုကို ပြီးမြောက်တဲ့ အဓိပ္ပါယ် ဖွင့်ဆိုချက် ထုတ်ပေးဖို့ မဟုတ်ဘူး၊ အဲဒီ ဖြစ်စဉ်ရဲ့ အဆင့် အားလုံးကို ထပ်ကြပ်မကွာ လိုက်စူးစမ်းပြီး တိုးတက်တဲ့ အင်အားစုနဲ့ ဖောက်ပြန်တဲ့ အင်အားစုကို ခွဲခြားပေးဖို့၊ သူတို့အချင်းချင်း အပြန်အလှန် ဆက်ဆံ ရေးတွေကို ဖော်ထုတ်ပေးဖို့၊ ဖြစ်နိုင်ခြေရှိသော တိုးတက်ဖြစ်ပေါ်မှု လမ်းကြောင်း မူကွဲတွေကို ကြိုမြင်ဖို့၊ အဲဒီ မြော်မြင်ချက်မှာ အလုပ် လမ်းညွှန်ကို ရှာဖွေဖို့ ဖြစ်တယ်။"[6]

ဒီနည်းလမ်းက ထရော့စကီးကို သူ့ဘဝ တခုလုံး မာ့(က်စ်)ဝါဒီ တော်လှန်ရေးသမားအဖြစ် တန်းတန်းမတ်မတ် လျှောက်လှမ်းနိုင်အောင် လမ်းညွှန်ပေးခဲ့တယ်။

## ဘော်ရှီဗစ်ဇင်ရဲ့ အခြေခံ သဘောတရားများ

မာ့(က်စ်)ဝါဒ နည်းလမ်းကနေ တိုက်ရိုက် စီးဆင်းလာတဲ့ ထရော့စကီးရဲ့ အရေးအသားများနဲ့ နိုင်ငံရေး လှုပ်ရှားမှု အားလုံးမှာ အမြဲတွေ့ရတဲ့ နောက် တချက်က အလုပ်သမား လူတန်းစားရဲ့ အမှီအခိုကင်း လွတ်လပ်မှု၊ လူတန်းစား အသိစိတ်နဲ့ အင်တာနေရှင်နယ်ဝါဒတို့ကို ခိုင်မာအားကောင်း စေခြင်းပဲ။

အဆုံးမှာတော့ စဉ်ဆက်မပြတ် တော်လှန်ရေးရဲ့ လက်တွေ့ နိုင်ငံရေး ကောက်ချက်က ဘာလဲ။ သက်ဆိုင်ရာ တိုင်းပြည်တခုရဲ့ ပကတိ ထူးခြား တဲ့ အခြေအနေတွေကို အလေးအနက် ထည့်သွင်းစဉ်းစားရင်း ကွန်မြူနစ် အားလုံးဟာ အလုပ်သမား လူတန်းစားရဲ့ နိုင်ငံရေးအရ လွတ်လပ် အမှီအခို ကင်းမှု ကို ရပ်တည်ကာကွယ်ဖို့ ကြိုးပမ်းရမယ်၊ အလုပ်သမား လူတန်းစား ကိုယ်တိုင် အဖိနှိပ်ခံ လူထုတရပ်လုံးကို ခေါင်းဆောင်ပြီး အာဏာ သိမ်းနိုင် အောင် အလုပ်သမား လူတန်းစားရဲ့ အသိစိတ်နဲ့ စည်းရုံးစုဖွဲ့မှုကို မြှင့်တင်ပေး ဖို့ ကွန်မြူနစ် အားလုံး အားထုတ်သင့်တယ်။

ဒါဟာ မာ့(က်စ်)ကိုယ်တိုင် စဉ်ဆက်မပြတ် တော်လှန်ရေး ဆိုတဲ့ ဝေါဟာရကို သုံးစွဲခဲ့ခြင်းရဲ့ ဆိုလိုရင်းလဲ ဖြစ်တယ်။ ဒါ့အပြင် 'ထရော့စကီး ဝါဒ' ဆိုတဲ့ ခေါင်းစဉ်တပ်ပြီး ထိုးနှက်တိုက်ခိုက်နေကြတဲ့ "တော်လှန်ရေး အတွေးမှားတွေ" ဆိုတာ အဲဒါတွေပဲ။ တကယ်တော့ 'ထရော့စကီးဝါဒ' ဆိုတဲ့ ဝေါဟာရကို ၁၉၀၇ ခုနှစ်မှာ ရုရှား လစ်ဘရယ် Pavel Miliukov က စတွင်ခဲ့ခြင်း ဖြစ်တယ်။[7]

ဒါဟာ လီနင် ကွယ်လွန်သွားတဲ့နောက် ထရော့စကီးရဲ့ ဘော်ရှီဗစ် အစဉ်အလာတွေ ခုခံကာကွယ်ရေး တိုက်ပွဲရဲ့ အခြေခံ နိုင်ငံရေး အနှစ်သာရ တွေလဲ ဖြစ်တယ်။

၁၉၂၄ မှာ လီနင် သေဆုံးသွားတဲ့နောက် 'ထရော့စကီးဝါဒ' ဆိုတဲ့ ဝေါဟာရ လူထုကြား တွင်ကျယ်သွားခဲ့တာ တိုက်ဆိုင်မှု တခု မဟုတ်ဘူး။ အဲဒီကာလ ဆိုဗီယက် ပြည်ထောင်စုရဲ့ တက်သစ်စ ဗျူရိုကရေစီက ကမ္ဘာ့ တော်လှန်ရေးကို ကျောခိုင်းသွားပြီး ပြည်တွင်းက ချမ်းသာ လယ်သမား အလွှာနဲ့ ပြည်ပက အရင်းရှင် လူတန်းစားဆီ မျက်နှာမူနေချိန် ဖြစ်တယ်။

ထရော့စကီးက ဒီရေစီးကို ဆန့်ကျင်ပြီး ဆိုဗီယက် ပြည်ထောင်စုအတွင်း အလုပ်သမား လူတန်းစားကို စီးပွားရေး အင်အား တောင့်တင်းအောင် တိုက်ပွဲဝင်ခဲ့တယ်၊ ဆိုဗီယက်နဲ့ ကွန်မြူနစ် ပါတီအတွင်း အလုပ်သမားထုရဲ့ အနေအထားကို ခိုင်မာအားကောင်းအောင် ထရော့စကီး တိုက်ပွဲဝင်ခဲ့တယ်၊ ဒါ့အပြင် တော်လှန်ရေးကို နိုင်ငံတကာအထိ ပျံ့နှံ့သွားရေး သေနင်ဗျူဟာ ရည်မှန်းချက်အတိုင်း တိုက်ပွဲဝင်ခဲ့တယ်။ ဒါဟာ ၁၉၁၇ ခုနှစ် ဘော်ရှီဗစ် ပါတီရဲ့ အခြေခံ ပရိုဂရမ်နဲ့ ဆိုဗီယက် ပြည်ထောင်စုရဲ့ အခြေခံ သဘောတရားတွေကို ခုခံကာကွယ်တဲ့ သဘောပဲ။

ဒီအခြေအနေမှာ စတာလင်၊ ဇီနိုးဗီးယက်နဲ့ ကာမေးညက်(ဗ်)တို့ 'သုံးဦးဂိုဏ်း' က 'ထရော့စကီးဝါဒ' ဆိုတဲ့ ဝေါဟာရကို အမိအရ အသုံးချပြီး ထရော့စကီးနဲ့ လီနင်ရဲ့ အတွေးအခေါ်တွေကို ခွဲခြားပိုင်းကန်ပစ်ဖို့ တမင် လုပ်ခဲ့ကြတယ်။ နေ့ချင်းညချင်း ဆိုသလို ၁၉၂၄ နှောင်းပိုင်း ဆိုဗီယက် သတင်းစာတွေမှာ 'ထရော့စကီးဝါဒ'ကို ဆန့်ကျင်ပြီး 'လီနင်ဝါဒ'ကို ခုခံ ကာကွယ်တဲ့ ဆောင်းပါးတွေ တပုံကြီး ပါလာခဲ့တယ်။

တကယ်တော့ လီနင်နဲ့ ထရော့စကီးကြား အဲသလို ကွဲလွဲမှုမျိုး မရှိခဲ့ဘူး။ မင်ရှီဗစ်တွေနဲ့ ရင်ကြားစေ့ရေးကို ငြင်းပယ်လိုက်ချိန်ကစပြီး ထရော့စကီး လောက် "ထူးချွန်ထက်မြက်တဲ့ ဘော်ရှီဗစ် မရှိတော့ဘူး"လို့ လီနင်ကိုယ်တိုင် ပြောခဲ့တယ်။[8]

ထရော့စကီးဟာ 'ထရော့စကီးဝါဒ' ဆိုတဲ့ ဝေါဟာရကို ဘယ်တုန်းကမှ သဘောမကျခဲ့ဘူး။ 'ထရော့စကီးဝါဒ' ဆန့်ကျင်ရေး ကမ်ပိန်းကို "လီနင်ရဲ့ အတွေးအခေါ် အမွေကို ဆန့်ကျင်တဲ့ တိုက်ပွဲ" [9]လို့ ထရော့စကီး ပြောခဲ့တာ အလကား မဟုတ်ဘူး။ ဒါ့ကြောင့် အဲဒီ ဆက်နွှယ်မှုကို ပေါ်လွင် ထင်ရှား အောင် ထရော့စကီးနဲ့ သူ့နောက်လိုက်တွေက သူတို့ကိုယ်သူတို့ ထရော့စကီး ဝါဒီတွေလို့ မသုံးဘဲ 'ဘော်ရှီဗစ်-လီနင်ဝါဒီတွေ' လို့ပဲ ရည်ညွှန်း သုံးစွဲခဲ့ တယ်။

## အခက်အခဲအားလုံးကို ရိုက်ချိုးပစ်

ဒါဟာ သဘောတရားရေး တိုက်ပွဲသက်သက် မဟုတ်ခဲ့ဘူးဆိုတာ သတိချပ်ဖို့ အရေးကြီးတယ်။ ထရော့စကီးရဲ့ သီအိုရီနဲ့ နိုင်ငံရေး သဘောတရားတွေဟာ အနိုင်မခံ အရှုံးမပေးတဲ့ တော်လှန်ရေး သန္နိဋ္ဌာန်နဲ့ တသားတည်း ပေါင်းစပ်နေတယ်၊ ဒါဟာ မာ့(က်စ်)ဝါဒရဲ့ အနှစ်သာရပဲ။ ထရော့စကီးကိုယ်တိုင် မှတ်ချက်ချခဲ့သလိုပဲ -

> "တော်လှန်ရေးသမားတွေထဲ ပညာဉာဏ်ကြီးသူလဲ ပါမယ်၊ ပညာမဲ့တွေ လဲ ပါမယ်။ ဒါပေမဲ့ အခက်အခဲ အတားအဆီးတွေကို ရိုက်ချိုးပစ်ဖို့ စိတ်ဓာတ် ပြင်းပြမှု မရှိရင်တော့ တော်လှန်ရေးသမား မဖြစ်နိုင်ဘူး"[10]

ကွန်မြူနစ်တွေဟာ လီနင် ပြောခဲ့တဲ့ "မာ့(က်စ်)ဝါဒဟာ မှန်ကန်သော ကြောင့် အလွန် အစွမ်းထက်တယ်" ဆိုတဲ့ အင်မတန် လေးနက်တဲ့ အဆိုအမိန့်ကို မကြာခဏ ကိုးကားလေ့ရှိတယ်။ ဒါပေမဲ့ ဒီအဆိုအမိန့်ကနေ လိုအပ်တဲ့ လက်တွေ့ ကောက်ချက်တွေ ထုတ်ယူဖို့လဲ လိုအပ်တယ်။ မာ့(က်စ်)ဝါဒက အမှန်တရားကို ရှာဖွေပြီး ထုတ်ပြောရုံ တောင်းဆိုတာ

မဟုတ်ဘူး၊ အခက်အခဲတွေ ဒုက္ခတွေ ဘယ်လိုပင် ကြုံရပါစေ အမှန်တရားကို ဖော်ဆောင်ဖို့ လိုအပ်တာ အားလုံး လက်တွေ့ လုပ်ဖို့လဲ မာ့(က်စ်)ဝါဒက တောင်းဆိုတယ်။ တော်လှန်ရေးသမားတွေကို အဲဒီလို ထုဆစ်ထားတာပဲ။

ထရော့စကီး ဘဝရဲ့ အချိန် အများစုဟာ ပထမ ဇာဘုရင် အာဏာပိုင်တွေကြောင့်၊ ဒီနောက် စတာလင်ဝါဒီတွေကြောင့် ပြည်ပြေးဘဝနဲ့ ကုန်ဆုံးခဲ့ရတယ်။ နားလည်မှု အားကြီးတဲ့ 'ဒီမိုကရေစီ နိုင်ငံတွေ' ဟာ ထရော့စကီးကို နေထိုင်ခွင့် ငြင်းပယ်ခဲ့ကြတယ်၊ ဒါ့ကြောင့် ထရော့စကီးဟာ ကမ္ဘာ့ အခြားတဖက်ကို ရောက်သွားခဲ့တယ်။ သူ့မိသားစုလဲ အမဲလိုက်ခံရ၊ အသတ်ခံခဲ့ရတယ်။ ထရော့စကီးဟာ လုပ်ကြံသတ်ဖြတ်မှု အန္တရာယ်ကို အမြဲ ရင်ဆိုင်ခဲ့ရတယ်။

ဖိအားတွေ ဘယ့်လောက်ပဲ ကြီးမားနေပါစေ ထရော့စကီးဟာ နောက်တွန့်သွားခြင်း လုံးဝ မရှိခဲ့ဘူး။

မာ့(က်စ်)နဲ့ အခြားသော တော်လှန်ရေးသမား အတော်များများရဲ့ ဘဝမှာလဲ အဲဒီလို စိတ်ဓာတ်ခိုင်မာမှုမျိုး တွေ့နိုင်တယ်။ ဆိုဗီယက်ပြည်ထောင်စုအတွင်းက လက်ဝဲ အတိုက်အခံတွေရဲ့ ဂုဏ်ရောင်ပြောင်တဲ့ တိုက်ပွဲမှာလဲ အဲဒီလို စိတ်ဓာတ်မျိုး တွေ့ရတယ်။ သူတို့ဟာ စတာလင်ရဲ့ the Great Purge စစ်ဆင်ရေး ကာလမှာ အင်တာနေရှင်နယ် သီချင်းကို ကျူးရင့်ရင်း စက်တိုင်တက်သွားခဲ့သူတွေ ဖြစ်တယ်။ ဖိနှိပ်မှု အလွန် ပြင်းထန်တဲ့ အခြေအနေမှာ စစ်မှန်သော မာ့(က်စ်)ဝါဒ အင်အားစုတွေကို တည်ဆောက်ဖို့ သူတို့ ဘဝတွေကို မြှုပ်နှံထားတဲ့ ကမ္ဘာတလွှားက ထောင်ပေါင်းများစွာသော ဘော်ရှီဗစ်-လီနင်ဝါဒီတွေမှာလဲ အဲဒီလို စိတ်ပိုင်းဖြတ်မှုမျိုး တွေ့နိုင်တယ်။

## ဂိုဏ်းဂဏဝါဒကို ဆန့်ကျင်ခြင်း

ဘော်ရှီဗစ် အခြေခံ သဘောတရားတွေကို မဆုတ်မနစ် ခုခံကာကွယ်ခဲ့တဲ့ ထရော့စကီးရဲ့ တိုက်ပွဲဟာ ဂိုဏ်းဂဏဝါဒအဖြစ် ယိုယွင်းပျက်စီးသွားခြင်း မရှိခဲ့ဘူး။ ဆိုရှယ်လစ် တော်လှန်ရေး ပရိုဂရမ်ကို လူထုရဲ့ ရှင်သန်နေသော တိုက်ပွဲနဲ့ ပေါင်းစပ်ပေးဖို့ လိုအပ်ချက်ကို ထရော့စကီး ကောင်းကောင်း နားလည်ခဲ့တယ်။

သီအိုရီပိုင်းမှာ သဏ္ဍာန်အဓိကဝါဒ ဆန့်ကျင်ရေး တိုက်ပွဲနဲ့ လက်တွေ့ပိုင်းမှာ ဂိုဏ်းဂဏဝါဒ ဆန့်ကျင်ရေး တိုက်ပွဲတို့ ဆက်စပ်နေပုံကို ထရော့စကီး က ရှင်းရှင်းလင်းလင်း ဖော်ထုတ်ပြခဲ့တယ် -

"အကြွင်သူဟာ စာကြောင်းတိုင်းမှာ မာ့(က်စ်)ဝါဒကို တိုင်တည်ပြီး ပြောနေပေမဲ့ ဂိုဏ်းဂဏဝါဒီဟာ ဒိုင်ယာလက်တစ် ရုပ်ဝါဒကို တိုက်ရိုက် ချေဖျက်ပစ်နေတယ်။ ဒိုင်ယာလက်တစ် ရုပ်ဝါဒက အတွေ့အကြုံကို စမှတ်အဖြစ် ယူပြီး အတွေ့အကြုံဆီကို အမြဲ ပြန်သွားတယ်။"[12]

ထရော့စကီးဟာ စတုတ္ထ အင်တာနေရှင်နယ်ကို မှန်ကန်တဲ့ နည်းနာ လက်ဆင့်ကမ်းပေးဖို့ အားထုတ်ခဲ့တယ်၊ စတုတ္ထ အင်တာနေရှင်နယ်ရဲ့ အုတ်မြစ်ချထူထောင်ခြင်း ပရိုဂရမ်ထဲမှာ ဂိုဏ်းဂဏဝါဒကို ပြင်းပြင်းထန်ထန် ဝေဖန်ထားတာ တွေ့ရလိမ့်မယ် -

"မြဲ့နေတဲ့ အဲဒီ နိုင်ငံရေးသမားတွေမှာ ယေဘုယျအားဖြင့် အကူး-အပြောင်း သဘော တောင်းဆိုချက်တွေ အသွင်နဲ့ တံတားထိုးပေးဖို့ လိုအပ်ချက် မရှိဘူး၊ အကြောင်းကတော့ သူတို့က ဟိုဘက်ကမ်းကို ကူးသွားချင်သူတွေ မဟုတ်လို့ဘဲ။ သူတို့က နေရာတခုမှာ အထိုင်ချပြီး နှံချာတဲ့ ယေဘုယျ အဆိုလေးတွေ ထပ်ကျော့ရွတ်ရင်း ကျေနပ်နေသူတွေ ဖြစ်တယ်။ သူတို့အတွက် နိုင်ငံရေး ဖြစ်ရပ်တွေဆိုတာ မှတ်ချက်ပြုဖို့ အခွင့်အလမ်း သက်သက်ပဲ၊ လှုပ်ရှားမှု ဖော်ဆောင်ဖို့ မဟုတ်ဘူး။ ယေဘုယျအားဖြင့် စမ်းတဝါးဝါးနဲ့ လျှောက်လုပ်သူတိုင်း ကြုံရလေ့ရှိသလိုပဲ ဂိုဏ်းဂဏသမားတွေကို ခြေလှမ်းတိုင်းမှာ တကယ့် အရှိတရားက ဖြိုလဲပစ်လေ့ရှိတယ်၊ ဂိုဏ်းဂဏသမားတွေဟာ အမြဲတစေ စိတ်ကုန်နေကြတယ်၊ 'အုပ်ချုပ်ပုံ စနစ်' နဲ့ 'လုပ်နည်း လုပ်ဟန်တွေ' အကြောင်း အမြဲတမ်း ညည်းတွားရင်း ခြေပုန်းခုတ်မှုလေးတွေမှာ ပျော်ပျော်ကြီး ရှုံ့လူးနေတတ်တယ်။ သူတို့ ကိုယ်ပိုင် အစုလေးတွေမှာတော့ သူတို့ဟာ အာဏာရှင်ဆန်တဲ့ အုပ်ချုပ်ပုံစနစ်ကို ထုံးစံတခုလို ကျင့်သုံးကြတယ်။"[13]

ထရော့စကီးက အခုလို ပြတ်ပြတ်သားသား သတိပေးရင်း အဆုံးသတ်ထားတယ် -

"လူထုဆီ ရောက်အောင်သွားဖို့ အားမထုတ်သူဟာ တိုက်ခိုက်ရေးသမား တယောက် မဟုတ်ဘူး၊ ပါတီအတွက် ဝန်ထုပ် ဝန်ပိုးသာ ဖြစ်စေတယ်။ ပရိုဂရမ်ဆိုတာ အယ်ဒီတာအဖွဲ့အတွက် ဒါမှမဟုတ် ဆွေးနွေးဝိုင်း ခေါင်းဆောင်တွေအတွက် ဖော်ထုတ်ထားတာ မဟုတ်ဘူး၊ သန်းပေါင်းများစွာသော လူထုရဲ့ တော်လှန်ရေး လှုပ်ရှားမှုအတွက် ဖော်ထုတ်ထားခြင်း ဖြစ်တယ်။ စတုတ္ထအင်တာနေရှင်နယ်ရဲ့ အဖွဲ့ဝင်ထုကြား ဂိုဏ်းဂဏဝါဒနဲ့ အရိုးစွဲနေသော ဂိုဏ်းဂဏသမားတွေ တွယ်ကပ်မနေအောင် ရှင်းထုတ်ပစ်ရေးဟာ တော်လှန်ရေး အောင်မြင်မှုအတွက် အခြေခံ လိုအပ်ချက် ဖြစ်တယ်။"[14]

စိတ်မကောင်းစရာပဲ၊ ထရော့စကီးဟာ နောက်ဆုံးတိုက်ပွဲကိုအဆုံးသတ်ခွင့် မရခဲ့ဘူး။ ၁၉၄၀ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့မှာ စတာလင်နစ် အေးဂျန့်တယောက်က ထရော့စကီးကို နောက်ကျောကနေ သူရဲဘောကြောင်စွာ ချောင်းမြောင်းလုပ်ကြံခဲ့တယ်။ ဒီလိုနဲ့ စတုတ္ထ အင်တာနေရှင်နယ်ဟာ ထူးချွန်ထက်မြက်တဲ့ ခေါင်းဆောင် ကို လက်လွှတ် ဆုံးရှုံးခဲ့ရတယ်။

အင်တာနေရှင်နယ်ကို အမွေဆက်ခံတဲ့ ခေါင်းဆောင်တွေဟာ လူတွေအစုလိုက်အပြုံလိုက် သတ်ဖြတ်ပြီး ပရမ်းပတာ ဖြစ်နေတဲ့ စစ်ကြီးကနေ အကြီးအကျယ် ပြောင်းလဲသွားတဲ့ ကမ္ဘာကြီးကို ရင်ဆိုင်ခဲ့ရတယ်။ 'အဘိုးကြီး' ရဲ့ ခိုင်မာတဲ့ သဘောတရားရေး လမ်းညွှန်မှု မရှိတော့တဲ့အခါ သူတို့ထဲက တယောက်မှ အရင် ကာလနဲ့ အသစ် ဖြစ်ပေါ်လာတဲ့ အခြေအနေကြားက



သတ်မှတ်အဆင့်ကို ဖြတ်ကျော်နိုင်ခြင်း မရှိခဲ့ဘူး၊ ကျန်ရစ်တဲ့ ခေါင်းဆောင်တွေဟာ အတွေးအခေါ်အရလဲ အဆင့် မမီသလို လက်တွေ့အားဖြင့်လဲ အသုံးမကျခဲ့ဘူး။

ထရော့စကီး သတိပေးခဲ့သလိုပဲ ရလဒ်ကတော့ စတုတ္ထ အင်တာနေရှင်-နယ်ဟာ အရေးမပါတဲ့ အသေးအဖွဲ့ ကိစ္စလေးတွေနဲ့ တကျက်ကျက် စကားများနေသော သင်းကွဲ ဂိုဏ်းလေးတွေအဖြစ် ယိုယွင်းပျက်စီးသွားခဲ့တယ်။ ဒီနေရာမှာ ဘယ်ဟာက ထရော့စကီးဝါဒ *မဟုတ်ဘူး* ဆိုတာ ပြောဖို့ လိုအပ်လာတယ်။

ဒီကနေ့ စတုတ္ထ အင်တာနေရှင်နယ် နာမည်တပ်ထားတဲ့ ဘယ်အဖွဲ့အစည်းမှ ထရော့စကီးရဲ့ အတွေးအခေါ် အစစ်အမှန်နဲ့ နည်းနာတွေကို ကိုယ်စားမပြုဘူး။ အဲဒီ အဖွဲ့လေးတွေဟာ ထရော့စကီးရဲ့ အယူအဆတွေကို အဆိုးရွားဆုံး ပုံဖျက်ပစ်တာပဲ လုပ်နိုင်တယ်။ လှုပ်ရှားမှုအပေါ် သူတို့ရဲ့ တခုတည်းသော အကျိုးပြုချက်က ကျယ်ပြန့်သော အလုပ်သမားထုကြား ထရော့စကီးဝါဒကို နာမည်ဖျက်ပစ်တာပဲ ရှိတယ်။

## ထရော့စကီးရဲ့ အမွေအနှစ်

စတုတ္ထ အင်တာနေရှင်နယ်ကို ဖျက်ဆီးပစ်လိုက်ကြပြီ၊ ဒါပေမဲ့ ထရော့စကီးဝါဒရဲ့ အနှစ်သာရကတော့ ဆက်လက် ရှင်သန်နေဆဲ ဖြစ်တယ်။ စစ်မှန်သော မာ့(က်စ်)ဝါဒ အတွေးအခေါ်တွေနဲ့ လီနင် ခေါင်းဆောင်ခဲ့သော ဘော်ရှီဗစ် ပါတီရဲ့ အစဉ်အလာတွေကို ဆက်လက်သယ်ဆောင်ရင်း ရှင်သန်နေတယ်။ ထရော့စကီး ဝါဒရဲ့ ဒီအနှစ်သာရဟာ ၁၉၃၈ ခုနှစ် စတုတ္ထ အင်တာနေရှင်နယ် ထူထောင်စဉ်ကလိုပဲ ဒီကနေ့ ကာလမှာလဲ ခေတ်မီနေဆဲ၊ လိုအပ်နေဆဲ ဖြစ်ပါတယ်။

အဲဒီကာလက ထရော့စကီး ရေးခဲ့သလိုပဲ - “လူသားမျိုးနွယ်ရဲ့ သမိုင်းဆိုင်ရာ အကျပ်အတည်းကို တော်လှန်ရေး ခေါင်းဆောင်မှု အကျပ်အတည်းအဖြစ် ကောက်ချက်ချနိုင်တယ်။”[15] ဒီစကားတွေဟာ ထရော့စကီး ရေးခဲ့တဲ့ ကာလတုန်းကလိုပဲ အခုလဲ မှန်နေဆဲ ဖြစ်တယ်။

အင်တာနေရှင်နယ် ကွန်မြူနစ် လှုပ်ရှားမှုဟာ လုံးဝ ကစဉ့်ကလျားဖြစ်သွားခဲ့တယ်။ ‘မာ့(က်စ်)ဝါဒီ’ နာမည်ခံ ပါတီ အတော်များများဟာ ပြုပြင်ရေးဝါဒပါတီတွေ၊ အရေးမပါတဲ့ဂိုဏ်းလေးတွေအဖြစ် ယိုယွင်းပျက်စီးသွားခဲ့တယ်၊ ဒါမှမဟုတ် လုံးလုံးလျားလျား ပျောက်ကွယ်သွားခဲ့တယ်။ အဲဒီအချိန်မှာပဲ ကမ္ဘာ တဝှမ်းက သန်းပေါင်းများစွာသော လူထုကြီးဟာ အကျပ်အတည်းရဲ့ ထွက်ပေါက်ကို ရှာဖွေလာကြတယ်။ ဒါတင်မကသေး၊ စည်းရုံးစုစည်းဖို့ လှုပ်ရှားမှုတခု၊ အလံတခုကို ရှာဖွေလာကြတယ်။

ထရော့စကီးရဲ့ အကြီးမားဆုံး အောင်မြင်မှုက သူဟာ သန့်ရှင်းစင်ကြယ်တဲ့ မာ့(က်စ်)ဝါဒ အလံတော်ကို ဆက်လက် ထိန်းသိမ်းခဲ့တယ်၊ သူ့ရှေ့မှာ ဖောက်ပြန်ရေးသမားတွေ အနိဋ္ဌာရုံတွေ ဒင်းကြမ်းပြည့်နေပေမဲ့ မာ့(က်စ်)ဝါဒ အောင်လံတော်ကို မြင့်မြင့်မားမား လွှင့်ထူနိုင်ခဲ့တယ်။ အဲဒီ အောင်လံတော် ဆက်သယ်ပြီး အလုပ်သမား လူတန်းစားကို အောင်ပွဲဆီ ခေါ်ဆောင်သွားမဲ့ ဆိုရှယ်လစ် တော်လှန်ရေးအတွက် ကမ္ဘာ့ ပါတီကြီး တည်ဆောက်ကြပါစို့။

Source: What is Trotskyism? Editorial of the Issue 51 of ‘In Defence of Marxism’ magazine

မြန်မာပြန် - သူရိန်မွန်

၂၀၂၆ မေလ (၅)ရက်နေ့မှာ ကျရောက်သော Karl Marx ရဲ့ (၂၀၈) နှစ်မြောက် မွေးနေ့ အထိမ်းအမှတ်အဖြစ် ဒီဆောင်းပါးကို ဘာသာပြန် ဖော်ပြလိုက်ခြင်း ဖြစ်ပါတယ်။

References


[1] L Trotsky, ‘A Petty-Bourgeois Opposition in the Socialist Workers Party’, *In Defence of Marxism*, Wellred Books, 2019, pg 73

[2] *ibid*. pg 70-71

[3] L Trotsky, ‘Bonapartism and Fascism’, *Democracy, Bonapartism and Fascism*, Wellred Books, 2025, pg 148

[4] J Stalin, *Problems of Leninism*, Foreign Languages Press, 1976, pg 217

[5] Resolution of the Central Committee of the Communist Party of Germany, quoted in J Braunthal, *Geschichte der Internationale: 1914–1943*, Vol. 2, Dietz Verlag, 1963, pg 414, our translation

[6] L Trotsky, *Revolution Betrayed*, Wellred Books, 2022, pg 183

[7] P Miliukov, ‘The Elections to the Second State Duma’, quoted in L Trotsky, *1905*, Penguin Books, 1971, pg 295

[8] L Trotsky, *The Stalin School of Falsification*, Pathfinder, 1972, pg 17

[9] L Trotsky, *My Life*, Wellred Books, 2018, pg 432

[10] L Trotsky, ‘How Revolutionaries are Formed’, *Writings of Leon Trotsky [1929]*, Pathfinder, 1975, pg 192


[11] V I Lenin, ‘The Three Sources and Three Component Parts of Marxism’, *Lenin Collected Works*, Vol. 19, Progress Publishers, pg 21

[12] L Trotsky, ‘Sectarianism, Centrism and the Fourth International’, *Writings of Leon Trotsky [1935-36]*, Pathfinder, 1977, pg 153

[13] L Trotsky, ‘The Transitional Programme’, *Classics of Marxism*, Vol. 1, Wellred Books, 2025, pg 269-270

[14] *ibid*. pg 270

[15] *ibid*. pg 224


JOIN THE

RCI



# ဘာ့ကြောင့် ကွန်မြူနစ် အင်တာနေရှင်နယ် လိုအပ်သလဲ

**ကွန်မြူနစ်ဝါဒဟာ အင်တာနေရှင်နယ်ဝါဒ ဖြစ်တယ်၊** မဟုတ်ရင်တော့ အလကားပဲ။ ကွန်မြူနစ် လှုပ်ရှားမှု အရုဏ်သစ်ချိန်ကတည်းက မာ့(က်စ်)နဲ့ အန်းဂယ်(လ်စ်)တို့က ကွန်မြူနစ် ကြေညာစာတန်းထဲမှာ အလုပ်သမားထုမှာ နိုင်ငံ မရှိဘူးလို့ ရှင်းပြထားခဲ့ပြီး ဖြစ်တယ်။

သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒကို စတင်အုတ်မြစ်ချခဲ့သူတွေဟာ ဂျာမန်ပါတီတခု တည်ဆောက်ဖို့ ကြိုးပမ်းခဲ့တာ မဟုတ်ဘူး၊ အင်တာနေရှင်နယ်တခု ထူထောင်ဖို့ ကြိုးပမ်းခဲ့ခြင်း ဖြစ်တယ်။ လီနင်၊ ထရော့စကီး၊ ရိုဆာ လူဇင်ဘတ်နဲ့ ကား(လ်)လိ(ဘ်)နက်(ခ်)တို့ဟာလဲ ဒီရည်မှန်းချက်ကို အကောင်အထည်ဖော်ဖို့ သူတို့ တဘဝလုံး မြှုပ်နှံထားခဲ့ကြတယ်။

သူတို့ရဲ့ အင်တာနေရှယ်နယ်ဝါဒဟာ စိတ်ခံစားချက်တွေကြောင့် ထွက်ပေါ်လာခြင်း မဟုတ်သလို စိတ်ကူးတည့်သလို ကြွေးကြော်ထားတာလဲ မဟုတ်ဘူး။ အရင်းရှင် စနစ်က ကမ္ဘာ့ စနစ် ဖြစ်သွားပြီ ဆိုတဲ့ အချက်ကနေ ထွက်ပေါ်လာခြင်း ဖြစ်တယ်။ မတူညီတဲ့ နိုင်ငံအလိုက် စီးပွားရေးတွေ၊ ဈေးကွက်တွေကနေ ခွဲဖြတ်မရအောင် အပြန်အလှန် မှီခိုနေတဲ့ “one single whole” ထွက်ပေါ်လာတယ် - အဲဒါကတော့ ကမ္ဘာ့ ဈေးကွက်ပဲ။

ဒီကနေ့ခေတ်မှာဆိုရင် မာ့(က်စ်)ဝါဒ တည်ထောင်သူတွေရဲ့ ခန့်မှန်းချက်ကို ဓာတ်ခွဲခန်းထဲ စမ်းသပ်ထားသည့်အလား ထူးခြားပြောက်မြောက်စွာ သက်သေပြခဲ့ပြီး ဖြစ်တယ်။ ကမ္ဘာ့ ဈေးကွက်က လုံးလုံးလျားလျား ကြီးစိုးမင်းမူထားတဲ့ အခြေအနေဟာ ကျနော်တို့ ခေတ်ရဲ့ အရေးကြီးဆုံး အချက် ဖြစ်နေပြီ။

မာ့(က်စ်)နဲ့ အန်းဂယ်(လ်စ်)တို့ရဲ့ ကြေညာစာတန်းလောက် ခေတ်မီတဲ့ စာအုပ် မရှိဘူး။ အဲဒီ ကြေညာစာတန်းမှာ လူ့အဖွဲ့အစည်းအတွင်း လူတန်းစားတွေ ကွဲသွားပုံကို ရှင်းပြတယ်၊ ဂလိုဘယ်လိုင်ဇေးရှင်း ဖြစ်စဉ်၊ overproduction အကျပ်အတည်း၊ နိုင်ငံတော်ရဲ့ သဘောသဘာဝ၊ သမိုင်း ဖြစ်ပေါ်တိုးတက်မှုရဲ့ အခြေခံ မောင်းနှင်အားတွေကို ရှင်းပြထားတယ်။

သို့သော် အမှန်ကန်ဆုံး အတွေးအခေါ်တွေတောင် စည်းရုံးစုဖွဲ့မှုနဲ့ လက်တွေ့ ဖော်ပြချက်သာ မရှိရင် ဘာမှ အရာ မထင်နိုင်ဘူး။ ဒါ့ကြောင့် သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒကို စတင်အုတ်မြစ်ချသူတွေဟာ အလုပ်သမားလူတန်းစားရဲ့ အင်တာနေရှင်နယ် အဖွဲ့အစည်းကြီး ထူထောင်ဖို့ မနားမနေ အလုပ်လုပ်ခဲ့ကြတယ်။

မာ့(က်စ်)နဲ့ အန်းဂယ်(လ်စ်)တို့ဟာ ပထမ အင်တာနေရှင်နယ်လို့ လူသိများတဲ့ အင်တာနေရှင်နယ် အလုပ်သမား အဖွဲ့အစည်း (IWA) တည်ဆောက်ရာမှာ အဓိက အခန်းက ပါဝင်ခဲ့တယ်။ အစပိုင်းမှာ ဒီအဖွဲ့အစည်း အတွင်း ဝိရောဓိသဘောဆောင်တဲ့ အင်အားစုအမျိုးမျိုး ပါဝင်ခဲ့တယ်။ သဘောတရားရေး ရှင်းလင်းပြတ်သားမှု ရှိအောင် မာ့(က်စ်)နဲ့ အန်းဂယ်(လ်စ်)တို့ မဖြစ်မနေ တိုက်ပွဲဝင်ခဲ့ရတယ်။

သဘောတရားရေး တိုက်ပွဲကို မျက်နှာစာ နှစ်ခုမှာ ဆင်နွှဲခဲ့ရတယ်။ အချောင်သမားဆန်တဲ့ အလုပ်သမား သမဂ္ဂ ခေါင်းဆောင်တွေရဲ့ ပြုပြင်ရေးဝါဒ အတွေးအခေါ်ကို စစ်မျက်နှာ တဖက်မှာ တိုက်ပွဲဆင်ခဲ့ရတယ်။

အခြားတဖက်မှာတော့ အန်နာခစ်၊ လက်ဝဲစွန်း ဂိုဏ်းခွဲရေး အင်အားစုတွေကို မာ့(က်စ်)နဲ့ အန်းဂယ်(လ်စ်)တို့ တောက်လျှောက် တိုက်ပွဲဆင်ခဲ့ရတယ်။ ဒီကနေ့ခေတ်မှာလဲ သိပ်မထူးပါဘူး။ ကွန်မြူနစ်တွေဟာ အလားတူ ပြဿနာတွေကို ရင်ဆိုင်နေရဆဲ၊ အလားတူ ရန်သူတွေကို တိုက်ပွဲဝင်နေရဆဲ ဖြစ်တယ်။ အမည်နာမတွေသာ ပြောင်းချင်ပြောင်းသွားမယ်၊ အနှစ်သာရကတော့ အတူတူပဲ။

သို့သော် မာ့(က်စ်)နဲ့ အန်းဂယ်(လ်စ်)တို့က သဘောတရားရေး တိုက်ပွဲဆင်နွှဲရုံသက်သက် လုပ်ခဲ့တာ မဟုတ်ဘူး။ အင်တာနေရှင်နယ်ဟာ အလုပ်သမား လူတန်းစား ရင်ဆိုင်နေရတဲ့ နေ့တဓူဝ ပြဿနာတွေကို လက်ပိုက်ကြည့်မနေခဲ့ဘူး။ အင်တာနေရှင်နယ်ဟာ အလုပ်သမား လှုပ်ရှားမှု အတွင်းက လက်တွေ့ အလုပ်တွေကို မပြတ် လုပ်ဆောင်ခဲ့တယ်။

ကွန်မြူနစ်ဝါဒရဲ့ ဘူဇွာရန်သူတွေလိမ်လည်ပုံဖော်ထားတာနဲ့ ပြောင်းပြန်ပဲ၊ ကား(လ်)မာ့(က်စ်)ရဲ့ လုပ်နည်းလုပ်ဟန်တွေမှာ အာဏာရှင်ဆန်တာ လုံးဝ မရှိဘူး။ ပြုပြင်ရေးဝါဒဘက် ညွတ်နေတဲ့ အလုပ်သမားတွေနဲ့ ဆက်ဆံရာမှာ မာ့(က်စ်)က အင်မတန် စိတ်ရှည်ပြီး လိမ္မာပါးနပ်မှု ရှိတယ်။ မာ့(က်စ်)က အန်းဂယ်(လ်စ်)ဆီ ရေးတဲ့ စာထဲမှာ -

> “အလုပ်သမား လှုပ်ရှားမှုရဲ့ လတ်တလော ရှုထောင့်ကကြည့်ရင် ငါတို့အမြင်ကို လက်သင့်ခံနိုင်စရာ ဖြစ်အောင် ပုံဖော်ရတာ အလွန်

ခက်တယ်။ [...] တကျော့ပြန် နိုးထလာတဲ့ လှုပ်ရှားမှုက အရင်လို ရဲရဲရင့်ရင့် ပြောဆိုမှုမျိုး ခွင့်ပြုပေးဖို့ အချိန်ယူရဦးမယ်။ *fortiter in re, suaviter in modo* ဖြစ်ဖို့ လိုအပ်နေတယ် [လုပ်နည်းလုပ်ဟန် ပျော့ပြောင်းပြီး အတွေးအခေါ် အနှစ်သာရပိုင်း ရဲရင့်ပြတ်သားရမယ်]။"

ဒါဟာ အလုပ်သမား လူတန်းစားရဲ့ လူထု အဖွဲ့အစည်းတွေထဲ လေးလေးနက်နက် အလုပ်လုပ်လိုတဲ့ ဒီကနေ့ ကွန်မြူနစ်တွေအတွက် အလွန်ကောင်းတဲ့ အကြံပေးချက်ပဲ။

## ပထမ အင်တာနေရှင်နယ်ရဲ့ အဆုံးသတ်

အင်တာနေရှင်နယ်ဟာ ရှေ့ကို အများကြီး တက်လှမ်းနိုင်ခဲ့တယ်။ ဒါပေမဲ့ ၁၈၇၁ ပါရီ ကွန်မြူး အရေးနိမ့်သွားခြင်းဟာ အင်တာနေရှင်နယ်ကို သေလောက်တဲ့ ဒဏ်ရာရသွားစေခဲ့တယ်။ ဒီနောက် ဖြစ်ပေါ်လာတဲ့ ဖောက်ပြန်ရေး လှိုင်းလုံးကြီးကြောင့် အင်တာနေရှင်နယ်ဟာ ပြင်သစ်မှာ အလုပ် ဆက်လုပ်လို့ မရတော့ဘူး။ နေရာတိုင်းမှာ အင်တာနေရှင်နယ်ကို အရေးယူ နှိပ်ကွပ်ခဲ့ကြတယ်။

သို့သော် အင်တာနေရှင်နယ် ကြုံတွေ့ရတဲ့ အခက်အခဲတွေရဲ့ အဓိက လက်သည်က ကွန်မြူး အရေးနိမ့်ပြီး နောက်ပိုင်း ကမ္ဘာတလွှား အရင်းရှင်စနစ် အတက်ကာလကို ရောက်သွားခဲ့လို့ပဲ။ ဒီလို အခြေအနေမှာ လေဘာ လှုပ်ရှားမှုအပေါ် သက်ရောက်လာတဲ့ အရင်းရှင်စနစ် ဖိအားတွေကြောင့် အဖွဲ့အစည်းအတွင်း သဘောကွဲလွဲမှုနဲ့ ဂိုဏ်းဂဏ တိုက်ပွဲတွေ ထွက်ပေါ်လာခဲ့တယ်။

မှန်းချက်နဲ့ နှမ်းထွက်မကိုက်ဖြစ်ပြီး စိတ်ပျက်လက်ပျက် ဖြစ်ကုန်တဲ့ ယေဘုယျ လေထုကို အမှီပြုရင်း ဘာကူနင်နဲ့ သူ့နောက်လိုက်တွေရဲ့ ခြေပုန်းခုတ် လုပ်ရပ်တွေ ပိုပြင်းထန်လာခဲ့တယ်။ ဒီလို အကြောင်းတွေကြောင့် မာ့(က်စ်)နဲ့ အန်းဂယ်(လ်စ်)တို့က အင်တာနေရှင်နယ် ဌာနချုပ်ကို နျူးယော့(ခ်)ကို ရွှေ့ဖို့ ကနဦး အဆိုပြုခဲ့ခြင်း ဖြစ်တယ်။ နောက်ဆုံးမှာတော့ အင်တာနေရှင်နယ်ကို ဖျက်ပစ်လိုက်တာက ပိုကောင်းလိမ့်မယ် (အနည်းဆုံးတော့ လက်ရှိ အချိန်မှာ အဲဒါက ပိုကောင်းလိမ့်မယ်) လို့ ဆုံးဖြတ်ခဲ့ကြတယ်။ ပထမ အင်တာနေရှင်နယ် (IWA) ကို ၁၈၇၆ မှာ တရားဝင် ဖျက်သိမ်းခဲ့တယ်။ အချိန်တခု ကြာတဲ့အထိ အင်တာနေရှင်နယ် မရှိခဲ့ဘူး။

## ဒုတိယ အင်တာနေရှင်နယ်

ပထမ အင်တာနေရှင်နယ် (IWA) ဟာ စစ်မှန်တဲ့ တော်လှန်သော အင်တာနေရှင်နယ်တခု တည်ဆောက်ဖို့ လိုအပ်တဲ့ သီအိုရီ အုတ်မြစ်ကို အခိုင်အမာ ချပေးနိုင်ခဲ့တယ်။ ဒါပေမဲ့ ပထမ အင်တာနေရှင်နယ်ဟာ ထုနဲ့ထည်နဲ့ အင်အားကောင်းတဲ့ အလုပ်သမား အင်တာနေရှင်နယ် မဖြစ်ခဲ့ဘူး။ အနာဂတ်မှာ အင်အားကောင်းတဲ့ အင်တာနေရှင်နယ်တခု ပေါ်ထွန်းလာနိုင်အောင် ရှေ့ပြေး ကြိုးပမ်းချက်သာ ဖြစ်ခဲ့တယ်။

ဆိုရှယ်လစ် အင်တာနေရှင်နယ် (ဒုတိယ အင်တာနေရှင်နယ်) ကို ၁၈၈၉ ခုနှစ်မှာ စတင် ထူထောင်ခဲ့တယ်။ ပထမ အင်တာနေရှင်နယ် ရပ်ထားခဲ့တဲ့ နေရာမှာ ဒုတိယ အင်တာနေရှင်နယ် စတင်ခဲ့ခြင်း ဖြစ်တယ်။ ပထမ အင်တာနေရှင်နယ်နဲ့ မတူတာက ဒုတိယ အင်တာနေရှင်နယ်မှာ လူထု ထောက်ခံမှု အခြေခံ ရှိတယ်။ ဒုတိယ အင်တာနေရှင်နယ်ကို ဂျာမနီ၊ ပြင်သစ်၊ ဗြိတိန်၊ ဘယ်(လ်)ဂျီယံနဲ့ အခြားသော တိုင်းပြည်တွေက အင်အားကြီး ပါတီတွေ၊ အလုပ်သမား သမဂ္ဂတွေနဲ့ ဖွဲ့စည်း တည်ဆောက်ထားခြင်း ဖြစ်တယ်။

၁၈၇၁-၁၉၁၄ ကာလဟာ ဆိုရှယ် ဒီမိုကရေစီ အားကောင်းတဲ့ ကာလပဲ။ ဆိုရှယ် ဒီမိုကရေစီဟာ အနည်းဆုံးတော့ စကားလုံးအားဖြင့် တော်လှန်သော မာ့(က်စ်)ဝါဒ အခြေခံပေါ် ရပ်တည်ခဲ့တယ်။ သို့သော် ဖြစ်ချင်တော့ အင်တာနေရှင်နယ် အသစ်က အရင်းရှင်စနစ် အလွန် အားကောင်းတဲ့ အတက် ကာလမှာ ပေါ်ထွန်းလာခြင်း ဖြစ်တယ်။

ကာလတာရှည် စီးပွားရေး တိုးတက်မှု ရှိခဲ့တဲ့ အရင်းရှင်စနစ်ဟာ အလုပ်သမား လူတန်းစားကို လိုက်လျောချက်တွေ ပေးနိုင်လာတယ်၊ ဒီထက် တိတိကျကျ ပြောရရင် အလုပ်သမား လူတန်းစားထဲက အထက်လွှာကို လိုက်လျောချက်တွေ ပေးနိုင်ခဲ့တယ်။ ဒီလိုနဲ့ အခွင့်ထူးခံ လေဘာ အထက်တန်းလွှာ ပေါ်ထွက်လာခဲ့တယ်။

ဆိုရှယ်ဒီမိုကရက် ခေါင်းဆောင်တွေက သူတို့ ရည်မှန်းချက်တွေကို တော်လှန်ရေး မဆင်နွှဲဘဲ အကောင်အထည် ဖော်နိုင်တယ်လို့ လက်ခံယုံကြည်သွားတယ်။ အလုပ်သမား လူတန်းစား ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို ပြုပြင်ပြောင်းလဲမှုတွေ လုပ်ပြီး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြေးဖြေးချင်း ဖြေရှင်းသွားနိုင်လိမ့်မယ်လို့ သူတို့ ယုံကြည်လာခဲ့တယ်။

သူတို့ရဲ့ မေဒေး မိန့်ခွန်းတွေမှာ လူတန်းစား စစ်ပွဲ စကားလုံးတွေကို ဆက်သုံးနေဆဲ ဆိုပေမဲ့ ဆိုရှယ်ဒီမိုကရက် ခေါင်းဆောင်တွေဟာ မာ့(က်စ်) ဝါဒ သီအိုရီတွေကို ခေတ်ကုန်သွားပြီလို့ သဘောထားတယ်၊ ဖြေးဖြေးချင်း ပြုပြင်ပြောင်းလဲတဲ့ နည်းကို 'လက်တွေ့ကျတဲ့' နိုင်ငံရေးလို့ သူတို့က ယူဆတယ်။

မာ့(က်စ်)ရဲ့ တပည့်ဟောင်း ဖြစ်ခဲ့ဖူးတဲ့ အက်(ဒ်)ဝပ် ဘန်းစတိန်းလို လူတွေက မာ့(က်စ်)ဝါဒကို ပြန်လည်ပြင်ဆင်ဖို့ ကြိုးစားရင်း ဒီလို နောက်လှန်ကျသွားခြင်းကို တရားထူထောင်ဖို့ လုပ်ခဲ့ကြတယ်။

ဒါပေမဲ့ ဒုတိယ (ဆိုရှယ်လစ်) အင်တာနေရှင်နယ် အဖွဲ့ကြီး အမျိုးသားရေး-ပြုပြင်ရေးဝါဒ လှိုက်စားပြီး ပျက်စီးသွားရတဲ့ ရုပ်အခြေခံ အကြောင်းတရားက အရင်းရှင်စနစ်ရဲ့ ပကတိဘာဝ အခြေအနေတွေမှာ မြစ်ဖျားခံပါတယ်။ အဲဒီကာလ အရင်းရှင်စနစ်ရဲ့ ပကတိဘာဝ အခြေအနေတွေက ပြန်လည်ပြင်ဆင်ရေးဝါဒီတွေ မှန်ကန်ကြောင်း သက်သေထူပေးနေသလို ဖြစ်ခဲ့တယ်။

သို့သော် ၁၉၁၄ ခုနှစ်မှာ ပြုပြင်ရေးဝါဒ ဗိမာန်ကြီးတခုလုံး ပေါက်ကွဲလွင့်စင်သွားတော့တယ်။ ဒုတိယ အင်တာနေရှင် ခေါင်းဆောင်တွေက စစ်အသုံးစရိတ် ချေးငွေကို ပါလီမန်မှာ ထောက်ခံမဲပေးခဲ့တယ်၊ ပထမ ကမ္ဘာစစ် ဆိုတဲ့ နယ်ချဲ့ သားသတ်ပွဲကြီးမှာ "သူတို့ရဲ့" ဘူဇွာတွေကို ထောက်ခံခဲ့ကြတယ်။

စစ်ကြီးနဲ့ စစ်ကြီးကနေ ပေါက်ဖွားလာတဲ့ ရုရှား တော်လှန်ရေးတို့က တော်လှန်ရေးနဲ့ တန်ပြန် တော်လှန်ရေးတွေ ပြင်းထန်မဲ့ ဝရုန်းသုန်းကား ခေတ်ကြီးတခေတ် အစပြုကြောင်း ကြေညာပေးလိုက်တာပဲ။ အဲဒီ ရုပ်ဘဝ အခြေခံပေါ်မှာ အလုပ်သမား အင်တာနေရှင်နယ် အသစ် မွေးဖွားလာခြင်း ဖြစ်တယ်။

## ကွန်မြူနစ် အင်တာနေရှင်နယ်

ဒုတိယ အင်တာနေရှင်နယ်ဟာ လူ့အဖွဲ့အစည်း ပြောင်းလဲရေးအတွက် အသုံးမဝင်တော့ဘူး၊ သေသွားပြီလို့ ၁၉၁၄ ကတည်းက လီနင် ကောက်ချက်ဆွဲခဲ့တယ်။ အဲဒီအချိန်မှာ တော်လှန်ရေးသမား အင်တာနေရှင်နယ်ဝါဒီ လက်တဆုပ်စာပဲ ရှိပေမဲ့ တတိယ အင်တာနေရှင်နယ် အသစ် ထူထောင်ဖို့ လီနင် ကြေညာခဲ့တယ်။

အင်တာနေရှင်နယ်ဝါဒီ အင်အားစုဟာ ဆိုရှယ် ရှိုဗင်နစ် ခေါင်းဆောင်တွေရဲ့ ဩဇာအောက် ရောက်နေပြီး ပြည်ချစ်ဝါဒ အဆိပ်တက်နေတဲ့ လူထုနဲ့ ကင်းကွာနေခဲ့တယ်။ အရေးအခင်းကြီးတွေ ဖြစ်လာမှသာ ဒီအခြေအနေကို ပြောင်းလဲပစ်နိုင်တယ်။ ၁၉၁၇ မှာ ရုရှား တော်လှန်ရေး ထဖြစ်တော့ အဲဒီ အခြေအနေ ပြောင်းလဲသွားခဲ့တယ်။

လီနင်နဲ့ ထရော့စကီးတို့က ရုရှား အလုပ်သမား လူတန်းစားကို ဦးဆောင်ပြီး အာဏာ အရယူနိုင်ခဲ့တယ်။ ဒီနောက် ၁၉၁၉ မှာ တတိယ (ကွန်မြူနစ်) အင်တာနေရှင်နယ်ကို စတင် အုတ်မြစ်ချနိုင်ခဲ့တယ်။



လီနင်နဲ့ ထရော့စကီးတို့ ခေါင်းဆောင်ခဲ့တဲ့ ကွန်မြူနစ် အင်တာနေရှင်နယ်ဟာ မှန်ကန်တဲ့ တော်လှန်ရေး လမ်းကြောင်းကိုဖော်ထုတ်နိုင်ခဲ့တယ်။ ကမ္ဘာ့တော်လှန်ရေးကြမ္မာဟာ အလားအလာကောင်းခဲ့တယ်။

*Lenin at the Second Congress of the Communist International, 2020. (AP)*

ကွန်မင်တန်လို့ လူသိများတဲ့ တတိယ အင်တာနေရှင်နယ်ဟာ သူ့ရှေ့က အင်တာနေရှင်နယ် နှစ်ခုလုံးထက် အရည်အသွေးအရ မြင့်မြင့်မားမား ရပ်တည်နိုင်ခဲ့တယ်။ ပထမ အင်တာနေရှင်နယ်လိုပဲ သန့်ရှင်းစင်ကြယ်တဲ့ တော်လှန်သော အင်တာနေရှင်နယ်ဝါဒ ပရိုဂရမ်အတိုင်း ရပ်တည်တယ်။ ဒုတိယ အင်တာနေရှင်နယ်လို သန်းပေါင်းများစွာသော လူထု ထောက်ခံမှု အခြေခံ ရှိခဲ့တယ်။

လီနင်နဲ့ ထရော့စကီးတို့ ခေါင်းဆောင်ခဲ့တဲ့ ကွန်မြူနစ် အင်တာနေရှင်နယ်ဟာ မှန်ကန်တဲ့ တော်လှန်ရေး လမ်းကြောင်းကို ဖော်ထုတ်နိုင်ခဲ့တယ်။ ကမ္ဘာ့ တော်လှန်ရေး ကြမ္မာဟာ အလားအလာ ကောင်းခဲ့တယ်။

သို့သော် ရုပ်ပိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ အလွန်တရာ ခေတ်နောက်ကျတဲ့ အခြေအနေမှာ ရုရှား တော်လှန်ရေး အထီးတည်းဖြစ်နေခြင်းကြောင့် ဗျူရိုကရေစီ အားကောင်းလာပြီး တော်လှန်ရေးလဲ ယိုယွင်းပျက်စီးသွားခဲ့တယ်။

၁၉၂၄ လီနင် ကွယ်လွန်သွားပြီး နောက်ပိုင်း စတာလင် ခေါင်းဆောင်တဲ့ ဗျူရိုကရက် ဂိုဏ်းက အာဏာရသွားခဲ့တယ်။ ရုရှားမှာ စတာလင်နစ်ဇင် ကြီးထွားလာခြင်းဟာ တတိယ အင်တာနေရှင်နယ်ရဲ့ အလွန်တရာ အားကောင်းတဲ့ အလားအလာတွေကို ငြိမ်းသတ်ပစ်ခဲ့တယ်။

ဆိုဗီယက် ပြည်ထောင်စုကြီး စတာလင်နစ် လမ်းကြောင်းအတိုင်း ယိုယွင်းပျက်စီးသွားခြင်းဟာ အခြားသော တိုင်းပြည်တွေက အတွေ့အကြုံနုနယ်ပြီး ရင့်ကျက်မှု မရှိသေးတဲ့ ကွန်မြူနစ် ပါတီ ခေါင်းဆောင်တွေကို ဖြောင်းဆန်သွားစေခဲ့တယ်။

## 'ဆိုရှယ်လစ် စနစ်ကို တိုင်းပြည်တခုထဲ တည်ဆောက်ခြင်း'

ဆိုရှယ်လစ် စနစ်ကို တိုင်းပြည်တခုထဲ တည်ဆောက်ခြင်း ဆိုတဲ့ သီအိုရီကို လက်ခံလိုက်ရင် ကွန်မြူနစ် ပါတီတွေဟာ အမျိုးသားရေးဝါဒ လှိုက်စားပြီး ပျက်စီးခြင်း ဆိုက်သွားလိမ့်မယ်လို့ ၁၉၂၈ ခုနှစ်မှာ ထရော့စကီး ကြိုတင်ခန့်မှန်းခဲ့တယ်။ အဲဒီ ဟောကိန်း မှန်ကန်ကြောင်း သမိုင်းက လုံးလုံးလျားလျား သက်သေပြခဲ့ပြီး ဖြစ်တယ်။

ဆိုရှယ်လစ် စနစ်ကို တိုင်းပြည်တခုထဲ တည်ဆောက်ခြင်း ဆိုတဲ့ အဲဒီ သီအိုရီက အင်တာနေရှင်နယ် လီနင်ဝါဒီနဲ့ အပြီးတိုင် လမ်းခွဲသွားခြင်း ဖြစ်တယ်။ ဒါဟာ ကွန်မြူနစ် အင်တာနေရှင်နယ်ကို မော်စကို နိုင်ငံခြားရေး ပေါ်လစီအတွက် လက်ကိုင်တုတ်လောက်ပဲ သဘောထားတဲ့ ဗျူရိုကရေစီရဲ့ ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒ အမြင်ကို ဖော်ထုတ်ထားခြင်း ဖြစ်တယ်။ ကွန်မင်တန်ကို ကောက်ကျစ်စဉ်းလဲတဲ့ သူ့ရည်ရွယ်ချက်တွေအတွက် အသုံးချခဲ့တဲ့ စတာလင်ဟာ ၁၉၄၃ ရောက်တော့ ဟန်ပြ ကွန်ဂရက်တောင် မခေါ်ဘဲ ဖျက်သိမ်းပစ်ခဲ့တယ်။

ထရော့စကီးနဲ့ လက်ဝဲ အတိုက်အခံ အင်အားစုဟာ စတာလင်နစ်ဖောက်ပြန်ရေးကို ဆန့်ကျင်ပြီး သန့်ရှင်းစင်ကြယ်တဲ့ အောက်တိုဘာ တော်လှန်ရေး အစဉ်အလာတွေကို ခုခံကာကွယ်ဖို့ ကြိုးစားခဲ့တယ်။ လီနင်ဝါဒ အစဉ်အလာတွေဖြစ်တဲ့ အလုပ်သမားထု ဒီမိုကရေစီနဲ့ အလုပ်သမား လူတန်းစား အင်တာနေရှင်နယ်ဝါဒဘက်က သူတို့ ရပ်တည်ခဲ့ကြတယ်။ ဒါပေမဲ့ အားကောင်းလှတဲ့ သမိုင်း ဒီရေက သူတို့ဘက်မှာ မရှိခဲ့ဘူး၊ သူတို့ဟာ မနိုင်မဲ့ တိုက်ပွဲကို တိုက်ခဲ့ရတယ်။

၁၉၃၈ ခုနှစ်မှာ ထရော့စကီးက စတုတ္ထ အင်တာနေရှင်နယ် ထူထောင်ကြောင်း ကြေညာပြီး မျိုးဆက်သစ်ကို သန့်ရှင်းတဲ့ တော်လှန်ရေး အလံကို လက်ဆင့်ကမ်းပေးခဲ့တယ်။ သို့သော် ထရော့စကီး လုပ်ကြံခံရပြီး နောက်ပိုင်း ကျန်ရစ်တဲ့ ခေါင်းဆောင်တွေရဲ့ အမှားတွေကြောင့် စတုတ္ထ အင်တာနေရှင်နယ် ပျက်စီးခဲ့ရတယ်။

ထရော့စကီးရဲ့ဦးဆောင်ပဲ့ကိုင်မှုမရှိတော့တဲ့ စတုတ္ထအင်တာနေရှင်နယ်ဟာ သားလျှောသွားခဲ့တယ်။ ဆယ်စုနှစ်တွေ ကြာတဲ့နောက် စတုတ္ထ အင်တာနေရှင်နယ်ရဲ့ လက်ကျန် အဖွဲ့ အားလုံးဟာ ဂိုဏ်းဂဏဆန်တဲ့ သင်းကွဲလေးတွေ ဖြစ်နေပြီ။ တခုထက် တခု ပိုပြီး ကြောင်စီစီနိုင်တဲ့ သင်းကွဲလေးတွေ ဖြစ်သွားတယ်။

ဒီအုပ်စုလေးတွေဟာ အတောမသတ်နိုင်တဲ့ ရှုပ်ထွေးမှုတွေ ဖြစ်စေရုံကလွဲရင် သူတို့ ဘာမှ မလုပ်နိုင်ခဲ့ဘူး။ ဒီသင်းကွဲဂိုဏ်းတွေဟာ ရဲရင့်တက်ကြွတဲ့ အလုပ်သမား လူတန်းစား ရှေ့မှာ ထရော့စကီးဝါဒကို အမြင်မှားအောင် ပုံဖျက်ပစ်တာပဲ စွမ်းဆောင်နိုင်ခဲ့တယ်။

ဒီကနေ့ အချိန်မှာ စတုတ္ထ အင်တာနေရှင်နယ်က ချန်ထားခဲ့တာဆိုလို့ စတင်အုတ်မြစ်ချခဲ့သူ လီယွန် ထရော့စကီးရဲ့ အတွေးအခေါ်တွေပဲ ရှိတယ်။ ဒီအတွေးအခေါ်တွေက အခုထိ အသက်ဝင် အရေးပါနေတုန်းပဲ။ ဒီအတွေး-အခေါ်တွေ ယနေ့တိုင် ရှင်သန်နေအောင် မီးကူးထွန်းညှိပေးခဲ့သူကတော့ သွားလေသူ ရဲဘော် Ted Grant တက်(ဒ်)ဂရန့်ပဲ။ ဒီကနေ့ International Marxist Tendency [1] က အဲဒီ အတွေးအခေါ်တွေကို ကိုယ်စားပြုပါတယ်။

## ကွန်မြူနစ် ပါတီများ ယိုယွင်းပျက်စီးသွားခြင်း

ကျနော်တို့ရဲ့ အတွေးအခေါ်ဆိုင်ရာ အမွေကို ဂုဏ်ယူဝင့်ကြွားပါတယ်။ သို့သော် အချက်အလက်တွေကို ကျနော်တို့ တည့်တည့်ကြည့်ရမယ်။ ပထမ အင်တာနေရှင်နယ် ထူထောင်ပြီး နှစ်ပေါင်း ၁၅၀ အကြာ ဒီကနေ့ ခေတ်မှာ ပကတိဘာဝ၊ အတ္တဘာဝ အကြောင်းအချက်တွေကြောင့် တော်လှန်ရေး လှုပ်ရှားမှုဟာ နောက်ပြန်ခေါက်သွားခဲ့တယ်၊ စစ်မှန်သော မာ့(က်စ်)ဝါဒ အင်အားစုဟာ လူနည်းစု ဖြစ်သွားခဲ့တယ်။

ဒီလို ဖြစ်သွားရတဲ့ အကြောင်းတရားတွေကို ပကတိဘာဝ အခြေအနေမှာ အဓိက ရှာရမယ်။ ရှေ့တန်းရောက် အရင်းရှင် တိုင်းပြည်တွေမှာ

[1] ၂၀၂၅ ခုနှစ်၊ ဇွန်လမှာ Revolutionary Communist International အဖြစ် founding conference ခေါ်ယူပြီး တရားဝင် တိုးမြှင့် ဖွဲ့စည်းနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အရင်းရှင်စနစ် အကျပ်အတည်းကြောင့်ကမ္ဘာတဝှမ်း လူတန်းစားတိုက်ပွဲဝင် မျိုးဆက်သစ်တခု မြန်မြန်ဆန်ဆန် ထွက်ပေါ်လျက်ရှိတယ်။




image – Revolutionary Communist Party

ဆယ်စုနှစ်များစွာ စီးပွားရေး တိုးတက်မှုတွေ ဖြစ်ခဲ့တယ်၊ ဒီအခြေအနေမှာ အလုပ်သမား လူတန်းစားရဲ့ လူထု အဖွဲ့အစည်းကြီးတွေ မကြုံစဖူး ယိုယွင်းပျက်စီးသွားခဲ့တယ်။ ဒီအခြေအနေဟာ တော်လှန်ရေး အင်အားစုကို အထီးတည်း ဖြစ်သွားစေခဲ့တယ်၊ ဘယ်နေရာကြည့်ကြည့် တော်လှန်ရေး အင်အားစုဟာ လူနည်းစုထဲက လူနည်းစု ဖြစ်ခဲ့တယ်။

ဆိုဗီယက် ပြည်ထောင်စု ပြိုကျသွားခြင်းဟာ စတာလင်နစ် ခေါင်းဆောင်တွေရဲ့ယိုယွင်းပျက်စီးမှုကိုနောက်ဆုံးချိတ်ပိတ်ပေးလိုက်တာပဲ။ စတာလင်နစ် ခေါင်းဆောင် အများစုဟာ အရင်းရှင်စနစ်ရဲ့ ဖိအားတွေအောက် ဒူးထောက်သွားပြီး ပြုပြင်ရေးဝါဒဘက် ပေါ်တင် ကူးသွားခဲ့တယ်။

ဒါပေမဲ့ ဒင်္ဂါးပြားရဲ့ အခြားဖက်လဲ ရှိသေးတယ်။ လက်ရှိ အကျပ်အတည်းဟာ အရင်းရှင်စနစ်ရဲ့ ဖောက်ပြန်ရေး အခန်းကဏ္ဍကို ဖွင့်ထုတ်ပြပြီး အင်တာနေရှင်နယ် ကွန်မြူနစ်ဝါဒကို တကျော့ပြန် အားကောင်းသွားစေတယ်။

## သမိုင်း ဒီရေ

ကျနော်တို့ဟာ ဆယ်စုနှစ်များစွာ ရေစီးကို ဆန်တက်ခဲ့ရတယ်။ ဒါပေမဲ့ အခု သမိုင်းရဲ့ ဒီရေက စပြောင်းလာပြီ။

နေရာတိုင်းကို ကြည့်လိုက်ပါ၊ တည်ငြိမ် အေးဆေးနေတဲ့ အပေါ်ယံ မျက်နှာပြင်အောက်မှာ ဒေါသတွေ၊ နာကျည်းမှုတွေ၊ မကျေနပ်ချက်တွေ၊ အထူးသဖြင့် အားမလို အားမရ ခံပြင်းမှုတွေ ပွက်ပွက်ဆူနေတဲ့ ရေစီးကို တွေ့ရလိမ့်မယ်။ လက်ရှိ နိုင်ငံရေးနဲ့ လူ့အဖွဲ့အစည်းရဲ့ တည်ဆဲ အခြေအနေ အပေါ် အခုလို ဒေါသအမျက် ခြောင်းခြောင်းထနေခြင်း ဖြစ်ပါတယ်။

ယူအက်(စ်)မှာတောင် မကျေနပ်ချက်တွေ ကျယ်ကျယ်ပြန့်ပြန့် ရှိနေပြီ၊ လက်ရှိ တည်ဆဲ အခြေအနေကို မေးခွန်းထုတ်နေကြပြီ၊ အရင်က ဒါမျိုး မရှိခဲ့ဘူး။

စီးပွားရေး မျှခြေ ပြန်ရဖို့ ဘူဇွာတွေရဲ့ ကြိုးပမ်းမှု အားလုံးဟာ လူ့အဖွဲ့အစည်းနဲ့ နိုင်ငံရေး မျှခြေကို ဖျက်ဆီးရာ ရောက်သွားတယ်။ ဘူဇွာ လူတန်းစားဟာ ထွက်ပေါက် မရှိတဲ့ အကျပ်အတည်းထဲ ပိတ်မိရက်သား ဖြစ်နေပြီ။ ဒါဟာ ဒီကနေ့ အခြေအနေကို နားလည်ဖို့ သော့ချက်ပဲ။

ဒီအကျပ်အတည်းဟာ (စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ သံတမန်ရေးနဲ့ စစ်ရေး) ဆိုတဲ့ နယ်ပယ်တိုင်း မှာ မတည်ငြိမ်မှုအဖြစ် ဖော်ပြလျက်ရှိတယ်။

ဒီစနစ်က ပေးလာတဲ့ အနာဂတ်ဆိုလို့ အဆုံးမရှိတဲ့ ဒုက္ခတွေ၊ ရောဂါဘယတွေ၊ စစ်ပွဲတွေနဲ့ လူသားမျိုးနွယ် ပျက်သုဉ်းခြင်းသာ ရှိနိုင်တော့တယ်။ လီနင် ပြောခဲ့သလို ပြောရရင် အရင်းရှင် စနစ်ဆိုတာ အဆုံးမရှိတဲ့ အနိဋ္ဌာရုံတွေပဲ။

သမိုင်းရဲ့ လှည့်ကွက်ပဲ ဆိုရမလား၊ အိုမင်းဟောင်းနွမ်းနေတဲ့ အရင်းရှင်စနစ်နဲ့ ဈေးကွက်ကြီး သူတို့ မျက်စိရှေ့မှာတင် ပြိုလဲနေတာ မြင်နေပေမဲ့ အလုပ်သမား ပါတီကြီးတွေရဲ့ ခေါင်းဆောင်များဟာ ဒီစနစ်ကို ဖက်တွယ်နေကြဆဲ ဖြစ်တယ်။

## တခုတည်းသော အဖြေ

အဓိက ပြဿနာကို ရှင်းရှင်းပဲ ပြောနိုင်ပါတယ်။ အဲဒါ ခေါင်းဆောင်မှု ပြဿနာပဲ။ လူသားမျိုးနွယ်ရဲ့ အကျပ်အတည်းကို အလုပ်သမား လူတန်းစား ခေါင်းဆောင်မှု အကျပ်အတည်းအဖြစ် ပြောနိုင်ကြောင်း ထရော့စကီးက ၁၉၃၈ ခုနှစ်မှာ ဆိုခဲ့တယ်။ ဒီကောက်ချက်ဟာ ဒီကနေ့ အခြေအနေကို ကောင်းကောင်း အနှစ်ချုပ်ပေးလိုက်တာပဲ။

မာ့(က်စ်)ဝါဒ သီအိုရီ အခြေမခိုင်တဲ့ 'လက်ဝဲ' ဆိုသူတွေဟာ ဒူးထောက်အညံ့ခံပြီး ဆိုရှယ်လစ်အရေး တိုက်ပွဲကို ကျောခိုင်းသွားကြတယ်။ ဒီအခါ ရောမ လေဟာနယ်ကြီး ထွက်ပေါ်လာတယ်။ သိပ္ပံပညာရပ်က ကျနော်တို့ကို သင်ကြားပြခဲ့သလိုပဲ သဘာဝတရားက လေဟာနယ်ကို မနှစ်မြို့ဘူး။ ဒီအခြေအနေမှာ အခိုင်အမာ လက်တွေ့ကျတဲ့ စိန်ခေါ်မှုတရပ်ကို ကျနော်တို့ တည့်တည့်ကြီး ရင်ဆိုင်ရပြီ။

အလုပ်သမားထုနဲ့ လူငယ်တွေက လူ့အဖွဲ့အစည်းကို ပြောင်းလဲပစ်ဖို့ တာဆူနေပြီ။ သို့သော် ဒီလို ပြောင်းလဲဖို့ ကြိုးပမ်းရာမှာ စည်းရုံးစုဖွဲ့မှုရှိရှိ ဖော်ပြချက်မျိုး သူတို့ ရှာမတွေ့ဘူး။ ရှေ့တလှမ်း လှမ်းတိုင်း ဗျူရိုကရက်တစ် အဖွဲ့ဟောင်းကြီးတွေနဲ့ ခေါင်းဆောင်ပိုင်းက လမ်းခုလတ်မှာ ပိတ်ခံနေတာ တွေ့ရတယ်။ အဲဒီ ဗျူရိုကရက်တစ် ခေါင်းဆောင်တွေက ဆိုရှယ်လစ်အရေးကို ကျောခိုင်းသွားတာ ကြာခဲ့ပြီ။

အရင်းရှင်စနစ် အကျပ်အတည်းကြောင့် ကမ္ဘာတဝှမ်း လူတန်းစား တိုက်ပွဲဝင် မျိုးဆက်သစ်တခု မြန်မြန်ဆန်ဆန် ထွက်ပေါ်လျက် ရှိတယ်။ အထူးသဖြင့် လူငယ်ထုကြားမှာ အသိစိတ် ပြောင်းလဲမှု အကြီးအကျယ် ဖြစ်နေတယ်။

ကွန်မြူနစ်ဝါဒဟာ တဟုန်ထိုး ပြန့်ပွားလျက် ရှိကြောင်း ဗြိတိန်၊ ယူအက်(စ်)၊ ဩစထရေးလျနဲ့ အခြား တိုင်းပြည်တွေမှာ နောက်ဆုံး ကောက်ယူထားတဲ့ သဘောထား စစ်တမ်းတွေက ရှင်းရှင်းလင်းလင်း ညွှန်ပြနေတယ်။

အဲဒီ လူငယ်တွေကို နားချ စည်းရုံးနေဖို့ မလိုတော့ဘူး။ သူတို့က ကွန်မြူနစ် ဖြစ်နေပြီးသား။ ဒါပေမဲ့ ရှိနေပြီးသား ဘယ်အဖွဲ့အစည်းမှာမှ အော်တာနေးတစ် လမ်းကြောင်းကို သူတို့ ရှာမတွေ့ဘူး။ အဲဒီ အဖွဲ့အစည်းတွေကို သူတို့ အော့ကြောလန်သွားတယ်။

ဖောက်ပြန်တဲ့ လက်ယာ ပြုပြင်ရေးဝါဒ၊ သူရဲဘောကြောင်တဲ့ လက်ဝဲ အချောင်သမားဝါဒတို့နဲ့ ပြတ်ပြတ်သားသားလမ်းခွဲထွက်ထားတဲ့ အဖွဲ့အစည်းတခု၊ သန့်ရှင်းစင်ကြယ်တဲ့ အောင်လံတခုကို သူတို့ ရှာဖွေနေကြတယ်။

ကွန်မြူနစ်ဝါဒရဲ့ အလားအလာက အလွန် ကြီးမားတယ်။ အဲဒီ အလားအလာကို လက်တွေ့ ဖြစ်လာအောင် လုပ်ရမှာ ကျနော်တို့ တာဝန်ပဲ။ ဒါပေမဲ့ အောင်မြင်အောင် ဘယ်လို လုပ်ရမလဲ။

အင်မတန် ပြောင်ကျတဲ့ ပဋိပက္ခ တခုနဲ့ ကျနော်တို့ ရင်ဆိုင်နေရတယ်။ မာ့(က်စ်)ရဲ့ အတွေးအခေါ်တွေဟာ ခိုင်လုံမှု ပိုရှိလာသလို ဒီအတွေးအခေါ်

တွေကို အရင်ကထက် ပိုလိုအပ်လာတယ်။ သို့သော် အတွေးအခေါ်ဟာ သူ့ချည်းသက်သက်ဆို မလုံလောက်ဘူး။

ကွန်မြူနစ် မျိုးဆက်သစ်ကို ရှာဖွေပြီး ကျနော်တို့ အလံတော်အောက် စည်းရုံးသိမ်းသွင်းဖို့ လိုအပ်တဲ့ လက်တွေ့ ဆောင်ရွက်ချက်တွေ ကျနော်တို့ လုပ်ရမယ်။ ဆိုလိုတဲ့ သဘောက အတွေးအခေါ်တွေကို အခိုင်အမာ ကိုယ်ထည်ရှိတဲ့ အဖွဲ့အစည်းဆိုင်ရာ ဖော်ပြချက် ပေးရမှာ ကျနော်တို့ အလုပ်ပဲ။

အင်တာနေရှင်နယ် အသစ် လိုအပ်ချက်ဟာ စိတ်ကူးတည့်သလို ဆုံးဖြတ်ချက် မဟုတ်ဘူး။ အတ္တဘာဝ လိုလားချက်အရ ထွက်ပေါ်လာခြင်း မဟုတ်သလို အလောတကြီး စဉ်းစား ဆုံးဖြတ်လိုက်တာမျိုးလဲ မဟုတ်ဘူး။ အခြေအနေ တစ်ခုလုံးရဲ့ အတိအလင်း တောင်းဆိုမှုကြောင့် ထွက်ပေါ်လာတဲ့ အရာ ဖြစ်တယ်။

ဒီလို ရဲရင့်ပြတ်သားတဲ့ ခြေလှမ်းမျိုး လှမ်းဖို့ တကယ်ပဲ အချိန်ကျပြီလား။ မှန်ပါတယ်၊ တချို့လူတွေအဖို့ ဘယ်တော့မှ အချိန်ကျလာမှာ မဟုတ်ဘူး။ ဆုံးဖြတ်ချက် ရွှေ့ဆိုင်းဖို့ အကြောင်းပြချက် သောင်းခြောက်ထောင် သူတို့ ရှာတွေ့နေမှာပဲ။ ဒါပေမဲ့ သံသယနဲ့ တွေဝေမှုကို အခြေခံပြီး ပေါ်လစီနဲ့ လုပ်ငန်းစဉ် ချမှတ်ဖို့ မဖြစ်နိုင်ဘူး။

ဒီအဆင့်ကို သွားဖို့ဆိုရင် ကျနော်တို့ အရေအတွက်က နည်းလွန်း နေသေးတယ်လို့ ငြင်းချက်ထုတ်နိုင်ပါတယ်။ ဒါပေမဲ့ သမိုင်းမှာ တော်လှန်ရေး လှုပ်ရှားမှုတိုင်းက မပြောပလောက်တဲ့ အရေအတွက် နည်းနည်းလေးနဲ့ အစပြုခဲ့တာချည်းပဲ။

၁၉၁၄ မှာ လီနင်နဲ့ ရပ်တည်ချက်တူတဲ့ အင်အားစုဟာ မဖြစ်စလောက်ပဲ ရှိခဲ့တယ်။ ဒါပေမဲ့ ကွန်မြူနစ် အင်တာနေရှင်နယ် အသစ် လိုအပ်ကြောင်း ကြေညာဖို့ လီနင် မတွန့်ဆုတ်ခဲ့ဘူး။ လီနင် ထောက်ခံသူတွေကြားမှာတောင် သံသယဝင်သူတွေ အများကြီး ရှိခဲ့တယ်၊ ဒါပေမဲ့ လီနင် မှန်ကြောင်း သမိုင်းက သက်သေပြသွားပြီ။

မှန်ပါတယ်၊ ကျနော်တို့ အင်အားစုဟာ ကျနော်တို့ လုပ်ရမဲ့ ရာဇဝင်တာဝန်ကြီးနဲ့ ယှဉ်လိုက်ရင် မဖြစ်စလောက်ပဲ ရှိသေးတယ်၊ ဒါနဲ့ ပတ်သက်လို့ ထင်ယောင်မှားမှု မရှိဘူး။ ဒါပေမဲ့ အခြေအနေက သိသိသာသာ စပြောင်းနေပြီ။

ကျနော်တို့ အရေးကြီး လုပ်စရာ အလုပ် ရှိတယ်၊ အဆုံးအဖြတ် အဆင့်ကို ရောက်လာတဲ့ အဲဒီ အလုပ်က အခုဆိုရင် အရေးကြီးတဲ့ အသီးအပွင့်တွေ ထွက်လာပြီ။ ‘Are you a Communist?’ ကမ်ပိန်းရဲ့ အထင်ကရ အောင်မြင်မှုက ဒီအချက်ကို သက်သေပြနေတယ်။

နေရာတိုင်းမှာ ကျနော်တို့ အင်အားတွေ တဟုန်ထိုး ကြီးထွားလာနေပြီ။ ဒါ တိုက်ဆိုင်မှု မဟုတ်ဘူး။ အခုဆိုရင် ကျနော်တို့ဟာ သမိုင်းရေစီးနဲ့အတူ ကူးခတ်နေပြီ။ အရေးကြီးဆုံး အချက်က ကျနော်တို့မှာ မှန်ကန်တဲ့ အတွေးအခေါ်တွေရှိတယ်။ ဒါဟာ နောက်ဆုံးသတ္တုချလိုက်ရင် အောင်မြင်ဖို့ တခုတည်းသော အာမခံချက်ပဲ။

လီနင်နဲ့ တခြားသော ကြီးမြတ်တဲ့ မာ့(က်စ်)ဝါဒီတွေရဲ့ အတွေးအခေါ် အပေါ် အခြေတည်ထားတဲ့ စစ်မှန်သော ကွန်မြူနစ် ပါတီတခုကို လိုအပ်တယ်၊ ဒါ့အပြင် ကွန်မြူနစ် အင်တာနေရှင်နယ်ရဲ့ ပထမ ငါးနှစ်အတွင်း ချမှတ်ခဲ့တဲ့ အစဉ်အလာအပေါ် အခြေခံထားတဲ့ အင်တာနေရှင်နယ် တခုကို လိုအပ်တယ်။

ဒါဟာ ကျနော်တို့ အကောင်အထည်ဖော်ရမဲ့ အလုပ်ပဲ။ ဒါဟာ နှောင့်နှေးခွင့် မရှိတဲ့ အရေးတကြီး လိုအပ်နေတဲ့ အလုပ် ဖြစ်တယ်။

အခက်ခဲဆုံး အခြေအနေတွေအောက်မှာ မပြောပလောက်တဲ့ အင်အားနဲ့ အစပြုခဲ့ရတဲ့ International Marxist Tendency ဟာ နိုင်ငံအတော်များများက အထက်မြက်ဆုံး အလုပ်သမားနဲ့ လူငယ် ထောင်ပေါင်းများစွာ ပါဝင်သော အဖွဲ့အစည်း တခုကို တည်ဆောက်ထားနိုင်ခဲ့ပြီ။

ဒါဟာ ကြီးမားတဲ့ အောင်မြင်မှု တခုပဲ။ သို့သော် ဒါဟာ အစပဲ ရှိသေးတယ်။ အခုဆိုရင် တော်လှန်သော ကွန်မြူနစ် အင်တာနေရှင်နယ် (Revolutionary Communist International) ထူထောင်ရေး ဆိုတဲ့ အဆုံးအဖြတ်ကျတဲ့ ခြေလှမ်း လှမ်းဖို့ အချိန်ကျလာခဲ့ပြီ။

ဒီရည်မှန်းချက်နဲ့ သဘောထား တူညီတဲ့ အလုပ်သမားနဲ့ လူငယ်တိုင်းကို ကျနော်တို့ရဲ့ နောက်ဆုံး ပန်းတိုင်ဖြစ်သော အင်တာနေရှင်နယ် ဆိုရှယ်လစ် စနစ် အောင်ပွဲ ရရှိရေး ဝိုင်းဝန်းကူညီကြဖို့ ဆော်ဩလိုက်တယ်။

**Against capitalism and imperialism!**

**For the socialist transformation of society!**

**Join us in the struggle for world revolution!**

***Workers of the world, unite!***

Alan Woods

London, 11 March 2024

မြန်မာပြန်သူ - သူရိန်မွန်



**ကွန်မြူနစ် အင်တာနေရှင်နယ်နဲ့ ဗကပ** ဆောင်းပါးမှာ ဗကပရဲ့ ဆုံးဖြတ်ချက်ကို အခုလို တွေ့ရတယ်။ ဗကပက "CI လို နိုင်ငံတကာ အဖွဲ့ချုပ် မလိုအပ်ဘူးလို့ ပြတ်ပြတ်သားသား ယုံကြည်ယူဆတယ်။ တိုင်းပြည်တိုင်းနဲ့ ပြည်သူတိုင်းမှာ ကိုယ်စီအကျိုးစီးပွား ရှိကြတယ်။ အကျိုးစီးပွားချင်း တထပ်တည်း မရှိနိုင်ဘူးလို့ ပြတ်ပြတ်သားသား ယုံကြည်ယူဆတယ်"။ (ဗကပရဲ့ အာဘော် 'ပြည်သူ့အာဏာ' ဂျာနယ်၊ အမှတ် ၃၃ မှ)

ဒီနေရာမှာ စကားလုံး အသုံးအနှုန်း ရှင်းလင်းမှု ရှိဖို့ အလွန် အရေးကြီးပါတယ်၊ ကွန်မြူနစ် အင်တာနေရှင်နယ် CI ဆိုတာ federation လို "အဖွဲ့ချုပ်" သဘော မဟုတ်ဘူး။ အင်တာနေရှင်နယ်ဆိုတာ Democratic Centralism အပေါ် အခြေခံပြီး တည်ဆောက်ထားတဲ့ ကမ္ဘာ့ အလုပ်သမား လူတန်းစား ပါတီကြီး ဖြစ်တယ်။

ဗကပကတော့ ကွန်မြူနစ် အင်တာနေရှင်နယ် မလိုအပ်ဘူးလို့ ပြတ်ပြတ်သားသား ယုံကြည်ကြောင်း ဆိုထားတယ်။ ကျနော်တို့ကတော့ ကမ္ဘာ့ အလုပ်သမား လူတန်းစားအနေနဲ့ ကွန်မြူနစ် အင်တာနေရှင်နယ်ကို မရှိမဖြစ် လိုအပ်ကြောင်း အခိုင်အမာ ယုံကြည်တယ်။

ဗကပက ကွန်မြူနစ် အင်တာနေရှင်နယ် မလိုအပ်ဘူးလို့ ယုံကြည်တာ မထူးဆန်းဘူး။ ဗကပကို စတင် မွေးဖွားပေးလိုက်ချိန်မှာ တတိယ အင်တာနေရှင်နယ်က စတာလင်နစ် ဗျူရိုကရေစီရဲ့ လက်ကိုင်တုတ် ဖြစ်နေပြီ။ လီနင်၊ ထရော့စကီးတို့ ခေါင်းဆောင်ခဲ့တဲ့ ကာလကလို 'revolutionary international' တခု မဟုတ်တော့ဘူး။ စတာလင်နစ် အင်တာနေရှင်နယ်က မွေးဖွားပေးလိုက်တဲ့ ဗကပဟာ 'socialism in one country' သီအိုရီကို လက်ခံထားတဲ့ စတာလင်နစ် ပါတီ ဖြစ်တယ်။ ကွန်မြူနစ် ကြေညာစာတမ်း (မြန်မာပြန်) တတိယအကြိမ်ထုတ် အမှာစာမှာ အဲဒီကာလ ဗကပ အထွေထွေ အတွင်းရေးမှူး ရဲဘော်ကြင်မောင်က အခုလို ရေးခဲ့တယ် -

> "ယနေ့ခေတ်တွင် ကွန်မြူနစ်ပါတီတိုင်း ကိုယ့်တိုင်းပြည် အခြေအနေ အရ ကိုယ့်လမ်းကိုယ်ထွင်ကာ ကိုယ့်တာဝန်ကိုယ်ယူပြီး 'ဆိုရှယ်လစ် လောကသို့' ချီတက်နေပါသည်"။

ဒါက လီနင် ကွယ်လွန်ပြီးမှ စတာလင်နစ် ဗျူရိုကရေစီက ဖော်ထုတ်ခဲ့တဲ့ 'ဆိုရှယ်လစ် စနစ်ကို တိုင်းပြည်တခုထဲ တည်ဆောက်ခြင်း' ဆိုတဲ့ so-called 'သီအိုရီ' ကို အတောင့်လိုက် ပြန်ရွတ်ပြလိုက်တာပဲ။ အဲဒီ သီအိုရီကိုသာ လိုက်ခံလိုက်ရင် ကွန်မြူနစ် ပါတီတွေဟာ အမျိုးသားရေးဝါဒ လှိုက်စားပြီး ပျက်စီးခြင်း ဆိုက်သွားလိမ့်မယ် ဆိုတဲ့ ထရော့စကီး ခန့်မှန်းချက်ကို ဗကပ က ထပ်မံ အတည်ပြုပေးလိုက်တာပဲ။

'ဆိုရှယ်လစ် စနစ်ကို တိုင်းပြည်တခုထဲ တည်ဆောက်ခြင်း' ဆိုတဲ့ စတာလင်နစ် 'သီအိုရီ' မှားယွင်းကြောင်း ဆိုဗီယက် ပြည်ထောင်စု ပြိုလဲသွားခြင်း၊ ဒီကနေ့ တရုတ်ပြည် အရင်းရှင်စနစ် ပြန်ရောက်သွားခြင်း၊ အစရှိတဲ့ သမိုင်း ဖြစ်စဉ်တွေက သက်သေပြခဲ့ပြီး ဖြစ်ပါတယ်။ 'philosophical basis' အရလဲ ဒီသီအိုရီဟာ ဘယ်လို မှားယွင်းကြောင်း အနည်းငယ် ဖြည့်စွက် ပြောလိုတယ်။

ကျနော်တို့ *Revolutionary Marxism* က ထုတ်ဝေနေတဲ့ The Struggle မဂ္ဂဇင်း အမှတ် (၁၃)၊ အယ်ဒီတာ့အာဘော်မှာ ဒီသဘောတရားကို ရှင်းပြခဲ့ဖူးတာ ရှိပါတယ်။ အခု အဲဒီ အယ်ဒီတာ့အာဘော်ထဲက ကောက်နုတ် ဖော်ပြပါမယ် -

> "ဒိုင်ယာလက်တစ် အမြင်က ကာတက်စီးယန်း သဘာဝတ္တ အမြင်နဲ့ ဆန့်ကျင်ဖက် ဖြစ်တယ်။ ဒိုင်ယာလက်တစ် အမြင်အရ the whole

# ဗကပ ရဲ့ 'national-reformist' အတွေးအခေါ်ကို ချေဖျက်ခြင်း



မရှိဘဲ ကနဦး တည်ရှိနေသော the part ဆိုတာ မရှိနိုင်ဘူး။ တနည်းအားဖြင့် part ရဲ့ *“**prior existence**”* ဆိုတာ မရှိဘူး။ part နဲ့ whole ကြားမှာ အထူး ဆက်နွှယ်ချက် ရှိတယ်။ ‘အထက်’ နဲ့ ‘အောက်’ လိုပဲ တခု မရှိဘဲ အခြားတခု မရှိနိုင်ဘူး။ part လို့ ခေါ်တဲ့ အရာကို သူပါဝင် ဖွဲ့စည်းထားတဲ့ whole က သတ်မှတ်ပေးခြင်း ဖြစ်တယ်။ ဒါ့အပြင် part ရဲ့ ဂုဏ်သတ္တိတွေဟာ တစုံတခုသော whole ရဲ့ အစိတ်အပိုင်း ဖြစ်နေလို့သာ ရရှိလာခြင်း ဖြစ်တယ်၊ နဂိုကတည်းက သူ့ဘာသာ သီးခြား တည်ရှိနေခဲ့တာမျိုး (intrinsic properties) မဟုတ်ဘူး။ the whole အဖြစ် ပေါင်းစည်းထားရင်း the part တွေမှာ ဂုဏ်သတ္တိတွေ ရရှိလာသလို the whole ကိုလဲ ဂုဏ်သတ္တိအသစ်တွေ ထွက်ပေါ်လာစေတယ်။ part နဲ့ whole ဟာ ဒီဆက်နွှယ်မှုရဲ့ အကျိုးဆက်အဖြစ် ဆင့်ကဲပြောင်းလဲသွားတယ်၊ *ဒီဆက်နွှယ်မှု ကိုယ်တိုင်လဲ* ဆင့်ကဲ ပြောင်းလဲခြင်း ဖြစ်ပါတယ်။ ဒါဟာ ဒိုင်ယာလက်တစ်ကျတယ်လို့ ကျနော်တို့ ပြောလေ့ရှိတဲ့ ဂုဏ်သတ္တိတွေပဲ၊ အကြောင်းချင်းရာ တခုဟာ အခြား တခု မရှိဘဲ မတည်ရှိနိုင်ဘူး၊ အချင်းရာ တခုက အခြားတခုနဲ့ ဆက်နွှယ်ရင်း ဂုဏ်သတ္တိတွေ ရရှိလာတယ်၊ သူတို့ချင်း အပြန်အလှန် ***interpenetration*** ဖြစ်နေတာရဲ့ အကျိုးဆက်အဖြစ် နှစ်ခုလုံးရဲ့ ဂုဏ်သတ္တိတွေလဲ ဆင့်ကဲ ပြောင်းလဲသွားကြတယ်။”

အထက်ပါ စာပိုဒ်မှာ part နဲ့ whole ကြားက ဆက်နွှယ်မှုအကြောင်း ဆန်းစစ်ထားတယ်။ ဒါက ‘socialism in one country’ အယူအဆနဲ့ ဘာဆိုင်လို့လဲ။ ဘယ်လို ဆိုင်သလဲ ဆက်ကြည့်ရအောင်။

ဒီကနေ့ ဂလိုဘယ် အရင်းရှင်စနစ်ဟာ ‘ကမ္ဘာ့ စီးပွားရေး’ ဖြစ်သွားပြီ၊ အဲဒါ အခု ပြောနေတဲ့ ‘integrated and indivisible whole’ ပဲ။ အဲဒီ whole ဆိုတာ ဗမာ၊ တရုတ်၊ ရုရှား၊ အမေရိက၊ အစရှိတဲ့ ‘individual part’ တွေ ပေါင်းထားတဲ့ အစုအဝေးကြီးသက်သက် မဟုတ်ဘူး။ the whole ဟာ part တွေနဲ့ ဖွဲ့စည်းထားတာ မှန်တယ်၊ သို့သော် part တွေက အဲဒီ whole အတွင်းမှာ သူ့ချည်း သီးခြားရပ်တည်နိုင်သော ‘self-contained unit’ တွေအဖြစ် ရှိနေတာ မဟုတ်ဘူး။ whole ဆိုတဲ့ ကမ္ဘာ့ ဈေးကွက် အပေါ် မှီခိုပြီး တည်ရှိနေခြင်း ဖြစ်တယ်။ whole မရှိဘဲ အတွင်းက part တွေဆိုတာ မတည်ရှိနိုင်ဘူး။

ဒီကနေ့ ကမ္ဘာ့ အရင်းရှင်စနစ် ဆိုတဲ့ the whole အတွင်းမှာ ဘယ်လောက် ချမ်းသာတဲ့ တိုင်းပြည်ပဲ ဖြစ်ပါစေ၊ ‘self-contained unit’ အဖြစ် သီးခြား မရပ်တည်နိုင်ဘူး။ လတ်တလော နမူနာပဲ ကြည့်ပါ။ ရေနံ စီးဆင်းမှု ထိခိုက်သွားတာနဲ့ ကမ္ဘာ့ စီးပွားရေး တခုလုံး ရှော့ခ် ဖြစ်သွားတယ်။

အရင်းရှင်စနစ်တောင် ကမ္ဘာ့စနစ် ဖြစ်နေပြီဆိုရင် သူ့ထက် ပို အဆင့်မြင့်တဲ့ ဆိုရှယ်လစ် စနစ်ကို သက်ဆိုင်ရာ တိုင်းပြည်တခုချင်း မှာပဲ (တနည်းအားဖြင့် self-contained unit or self-sufficient entity တခု ချင်းအလိုက်) တည်ဆောက်သွားနိုင်တယ်ဆိုတာအတော် အူကြောင်ကြောင် နိုင်တဲ့၊ အလွန် ကျဉ်းမြောင်းတဲ့ nationalist အမြင်ပဲ။ ဒါ့ကြောင့် မာ့(က်စ်)ဝါဒ အမြင်ရဲ့ ပထမဆုံး ‘point of departure’ က ကမ္ဘာ့ စီးပွားရေးပဲ။ မာ့(က်စ်)တို့ရဲ့ ကမ္ဘာ့ တော်လှန်ရေး အမြင်ဆိုတာ

*အရင်းရှင်စနစ်ဟာ တကမ္ဘာလုံးကို လွှမ်းခြုံထားတဲ့ စီးပွားရေး စနစ် တခု မလွဲမသွေ ဖြစ်သွားမယ့် အကြောင်း ၁၈၄၈ ခုနှစ်လောက်တည်းက မာ့က်စ် ရှင်းပြခဲ့ပြီးသား။ ဒီကမ္ဘာလွှမ်းခြုံ စနစ်ကို လီနင်က နယ်ချဲ့ စနစ်အဖြစ် ခွဲခြမ်း စိတ်ဖြာပြခဲ့တယ်*

အဲဒီကနေ လာတာပဲ။ အဲလို မဟုတ်ဘဲ ‘national economy’ တခုချင်း ကနေ စကြည့်ရင် သစ်တပင်ချင်းပဲ မြင်မယ်၊ တောအုပ်ကို နားမလည်နိုင်ဘူး။ သစ်တပင်ချင်းကို မြင်တယ် ဆိုရာမှာတောင် ကောင်းကောင်း နားမလည်နိုင် ဘူး၊ အကြောင်းကတော့ သစ်တပင်ချင်းရဲ့ ဂုဏ်သတ္တိဆိုတာ တောအုပ် အပေါ် မှီခိုနေရလို့ပဲ။

The Struggle မဂ္ဂဇင်း အမှတ် (၁၃) မှာ ဖော်ပြထားတဲ့ ‘မော်ရဲ့ ပဋိပက္ခကျမ်းကို ဝေဖန်ချက်’ ဆောင်းပါးမှာလဲ အခုလို ပြောထားတယ် -

“တစုံလုံးသဘောဟာ ပါဝင်ရာ အစိတ်အပိုင်းတွေ ပေါင်းလဒ်ထက် ပိုအဆင့်မြင့်တယ် ဆိုတဲ့ အချက်ကို ဒိုင်ယာလက်တစ် ရုပ်ဝါဒက ကိုင်စွဲတယ်။ (လူတန်းစား ပဋိပက္ခ နိယာမ၊ ဒါမှမဟုတ် အရင်းရှင် စီးပွားရေးစနစ် နိယာမတွေလို) ယေဘုယျ အဆင့်မှာ ထွက်ပေါ်လာတဲ့ နိယာမ တရားတွေက ယှဉ်ပြိုင်တိုက်ပွဲဝင်နေကြတဲ့ လူတန်းစား အသီးသီး၊ ပါတီ အသီးသီးရဲ့ အကျိုးစီးပွားနဲ့ ပြုမူ ဆောင်ရွက်ချက် တွေကို အခြေခံကျကျ ဆုံးဖြတ် ပြဋ္ဌာန်းပေးတယ်။

“အရင်းရှင်စနစ်ဟာ တကမ္ဘာလုံးကို လွှမ်းခြုံထားတဲ့ စီးပွားရေး စနစ် တခု မလွဲမသွေ ဖြစ်သွားမယ့် အကြောင်း ၁၈၄၈ ခုနှစ်လောက်တည်းက မာ့က်စ် ရှင်းပြခဲ့ပြီးသား။ ဒီကမ္ဘာလွှမ်းခြုံ စနစ်ကို လီနင်က နယ်ချဲ့ စနစ်အဖြစ် ခွဲခြမ်းစိတ်ဖြာပြခဲ့တယ်။ အရင်းရှင် စနစ်အောက်က ကုန်ထုတ်လုပ်ရေးဟာ နိုင်ငံ တနိုင်ငံချင်းစီရဲ့ ဈေးကွက်ကို ကျော်လွန် ကြီးထွားခဲ့လို့ အရင်းရှင် နယ်ချဲ့စနစ် ထွက်ပေါ်လာခြင်း ဖြစ်တယ်။ **အရေးအကြီးဆုံးကတော့ စီးပွားရေးဟာ ကမ္ဘာ့ စီးပွားရေး စနစ် ဖြစ်လာခဲ့ပြီ၊ နိုင်ငံ အသီးသီးဟာ ဒီကမ္ဘာ့ စီးပွားရေးရဲ့ လက်အောက်ခံ ဖြစ်လာပြီး ကိုယ့်အနေအထားနဲ့ကိုယ် ပါဝင်နေကြတယ်။**



"ရလဒ်အနေနဲ့ "ပြည်သူလူထုကြီးနဲ့ မြေရှင် ပဒေသရာဇ် စနစ်ကြား ပဋိပက္ခ"၊ နောက် "ကိုလိုနီ နိုင်ငံများနဲ့ နယ်ချဲ့ စနစ်ကြား ပဋိပက္ခ"တို့လို သီးခြား 'ပဋိပက္ခ'တွေဟာ ကမ္ဘာ့ အရင်းရှင် စနစ်နဲ့ ခွဲထုတ်လို့ မရအောင် တသားတည်း ဖြစ်နေပြီ။ ဒီအချက်ဟာ ကွန်မြူနစ် အင်တာနေရှင်နယ် ဖွဲ့စည်းတည်ထောင်ခဲ့ရတဲ့ အကြောင်းရင်း ဇာစ်မြစ် ဖြစ်သလို၊ ၁၉၂၀ လွန် အစောပိုင်း နှစ်တွေအတွင်း အာရှမှာ (အထူးသဖြင့် တရုတ်မှာ) ကွန်မြူနစ် အင်တာနေရှင်နယ် အောင်အောင်မြင်မြင် ဖြန့်ကျက် ကျယ်ပြန့်လာခဲ့ရခြင်းရဲ့ အကြောင်းရင်း ဇာစ်မြစ်လည်း ဖြစ်တယ်။ တရုတ် တော်လှန်ရေးဟာ သူ့ကိုယ်ပိုင် ပဋိပက္ခတွေ၊ ကိုယ်ပိုင် timeline နဲ့ ကိုယ်ပိုင် ဖြေရှင်းချက်တွေ ရှိနေတဲ့ လုံးဝဥဿုံ သီးခြားကွဲထွက်နေတဲ့ ဖြစ်စဉ်တခု မဟုတ်ဘူး။ တရုတ် တော်လှန်ရေးဟာ နိုင်ငံတကာ ဖြစ်စဉ်ရဲ့ အစိတ်အပိုင်းသာ ဖြစ်တယ်။"

အလားတူပဲ၊ ဗမာပြည် တော်လှန်ရေးဟာ သူ့ကိုယ်ပိုင် ပဋိပက္ခတွေ၊ ကိုယ်ပိုင် timeline နဲ့ ကိုယ်ပိုင် ဖြေရှင်းချက်တွေ ရှိနေတဲ့ လုံးဝဥဿုံ သီးခြားကွဲထွက်နေတဲ့ ဖြစ်စဉ်တခု မဟုတ်ဘူး၊ (self-contained process တခု မဟုတ်ဘူး)။ ဗမာပြည် တော်လှန်ရေးဟာ နိုင်ငံတကာ ဖြစ်စဉ်ရဲ့ အစိတ်အပိုင်းသာ ဖြစ်တယ်။

ဒီသဘောတရားကို နားမလည်ရင် လွဲမှားတဲ့ ကောက်ချက်တွေကို အဟုတ်ထင်သွားတတ်တယ်။ ဥပမာ၊ ၁၉၄၉ မှာ တရုတ်ပြည် တော်လှန်ရေး အောင်ခဲ့တာ မော်စီတုန်းရဲ့ ရေရှည်စစ် ဗျူဟာကြောင့်လို့ ထင်နေတာမျိုး။ အဲသလို ထင်နေရင် ဒီမေးခွန်းတွေကို စဉ်းစားကြည့်ပါ၊ ဒုတိယ ကမ္ဘာစစ်သာ မဖြစ်ခဲ့ရင်၊ ဖြစ်ခဲ့ပေမဲ့ ဂျပန် နယ်ချဲ့က စစ်မရှုံးခဲ့ရင်၊ ဒုတိယ ကမ္ဘာစစ်မှာ ဆိုဗီယက် ယူနီယံဘက်က မနိုင်ခဲ့ရင်၊ တရုတ်ပြည် နယ်စပ်မှာ အောင်ပွဲခံ ထားတဲ့ ဆိုဗီယက် တပ်နီတော် မရှိခဲ့ရင်၊ စသဖြင့်။ အဲဒီလို အင်မတန် ထူးခြားတဲ့ ကမ္ဘာ့ အခြေအနေတွေ မရှိခဲ့ရင် ၁၉၄၉ မှာ တရုတ် တော်လှန်ရေး အောင်ပွဲ ရမယ်လို့ ဘယ်သူ ပြောရဲသလဲ။

ဒါ့ကြောင့် 'ကမ္ဘာ့ အခြေအနေတွေ သိထားရင်လဲ ဗဟုသုတ ရတယ်၊ ဒါပေမဲ့ အဓိကက လက်တွေ့ကျတဲ့ ပြောက်ကျားစစ် တိုက်ပွဲတွေ အားခဲ တိုက်နေဖို့ပဲ၊ ဒီလိုသာ ကိုယ့်ပြည်တွင်းရေးကို လက်တွေ့ကျကျ အားထုတ် နေရင် တော်လှန်ရေးကြီးက တနေ့ မုချ အောင်မြင်မှာပဲ' ဆိုတဲ့ ကောက်ချက် ဟာ မှားတယ်။ အခု ရှမ်းမြောက်က MNDAA နဲ့ TNLA ဖြစ်ရပ်တွေက အဲဒီ အမြင် မှားယွင်းကြောင်း သက်သေပြခဲ့ပြီ မဟုတ်လား။ တနည်းအားဖြင့် ဗမာပြည် တော်လှန်ရေးဟာ 'self-contained process' တခု မဟုတ် ကြောင်း အထင်အရှား မြင်နေရပြီ။

အင်တာနေရှင်နယ်ဝါဒ ဆိုတာ မာ့(က်စ်)ဝါဒရဲ့ အခြေခံ မူပဲ။ စတာလင်က ဒီအခြေခံ မူကို ဆန့်ကျင်ပြီး ကျဉ်းမြောင်းတဲ့ 'nationalist' အမြင်ကို သွတ်သွင်းခဲ့တယ်။ ဒါဟာ မာ့(က်စ်)ဝါဒကို အဆိုးရွားဆုံး ပုံဖျက်ထားတဲ့ 'revisionist caricature' ဖြစ်တယ်။ ဗကပက စတာလင်ရဲ့ 'revisionist caricature' ကို တရားသေ ဖက်တွယ်ထားခြင်း ဖြစ်တယ်။



ဒါပေမဲ့ အဲသလို Dogmatist တွေရဲ့ ထုံးစံအတိုင်း 'ကိုယ့်အားကိုယ်ကိုး ၂၀ ရာစု မာ့က်စ်ဝါဒကို ရှာဖွေရမယ်' လို့ ကြွေးကြော်လိုက်သေးတယ်။ စတာလင်နစ် 'Dogma' တွေကိုပဲ အရင် ပြန်ဆန်းစစ်ပါဦးလို့ စေတနာနဲ့ အကြံပေးလိုက်ပါရစေ။

အဲဒီ အမှာစာမှာပဲ အခုလို ဆက်ပြောထားတယ် -

"နိုင်ငံတကာ ကွန်မြူနစ် လှုပ်ရှားမှု အခြေအနေကိုလဲ ပြောချင်သည်။ ပထမ၊ ဒုတိယ၊ တတိယ အင်တာနေရှင်နယ်များ ဖွဲ့ခဲ့ကြသည်။ တတိယ အင်တာနေရှင်နယ်ကို မိမိဘာသာ ဖျက်သိမ်းခဲ့တာ (၁၉၄၃) ခုနှစ်က ဆိုတော့ အင်တာနေရှင်နယ် မရှိတာ (၆၅) နှစ် ရှိပြီ။ အခုတော့ ဘယ်ပါတီကမှ (တရားဝင်) စတုတ္ထ အင်တာနေရှင်နယ် ဖွဲ့ဖို့ မပြောကြ ပါ။ ပြောနေတာက ထရော်စကီဂိုဏ်းဝင် အစုကလေးများပဲ ဖြစ်သည်။ သူတို့ကတော့ စတုတ္ထ အင်တာနေရှင်နယ် ဖွဲ့ဖို့၊ အရင်းရှင်စနစ်ကို အထွေထွေ ထိုးစစ်ဆင်ဖို့ ပြောနေကြသည်။ အပြောပဲ ရှိသည်။ အလုပ် မရှိပါ။"

"တတိယ အင်တာနေရှင်နယ်ကို မိမိဘာသာ ဖျက်သိမ်းခဲ့တာ" လို့ ဗကပက ရေးထားတော့ မေးစရာ ရှိလာတယ်။ တတိယ အင်တာနေရှင်နယ် ဖျက်သိမ်းဖို့ ဆုံးဖြတ်ချက်ချရာမှာ ဗကပ အနေနဲ့ ဘယ်အခန်းက ပါဝင်ခဲ့ ရသလဲ။ တတိယ အင်တာနေရှင်နယ် ဖျက်သိမ်းချိန်မှာ ၄ နှစ်သားသာ ရှိသေးတဲ့ ပါတီ အသေးလေးကို ဒီလို မေးတော့ မတရားဘူးလို့ ဆိုချင် ဆိုလိမ့်မယ်။

ဒါဆို ဗကပထက် ၁၈ နှစ်စောပြီး ပါတီထောင်ခဲ့တဲ့ တရုတ် ကွန်မြူနစ် ပါတီက ခေါင်းဆောင်တွေရော ဒီလို ဆုံးဖြတ်ချက်ချရာမှာ ပါဝင်ခွင့် ရခဲ့သလား။ ရှင်းပါတယ်။ ဘယ်သူမှ ပါဝင်ခွင့် မရခဲ့ဘူး။ စတာလင်က ကွန်မြူနစ် အင်တာနေရှင်နယ် ဆက်ထားမလား၊ ဖျက်သိမ်းမလား ဆုံးဖြတ်ချက်ချဖို့ ဟန်ပြ ကွန်ဂရက်တောင် မခေါ်ဘဲ သူ့ဘာသာ ဖျက်သိမ်း ပစ်ခဲ့တာ။ ဒီလို သမိုင်းဆိုင်ရာ အချက်အလက် အမှန်လောက်တောင် ရှင်းရှင်းလင်းလင်း ချမပြရဲဘဲ ကွန်မြူနစ် ပါတီတခုကို တည်ဆောက်လို့ မရဘူး။

"အခုတော့ ဘယ်ပါတီကမှ (တရားဝင်) စတုတ္ထ အင်တာနေရှင်နယ် ဖွဲ့ဖို့ မပြောကြပါ" ဆိုတဲ့ အရေးအသားကတော့ မရိုးသားဘူး။ တည့်တည့် ပြောရရင် သမိုင်းကို ဖုံးဖိ လိမ်ညာနေတာပဲ။ သက်သက်ညှာညှာ စဉ်းစားပြီး ပြောရရင်တော့ ဗကပ မဖွဲ့ခင် တနှစ်အလို၊ ဗမာပြည်မှာ ၁၃၀၀ ပြည့် အရေးတော်ပုံကြီး ဖြစ်ခဲ့တဲ့ နှစ်မှာ အောက်တိုဘာ တော်လှန်ရေး ခေါင်းဆောင် လီယွန် ထရော့စကီး ဦးဆောင်ပြီး စတုတ္ထ အင်တာနေရှင်နယ် ဖွဲ့စည်းခဲ့တဲ့ သမိုင်းဝင် ဖြစ်ရပ်ကို ဗကပက မသိခဲ့တာ ဖြစ်မယ်။ အဲဒီခေတ် မျိုးဆက်က မသိခဲ့ရင် ဒီကနေ့ ကွန်မြူနစ် မျိုးဆက်က ဒီသမိုင်းတွေကို သိဖို့ အရေးကြီးတယ်။

အထက်မှာ ဖော်ပြခဲ့တဲ့ Alan Woods ရဲ့ ဆောင်းပါးမှာ အမှန်အတိုင်း ဖော်ထုတ်ထားသလိုပဲ စတုတ္ထ အင်တာနေရှင်နယ်ဟာ သားလျှောခဲ့ရတယ်။ ဘာ့ကြောင့်လဲ။ စတုတ္ထ အင်တာနေရှင်နယ် ပျက်စီးခဲ့ရတဲ့ အကြောင်းတရား တွေထဲမှာ ပကတိဘာဝ အကြောင်းအချက်တွေက အဓိကကျပေမဲ့ ၁၉၄၀ ခုနှစ်မှာ ထရော့စကီးကို စတာလင် ဂိုဏ်းက ချောင်းမြောင်းလုပ်ကြံခဲ့တဲ့ အချက်ကလဲ အင်မတန် အရေးကြီးတဲ့ အကြောင်းအချက် တခု ဖြစ်တယ်။

ကွန်မြူနစ် အင်တာနေရှင်နယ် အသစ် ဖွဲ့ရင် ဘယ်ဝါဒက ရှေ့ဆောင်မှာလဲ မေးလာရင် အဖြေက ရှင်းပါတယ်။ မာ့(က်စ်)၊ အန်းဂယ်(လ်စ်)၊ လီနင်၊ ထရော့စကီး တို့ရဲ့ စစ်မှန်သော မာ့(က်စ်)ဝါဒ အုတ်မြစ်ပေါ်မှာ တည်ဆောက်ရမှာပဲ။

စတာလင်နစ် အစုလေးဖြစ်တဲ့ ဗကပက ဒီသမိုင်းတွေကို ဖုံးဖိထားချင်တော့ စတုတ္ထ အင်တာနေရှင်နယ် ဖွဲ့ဖို့ ဘယ်ပါတီကမှ တရားဝင် မပြောဘူးလို့ချည်း အော်နေတော့တယ်။ တတိယ အင်တာနေရှင်နယ် ဖျက်သိမ်းလိုက်တာတောင် အသံမထွက်ရဲခဲ့တဲ့ ကွန်မြူနစ် နာမည်ခံ 'nationalist-reformist' ပါတီတွေက အင်တာနေရှင်နယ် ဖွဲ့ဖို့ မဆော်ဩတာ ဆန်းသလား။ သူတို့ ပြောမှ တရားဝင်တာလား။

ရဲဘော်ကြင်မောင် ပြောနေတဲ့ "ထရော့်စကီဂိုဏ်းဝင် အစုကလေးများ" ဆိုတာ တကယ်တော့ စတုတ္ထ အင်တာနေရှင်နယ် 'degeneration' ဖြစ်သွားရာက ကြွင်းကျန်ရစ်တဲ့ 'small sect' လေးတွေသာ ဖြစ်တယ်။ သူတို့က ထရော့စကီး အယူအဆကို ကိုယ်စားမပြုဘူး၊ ထရော့စကီးဝါဒကို နာမည်ဖျက်နေကြသူတွေ ဖြစ်တယ်။ ဒီအချက်ကို အထက်မှာ ဖော်ပြခဲ့တဲ့ အယ်ဒီတာ့ အာဘော်မှာ ရှင်းရှင်းလင်းလင်း ပြောထားတယ်။ တကယ်တော့ ထရော့စကီးဝါဒ ဆိုတာ Genuine Marxism နဲ့ အောက်တိုဘာ တော်လှန်ရေး အစဉ်အလာတွေကို စတာလင်နစ် ဖောက်ပြန်ရေး အန္တရာယ်ကနေ ခုခံကာကွယ်ထားခြင်းသာ ဖြစ်တယ်။

"အပြောပဲ ရှိသည်၊ အလုပ်မရှိပါ" တဲ့။ ဗကပက အတော် ဟိတ်ဟန်ကြီးတာပဲ။ အပြောပဲ ရှိတယ်လို့ သူတို့ စွပ်စွဲထားတဲ့ Internationalist ကွန်မြူနစ်စစ်စစ်တွေက အခုဆိုရင် Revolutionary Communist International ကို ၂၀၂၄ ခုနှစ်မှာ လက်တွေ့ ထူထောင်ပြီး နိုင်ငံပေါင်း ၆၀ ကျော်မှာ အင်အားရှိနေပြီ။ စတာလင်နစ် ဗကပက လက်တွေ့ ဘာတွေ လုပ်နိုင်ပြီလဲ။ ပါတီ ကွန်ဂရက် မခေါ်နိုင်တာ ၁၉၈၅ ကဆိုတော့ ၄၁ နှစ်ကြာခဲ့ပြီ။ အဲဒီလို အစုအဖွဲ့ကို ပါတီလို့ ဘယ်ခေါ်နိုင်မလဲ၊ small sect လို့သာ ပြောနိုင်တယ်။

ဗကပရဲ့ အမှာစာမှာ အခုလို ဆက်ပြောတယ် -

> "အင်တာနေရှင်နယ် အဖွဲ့ချုပ်ဆိုတာ ရှေ့ဆောင် အတွေးအခေါ်ရှိမှ ဖွဲ့လို့ရတာ ဖြစ်သည်။ လူထုအခြေခံ ရှိသည့် ပါတီများက သဘောတူပြီး ဖွဲ့မှ ရတာ ဖြစ်သည်။ ပထမ အင်တာနေရှင်နယ်၊ ဒုတိယ အင်တာ-နေရှင်နယ်ကို မာ့(က်စ်)ဝါဒ ရှေ့ဆောင်မှုနှင့် ဖွဲ့တာ ဖြစ်သည်။ တတိယ အင်တာနေရှင်နယ်ကို လီနင်ဝါဒ ရှေ့ဆောင်တာ ဖြစ်သည်။ စတုတ္ထ အင်တာနေရှင်နယ်ကို ဘယ် 'ဝါဒ' နှင့် ရှေ့ဆောင်ကြမှာလဲ။"

သဘောတရားရေး ရှုပ်ထွေးမှုကို ဒီမှာ အထင်းသား တွေ့ရတာပဲ။ 'ပထမနဲ့ ဒုတိယ အင်တာနေရှင်နယ်ကို မာ့(က်စ်)ဝါဒ ရှေ့ဆောင်မှုနဲ့ ဖွဲ့ခဲ့ပြီး တတိယ အင်တာနေရှင်နယ်ကို လီနင်ဝါဒ ရှေ့ဆောင်မှုနဲ့ ဖွဲ့ခဲ့တာ' လို့ ဆိုထားတော့ မာ့(က်စ်)ဝါဒနဲ့ လီနင်ဝါဒက တခြားစီ၊ မတူညီတဲ့ ဝါဒ နှစ်ခုလို့ ဆိုလိုရာ ရောက်နေတယ်။ တကယ်တော့ လီနင်ဝါဒဆိုတာ မာ့(က်စ်)ဝါဒပါပဲ။ သူတို့နှစ်ခုက သီးခြားစီ ရပ်တည်နေတဲ့ ဝါဒကွဲ နှစ်ခု မဟုတ်ဘူး။ လီနင်က Marxist theory ကို develop ဖြစ်အောင် အကျိုးပြုခဲ့တာတွေ ရှိတယ်။ ဒါပေမဲ့ သီးခြားဝါဒ တခု ထူထောင်ခဲ့တာ မဟုတ်ဘူး။ ဒါ့ကြောင့် တတိယ အင်တာနေရှင်နယ်ကို မာ့(က်စ်)ဝါဒ အခြေခံ အုတ်မြစ်ပေါ်မှာ တည်ဆောက်ခဲ့တာလို့ အတိအကျ ပြောနိုင်တယ်။

မှန်ပါတယ်၊ ဗကပလို Stalinist tradition မှာ စစ်မှန်တဲ့ မာ့(က်စ်)ဝါဒကို မသိခဲ့ရတဲ့ အစုအဖွဲ့တွေအဖို့တော့ သဘောတရားရေး ရှုပ်ထွေးမှုက အမြဲရှိနေမှာပဲ။ ကွန်မြူနစ် အင်တာနေရှင်နယ် အသစ် ဖွဲ့ရင် ဘယ်ဝါဒက ရှေ့ဆောင်မှာလဲ မေးလာရင် အဖြေက ရှင်းပါတယ်။ မာ့(က်စ်)၊ အန်းဂယ်(လ်စ်)၊ လီနင်၊ ထရော့စကီး တို့ရဲ့ စစ်မှန်သော မာ့(က်စ်)ဝါဒ အုတ်မြစ်ပေါ်မှာ တည်ဆောက်ရမှာပဲ။ ဒါ့အပြင် ပထမ၊ ဒုတိယ၊ တတိယ အင်တာနေရှင်နယ်နဲ့ စတုတ္ထ အင်တာနေရှင်နယ် အတွေ့အကြုံတွေလဲ ရှိပြီးသား။ တိတိကျကျ ပြောရရင် တတိယ အင်တာနေရှင်နယ်ရဲ့ ပထမအကြိမ် ကွန်ဂရက်ကနေ စတုတ္ထအကြိမ် ကွန်ဂရက်အထိ၊ စတုတ္ထ အင်တာနေရှင်နယ်ရဲ့ founding congress တို့ဟာ ကျနော်တို့ ဆက်ခံတဲ့ အမွေပဲ။

အဲဒီလို ပြည့်စုံကြွယ်ဝတဲ့ မာ့(က်စ်)ဝါဒ သီအိုရီ ဆိုတဲ့ Granite Foundation ပေါ်မှာ ကွန်မြူနစ် အင်တာနေရှင်နယ်ကို တည်ဆောက်သွားရမယ်။

ဗကပရဲ့ အမှာစာ နိဂုံး အပိုဒ်မှာ -

"ကြေညာစာတမ်း၏ အနှစ်ကိုယူ၊ အကာကို ပယ်ကြဖို့ ဖြစ်သည်" လို့ ဆိုထားတယ်။ ဆက်ဖတ်ကြည့်မှ ဗကပက အနှစ်ကိုချည်း ပစ်ပယ်ထားတာ တွေ့လိုက်ရတယ်။ သူတို့ပြောတာက "အလုပ်သမားများတွင် 'တိုင်းပြည်မရှိ' ဆိုတာကိုကော မည်သို့ နားလည်ကြမလဲ။ နယ်ချဲ့စနစ် ကြီးစိုးနေသော ခေတ်၊ ဂလိုဘယ်လိုင်ဇေးရှင်းခေတ်တွင် 'အလုပ်သမားများတွင် တိုင်းပြည်မရှိ' လုပ်နေလို့ ရမလား။ [...] ဒါက သူတို့ (မာ့က်စ်နဲ့ အန်းဂယ်လ်စ်) ရဲ့ ကမ္ဘာ့ တော်လှန်ရေး အမြင်အရ ပြောနေခြင်း ဖြစ်သည်။ မိမိတို့က အခုခေတ်အရ တိုးချဲ့စဉ်းစားရလိမ့်မည်။ ဗကပက ပြည်ချစ်ဝါဒ လမ်းစဉ် လုပ်နေခြင်းသည် အလုပ်သမား (ပစ္စည်းမဲ့) များတွင် တိုင်းပြည်ရှိသည်၊ ထိုတိုင်းပြည်ကို ချစ်ရမည်ဟု ပြောနေခြင်း ဖြစ်သည်"။ (ရဲဘော်ကြင်မောင်ရေး၊ ကွန်မြူနစ် ပါတီ ကြေညာစာတမ်း တတိယအကြိမ်ထုတ် အမှာစာမှ)

'နယ်ချဲ့စနစ် ကြီးစိုးနေသော ခေတ်၊ ဂလိုဘယ်လိုင်ဇေးရှင်းခေတ်' မှာ အရင်းရှင်စနစ်က မာ့(က်စ်)တို့ လက်ထက်ကထက် ပိုပြီး integrated ဖြစ်နေတဲ့ world system ကြီး ဖြစ်သွားပြီ။ ဒီတော့ ကွန်မြူနစ် ကြေညာစာတမ်းမှာ မာ့(က်စ်)တို့ရေးခဲ့တဲ့ 'အလုပ်သမားများတွင် တိုင်းပြည်မရှိ' ဆိုတဲ့ အချက်ဟာ ဒီကနေ့ခေတ်မှာ ပိုလို့တောင် မှန်ကန်နေသေးတယ်။ အခုတော့ ဗကပက မှားယွင်းစွာ ပြောင်းပြန် ကောက်ချက်ချနေတယ်။

မာ့က်စ်နဲ့ အန်းဂယ်(လ်စ်)တို့က Internationalist ကွန်မြူနစ်စစ်စစ်တွေ ဖြစ်လေတော့ "ကမ္ဘာ့ တော်လှန်ရေး အမြင်အရ ပြောနေခြင်း" ဖြစ်တယ်၊ nationalist degeneration ဖြစ်သွားတဲ့ ဗကပကတော့ ဒါနဲ့ ဆန့်ကျင်ဖက် "ပြည်ချစ်ဝါဒ" ကို ပြောနေတယ်။ ဒီတော့ ဗကပရဲ့ အမြင်နဲ့ မာ့က်စ်တို့ အမြင်ဟာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတယ်။ ဒါ့ကြောင့် ဗကပဟာ ကွန်မြူနစ် နာမည်ခံပဲ ရှိပြီး ကွန်မြူနစ်ဝါဒရဲ့ အခြေခံမူတွေကို လုံးလုံးလျားလျား ပစ်ပယ်ထားတဲ့ စတာလင်နစ် အုပ်စုလေးလို့ အတိအကျ ပြောနိုင်တယ်။

ရေးသူ - သူရိန်မွန်

(၂၀၂၆ မေဒေး အထိမ်းအမှတ်)



# မာ့က်စ်ဝါဒ နှင့် အမျိုးသားရေးပြဿနာ မိတ်ဆက်

၂၀၂၄ ခုနှစ် ဧပြီလ ၁၅ ရက်နေ့မှာ TNLA က "ဦးမင်းအောင်လှိုင် ဦးဆောင်ဖွဲ့စည်းလိုက်သည့် မြန်မာအစိုးရသစ်ကို ကြိုဆိုကြောင်း" ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခဲ့တယ်။ ဒီစာနဲ့ ပတ်သက်ပြီး ဝေဖန်သုံးသပ်ဖို့ လိုအပ်လာတယ်။ ဒါပေမဲ့ ဒီစာပါ အကြောင်းအရာကို မဝေဖန်ခင် လူမျိုးစု/ အမျိုးသားရေး ပြဿနာဆိုင်ရာ မာ့က်စ်ဝါဒ အမြင်နဲ့ သဘောထားကို အကျဉ်းချုပ် ဆွေးနွေးကြည့်ပါမယ်။

အမျိုးသားရေး ပြဿနာဟာ မိုင်းကွင်းကြီး တခုနဲ့ တူတယ်၊ ဒီမိုင်းကွင်းကြီးကို အန္တရာယ်ကင်းကင်းနဲ့ ဖြတ်သန်းဖို့ဆိုရင် ယုံကြည်ကိုးစားလောက်တဲ့ သံလိုက်အိမ်မြှောင် လိုအပ်တယ်။ အဲဒါကတော့ မာ့က်စ်ဝါဒပဲ။


အမျိုးသားရေး ပြဿနာနဲ့ ပတ်သက်ပြီး မှန်ကန်တဲ့ သဘောထား၊ ပေါ်လစီ မကျင့်သုံးနိုင်ခဲ့ဘူးဆိုရင် ၁၉၁၇ အောက်တိုဘာမှာ ဘော်ရှီဗစ်တွေ တော်လှန်ရေး အောင်မြင်ခဲ့မှာ မဟုတ်ဘူး။

လီနင်ဟာ အမျိုးသားရေး ပြဿနာနဲ့ ပတ်သက်ပြီး စာတမ်းတွေ၊ ဆောင်းပါးတွေ အမြောက်အမြား ရေးသားခဲ့တယ်။ ဘော်ရှီဗစ် ပါတီ ပရိုဂရမ်ရဲ့ အပိုဒ် ၉ မှာ "the right of nations to self-determination" ဆိုတဲ့ demand ကို အခိုင်အမာ ဖော်ပြထားတယ်။ နာမည်ကျော် မာ့က်စ်ဝါဒီ ရိုဆာ လူဇင်ဘတ်က ဒီအချက်ကို သဘောမတူဘူး။ irony ဆန်တဲ့ အချက်ကို ထောက်ပြရရင် လူမျိုးများ/လူမျိုးစု/အမျိုးသားများရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို သဘောမတူတဲ့ ရိုဆာက အဖိနှိပ်ခံ Polish လူမျိုး ဖြစ်ပါတယ်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ထောက်ခံတဲ့ လီနင်က Great Russian လူမျိုး ဖြစ်နေတယ်။ ဒီအချက်နဲ့ ပတ်သက်လို့ သူတို့ နှစ်ဦးကြား အပြန်အလှန် ဝေဖန်တဲ့ ဆောင်းပါးတွေလဲ ရှိခဲ့တယ်။

(ခွင့်လွှတ်ပါ၊ nations ကို မြန်မာလို ပြန်ဖို့ စိတ်ကြိုက် စကားလုံး ရှာမရလို့ပါ၊ အမျိုးသားများလို့ ပြန်လိုက်ရင်လဲ အထီးတွေကို ဦးစားပေးတယ်လို့ စောဒက တက်လာနိုင်တယ်၊ လူမျိုးလို့ ပြန်လိုက်ရင်လဲ race နဲ့ ရောနိုင်တယ်၊ လူမျိုးစု ကျပြန်တော့ ethnic ကို ပြောတာလိုလို၊ ဤကား စကားချပ်။)

အမျိုးသားရေး ပြဿနာကို လီနင်တို့ မှန်ကန်တဲ့ သဘောထား ချနိုင်ခဲ့လို့ တော်လှန်ရေး အောင်မြင်ခဲ့တယ်။ သို့သော် မာ့က်စ်ဝါဒ စာပေမှာ နားလည်မှု အလွဲဆုံး ပြဿနာက အမျိုးသားရေး ပြဿနာပဲ။ ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး လီနင် ရေးခဲ့တဲ့ စာတွေ အမြောက်အမြား ရှိပေမဲ့ တကယ် လေ့လာသူက အတော်နည်းတယ်။ တကယ် ဖတ်ကြည့်ရင်လဲ လီနင်ရဲ့ method ကို နားလည်သူက အလွန် နည်းသွားပြီ။ ဘာ့ကြောင့် ဒီလို ပြောရသလဲ။ လီနင်ဝါဒီလို့ ခံယူထားသူတွေကိုယ်တိုင်က လီနင်ရဲ့ အယူအဆတွေကို တလွဲ ပုံဖျက်ပစ်နေကြလို့ပဲ။

ဥပမာ အမျိုးသားရေး ပြဿနာလို့ ပြောလိုက်တာနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းမှု (သို့မဟုတ်) ခွဲထွက်ခြင်းကို အားပေး ထောက်ခံရမယ်လို့ ယူဆတတ်ကြတယ်။ အပေါ်စာပိုဒ်မှာ ပြောခဲ့တဲ့ စာစုကို သတိထားကြည့်ပါ။ "the right of nations to self-determination" လို့ပဲ ပြောထားတာ တွေ့ရမယ်။ သဘောက ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် ဆိုတဲ့ အခွင့်အရေးကို အာမ,ခံဖို့ ပြောထားတာ။ ရှင်းအောင်ပြောရရင် ဒီနေရာမှာ self-determination ဆိုတာ အဖိနှိပ်ခံ လူမျိုးစု တခုခု/ အမျိုးသား တခုခုက သက်ဆိုင်ရာ အမျိုးသားနိုင်ငံတော်ကနေ ခွဲထွက်ပြီး သီးခြား အမျိုးသား နိုင်ငံတော်တရပ် ထူထောင်



ခြင်းကို ရည်ညွှန်းခြင်း ဖြစ်တယ်။ ဒါဟာ နိုင်ငံရေးအရ အဆုံးစွန်အထိ ပြောထားတာပဲ။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဆိုတာ သယံဇာတ စီမံခန့်ခွဲပိုင်ခွင့်၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးတွေလောက်ပဲ ဆိုလိုတာ မဟုတ်ဘူး။ နိုင်ငံရေးအရ right to secede ကို ပြောနေတာ။

လီနင်ကို နားလည်မှု လွဲနေကြတယ် ဆိုတာ အဲဒါပဲ။ လီနင် ပြောနေတာက အဖိနှိပ်ခံ လူမျိုးများအနေနဲ့ ခွဲထွက်ဖို့ ဆုံးဖြတ်ရင် ခွဲထွက်ပိုင်ခွင့် ရှိတယ်၊ ဒါပဲ။ အဲဒီလို ကိုယ့်ကြမ္မာကိုယ် ပြဋ္ဌာန်းနိုင်တဲ့ "အခွင့်အရေး"ကို အာမခံချက်ပေးရမယ်လို့ သူပြောနေတာ။ ခွဲထွက်လိုက ခွဲထွက်နိုင်တဲ့ အခွင့်အရေး အပြည့် ရှိရမယ်လို့ ပြောတာနဲ့ ခွဲထွက်ရမယ်လို့ ပြောတာ အဓိပ္ပါယ်ချင်း လုံးဝ မတူဘူး။

ဒီနှစ်ခု ခြားနားချက်ကို မြင်သာအောင် နမူနာ တခု နှစ်ခုလောက် စဉ်းစားကြည့်ရအောင်။ ကျနော်တို့ဟာ အမျိုးသမီးတွေရဲ့ right to abortion ကို ထောက်ခံတယ်၊ ဒီအခွင့်အရေးကို အာမခံချက် ပေးထားရမယ်လို့ ပြောတယ်။ သဘောက သက်ဆိုင်ရာ ကိုယ်ဝန်ဆောင် အမျိုးသမီး တဦးဦးက abortion လုပ်ဖို့ ဆုံးဖြတ်ရင် လုပ်ပိုင်ခွင့် အပြည့်ရှိရမယ်လို့ ဆိုလိုတယ်။ right to abortion ကို အာမခံတာဟာ ကိုယ်ဝန်ဆောင် အမျိုးသမီးတိုင်း ကိုယ်ဝန်ဖျက်ချဖို့ အားပေးတာနဲ့ အဓိပ္ပါယ် မတူဘူး။

အဲသလိုပဲ၊ အိမ်ထောင်သည်တွေရဲ့ right to divorce ကို ထောက်ခံပြီး အဲဒီ အခွင့်အရေးကို အာမခံချက် ပေးထားတာဟာ အိမ်ထောင်ဖက် တဦးဦးက ကွာရှင်းဖို့ ဆုံးဖြတ်ရင် လွတ်လပ်စွာ ကွာရှင်းပိုင်ခွင့် ရှိရမယ်လို့ ပြောခြင်းသာ ဖြစ်တယ်။ အိမ်ထောင်သည်တွေ အကုန် ကွာရှင်းကြလို့ အားပေး ထောက်ခံနေတာ မဟုတ်ဘူး။

အဖိနှိပ်ခံ လူမျိုးတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝ အာမခံချက်ပေးရမယ် ဆိုတာလဲ ခွဲထွက်လိုက ခွဲထွက်ခွင့် အပြည့် ရှိရမယ်လို့ ဆိုလိုခြင်းသာ ဖြစ်တယ်၊ အဖိနှိပ်ခံ လူမျိုးတွေ အကုန် ခွဲထွက်ပြီး သီးခြား တိုင်းပြည်တွေကိုယ်စီ ထူထောင်ကြဖို့ အားပေးခြင်း မဟုတ်ဘူး။ right to secede ကို အာမခံချက် ပေးရမယ် ဆိုခြင်းဟာ secession ကို အားပေးရမယ်လို့ ဆိုလိုခြင်း မဟုတ်ဘူး။ secession လုပ်ရင် ပြဿနာတွေ ပြေလည်သွားမယ် ဆိုတာလဲ မဟုတ်ဘူး။

လီနင် ပြောတဲ့ ဆိုလိုရင်းကို နားမလည်သူတွေက အဲသလို ထင်နေတတ်ကြတယ်။ အမျိုးသားရေး ပြဿနာ တခု ပေါ်လာပြီဆိုရင် ခွဲထွက်ခြင်းကို အားပေးရမယ်လို့ ထင်တတ်ကြတယ်။ ခွဲထွက်လိုက်ရင် အမျိုးသားရေး ပြဿနာကို ဖြေရှင်းနိုင်ပြီလို့ ခပ်လွယ်လွယ် တွေးတတ်ကြတယ်။ အဲသလို ရပ်တည်တာကပဲလီနင်ဝါဒီစစ်စစ်လို့ထင်တတ်ကြသေးတယ်။ အဲသလောက်သာ ရိုးရှင်းနေရင် အမျိုးသားရေး ပြဿနာနဲ့ ပတ်သက်ပြီး မာ့က်စ်တို့ လီနင်တို့ ဘာ့ကြောင့် စာတွေ အများကြီး ရေးနေမှာလဲ။

"the right of nations to self-determination" ကို ထောက်ခံတဲ့ လီနင်ရဲ့ ရပ်တည်ချက်က 'for seperation' (ခွဲထွက်ရေး) မဟုတ်ဘူး၊ 'for voluntary union' (မိမိသဘောဆန္ဒအလျောက် ပေါင်းစည်းရေး) သာ ဖြစ်တယ်။ 'voluntary union' (မိမိသဘောဆန္ဒအလျောက် ပေါင်းစည်းရေး) ဖြစ်ဖို့ဆိုရင် 'forced union' (အတင်းအကျပ် ပေါင်းစည်းထားခြင်း) မဖြစ်ဖို့ အရေးကြီးတယ်။

'forced union' မဖြစ်ဖို့ဆိုရင် အတင်းအကျပ် ဆွဲထားလို့ အတူပေါင်းသင်းနေရတာမျိုး မဖြစ်ဖို့ လိုအပ်တယ်။ ဒါ့ကြောင့် အဖိနှိပ်ခံ လူမျိုးစုများ/အမျိုးသားများအနေနဲ့ ခွဲထွက်ဖို့ ဆုံးဖြတ်ရင် ခွဲထွက်ပိုင်ခွင့် ရှိရမယ်၊ ဒါမှသာ သူတို့ ခွဲမထွက်ခြင်းက coercion နည်းနဲ့ ဆွဲထားလို့ အတူရှိနေခြင်း မဟုတ်ဘဲ မိမိသဘောဆန္ဒအလျောက် ပေါင်းစည်းခြင်း ဖြစ်နိုင်တယ်။ ဒါ့ကြောင့် လီနင်က "the right of nations to self-determination" ကို ထောက်ခံခြင်းဟာ ခွဲထွက်ရေးကို အားပေးခြင်း မဟုတ်ဘူး၊ 'for voluntary union' လို့ ပြောခဲ့ခြင်း ဖြစ်တယ်။

နောက်တမျိုး ပြောရရင် မာ့က်စ်ဝါဒီတွေရဲ့ သဘောထားက negative position လို့ ဆိုနိုင်တယ်။ ဒီနေရာမှာ negative ဆိုတာ အဆိုးမြင်တဲ့ သဘောထားကို ပြောတာ မဟုတ်ဘူး။ ဘာကို ဆန့်ကျင်သလဲ ဆိုတာကို ရည်ညွှန်းပြီး ပြောတာ။ ဥပမာ၊ 'against national oppression, against women oppression' လို့ ပြောတာ။ အဲဒီ ရပ်တည်ချက်က 'for seperation, for divorce' ဆိုတဲ့ အဓိပ္ပါယ် မဟုတ်ဘူး။

## မိမိသဘောဆန္ဒအလျောက် ပေါင်းစည်းရေး

မာ့က်စ်ဝါဒီတွေရဲ့ ရည်တည်ချက်က coercion နည်းနဲ့ ပြည်ထောင်စု လုပ်ခြင်းကို ဆန့်ကျင်တယ်၊ 'for voluntary union' (မိမိသဘောဆန္ဒအလျောက် ပေါင်းစည်းရေး) ကိုသာ အလိုရှိတယ်။ နယ်ခြားစည်းတွေ ထပ်တိုးပြီး petty state တွေ ထူထောင်ခြင်းကို မလိုလားဘူး၊ centralisation ကိုသာ အားပေးတယ်။

ဒီနေရာမှာ ပက်တီးဘူဇွာ နိုင်ငံရေး အုပ်စုတွေကြား ခေတ်စားနေတဲ့ အယူအဆ အမှားတွေကိုလဲ ထောက်ပြဖို့ လိုအပ်လာတယ်။ ပက်တီးဘူဇွာ နဲ့ ဘူဇွာ အမျိုးသားရေးဝါဒီတွေက petty state တွေ ထူထောင်လိုက်ရင် အမျိုးသားရေး တောင်းဆိုချက်တွေ ပြည့်ဝသွားမယ်၊ သို့မဟုတ် အဖိနှိပ်ခံ လူမျိုးများ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်လိမ့်မယ်လို့ ယူဆတတ်ကြတယ်။ ဒါဟာ အင်မတန် မှားယွင်းတဲ့ အယူအဆပဲ။ လက်တွေ့ ရင်ဆိုင်နေရတဲ့ အခြေအနေကိုပဲ အရင် ပြန်စဉ်းစားကြည့်ပါ။

ဒီကနေ့ ဗမာပြည်မှာ petty state တွေ တရားဝင် ထူထောင်ထားခြင်း မရှိသေးဘူး၊ ဒါပေမဲ့ နယ်မြေ တခုမှာ စိုးမိုးမင်းမူနေတဲ့ အဖွဲ့တွေ အနည်းဆုံး တခုနဲ့ အထက် ရှိနေတယ်။ ဒီတော့ အမြင်သာဆုံး အချက်က အရင်ကထက် အခွန်ဆောင်ရတဲ့ toll gate တွေ ပိုများလာတယ်။ အခွန်ပေးရတဲ့ နှုန်းထားချင်းလဲ တနေရာနဲ့ တနေရာ မတူဘူး။ အဲ့တော့ သယ်ယူပို့ဆောင်စရိတ် တက်လာတယ်။ နောက်ဆုံး ဝယ်ယူစားသုံးရတဲ့ ပြည်သူတွေကပဲ ဒီကုန်ကျစရိတ် ကြီးလေးတဲ့ ဒဏ်ကို ခံကြရတယ်။

နောက်တဆင့် တက်ပြီး နည်းနည်းလေး ထပ်စဉ်းစားကြည့်ရအောင်။ petty state တွေသာ အပြိုင်းအရိုင်း ထူထောင်ထားရင် ကုန်စည်စီးဆင်းမှုအတွက် မရှိမဖြစ် လိုအပ်တဲ့ အဝေးပြေး ကားလမ်း၊ ရထားလမ်း၊ တံတား၊ ရေကြောင်း၊ လေကြောင်းတွေကို ဘယ်လို တည်ဆောက်မလဲ။ တရွာတလမ်း၊ တမြို့တလိုင်း အဆင်ပြေသလို ဖောက်ထားကြမလား။ မြို့ဝင်ကြေး၊ ရွာဝင်ကြေး၊ နယ်စပ်ဖြတ်ကျော်ခွင့်တွေ အဆင်သင့်သလို ကောက်ပြီး ဖြေရှင်းကြမလား။ သေချာတာကတော့ ဒီလို ကုန်စည်စီးဆင်းမှုအတွက် မရှိမဖြစ် လိုအပ်တဲ့ infrastructure တည်ဆောက်ရေး၊ စီမံခန့်ခွဲရေးကိစ္စလောက်ကိုပဲ centralisation မရှိရင် အကောင်အထည်ဖော်လို့ မရဘူး။

မှန်တယ်၊ အခု လက်ရှိ နိုင်ငံတော် အာဏာကို ချုပ်ကိုင်ထားသူတွေဟာ ဒီအခြေခံ တာဝန်လောက်တောင် ဖြေရှင်းနိုင်စွမ်း မရှိဘူး။ အဲဒါကြောင့်ပဲ centralisation မလိုအပ်ဘူး၊ ဒေသအလိုက် ကြည့်ကျက်လုပ်ရင် အဆင်ပြေသွားလိမ့်မယ်လို့ ကောက်ချက်ဆွဲ မရပါဘူး။ အဲဒီ ကောက်ချက်မှန် မမှန် သိချင်ရင် လတ်တလော မန္တလေးနဲ့ ရွှေဘို ဓာတ်ဆီဈေး ကွာခြားချက်ကိုပဲ အရင် စုံစမ်းကြည့်လိုက်ပါ။ သုံးဆနီးပါး ကွာဟနေတာ တွေ့ရလိမ့်မယ်။

ဒါဆိုရင် မှန်ကန်တဲ့ ကောက်ချက်က ဘာဖြစ်မလဲ။ လက်ရှိ အချိန်မှာ စစ်အာဏာရှင် အစိုးရက centralised state power ကို လက်တဆုပ်စာ အုပ်စိုးသူ လူတန်းစားအတွက် အသုံးချနေတယ်၊ ဒါ့ကြောင့် စစ်အာဏာရှင် စနစ်ကို ဖြိုချပြီး centralised state power ကို သာမန် အလုပ်သမား၊ လယ်သမား လူထုကြီး အကျိုးစီးပွားအတွက် အသုံးချရမယ်။

အခုတော့ အဲသလို ကောက်ချက်မဆွဲဘဲ centralisation မလိုဘူး၊ အဲဒီအစား နိုင်ငံတော် အသေးလေးတွေ အသီးသီး ထူထောင်လိုက်ရင် အဖြေတွေ့ပြီလို့ လွဲမှားစွာ ကောက်ချက်ဆွဲနေကြတယ်။

အခု အပေါ်မှာ လက်ငင်း ကြုံနေရတဲ့ ဥပမာ နှစ်ခု (inflation နဲ့ infrastructure ပြဿနာ) ကို ဘယ်လို ဖြေရှင်းကြမလဲ။ အသေးစား နိုင်ငံတော်လေးတွေ ထူထောင်လိုက်ရင် inflation ကို ဖြေရှင်းနိုင်မလား။ ဒါမှမဟုတ် တနယ် တစျေး အမျိုးမျိုး ဖြစ်ကုန်မလား။ centralised ငွေကြေးစနစ်၊ ဘဏ်နဲ့ စီးပွားရေး စနစ် မရှိဘဲ ငွေကြေးဖောင်းပွမှုကို ဘယ်လို ကိုင်တွယ်နိုင်မလဲ။ သယ်ယူပို့ဆောင်ရေး Infrastructure ကောင်းကောင်း မရှိဘဲ famine ကို ဘယ်လို တိုက်ဖျက်မလဲ။

လက်ရှိ စစ်အာဏာရှင် အစိုးရက ရခိုင်မှာ အေအေကို စစ်ရေးနည်းနဲ့ အနိုင်မတိုက်နိုင်တော့ ဘာလုပ်သလဲ။ economic blockade လုပ်တယ်။ တခြား လက်နက်ကိုင် အဖွဲ့တွေ စိုးမိုးထားတဲ့ ဒေသတွေကိုလဲ စစ်အစိုးရက ဖြတ်လေးဖြတ်နည်းနဲ့ ထိုးနှက်တာတွေ လုပ်တယ်။ ဒါတွေ အားလုံး အသိပဲ။

ဒါ့အပြင် တရုတ် အစိုးရက ရှမ်းမြောက်က MNDAA, TNLA နဲ့ UWSA တို့ကို စီးပွားရေး ပိတ်ဆို့တဲ့နည်းနဲ့ အကျပ်ကိုင်ခဲ့တာ အားလုံး မှတ်မိဦးမယ် ထင်ပါတယ်။ အဲသလိုပဲ၊ လက်နက်ကိုင် တပ်ဖွဲ့အချင်းချင်းကြား ကုန်စည် စီးဆင်းမှုကို ပိတ်ဆို့ပြီး အပြန်အလှန် ဖိအားပေးခဲ့ကြတာတွေလဲ မှတ်မိကြမယ် ထင်ပါတယ်။ ဒါတွေက nation state တခုတည်းမှာပဲ စီးပွားရေး ပိတ်ဆို့မှု လက်နက်ကို အသုံးပြုတဲ့ သာဓကတွေ။

နိုင်ငံတကာမှာလဲ ယူအက်(စ်) အစိုးရက သူနဲ့ မတည့်တဲ့ နိုင်ငံတွေကို စီးပွားရေး ပိတ်ဆို့မှုတွေ ဆယ်စုနှစ်ပေါင်းများစွာ ပြုလုပ်ပြီး ပြိုလဲသွားအောင် လုပ်ခဲ့၊ လုပ်ဆဲ ဖြစ်ပါတယ်။ ဥပမာ၊ ကျူးဘားကို အမေရိကန်က စီးပွားရေး အရ ပိတ်ဆို့ထားတာ နှစ် ၇၀ နီးပါး ရှိပြီ။ အခုဆိုရင် complete oil blockade လုပ်ထားတယ်။

## အမျိုးသား နိုင်ငံတော်

ဒါ့ကြောင့် အမျိုးသား နိုင်ငံတော်တွေဟာ ဒီကနေ့ ကမ္ဘာမှာ တိုးတက်တဲ့ အခန်းကဏ္ဍ ကုန်ဆုံးသွားပြီ။ အမျိုးသား နိုင်ငံတော် တခုအတွင်း နောက်ထပ် အမျိုးသား နိုင်ငံတော် အသေးလေးတွေ ထပ်ပေါ်လာရင် တိုးတက်တဲ့ အခန်းကဏ္ဍ ရှိဦးမလား၊ ပိုပြီး နောက်ပြန်ရောက်သွားမလား (reactionary) ဆိုတာ စဉ်းစားကြည့်ပါ။ ဒီလို ဖြစ်ရတဲ့ အဓိက အကြောင်းကတော့ အရင်းရှင်စနစ်က ကမ္ဘာ့ စီးပွားရေး စနစ် ဖြစ်သွားလို့ပဲ။ အရင်းရှင်စနစ် အောက်မှာ တိုးတက်ဖွံ့ဖြိုးလာတဲ့ ကုန်လုပ်စွမ်းအားစုတွေက အမျိုးသား နိုင်ငံတော်ဆိုတဲ့ ဥဓွံထဲမှာ မဆံ့တော့ဘူး။ အဲဒီ ဥဓွံကို ဖောက်ပြီး ကမ္ဘာပတ် နေပြီ။ ဒါ့ကြောင့်လဲ ဂလိုဘယ်လိုင်ဇေးရှင်းလို့ လူသိများတဲ့ ဖြစ်စဉ်ကြီး ထွက်ပေါ်လာခဲ့တယ်။

ကမ္ဘာ့ အရင်းရှင် စီးပွားရေး စနစ်ကြီးဟာ integrated whole ဖြစ်နေပြီ၊ ဒီထဲမှာ ဆင်းရဲတဲ့ တိုင်းပြည်၊ ချမ်းသာတဲ့ တိုင်းပြည် အားလုံးဟာ integral part အနေနဲ့ ပါဝင်နေတယ်။ ဗမာပြည်က တောင်ကြိုအုံကြား၊ တောင်ကြို တောင်ကြားပါ မကျန် အဲဒီ ကမ္ဘာ့ အရင်းရှင် စီးပွားရေး စနစ်ကြီးအတွင်း integral part အဖြစ် ပါဝင်နေတယ်။ ဒီအချက်ကို ခင်ဗျားက လက်ခံချင်မှ လက်ခံမယ်၊ သိချင်မှ သိလိမ့်မယ်၊ ဒါပေမဲ့ ဟော်မုဇ် ရေလက်ကြား ပိတ်သွားလို့ ဓာတ်ဆီဈေး သုံးဆလောက် တက်သွားတဲ့ အဖြစ်ကိုတော့ မသိချင် လက်မခံချင်လို့ ရမှာ မဟုတ်ဘူး။ ပိုဆိုးတာက ဓာတ်ဆီဈေး တမျိုးတည်း တက်တာ မဟုတ်ဘူး။

ပြောချင်တဲ့ အချက်က ဒီကနေ့ ကမ္ဘာ့ အရင်းရှင်စနစ်နဲ့ nation state တွေဟာ သဟဇာတ မဖြစ်တော့ဘူး။ ဒီကနေ့ ပြည်သူအများ ကြုံတွေ့နေရတဲ့ ပြဿနာတွေကို အမျိုးသား နိုင်ငံတော်ဆိုတဲ့ ဘောင်အတွင်းမှာ ဖြေရှင်း နိုင်ခြင်း မရှိတော့ဘူး။ ဒီလို ခေတ်မှာ အမျိုးသား နိုင်ငံတော်အတွင်း နောက်ထပ် အသေးစား နိုင်ငံတော်လေးတွေ ထူထောင်လိုက်ရင် progressive မဖြစ်ဘဲ နောက်ပြန်ဆွဲရာသာ ရောက်သွားမယ်။

ဒါ့ကြောင့် မာ့က်စ်ဝါဒီတွေက petty state တွေ ထူထောင်ခြင်းကို အားမပေးဘူး၊ သို့သော် coercion နည်းနဲ့ အတင်းအကျပ် ပြည်ထောင်စု လုပ်ထားတာမျိုးကိုလဲ ဆန့်ကျင်တယ်၊ ဒါ့ကြောင့် အဖိနှိပ်ခံ လူမျိုးတွေက ခွဲထွက်ပြီး သီးခြား နိုင်ငံတော် ထူထောင်ဖို့ ဆုံးဖြတ်ရင်လဲ အဲဒီ အခွင့်အရေး ကို သူတို့ကျင့်သုံးနိုင်ရမယ်၊ ဒါကို ကျနော်တို့က အပြည့်အဝ ထောက်ခံ ရမယ်။ တချိန်တည်းမှာပဲ အသေးစား နိုင်ငံတော်လေးတွေ ထူထောင်လိုက်ရုံ နဲ့ အဖိနှိပ်ခံ လူမျိုးများ ရင်ဆိုင်နေရတဲ့ ပြဿနာတွေ ပြေလည်မသွားနိုင်ဘူး ဆိုတာလဲ ကျနော်တို့ဘက်က ပွင့်ပွင့်လင်းလင်း ဝေဖန်ထောက်ပြခွင့် ရှိတယ်။ ဖြစ်သင့်တဲ့ ဖြေရှင်းနည်းကိုလဲ ဖော်ထုတ်ပိုင်ခွင့် ကျနော်တို့မှာ ရှိတယ်။

အဲဒီ ဖြေရှင်းနည်းက ဘာလဲ။ အပေါ်မှာ Centralisation ကို လိုအပ်ကြောင်း ဆွေးနွေးခဲ့တယ်။ သို့သော် centralisation သက်သက်နဲ့ မလုံလောက်ဘူး။ ရှေ့ဆက် မဆွေးနွေးခင် သမိုင်းကြောင်းလေး နည်းနည်း ပြန်ကောက်ဖို့ လိုအပ်လာတယ်။

ရုတ်တရက်ကြည့်ရင် အမျိုးသား နိုင်ငံတော်တွေဟာ လူသားမျိုးနွယ် စတင်ကတည်းက (ဒါမှမဟုတ်) ဟိုး ရှေးပဝေသဏီ နှစ်ထောင်သောင်း ကတည်းက တည်ရှိခဲ့တယ်လို့ ထင်တတ်ကြတယ်။ တကယ်တော့ အမျိုးသား နိုင်ငံတော်တွေ ပေါ်ထွန်းလာတာ သိပ်မကြာသေးဘူး။ နှစ် ရာဂဏန်းပဲ ရှိသေး တယ်။ အနောက်ဥရောပမှာ နယ်သာလန်နဲ့ အင်္ဂလန်ကိုသာ ဖယ်ကြည့် လိုက်မယ်ဆိုရင် နှစ်ပေါင်း ၂၀၀ ကျော်ပဲ ရှိသေးတယ်။ နယ်သာလန်က စပိန်လက်အောက်က လွတ်မြောက်ဖို့ ရုန်းထွက်တဲ့ အမျိုးသားရေး စစ်ပွဲ အသွင်နဲ့ ၁၆ ရာစုမှာ အမျိုးသား နိုင်ငံတော် ပေါ်ထွက်လာခဲ့တယ်။ အင်္ဂလန်ကျွန်းကတော့ ၁၄ ရာစုလောက်က စတင်ခဲ့တယ်။ ဒီနှစ်ခုကို ဖယ်ထားလိုက်ရင် အနောက် ဥရောပမှာ အမျိုးသား နိုင်ငံတော်တွေ ပေါ်ထွန်းလာတဲ့ သမိုင်းဟာ ၁၇၈၃ ပြင်သစ် တော်လှန်ရေးက စတင်ခဲ့ခြင်း ဖြစ်တယ်။ တနည်းအားဖြင့် အမျိုးသား နိုင်ငံတော်တွေဟာ အရင်းရှင်စနစ်ရဲ့ historical product သာ ဖြစ်တယ်။

လက်ရှိ ဗမာပြည်မှာ လက်နက်ကိုင် အဖွဲ့ အမြောက်အမြားနဲ့ သုံးပေ တဂိုက်ဖြစ်နေတယ်၊ petty state တွေသာ ထူထောင်လိုက်ရင် ဖြစ်လာနိုင်တဲ့ အခြေအနေကို အထက်တနေရာမှာ ဆွေးနွေးခဲ့တယ်။ တကယ်တော့ အဲဒါတွေက အသစ်အဆန်း မဟုတ်ဘူး။ ဥရောပ အလယ်ခေတ်မှာလဲ အလားတူ အခြေအနေတွေ ရှိခဲ့တယ်။ ဥရောပ feudalism ခေတ်က ဒေသအလိုက် ကုန်စည် measurement unit က တမျိုးတဘာသာစီ၊ အကောက်အခွန် custom ကလဲ အမျိုးမျိုး၊ သုံးတဲ့ ငွေကြေးစနစ်ကလဲ မတူ။ ဒီတော့ တက်သစ်စ အရင်းရှင်စနစ်နဲ့ ဘယ်လိုမှ အဆင်မပြေ။ ဒီမှာတင် တပြည်လုံး တနိုင်ငံလုံး လွှမ်းခြုံတဲ့ national market လိုအပ်လာတယ်။ အဲဒီ လိုအပ်ချက်နဲ့အညီ nation state ဆိုတဲ့ centralised authority ထွက်ပေါ် လာခြင်း ဖြစ်တယ်။

ဒါဟာ အရင်းရှင်စနစ် ရှေ့ဆက်ဖွံ့ဖြိုးတိုးတက်အောင် အများကြီး အထောက်အကူ ပြုပေးခဲ့တယ်။ ဒါပေမဲ့ သူ့အလိုလို ပေါ်လာတာတော့ မဟုတ်ဘူး။ ပြင်သစ် တော်လှန်ရေးကြီး ဆင်နွှဲပြီးမှ ထွက်ပေါ်လာခြင်း ဖြစ်တယ်။ ဒါ့ကြောင့် ပြင်သစ် တော်လှန်ရေးကြီးရဲ့ ပထမဆုံး အခြေခံမှုက centralisation ဖြစ်ခဲ့တာ မထူးဆန်းဘူး။ ပြင်သစ် တော်လှန်ရေးကြီးက ဒေသအစွဲ local particularism နဲ့ ဒေသအလိုက် ကြီးစိုးမင်းမူတဲ့ မင်းညီမင်းသား အာဏာကို ဖြိုဖျက်ပြီး တနိုင်ငံလုံး လွှမ်းခြုံတဲ့ centralized republic ကို ထူထောင်ခဲ့တယ်။

ယေဘုယျသဘော ပြောရရင် အရင်းရှင်စနစ် အတက်ကာလမှာ ပေါ်ထွန်းခဲ့တဲ့ အမျိုးသား နိုင်ငံတော်တွေက ၁၇၈၃ ကနေ ၁၈၇၁ အထိ တိုးတက်တဲ့ အခန်းကဏ္ဍ ရှိခဲ့တယ်။ အဲဒီနောက်မှာတော့ အရင်းရှင်စနစ် အောက် တဟုန်ထိုး တိုးတက်လာတဲ့ ကုန်လုပ်စွမ်းအားစုတွေက အမျိုးသား နိုင်ငံတော် ဘောင်ထဲမှာ ရှေ့ဆက် မတိုးတက်နိုင်တော့ဘူး။ တချိန်တုန်းက တိုးတက်တဲ့ အခန်းကဏ္ဍ ရှိခဲ့တဲ့ အမျိုးသား နိုင်ငံတော်ဟာ ကုန်လုပ် စွမ်းအားစုတွေ ရှေ့ဆက် တိုးတက်မဲ့ လမ်းကြောင်းမှာ barrier ဖြစ်လာ ခဲ့တယ်။

## သမိုင်း တာဝန်မကျေတဲ့ national bourgeois လူတန်းစား

တကယ်တော့ အမျိုးသား နိုင်ငံတော် ထူထောင်ရေး ဆိုတာ ဘူဇွာ ဒီမိုကရေစီ တော်လှန်ရေးရဲ့ အဓိက တာဝန် ဖြစ်တယ်။ ဘူဇွာ ဒီမိုကရေစီ တော်လှန်ရေးက ပြီးပြတ်အောင် ဖြေရှင်းခဲ့ရမဲ့ တာဝန် ဖြစ်တယ်။ သို့သော် ရုရှားလို ခေတ်နောက်ကျတဲ့ တိုင်းပြည်တွေ၊ ဗမာလို ကိုလိုနီ တိုင်းပြည်တွေက national bourgeois လူတန်းစားဟာ သမိုင်း ဇာတ်ခုံပေါ် ရာစုနှစ် တခုကျော် နောက်ကျပြီးမှ ရောက်လာခဲ့ခြင်း ဖြစ်တယ်။ ၁၇၉၃ ပြင်သစ်က ဘူဇွာ လူတန်းစားလို တိုးတက်တဲ့ တော်လှန်တဲ့ အခန်းကဏ္ဍ မရှိတော့ဘဲ counter-revolutionary role သာ ရှိတယ်။

တကယ်တော့ ဗမာပြည် ဘူဇွာ လူတန်းစားထက် နှစ်တရာလောက် စောတဲ့ ဂျာမန် ဘူဇွာ လူတန်းစားသည်ပင် သူ့ရှေ့က ပြင်သစ် ဘူဇွာ လူတန်းစားလို တော်လှန်တဲ့ အခန်းကဏ္ဍ မရှိတော့လို့ ဂျာမန် ဘူဇွာ တော်လှန်ရေးကို အောင်မြင်အောင် မစွမ်းဆောင်နိုင်ခဲ့ဘူး။ ပြင်သစ် တော်လှန်ရေးကြီးရဲ့ အခြေခံမူက centralisation လို့ ပြောခဲ့တယ်။ အလားတူပဲ၊ ဂျာမန် ဘူဇွာ တော်လှန်ရေးရဲ့ အဓိက တာဝန်ကလဲ Unification ဖြစ်တယ်။ သို့သော် ဂျာမန် ဘူဇွာတွေက တော်လှန်ရေး နည်းနဲ့ မလုပ်နိုင်ခဲ့ဘူး။ အကျိုးဆက်ကတော့ ပရပ်ရှား စစ်ဗိုလ် Bismarck က reactionary နည်းနဲ့ ဂျာမနီ နိုင်ငံကို စုစည်းခဲ့တယ်။ ရလဒ်ကတော့ စစ်ဝါဒ အားကောင်းလာပြီး Bismarck ရဲ့ ဘိုနာပတ် စစ်အာဏာရှင်စနစ် အခြေခိုင်သွားခဲ့တယ်။

နောက် နှစ်တရာနီးပါး အကြာ ဗမာပြည်မှာလဲ national question ကို တော်လှန်ရေးနည်းနဲ့ ဖြေရှင်းဖို့ ကြိုးပမ်းခဲ့ကြတယ်။ ဗြိတိန်ရဲ့ ကိုလိုနီဘဝက အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲ အသွင်နဲ့ ထွက်ပေါ်လာခြင်း ဖြစ်တယ်။ ပင်လုံ သဘောတူ စာချုပ်ဟာ ဒီကြိုးပမ်းမှုရဲ့ အသီးအပွင့်ပဲ။ သို့သော် နှစ် ၁၅၀ လောက် နောက်ကျပြီးမှ သမိုင်း ဇာတ်ခုံပေါ် ရောက်လာတဲ့ ဗမာ national bourgeois လူတန်းစားဟာ အမျိုးသားရေး ပြဿနာ၊ မြေယာ ပြဿနာတို့ကို ပြတ်ပြတ်သားသား ဖြေရှင်းပြီး ဘူဇွာ ဒီမိုကရေစီ တော်လှန်ရေးကို အောင်အောင်မြင်မြင် မဆင်နွှဲနိုင်ခဲ့ဘူး။ အကျိုးဆက်ကတော့ ဗိုလ်ချုပ်နေဝင်း ခေါင်းဆောင်တဲ့ ဘိုနာပတ် စစ်အာဏာရှင်စနစ် ထွက်ပေါ်လာတယ်၊ coercion နည်းနဲ့ တည်ဆောက်ထားတဲ့ forced union ကြီး ဖြစ်သွားခဲ့တယ်။

ဒါ့ကြောင့်လဲ ဒီပြဿနာတွေ ဒီကနေ့အထိ သိပ်သည်းပြင်းထန်နေဆဲ ဖြစ်တယ်။ ဂျာမနီ အတွေ့အကြုံ၊ ဗမာပြည် အတွေ့အကြုံတို့ကို ခြုံကြည့်လိုက်ရင် အရေးကြီး သင်ခန်းစာ ထွက်ပေါ်လာတယ်။ အဲဒါကတော့ အရင်းရှင် လူတန်းစားဟာ national question ကို ဖြေရှင်းနိုင်စွမ်း မရှိခဲ့ဘူး၊ အခုထိလဲ မဖြေရှင်းနိုင်သေးဘူး၊ ရှေ့ဆက်လဲ ဖြေရှင်းနိုင်မဲ့ လက္ခဏာ မရှိဘူး။ တနည်းအားဖြင့် ပြောရရင် ဘူဇွာ တော်လှန်ရေးက ကိုင်တွယ် ဖြေရှင်းရမဲ့ fundamental task တွေကို ဘူဇွာ လူတန်းစားက ဖြေရှင်းနိုင်စွမ်း လုံးဝ မရှိ(ခဲ့)ဘူး။

ဒါ့အပြင် အရေးကြီး သမိုင်း သင်ခန်းစာ နောက်တခုက national question ကို ဘယ်လူတန်းစားက ဦးဆောင်ပြီး ဘယ်သူ့ အကျိုးစီးပွား အတွက် ဘယ်နည်းဘယ်ပုံ ဖြေရှင်းသလဲ ဆိုတာ အလုပ်သမား လူတန်းစား အတွက် အလွန် အရေးကြီးတယ်။ ဒီကနေ့ သိပ်သည်းပြင်းထန်နေတဲ့ အမျိုးသားရေး ပြဿနာကို ဖြေရှင်းမယ်ဆိုရင်လဲ ဒီမေးခွန်းကို အရင် မေးရလိမ့်မယ်။ ဘယ်လူတန်းစားက ဦးဆောင် ဖြေရှင်းနိုင်သလဲ၊ ဘယ်လို နည်းနဲ့ ဖြေရှင်းမှာလဲ၊ ဘယ်သူ့ အကျိုးစီးပွားအတွက်လဲ။

အရင်းရှင် လူတန်းစားကတော့ မဖြေရှင်းနိုင်တာ သေချာတယ်။ စစ်အာဏာရှင်တွေဟာ အရင်းရှင် လူတန်းစားထဲက ဖြစ်တယ်၊ သူတို့ဟာ မဖြေရှင်းနိုင်တဲ့အပြင် national oppression ကို အဆိုးရွားဆုံး အရက်စက်ဆုံး ကျူးလွန်ထားတဲ့ အဓိက လက်သည် တရားခံတွေ ဖြစ်တယ်။

ဒါဆိုရင် သူတို့ကို ဆန့်ကျင်နေပါတယ် ဆိုတဲ့ လစ်ဘရယ် ဘူဇွာတွေက ရော ဒီပြဿနာကို ဖြေရှင်းနိုင်သလား။ အာဏာလေး မစို့မပို့ရလိုက်တဲ့ အခိုက်အတန့်လေးမှာတင် လစ်ဘရယ် ဘူဇွာတွေက သူတို့ ရပ်တည်ချက် အမှန်ကို ပြသခဲ့ပြီးပြီ။ ဒါ့ကြောင့် အဖိနှိပ်ခံ လူမျိုးစု ပြည်သူတွေက လစ်ဘရယ် ဘူဇွာတွေကို ယုံကြည်မှု ကင်းမဲ့နေတာပဲ။ သူတို့ဟာ အမျိုးသားရေး ပြဿနာကို မဖြေရှင်းနိုင်တဲ့အပြင် အဖိနှိပ်ခံ လူမျိုးတွေကြားက မယုံကြည်မှုကိုတောင် လျှော့ပါးအောင် မစွမ်းဆောင်နိုင်ဘူး။ သူတို့ရဲ့ ပေါ်လစီတွေ၊ လက်တွေ့ လုပ်ဆောင်ချက်တွေအရ သူတို့ ဦးဆောင်မှုကို အဖိနှိပ်ခံ လူမျိုးများက မယုံကြည်တာ မထူးဆန်းဘူး။

## ပက်တီးဘူဇွာ အမျိုးသားရေးဝါဒ

တတိယ (ကွန်မြူနစ်) အင်တာနေရှင်နယ်ရဲ့ ဒုတိယ ကွန်ဂရက်အတွက် လီနင်ရေးခဲ့တဲ့ “Preliminary Draft Theses on the National and the Colonial Questions” ထဲက နောက်ဆုံး စစ်တမ်းတခုကို ကောက်နုတ် ကိုးကားလိုတယ် -

> “နယ်ချဲ့ပါဝါတွေက ကိုလိုနီ တိုင်းပြည်တွေ၊ အင်အားနည်းတဲ့ လူမျိုးတွေကို ကာလ တာရှည် ဖိနှိပ်ခဲ့ခြင်းကြောင့် အဖိနှိပ်ခံ တိုင်းပြည်တွေက လုပ်သား ပြည်သူတွေဟာ ဖိနှိပ်သူ တိုင်းပြည်တွေကို ရန်လို မုန်းတီးနေကြတယ်၊ ဒါတင်မကသေး၊ အဖိနှိပ်ခံ တိုင်းပြည်တွေက ပြည်သူတွေမှာ မယုံကြည်မှုတွေ ပြည့်နှက်နေတယ်၊ အလုပ်သမား လူတန်းစားမှာတောင် မယုံကြည်စိတ်တွေ ရှိတယ်။ ၁၉၁၄-၁၉ (ပထမ ကမ္ဘာစစ်ကို ရည်ညွှန်း) ကာလမှာ အလုပ်သမား လူတန်းစားရဲ့ တရားဝင် ခေါင်းဆောင် အများစုက ဆိုရှယ်လစ်ဝါဒကို စက်ဆုပ်ဖွယ် သစ္စာဖောက်သွားခဲ့ကြတယ်။ ကိုလိုနီ တိုင်းပြည်တွေကို သူတို့ တိုင်းပြည်တွေရဲ့ ဘူဇွာတွေက ဖိနှိပ်အုပ်ချုပ်ပြီး ယင်းတိုင်းပြည်တွေကို ငွေကြေးအရ သွေးစုပ်ခြယ်လှယ်မှုတွေ ဆက်လုပ်ပိုင်ခွင့်ကို ကာကွယ်ခဲ့ကြတယ်။ သို့သော် ဒီရပ်တည်ချက်အမှန်ကို ဖုံးဖိထားဖို့ “အဖနိုင်ငံတော်ကြီးကို ကာကွယ်ခြင်း” ဆိုတဲ့ ဆိုရှယ်-ရှိုဗင်နစ် ဝတ်ရုံကို ခြုံခဲ့ကြတယ်။ ဒီလို စက်ဆုပ်ဖွယ် သစ္စာဖောက်မှုကြောင့် အင်မတန် ဖြစ်သင့်ဖြစ်ထိုက်တဲ့ မယုံကြည်မှုကို သေချာပေါက် အားကောင်းသွားစေခဲ့တယ်။



> အခြားတဖက်မှာလဲ တိုင်းပြည်တခုဟာ ပိုပြီး ခေတ်နောက်ကျလေ အသေးစား လယ်ယာ ထုတ်လုပ်ရေး၊ မဟာဖိုဝါဒနဲ့ တသီးတခြားဖြစ်မှု ပိုအားကောင်းလေ ဖြစ်တယ်။ ဒီတော့ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေတဲ့ ပက်တီးဘူဇွာ အစွဲအလမ်းတွေကို သေချာပေါက် အားကောင်းသွားစေတယ်။ ဆိုလိုတဲ့ သဘောက အမျိုးသားရေး ဇာတိမာန်နဲ့ အမျိုးသားရေး ကျဉ်းမြောင်းမှုတွေ အားကောင်း ခိုင်မြဲသွားစေတယ်။ ရှေ့တန်းရောက် တိုင်းပြည်တွေမှာ အရင်းရှင်စနစ်နဲ့ နယ်ချဲ့စနစ်တို့ မရှိတော့မှ၊ ခေတ်နောက်ကျ တိုင်းပြည်တွေရဲ့ စီးပွားရေး ဘဝကို ခြေခြေမြစ်မြစ် ပြောင်းလဲပြီးမှသာ အဲဒီအစွဲတွေ ဖြေးဖြေးချင်း ပျောက်ကွယ်သွားနိုင်တယ်။ ဒါ့ကြောင့် တိုင်းပြည်အသီးသီးက လူတန်းစား အသိစိတ် စူးရှတဲ့ ကွန်မြူနစ် အလုပ်သမားတွေရဲ့ တာဝန်က ဒီတိုင်းပြည်တွေမှာ၊ နှစ်ရှည်လများ အဖိနှိပ်ခံထားရတဲ့ လူမျိုးတွေကြားမှာ ကြွင်းကျန်နေတဲ့ အမျိုးသားရေး စိတ်ဓာတ်ကို အထူး သတိထားပြီး အလေးအနက်ထားရမယ်။ ဒီမယုံကြည်မှုနဲ့ မလိုမုန်းထားစိတ်တွေကို မြန်မြန် ကျော်လွှားဖို့ ရည်ရွယ်ချက်နဲ့ လိုက်လျောချက်တွေ ပြုလုပ်ဖို့လဲ လိုအပ်တယ်။ ကမ္ဘာတလွှားက တိုင်းပြည်အားလုံး၊ လူမျိုးအားလုံးရဲ့ အလုပ်သမား လူတန်းစားနဲ့ သူ့ဦးဆောင်မှုနောက်က လုပ်သားထု တရပ်လုံးက သွေးစည်းညီညွတ်မှုကို တည်ဆောက်ဖို့ လိုလိုလားလား မကြိုးစားဘဲ အရင်းရှင်စနစ်ကို အဆုံးသတ် အောင်ပွဲခံဖို့ဆိုတာ မဖြစ်နိုင်ဘူး။"

လီနင်ရဲ့ စစ်တမ်းဟာ ဒီကနေ့ ဗမာပြည် အခြေအနေကို အများကြီး ထင်ဟပ်နေတယ်။ အဖိနှိပ်ခံ လူမျိုးများက ဗမာ လစ်ဘရယ် ဘူဇွာတွေ၊ ပက်တီးဘူဇွာ နိုင်ငံရေး အုပ်စုတွေကို ဘာ့ကြောင့် မယုံကြည်နိုင်သလဲ၊ မုန်းတီးနေသလဲ ဆိုတာလဲ နားလည်နိုင်တယ်။

"အခြားတဖက်မှာလဲ တိုင်းပြည်တခုဟာ ပိုပြီး ခေတ်နောက်ကျလေ အသေးစား လယ်ယာ ထုတ်လုပ်ရေး၊ မဟာဖိုဝါဒနဲ့ တသီးတခြားဖြစ်မှု ပိုအားကောင်းလေ ဖြစ်တယ်။ ဒီတော့ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေတဲ့ ပက်တီးဘူဇွာ အစွဲအလမ်းတွေကို သေချာပေါက် အားကောင်းသွားစေတယ်။ ဆိုလိုတဲ့ သဘောက အမျိုးသားရေး ဇာတိမာန်နဲ့ အမျိုးသားရေး ကျဉ်းမြောင်းမှုတွေ အားကောင်း ခိုင်မြဲသွားစေတယ်" ဆိုတဲ့ မှတ်ချက်က ဒီကနေ့ လူမျိုးရေး အခြေခံ အမျိုးသား လွတ်မြောက်ရေး ဆင်နွှဲနေတဲ့ နိုင်ငံရေး အဖွဲ့အစည်းတွေကို ရည်ရွယ်ပြီး ရေးထားသလားတောင် ထင်ရတယ်။ ဒါ့ကြောင့် ဒီကနေ့ ကာလမှာ "centrifugal tendency" တွေ အားကောင်းနေခြင်း ဖြစ်တယ်။ ဒါကို တိုးတက်တဲ့ လမ်းကြောင်းအဖြစ် တချို့သော လက်ဝဲတွေ၊ ပက်တီးဘူဇွာ နိုင်ငံရေး အုပ်စုတွေက ဝိုင်းထောက်ခံနေကြတာလဲ ရှိတယ်။ သူတို့ဟာ "အမျိုးသားရေး ဇာတိမာန်နဲ့ အမျိုးသားရေး ကျဉ်းမြောင်းမှုတွေ" ကို အားပေးနေကြတာပဲ။

ဒီတော့ ကျနော်တို့ အမြင်ကို ပွင့်ပွင့်လင်းလင်း ပြောရရင် လူမျိုးအခြေခံ၊ ဒေသအခြေခံ အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲတွေဟာ သူ့ချည်း သက်သက်ဆို ဘယ်တော့မှ မအောင်မြင်နိုင်ဘူး။ အေအေပဲဖြစ်ဖြစ်၊ ဝပဲဖြစ်ဖြစ်၊ ရှမ်းမြောက်က အဖွဲ့တွေပဲဖြစ်ဖြစ်၊ ကချင်နဲ့ ကရင်ပဲဖြစ်ဖြစ် ဘယ်သူမှ မအောင်မြင်နိုင်ဘူး။ အလုပ်သမား လူတန်းစားက ဗမာ တပြည်လုံး အတိုင်းအတာနဲ့ ဆိုရှယ်လစ် တော်လှန်ရေးကို ဦးဆောင် ဆင်နွှဲမှသာ အမျိုးသားရေး ပြဿနာကို ဖြေရှင်းနိုင်မယ်။

စစ်အာဏာရှင်စနစ်ကလဲ centralisation ကို သူတို့ အကျိုးစီးပွား အတွက် ကျင့်သုံးတာပဲ။ အလုပ်သမား လူတန်းစားကလဲ အဖိနှိပ်ခံ လူမျိုး ပေါင်းစုံ လူထုကြီး အကျိုးစီးပွားအတွက် centralisation ကို လိုအပ်တယ်၊ သို့သော် centralisation တခုတည်းနဲ့ မလုံလောက်ဘူးလို့ ပြောခဲ့တယ်။ မှန်ပါတယ်၊ အရင်းရှင်စနစ် အခြေခံပေါ်က centralisation ဟာ အဖိနှိပ်ခံ လူမျိုးများ လိုလားတောင့်တတဲ့ အရာတွေ၊ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို မဖြေရှင်းနိုင်ဘူး။ ဆိုရှယ်လစ် စနစ် အခြေခံပေါ်က centralisation ကသာ ဖြေရှင်းနိုင်တယ်။

တနည်းအားဖြင့် ဘူဇွာ ဒီမိုကရေစီ တော်လှန်ရေးက ဖြေရှင်းခဲ့ရမဲ့ ပြဿနာတွေကို အလုပ်သမား လူတန်းစား ဦးဆောင်တဲ့ ဆိုရှယ်လစ် တော်လှန်ရေးနဲ့သာ ဖြေရှင်းနိုင်မယ်။ ဒါဟာ စိတ်ကူးယဉ် ပြောခြင်း မဟုတ်ဘူး။ တချိန်တုန်းက 'prison house of nations' လို့တောင် ပြောခဲ့ကြတဲ့ ဇာဘုရင် အုပ်စိုးတဲ့ ရုရှား အင်ပိုင်ယာအတွင်းက အဖိနှိပ်ခံ လူမျိုးများဟာ အောက်တိုဘာ တော်လှန်ရေးကြောင့် လွတ်မြောက်မှု ရသွားခဲ့ကြတယ်။ အလားတူပဲ၊ အောက်တိုဘာ တော်လှန်ရေး အောင်ခဲ့တာဟာလဲ အဖိနှိပ်ခံ လူမျိုးများ ပြဿနာကို မှန်မှန်ကန်ကန် ချဉ်းကပ်ပြီး သူတို့ရဲ့ revolutionary potential ကို ဖွင့်ထုတ်ပေးနိုင်ခဲ့လို့ ဖြစ်တယ်။

ဒီစာကို အဆုံးသတ်ခါနီးမှ အစကို ပြန်ကောက်ရရင် TNLA ရဲ့ ထုတ်ပြန်ချက်ဟာ reactionary ဖြစ်တယ်လို့ ရှင်းရှင်းလင်းလင်း ဝေဖန်ရ လိမ့်မယ်။ စစ်အာဏာရှင် မင်းအောင်လှိုင်ကို ဦးမင်းအောင်လှိုင်လို့ ခေါ်လိုက်တာနဲ့တင် TNLA ရဲ့ ဂုဏ်သိက္ခာလဲ ထိုးကျသွားခဲ့ပြီ။ ဒါကို လူတော်တော်များများ ဝေဖန်နေကြတာပဲ။ ကျနော်တို့ မာ့က်စ်ဝါဒီတွေက ဘယ်တုန်းကမှ ဘယ်ဘူဇွာ/ပက်တီးဘူဇွာ နိုင်ငံရေး ခေါင်းဆောင်/ အဖွဲ့အစည်းကိုမှ cheerleading မလုပ်ခဲ့ဖူးဘူး။ 1027 စစ်ဆင်ရေး အရှိန်တက်နေချိန် လူအတော်များများ illusion တွေတက်ပြီး စစ်ရေးနဲ့ စိတ်ကူးဖဲ ရိုက်နေချိန်မှာတောင် အဖြစ်မှန်ကို သတိပေးဖို့ ကျနော်တို့ မပျက်ကွက်ခဲ့ဘူး။

ဒါ့ကြောင့် TNLA ရဲ့ လုပ်ရပ်၊ MNDAA ရဲ့ လုပ်ရပ်တွေကြောင့် ရှော့ခ်မရသလို သူတို့ဘက်က ခုခံကာကွယ်စရာလဲ မလိုဘူး။ ဒါပေမဲ့ TNLA တခုတည်းကိုပဲ ကွက်ပြီး ဆဲဆို အပြစ်တင်နေရုံနဲ့ ဒီပြဿနာရဲ့ အတိမ်အနက်ကို နားမလည်နိုင်ဘူး ဆိုတာတော့ ထောက်ပြရမယ်။ ဖြေရှင်းနိုင်ဖို့ ဆိုတာ အဝေးကြီး။

တချိန်တည်းမှာပဲ ဗမာ ပက်တီးဘူဇွာ နိုင်ငံရေး အုပ်စုတချို့က လူမျိုးစု လက်နက်ကိုင် တပ်ဖွဲ့ တခုခုက ရပ်တည်ချက် အမှား ကျူးလွန်လိုက်ပြီဆိုရင် မဟာဗမာလူမျိုးကြီးဝါဒ အလံထူပြီး ဗမာတွေလဲ ကိုယ့်လူမျိုး အကျိုးစီးပွား ရှေ့တန်းတင်ရမယ်လို့ ထအော်တတ်တယ်။ ဗမာလူမျိုး နာမည်တပ်အော်ရင် ဖောက်ပြန်မှုန်း သိသာတော့ အညာကို 'romanticize' လုပ်ပြီး မဟာဗမာ လူမျိုးကြီးဝါဒ အလံကို လွှင့်တင်လာကြတယ်။ အဲဒါတွေ အားလုံးကို reactionary trend အဖြစ် ပြတ်ပြတ်သားသား ဆန့်ကျင်ရမယ်။

ပက်တီးဘူဇွာ အမျိုးသားရေး ကျဉ်းမြောင်းမှုကို ဗမာ ပက်တီးဘူဇွာ အမျိုးသားရေးဝါဒနဲ့ တန်ပြန်တဲ့ အလွန်ဖောက်ပြန်တဲ့ အယူအဆတွေ ဖြစ်တယ်။ ဒီလုပ်ရပ်တွေဟာ အထက်မှာ လီနင် ထောက်ပြခဲ့သလို အဖိနှိပ်ခံ လူမျိုးတွေရဲ့ ရန်လို မုန်းတီးမှုနဲ့ မယုံကြည်မှုတွေကို ရေလောင်းပေါင်းသင် ပေးရာ ရောက်လိမ့်မယ်။ အရင်းရှင်စနစ်နဲ့ နယ်ချဲ့စနစ်ကို ဖြိုချဖို့ အမှန်တကယ် လိုအပ်တဲ့ အဖိနှိပ်ခံ ပြည်သူတွေကြား သွေးစည်းညီညွတ်မှုကို ဖြစ်ပေါ်စေမှာ မဟုတ်ဘူး။ ဒါ့ကြောင့် ဖောက်ပြန်တဲ့ နိုင်ငံရေးလို့ အတိအကျ ပြောပါတယ်။

## ဆိုရှယ်လစ် တော်လှန်ရေး

အရင်းရှင်စနစ်က ကမ္ဘာ့ စီးပွားရေးစနစ် ဖြစ်လာတဲ့ ဒီကနေ့ ခေတ်မှာ ဘယ်လူမျိုးစုမှ ဘယ်ဒေသမှ သီးခြား လွတ်မြောက်ရေး မရနိုင်ဘူး ဆိုတဲ့ အချက်ဟာ ပိုပြီး ပေါ်လွင်ထင်ရှားလာတယ်။ အထူးသဖြင့် တရုတ် အရင်းရှင် နယ်ချဲ့ ပါဝါရဲ့ backyard ဖြစ်နေတဲ့ ဗမာပြည်မှာ ဘယ်လက်နက်ကိုင် အဖွဲ့အစည်း၊ ဘယ်စိုးမိုးနယ်မြေမှ သူ့ချည်းသီးသန့် မရပ်တည်နိုင်ဘူး။ အမျိုးသား လွတ်မြောက်ရေး ရဖို့ဆိုတာ အဝေးကြီး။

ကျနော်တို့က အလုပ်သမား လူတန်းစား ဦးဆောင်တဲ့ ဗမာ တပြည်လုံး ဆိုရှယ်လစ် တော်လှန်ရေးလို့ ပြောတော့ စိတ်ကူးယဉ်လိုက်တာလို့ စွပ်စွဲ တတ်ကြတယ်။ အခု 'လက်တွေ့ကျပါတယ်' ဆိုတဲ့ 'ကျေးလက် အခြေပြု လက်နက်ကိုင် တော်လှန်ရေးကြီး' ဘယ်အခြေဆိုက်နေပြီလဲ။ ခင်ဗျားတို့

မပြောရဲရင် ကျနော်တို့ အတိအကျ ပြောပါမယ်၊ dead end ကို ရောက်နေပြီ။

MNDAA က TNLA ကို ထတိုက်တဲ့ ဖြစ်ရပ်၊ အခု UWSA နဲ့ TNLA တို့က မိုလ်မင်းအောင်လှိုင်ကို ပြေးထောက်ခံတဲ့ ဖြစ်ရပ်တွေက သက်သေပဲ။ တနည်းအားဖြင့် ပြောရရင် small nation တွေရဲ့ အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲတွေကို အရင်းရှင် နယ်ချဲ့ ပါဝါကြီးတွေက နယ်ရုပ် လေးတွေအဖြစ် သဘောထားလေ့ရှိတယ်။ ဘောလ်ကန် ဒေသမှာ ဒီလို အဖြစ်တွေ တောက်လျှောက် ကြုံခဲ့ရပြီးပြီ။ ဗမာပြည်မှာလဲ အလားတူ အဖြစ်တွေ တွေ့နေရပြီ။ အရင်းရှင် နယ်ချဲ့ပါဝါတွေအဖို့တော့ တိုင်းပြည်ငယ် လေးတွေဟာ သူတို့ အကျွန်ဒါနဲ့ ကိုက်ရင် သုံးမယ်၊ မလိုတော့ရင် စွန့်ပစ် လိုက်မဲ့ small change သာ ဖြစ်တယ်။

၁၉၁၇ ပထမလှိုင်းတုန်းက မြောက်ပိုင်း သုံးဖွဲ့ရဲ့ စစ်ဆင်ရေးဟာ ကျားဖြန့် နှိမ်နင်းရေး၊ မိုလ်မင်းအောင်လှိုင်ကို ဆုံးမရေး တရုတ် အကျွန်ဒါနဲ့ ကိုက်ညီခဲ့တယ်၊ ဒါ့ကြောင့် တရုတ် အရင်းရှင် နယ်ချဲ့အစိုးရက ၁၀၂၇ ပထမလှိုင်းကို ကန့်လန့်မခံခဲ့ဘူး။ အဲဒီနောက် လားရှိုး တက်သိမ်းတဲ့ လုပ်ရပ်ဟာ သူ့အကျွန်ဒါကို ကျော်သွားလို့ ပြန်ဆွဲချတယ်။ နောက်ဆုံး တရုတ် နယ်ချဲ့ စီမံကိန်း လမ်းမကြီးတလျှောက် စိုးမိုးထားတဲ့ TNLA ကို ဖယ်ထုတ်တယ်။ ဒီအခြေအနေမှာ မိုလ်မင်းအောင်လှိုင်ကို TNLA က ကြိုဆိုကြောင်း သဝဏ်လွှာ ပို့ခဲ့ခြင်း ဖြစ်တယ်။

ဒီကနေ့ ဗမာပြည်တွင်းက အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲတွေဟာ အရင်းရှင် နယ်ချဲ့စနစ်နဲ့ ကင်းလွတ်ပြီး သီးခြား ဖြစ်နေတာ မဟုတ်ဘူး။ ဖြစ်လဲ မဖြစ်နိုင်ဘူး။ ဒီအခြေအနေမှာ ဗမာ တပြည်လုံး ဆိုရှယ်လစ် တော်လှန်ရေး ဖြစ်ဖို့ လိုအပ်တယ်၊ ဒါမှ အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲတွေလဲ အောင်မြင်နိုင်မယ်လို့ ပြောတာဟာ စိတ်ကူးယဉ် မဆန်တဲ့ အပြင် လက်တွေ့အကျဆုံး သေနင်္ဂဗျူဟာ ဖြစ်တယ်။

ဒီထက် တိတိကျကျ ပြောရရင် ဗမာ တပြည်လုံး ဆိုရှယ်လစ် တော်လှန်ရေး ဖြစ်ရုံနဲ့တောင် မလုံလောက်သေးဘူး။ ဆိုကြပါစို့၊ ဗမာပြည်မှာ ဆိုရှယ်လစ် တော်လှန်ရေး အောင်သွားပါပြီတဲ့၊ ဘေးနားက အရင်းရှင် နိုင်ငံကြီး နှစ်ခုဖြစ်တဲ့ တရုတ်နဲ့ အိန္ဒိယက လက်ပိုက်ကြည့်နေမယ် ထင်သလား။ တရုတ်ကို အရင်းရှင် နယ်ချဲ့ပါဝါလို့ နားမလည်သေးတဲ့ အသိခေါက်ခက် အဝင်နက်တဲ့ မော်ဝါဒီတွေကတော့ တရုတ် အစိုးရက တက်လာတဲ့ အစိုးရတိုင်းနဲ့ အဆင်ပြေအောင် ဆက်ဆံမှာပဲလို့ ပြောတတ်ကြတယ်။

တရုတ် အစိုးရက လက်ရှိ စစ်အာဏာရှင် အစိုးရနဲ့ ဆက်ဆံနေတာ တည်ဆဲ အစိုးရ ဖြစ်နေလို့ သူ့အကျိုးစီးပွားအရ ဆက်ဆံနေတာ၊ တကယ်လို့သာ ငါတို့က တည်ဆဲ အစိုးရ ဖြစ်သွားရင်လဲ တရုတ် အစိုးရက ငါတို့နဲ့ ပြေလည်အောင် ဆက်ဆံမှာပဲလို့ ပြောတတ်ကြတယ်။ အဲဒါမှ တကယ့် စိတ်ကူးယဉ် ထိုးဇာတ်ပဲ။

လက်ရှိ စစ်အာဏာရှင်စနစ်ကို တော်လှန်ရေးနဲ့ ဖြိုချပြီး တက်လာတဲ့ အစိုးရသာ တကယ် တော်လှန်ရေး အစိုးရ ပီသရင် အရင်းရှင် စနစ်ကို ဖြိုချပစ်ရမယ်။ အရင်းရှင် စနစ်ကို ဖြိုချပစ်တဲ့ တော်လှန်ရေး အစိုးရဟာ ဗမာပြည်တွင်းက တရုတ် အရင်းရှင် အကျိုးစီးပွားတွေကို မထိပါးဘဲ လူ့အဖွဲ့အစည်း ပြောင်းလဲရေးကို မလုပ်နိုင်ဘူး။ တရုတ် အပါအဝင် ပြည်ပ အရင်းရှင် လူတန်းစားရဲ့ အကျိုးစီးပွားကို expropriate မလုပ်ဘဲ အမျိုးသားရေး ပြဿနာလဲ မဖြေရှင်းနိုင်သလို agrarian question လဲ ဖြေရှင်းနိုင်မှာ မဟုတ်ဘူး။

အဲသလို မဖြေရှင်းနိုင်တဲ့ အစိုးရဆိုရင် တော်လှန်ရေး အစိုးရလဲ မဖြစ်နိုင်ဘူး။ တကယ် ဖြေရှင်းပြီဆိုရင် တရုတ် နယ်ချဲ့၊ အိန္ဒိယ နယ်ချဲ့၊ ရုရှား နယ်ချဲ့တို့ရဲ့ အကျိုးစီးပွားတွေနဲ့ ထိပ်တိုက်တွေ့မှာပဲ။ ဒါဆိုရင် တက်လာတဲ့ အစိုးရတိုင်းနဲ့ ပြေလည်အောင် ဆက်ဆံပါတယ် ဆိုတဲ့ တရုတ် အရင်းရှင် အစိုးရကြီးက ဒီတိုင်း လက်ပိုက်ကြည့်နေမယ် ထင်သလား။ အခုတောင် တော်လှန်ရေး မအောင်ခင်ကတည်းက သူ့အကျွန်ဒါကို လာထိရင် အကုန် ကြိတ်နေပြီ။ ဒါက concrete fact ပဲ။ ဒါကို မျက်ကွယ်ပြုပြီး ဆန္ဒစွဲတွေနဲ့ ကိုယ်ဖြစ်ချင်ရာ ပြောနေတာကမှ တကယ့် စိတ်ကူးယဉ် အမှား၊ သေလောက်တဲ့ အမှား။

ချုပ်ရရင် မြို့ပြ အလုပ်သမား လူတန်းစား ဦးဆောင်တဲ့ nationwide ဆိုရှယ်လစ် တော်လှန်ရေးနဲ့ အဖိနှိပ်ခံ လူမျိုးများ လွတ်မြောက်ရေးဟာ ခွဲထုတ်လို့ မရဘူး။ လူမျိုး တမျိုးချင်း၊ ဒေသတခုချင်း သီးခြား လွတ်မြောက် ရေး ဆိုတာ မရှိနိုင်ဘူး။ အရင်းရှင်စနစ် အခြေခံပေါ်မှာ national question ကို မဖြေရှင်းနိုင်ဘူး။ ဆိုရှယ်လစ် စနစ်ပေါ်မှာသာ ဖြေရှင်းနိုင်တယ်။

ဒါ့ကြောင့် ဖက်ဒရယ်ကို panacea လို ပြောနေတာက မှားတယ်။ အရင်းရှင်စနစ် အခြေခံပေါ်က ဖက်ဒရယ်ဟာ တကယ့် အရင်းခံ ပြဿနာ တွေကို မဖြေရှင်းနိုင်ဘူး။ အရင်းရှင်စနစ် အခြေခံပေါ်မှာ တည်ဆောက်ထား တဲ့ ဖက်ဒရယ်က ကုန်ဈေးနှုန်း ကျအောင် လုပ်ပေးနိုင်သလား၊ လယ်သမား ကြွေးမြီတွေ ပယ်ဖျက်ပေးနိုင်လား၊ လယ်သမားထုကြီး အရှုံးပေါ်နေတာ ဖြေရှင်းပေးနိုင်သလား၊ အလုပ်လက်မဲ့ လူဦးရေ သန်းချီတိုးနေတာ ဖြေရှင်း ပေးနိုင်လား၊ မသေရုံတမယ် လခနဲ့ အသက်ဆက်နေရတဲ့ အလုပ်သမားတွေ ကို လူနေမှု အဆင့်အတန်း မြင့်တင်ပေးနိုင်လား။ လျှပ်စစ်မီး နပ်မမှန်တဲ့ တိုင်းပြည်ကို ၂၄ နာရီ မီးလင်းအောင် မီတာခ ဈေး အနည်းဆုံးနဲ့ ပေးနိုင် မလား၊ စသဖြင့်။ ဒါ့ကြောင့် အမျိုးသားရေး ပြဿနာဟာ အရင်းစစ်လိုက်ရင် "question of bread" ပဲလို့ လီနင် ပြောခဲ့တာ။ အရင်းရှင်စနစ် အခြေခံပေါ်မှာ ဒါတွေ မဖြေရှင်းနိုင်ဘူး။ မဖြေရှင်းနိုင်ရင် လူမျိုးရေး အမုန်းတရားတွေ၊ အမျိုးသားရေး ပြဿနာတွေဟာ ပုံစံ တမျိုးမဟုတ် တမျိုး ပေါ်နေဦးမှာပဲ၊ ဒါကို ဖက်ဒရယ် ဝတ်ရုံခြုံပေးလိုက်ရုံနဲ့ မဖြေရှင်းနိုင်ဘူး။

ဒါ့ကြောင့် အရင်းရှင်စနစ်ကို ဖြိုချပြီး ဆိုရှယ်လစ် စနစ် အခြေခံပေါ်တည်ဆောက်ထားတဲ့ ဖက်ဒရယ် (တိတိကျကျ ပြောရရင် လွတ်လပ်မှုနဲ့ တန်းတူရည်တူ အခြေခံပေါ်က နေ မိမိသဘောဆန္ဒအလျောက် ပေါင်းစည်းရေး - "for voluntary union on free and equal basis) ဖြစ်မှသာ အမျိုးသားရေး ပြဿနာကို ဖြေရှင်းနိုင်မယ်။

ရေးသူ - လန်နာ့(ဒ်)



**ဖေဖော်ဝါရီ ၂၈ စနေနေ့** မနက်မှာ ယူအက်(စ်)နဲ့ အစ္စရေးက အီရန်မြို့တော်ကို ဒုံးကျည်တွေနဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့တယ်၊ မြို့တော် ထဲရန်း (Tehran) ဟာ ဆူညံပေါက်ကွဲမှုကြီးတွေနဲ့ တုန်ခါသွားခဲ့တယ်။ ထဲရန်း၊ ကွမ်းနဲ့ အခြား အီရန် မြို့တွေကနေ မီးခိုးလုံးကြီးတွေ တက်လာတာ မြင်ခဲ့ရတယ်။ စစ်ပွဲ စတင်ကြောင်း ကြေညာလိုက်တာပဲ။

ပကတိ အရှိတရား ဝင်လာတဲ့အခါ မဆုံးနိုင်တဲ့ အဓိပ္ပါယ်မဲ့ စေ့စပ်မှုတွေလဲ ရုတ်တရက် ပြတ်တောက်သွားတော့တယ်။

မကြာခင်မှာ အပေးအယူတခု အထမြောက်တော့မယ်၊ သဟဇာတရှိတဲ့ ငြိမ်းချမ်းရေး ရလာလိမ့်မယ် ဆိုတဲ့ ထင်ယောင်မှားမှုတခု ဖန်တီးဖို့ ရည်ရွယ်ချက်နဲ့ ဘာအဓိပ္ပါယ်မှ မရှိတဲ့ ဒီလုပ်ဇာတ်ကို သူတို့ လပေါင်းများစွာ ကလာခဲ့ကြတယ်။

ဝါရှင်တန်ရဲ့ ရည်ရွယ်ချက်တွေကို ကောင်းကောင်း သိထားသလို ယူအက်(စ်)ရဲ့ စစ်ရေး တိုက်ခိုက်မှုတွေ မကြာခင် လာတော့မယ် ဆိုတာလဲ သိထားတဲ့ အိုမန် (Oman) နိုင်ငံခြားရေး ဝန်ကြီး Badr Albusaidi က ဝါရှင်တန်ကို အပြေးအလွှားသွားပြီး စေ့စပ်ရေး စကားဝိုင်းတွေကို အတတ်နိုင်ဆုံး အပြုသဘော ပုံဖော်ဖို့ အစွမ်းကုန် ကြိုးပမ်းခဲ့တယ်။ အိုမန် နိုင်ငံက ဒီစေ့စပ်ရေးကို ကူညီပေးနေတဲ့ နိုင်ငံ ဖြစ်ပါတယ်။ ထူးထူးခြားခြား ဆိုသလို အိုမန် နိုင်ငံခြားရေး ဝန်ကြီး CBS သတင်းဌာနကနေ ထွက်ပြောလာခဲ့တယ်။ စေ့စပ်ရေး အစီအမံကို အသေးစိတ် ထုတ်ပြောလာပြီး မကြာခင် ငြိမ်းချမ်းရေး အပေးအယူ တည့်တော့မလို ပြောသွားတယ်။

သို့သော်လဲ အိုမန် နိုင်ငံခြားရေး ဝန်ကြီးခမျာ ဒုသမ္မတ JD Vance နဲ့သာ တွေ့ခွင့်ရသွားတယ်။ ဒီလို တွေ့တဲ့အခါ စေ့စပ်ရေးတွေ အကြီးအကျယ် အောင်မြင်တော့မှာပါလို့ သူက ဆိုခဲ့တယ်။ ၂၀၁၈ ခုနှစ်မှာ ဒေါ်နယ်ထရမ့် ရုတ်သိမ်းခဲ့တဲ့ ၂၀၁၅ နျူကလီယာ အပေးအယူထက် အခုတချီ သဘောတူညီချက်က ပိုတာသွားလိမ့်မယ်လို့လဲ သူ ပြောသွားခဲ့သေးတယ်။

သန့်စင်မှုအဆင့် မြင့်မားတဲ့ ယူရေနီယံတွေ ရှင်းလင်းပစ်မယ်၊ လက်ကျန် တချို့ကိုလဲ သန့်စင်မှု အဆင့်နိမ့် ယူရေနီယံတွေအဖြစ် ပြောင်းပစ်မယ်၊ ဒါ့အပြင် အပြည်ပြည်ဆိုင်ရာ အနုမြူ စွမ်းအင် အေဂျင်စီ (IAEA) ရဲ့ ကြည့်ရှုစစ်ဆေးခြင်းကို အပြည့်အဝ ပူးပေါင်း ဆောင်ရွက်သွားမယ်လို့ အီရန်ဘက်က သဘောတူထားကြောင်း Albusaidi က ဆိုပါတယ်။ ယူအက်(စ်) အင်စပက်တာတွေကိုလဲ (IAEA) နဲ့အတူ အီရန်မှာ ကြည့်ရှုစစ်ဆေးခွင့်ပေးမယ်လို့ သူက ထပ်ပြောထားတယ်။ အခု အဆိုပြုထားတဲ့ အချက်တွေအရ အီရန်ဟာ သူ့ရဲ့ ယူရေနီယံ သန့်စင်မှုကို အရပ်ဖက်သုံး နျူကလီယာ စွမ်းအင်တွေအတွက် လိုအပ်သလောက် အဆင့်မှာပဲ တင်းတင်းကျပ်ကျပ် ကန့်သတ်ထားမယ့် သဘောပဲ။

အင်မတန်မှ ကြောင်းကျိုးဆီလျော်တဲ့ အဆိုပြုချက် တစုံ ဖြစ်ပါတယ်၊ ယူအက်(စ်)ဘက်ကလဲ လက်မခံနိုင်စရာ မရှိပါဘူး၊ ယူအက်(စ်)ဘက်ကသာ ငြိမ်းချမ်းရေးကို နည်းနည်းလေးလောက် စိတ်ဝင်စားမှု ရှိခဲ့တယ်လို့ ယူဆမယ် ဆိုရင်ပေါ့လေ။

အီရန်ဘက်က ကြောင်းကျိုးဆီလျော်တဲ့ အဆိုပြုချက်တွေကို ယူအက်(စ်)ဘက်က ဗုံးတွေ၊ ဒုံးကျည်တွေနဲ့ အကြောင်းပြန်လိုက်လေပြီ။

[Also read: *Trump prepares for war with Iran – down with imperialist aggression!*]

ရုရှား လုံခြုံရေး ကောင်စီ ဒုဥက္ကဋ္ဌ Dmitry Medvedev က အီရန်ကို တိုက်ခိုက်တဲ့အတွက် ထရမ့်ကို အပြင်းအထန် ဝေဖန်ခဲ့တယ်၊ စစ်ပွဲမှာ ဘယ်ဘက်က ကြာကြာ တောင့်ခံနိုင်စွမ်း ရှိမလဲလို့ သူက မေးခွန်းထုတ်ခဲ့တယ်၊ နှစ်ပေါင်း ၂၅၀၀ သက်တမ်းရှိတဲ့ ပါရှား ယဉ်ကျေးမှုကြီးနဲ့ နှိုင်းယှဉ်ရင် သက်တမ်း ၂၅၀ သာ ရှိသေးတဲ့ ယူအက်(စ်) သမိုင်းက ဘာမှ မပြောပလောက်သေးဘူး။

“ငြိမ်းချမ်းရေး ဗိသုကာဟာ အခုတချီလဲ သူ့ရုပ်လုံးသူ ဖော်လိုက်ပြန်ပြီ၊ အီရန်နဲ့ စေ့စပ်ရေး အားလုံးဟာ ဟန်ပြသက်သက်ပဲ၊ ဒါကို ဘယ်သူမှ ယုံမှား သံသယ မရှိဘူး၊ ဘယ်သူမှ စေ့စပ်ရေး တကယ် မလုပ်ချင်ခဲ့ဘူး” လို့ Medvedev က ပြောသွားတယ်။

အီရန် တယ်လီရမ် ချန်နယ်တခုက ရေးထားသလိုပဲ “အီရန်က သံခင်း တမန်ခင်း နည်းနဲ့ ဖြေရှင်းဖို့ ကြိုးစားနေချိန် ယူအက်(စ်)က စစ်ရေး တိုက်ခိုက်မှု နောက်တကြိမ် ထပ်လုပ်လိုက်တာပဲ။ သံတမန်ရေးနည်းဟာ ယူအက်(စ်)လို အကြမ်းဖက် လုပ်ကြံရေး (terrorist) နိုင်ငံတော်နဲ့ အလုပ် မဖြစ်ကြောင်း နောက်တကြိမ် ပြသလိုက်တာပဲ”။

## နောက်တချီ ထပ်ကတဲ့ လုပ်ဇာတ်

ဒီလို လုပ်ဇာတ်မျိုး ကြည့်ခဲ့ရတာ အခုမှ မဟုတ်ဘူး။ ပြီးခဲ့တဲ့ နွေ တုန်းကလဲ ဒီလို သံတမန်ရေး ဂိမ်းပွဲတခုကို ကစားပြခဲ့ကြသေးတယ်။

ဇာတ်ညွှန်းလဲ အတူတူပဲ။ ဇာတ်ကောင်တွေကလဲ ဒီလူတွေပါပဲ။ ဇာတ်သိမ်းကိုလဲ အဖွင့်ကတည်းက အလားတူ ကြိုခန့်မှန်းလို့ ရနိုင်ခဲ့တယ်။

အီရန်တွေက “စိတ်ထားမှန်မှန်နဲ့” စေ့စပ်ရေး မလုပ်လို့ စေ့စပ်ရေးတွေ ပွဲပျက်သွားခဲ့ရတာလို့ အိမ်ဖြူတော်ထဲ ရောက်နေတဲ့ လူက စောဒက တက်ပြတယ်။



ဒါ လိမ်နေတာပဲ။ စိတ်ထားမှန်မှန်နဲ့ စေ့စပ်ရေး မလုပ်တာ အီရန်တွေ မဟုတ်ဘူး၊ အမေရိကန်တွေ။ အီရန်ကို တိုက်ခိုက်ပြီး အစိုးရကို ဖြုတ်ချဖို့ အထိ ဆုံးဖြတ်ထားပြီးသား အမေရိကန်တွေက သူတို့ ရည်ရွယ်ချက် အမှန် ကို ဖုံးဖိထားဖို့ စေ့စပ်ရေး အတုတွေနဲ့ တမင် လှည့်ဖျားခဲ့ကြတာပဲ။

သို့သော် ဒီတချီ ဒီပလိုမေစီ ကစားပွဲမှာတော့ အရင်တခေါက်နဲ့ မတူတဲ့ အရေးကြီး ခြားနားချက်တွေ ရှိပါတယ်။

ပြီးခဲ့တဲ့ နွေတုန်းက အီရန်တွေဟာ အလစ်အငိုက် တိုက်ခိုက်ခံခဲ့ရတယ်၊ အဲဒီတုန်းက စေ့စပ်ရေးတွေ လုပ်ကောင်းနေဆဲ၊ တိုးတက်မှုတွေလဲ ရှိနေပြီ။ ဒီအချိန် အမေရိကန်တွေဘက်က ဘာတခုမှ အချက်မပြဘဲ ရုတ်တရက် ထတိုက်ခဲ့တာ။

ဒီတချီတော့ အဲသလို လုပ်လို့ မရတော့ဘူး။ အီရန်ဘက်က အမေရိကန် တွေနဲ့ စေ့စပ်ရေးကို ပစ်ယုံထားတာမျိုး မရှိတော့ဘူး။

အထူးသဖြင့် ဒေါ်နယ် ထရမ့်ကို သူတို့ မယုံဘူး၊ ဒီတချီတော့ အလစ်အငိုက် ဖမ်းပြီး တိုက်ခံရတာမျိုး မဖြစ်စေရဘူး၊ ဖြစ်လာရင်လဲ ထိထိရောက်ရောက် လက်တုံ့ပြန်သွားမယ်လို့ အီရန်ဘက်က ကြိုသတိပေး ထားပြီးသား။

ဒီနေရာမှာ အရေးကြီးတဲ့ ဒုတိယ ခြားနားချက်ကို ကျနော်တို့ တွေ့ရပြီ။

ရန်လိုတဲ့ စကားတွေ တဖောင်ဖောင် ပြောနေပေမဲ့ ထရမ့်က စစ်တိုက် ရတာထက် အပေးအယူ လုပ်ရေးကို ပိုသဘောကျတဲ့သူ (အပေးအယူ လုပ်ရတာက ဈေးချိုတယ်)၊ (စစ်တိုက်ရတာက အကုန်အကျ အလွန်များ တယ်)။

ပြီးခဲ့တဲ့ ဇွန်လ စစ်ပွဲတုန်းက တပတ်လောက်ကြာလာတော့ အမေရိကန် နဲ့ အစ္စရေးဘက်က အီရန် အစိုးရကို ဖြိုချမဲ့ သူတို့ရဲ့ အဓိက ရည်မှန်းချက် ကြီး မအောင်မြင်တော့မှန်း သဘောပေါက်သွားခဲ့တယ်၊ အင်အား ချိန်ခွင်လျှာ ကို သူတို့ ပြန်ဆန်းစစ်ကြည့်တယ်၊ ဒီထက်ကြာကြာ စစ်ဆက်တိုက်နိုင်တဲ့ အနေအထား မရှိတော့ဘူးလို့ သူတို့ ကောက်ချက်ချခဲ့ကြတယ်။

အစပိုင်းမှာ ဖုံးမိုးတွေ သည်းထန်ခဲ့ပေမဲ့ အီရန်ဘက်က တောင့်ခံပြီး ထိုးစစ်ပြန်ဆင်နိုင်ခဲ့တယ်၊ အစ္စရေးကို ဒုံးကျည်တွေနဲ့ တဖွဲဖွဲ ပြန်ထုနိုင်ခဲ့ တယ်။ ယိုပေါက် လုံးဝ မရှိဘူးလို့ ယူဆထားကြတဲ့ Iron Dome ဆိုတာကြီး ကို အီရန် ပစ်လိုက်တဲ့ ဒုံးကျည်တွေက စတင် ထိုးဖောက်လာခဲ့တယ်။

အီရန်ဘက်မှာ နှစ်ရှည်လများ စုဆောင်းထားတဲ့ ဒုံးတွေ တပြုံတမကြီး ရှိပေမဲ့ အစ္စရေးနဲ့ အီရန်ဘက်မှာ စစ်ပွဲ တာရှည်သွားရင် လာသမျှ ဒုံးကျည် တွေကို ပစ်ချဖို့ မဖြစ်နိုင်တော့ဘူး၊ သူတို့ဘက်မှာ လေကြောင်း ကာကွယ်ရေး ဒုံးကျည် အင်အားက များများစားစား မကျန်တော့ဘူး။

ဒါ့ကြောင့် ၂၀၂၅ ဇွန်လ စစ်ပွဲကို အဆုံးသတ်ဖို့ ဒေါ်နယ်ထရမ့် ဆုံးဖြတ် ခဲ့တာပဲ၊ အဆုံးမသတ်ဘဲ ဆက်တိုက်ရင် အန္တရာယ် အလွန်ကြီးမှန်း သူ သဘောပေါက်တယ်။ ဒါ့ကြောင့် နောင်မှာ ၁၂ ရက် စစ်ပွဲလို့ ခေါ်တဲ့ အဲဒီ တိုက်ခိုက်မှုတွေကို သူ ရပ်တန့်ခိုင်းခဲ့တာပဲ။

ဒီကနေ့ အနေအထားက ဘယ်လို ရှိသလဲ။

ယူအက်(စ်)က ဒေသတွင်းမှာ ဖြုံသွားလောက်စရာ စစ်အင်အားတွေ ချထားတယ်၊ အလွန်အားကောင်းတဲ့ ယူအက်(စ်) ရေတပ်နဲ့ ကျားကန်ပေး ထားသေးတယ်။

သို့သော် မြင်သာတဲ့ ဒီအင်အားဟာ အောက်ခံ အားနည်းချက်ကို ဖုံးထား တယ်။ ဒီအားနည်းချက်က အသစ်အဆန်း မဟုတ်ပေမဲ့ စစ်ဆင်ရေးကြီး တခုလုံးအတွက် အလွန် ကြီးလေးတဲ့ အန္တရာယ် ဖြစ်ပါတယ်။

မကြာသေးခင်ကတင် အမေရိကန် သမ္မတက ယူအက်(စ်) စစ်တပ်နဲ့ စီအိုင်အေ ခေါင်းဆောင်တွေနဲ့ အစည်းအဝေး လုပ်ခဲ့တယ်။ အီရန်ကို တိုက်ရင် အောင်ပွဲ ရနိုင်ချေ များသလား၊ ဘယ်လို အန္တရာယ်တွေ ရှိလာနိုင် သလဲလို့ သူတို့ကို ဒေါ်နယ် ထရမ့် မေးခဲ့တယ်။

အစည်းအဝေးကို လျှို့ဝှက်ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်၊ ဒါပေမဲ့ စာနယ်ဇင်း တွေဆီ ပေါက်ကြားလာတဲ့ အချက်အလက်တွေအရ အကဲဖြတ်ရရင် သူရရှိ တဲ့ အဖြေတွေနဲ့ ပတ်သက်လို့ ဒေါ်နယ်ထရမ့် မကျေနပ်ပါဘူး။ အစည်းအဝေး တက်လာတဲ့ ဘယ်အကြီးအကဲကမှ အောင်ပွဲ သေချာပေါက် ရမယ်လို့ ဒေါ်နယ် ထရမ့်ကို အာမ,မခံနိုင်ကြဘူး။ ဒါ့အပြင် ပြီးခဲ့တဲ့ နှစ်က စစ်ပွဲလို မြန်မြန်ဆန်ဆန်နဲ့ လွယ်လင့်တကူ အဆုံးသတ်နိုင်လိမ့်မယ်လို့လဲ သူတို့ မပြောနိုင်ဘူး။

ဒါတင် မကသေးဘူး၊ အမေရိကန် စစ်တပ်ဘက်က ဆုံးရှုံးမှုတွေ ကြုံရနိုင်တယ်၊ ဒီလို စစ်ပွဲမျိုးမှာ အင်မတန် ပြင်းထန်တဲ့ ဆုံးရှုံးမှုတွေတောင် ရင်ဆိုင်ရနိုင်တယ်လို့ ထပ်လောင်း ပြောခဲ့ကြသေးတယ်။

သဘောထား စစ်တမ်းတွေမှာ ထောက်ခံမှု များများရဖို့ စိတ္တဇ အစွဲလွန် နေတဲ့ လူတယောက်အဖို့ သူကြားချင်တာ ဒီအဖြေတွေ မဟုတ်ဘူး။ စာနယ် ဇင်း ရီပို့တွေအရ သမ္မတဟာ အစည်းအဝေးကနေ ဒေါသတကြီး ပေါက်ကွဲ ထွက်လာသတဲ့။

ဒီအစီရင်ခံချက်တွေကြောင့် ဒေါ်နယ်ထရမ့် ခဏရပ်ပြီး စဉ်းစားသင့် တယ်။ သို့သော် မစ္စတာ ထရမ့်ဟာ လေးလေးနက်နက် စဉ်းစားတာမျိုး လုပ်လေ့မရှိသူ ဖြစ်တယ်။ ဒါနဲ့ ပြောင်းပြန်ပဲ၊ သူဟာ ရုတ်တရက် ပေါ်လာတဲ့ စေ့ဆော်အားတွေ၊ ဗီဇစိတ်တွေနဲ့ မောင်းနှင်နေတဲ့ လူတယောက်နဲ့ ပိုတူ တယ်။ ဘယ်အကြောင်းအရာမဆို (အထူးသဖြင့် သူ့မှာ ထင်မြင်ချက် ခိုင်ခိုင်မာမာ ရှိပြီးသား အကြောင်းအရာတွေအပေါ်) သူနဲ့ နောက်ဆုံး စကားပြောခဲ့သူက သူ့အပေါ် ဩဇာ သက်ရောက်သွားတာပဲ။ အဲဒီလို အကြောင်းအရာတွေထဲမှာ အီရန်လဲ ပါတယ်၊ ဒီနိုင်ငံအပေါ် အရိုးစွဲနေတဲ့ ရာသက်ပန် မုန်းတီးမှုကို သူဘယ်လိုမှ မဖုံးဖိထားနိုင်ဘူး။

ဒီမနက် အီရန်ကို အမေရိကန်က တိုက်ခိုက်နေချိန် ထုတ်ပြန်လိုက်တဲ့ အံ့အားသင့်စရာ ထုတ်ပြန်ချက်ထဲမှာ မကောင်းဆိုးဝါး အီရန်တို့ အပြစ်မဲ့ ယူအက်(စ်) နိုင်ငံသားတွေအပေါ် နှစ်ပေါင်းများစွာ ကျူးလွန်ခဲ့တယ်လို့ စွပ်စွဲထားတဲ့ ရာဇဝတ်မှုတွေ တသီကြီး ဒေါ်နယ်ထရမ့် ထည့်ပြောထားတယ်။


“ထဲရန်းက ယူအက်(စ်) သံရုံးကို အကြမ်းဖက် စီးနင်းပြီး ဒါဇင်နဲ့ချီတဲ့ အမေရိကန်တွေကို ဓားစာခံတွေအဖြစ် ၄၄၄ ရက်ကြာ ဖမ်းဆီးထားတယ်”လို့ သူ စရွတ်ပါတယ်။ သူပြောနေတဲ့ ဖြစ်ရပ်က ၁၉၇၉ ခုနှစ် နိုဝင်ဘာ ၄ ရက်နေ့ မှာ ဖြစ်ခဲ့တာ၊ ရဲရဲတောက် အီရန် ကျောင်းသားတွေ အမေရိကန် သံရုံးကို ဝင်စီးခဲ့တဲ့ ဖြစ်စဉ်။

သဘောက လွန်ခဲ့တဲ့ ရာစုနှစ် တဝက်လောက်က ဖြစ်ရပ်တခုပဲ။ သို့သော် အိမ်ဖြူတော်ထဲက လူကတော့ မနေ့တနေ့က ဖြစ်သွားခဲ့သလိုလို ပုံဖော်နေတယ်။ သေချာပါတယ်၊ ဒီဖြစ်ရပ်က လည်ချောင်းထဲ စိုက်နေတဲ့ ငါးရိုးလို ၁၉၇၉ ကတည်းက သူ့စိတ်ထဲ ကိန်းအောင်းနေခဲ့တာ။

ဒီနောက် သူ့စာရင်းကို အဆုံးသတ်ရင်း အောင်မြင်ခံ့ညားစွာ ထပ်ပြော လိုက်တယ် - “အောက်တိုဘာ ၇ တုန်းက အစ္စရေးကို စက်ဆုပ်ဖွယ် တိုက်ခိုက်မှုတွေ လုပ်ခဲ့တာလဲ အီရန်ရဲ့ ပရောက်စီ ဟမား(စ်) အဖွဲ့ပဲ"။

စီအိုင်အေကိုယ်တိုင် ဒီတိုက်ခိုက်မှုက အီရန်နဲ့ ဘာမှ မသက်ဆိုင်ဘူး၊ အီရန်ဘက်က ကြိုသိမထားသလို ပါဝင်ခဲ့ခြင်း မရှိဘူးလို့ အတိအလင်း ဆိုထားတဲ့ အစီရင်ခံစာ ထုတ်ပြန်ခဲ့ဖူးတယ်၊ ဒေါ်နယ်ထရမ့်ကတော့ ဒီအချက် ကို ခပ်လွယ်လွယ်ပဲ လစ်လျူရှုလိုက်တယ်။

ဇာတ်လမ်းကောင်း တပုဒ်ကို အချက်အလက်တွေက ဖျက်ဆီးပစ်လိုက် လို့ ဘယ်ဖြစ်မလဲ။ အမေရိကန် သမ္မတရဲ့ ဂနာမငြိမ်တဲ့ ဦးနှောက်ထဲမှာတော့ အီရန်ဟာ ကမ္ဘာပေါ်က ဂြိုဟ်ဆိုးတကောင်၊ ထုတ်မပြောရဲလောက်စရာ ရာဇဝတ်မှုတွေ တသီကြီး ကျူးလွန်ထားတဲ့ အကြမ်းဖက် အစိုးရ၊ အရှေ့




အီရန်ဘက်မှာ နှစ်ရှည်လများ စုဆောင်းထားတဲ့ ဒုံးတွေ တပြုံတမကြီး ရှိပေမဲ့ အစ္စရေးနဲ့ အီရန်ဘက်မှာ စစ်ပွဲ တာရှည်သွားရင် လာသမျှ ဒုံးကျည် တွေကို ပစ်ချဖို့ မဖြစ်နိုင်တော့ဘူး၊
သူတို့ဘက်မှာ လေကြောင်း ကာကွယ်ရေး ဒုံးကျည်အင်အားက များများစားစားမကျန်တော့ဘူး။
ဒါ့ကြောင့် ၂၀၂၅ ဇွန်လ စစ်ပွဲကို အဆုံးသတ်ဖို့ ဒေါ်နယ်ထရမ့် ဆုံးဖြတ်ခဲ့တာပဲ၊

အလယ်ပိုင်းက ကသောင်းကနင်းတွေ ပြဿနာတွေ အားလုံးရဲ့ ဇာစ်မြစ်၊ ယူအက်(စ်) လုံခြုံရေးအတွက် ခြိမ်းခြောက်မှု ဖြစ်လာတယ်။

ဒါဆို အတော်လေး ထူးခြားတဲ့ ဇာတ်ညွှန်းတခု ရပြီ။ အိမ်ဖြူတော်ထဲ ရောက်နေတဲ့လူ သိပ်ကြိုက်တဲ့ ရုပ်မြင်သံကြား ဒရမ်မာ ဇာတ်လမ်းမျိုး အတွက် အလွန် သင့်တော်တဲ့ ဇာတ်ညွှန်းတခု ဖြစ်လာလိမ့်မယ်။

သို့သော် တကယ့် လက်တွေ့မှာ ဒီလို ဒရမ်မာတွေနဲ့ အမှန်တရားကြား ဆက်ဆံရေးက သေးမျှင်လွန်းပါတယ်။ အဲဒီလို ဒရမ်မာတွေက အမှန်တရားကို ဦးစောက် ပြောင်းပြန်လှန်ထားတာက ခပ်များများ။

ပြီးခဲ့တဲ့ ဆယ်စုနှစ်တွေမှာ ကမ္ဘာတဝှမ်း စစ်ပွဲတွေ၊ ကသောင်းကနင်း ဖြစ်မှုတွေ၊ သေဆုံးမှုနဲ့ ဖျက်ဆီးမှုတွေအတွက် အဓိကအကျဆုံး လက်သည် တရားခံ အစိုးရကို လက်ညှိုးထိုးပြပါဆိုရင် အမေရိကန် ပြည်ထောင်စုကို တည့်တည့်ကြီး ထိုးပြရလိမ့်မယ်၊ အီရန် မဟုတ်ဘူး။

ဒီလို ပြောလို့ ထဲရန်းက မူလာ အစိုးရ ကျူးလွန်ထားတဲ့ ရာဇဝတ်မှုတွေကို မျက်ကွယ်ပြုလိုစိတ် အလျဉ်း မရှိပါဘူး။ သို့သော် ယူအက်(စ်) နယ်ချဲ့စနစ် ကျူးလွန်ထားတဲ့ လူအမြောက်အမြား သေကြေစေသော အကြမ်းဖက်မှုတွေ၊ တရားမဲ့ စစ်ပွဲတွေနဲ့ ရန်စတိုက်ခိုက်မှုတွေ၊ သတ်ဖြတ်မှုတွေ၊ ဖျက်ဆီးမှုတွေနဲ့ နှိုင်းယှဉ်ရင် အီရန် အစိုးရရဲ့ ရာဇဝတ်မှုတွေက မထင်မရှား ဖြစ်သွားလောက်အောင် သေးကျုံ့သွားတယ်။

အရှေ့အလယ်ပိုင်း ဒေသကြီးမှာ ကသောင်းကနင်း ဖြစ်ရပ်တွေ၊ အကြမ်းဖက် လုပ်ရပ်တွေနဲ့ စစ်ပွဲ အများစုကို ဖြစ်စေခဲ့တဲ့ အဓိက လက်သည်ကို ရှာမယ်ဆိုရင် အပြစ်သား တရားခံဟာ အမေရိကရဲ့ အဓိက မဟာမိတ်လဲဖြစ်၊ ဒေသတွင်း ပရောက်စီလဲဖြစ်တဲ့ အစ္စရေးပဲ။

ဝါရှင်တန်က အစ္စရေး အစိုးရကို အရှေ့အလယ်ပိုင်း ဒေသမှာ နှစ်ပေါင်းများစွာ စိတ်ကြိုက် ကျူးကျော် နယ်ချဲ့ခွင့် အပြည့် ပေးထားခဲ့တယ်။

အစ္စရေး အစိုးရကို လက်နက်မျိုးစုံ တပ်ဆင်ပေးထားပြီး စီးပွားရေးကိုလဲ ကျားကန်ပံ့ပိုးပေးထားတယ်၊ ဒါ့ကြောင့် အစ္စရေး နိုင်ငံတော်ဟာ ကျူးကျော်ရေး ရည်မှန်းချက်တွေကို နောက်ဆံမတင်းဘဲ အပြည့်အဝ လုပ်ခွင့်ရနေခြင်း ဖြစ်တယ်။

ဂါဇာ ပြည်သူတွေအပေါ် အစ္စရေး ကျူးလွန်ထားတဲ့ ဂျန်နိုဆိုက် စစ်ပွဲနဲ့ အနောက် ကမ်းပါးက ပါလက်စတိုင်းတွေအပေါ် အစ္စရေးရဲ့ စက်ဆုပ်ဖွယ် ဖိနှိပ်မှုတွေကို ဘေးဖယ်ထားမယ်ဆိုရင်တောင် အစ္စရေးဟာ အိမ်နီးချင်း တိုင်းပြည်တွေအပေါ် တမင်ရန်စ ကျူးကျော်စစ်တွေ မပြတ်လုပ်ခဲ့တာ တွေ့ရမယ်။ အဲဒီလို အစ္စရေး ကျူးကျော်စစ် ဆင်နွှဲနေတဲ့အထဲမှာ လက်ဘနွန်၊ ဆီးရီးယား၊ ယီမင်၊ အီရတ်နဲ့ နောက်ဆုံး ဆိုပေမဲ့ အရေးသိပ်ကြီးတဲ့ အီရန်တို့ ပါဝင်တယ်။

အမေရိကန်နဲ့ လက်တွဲဖော် ရာဇဝတ်သား အစ္စရေးတို့ အီရန်ကို ကျူးကျော် တိုက်ခိုက်လိုက်တဲ့ ဒီစစ်ပွဲဟာ စစ်ဘီလူး ဘန်ဂျမင် နတန်ညာဟုရဲ့ ရန်စ ကျူးကျော်ရေး ပေါ်လစီတွေကနေ တိုက်ရိုက် ထွက်ပေါ်လာတဲ့ အဆက်ပဲ။ နတန်ညာဟုဟာ အစ္စရေး ပြည်တွင်းက ပြည်သူတွေရဲ့ ကြီးမားတဲ့ မကျေနပ်ချက်ကို ရင်ဆိုင်နေရသူ ဖြစ်တယ်၊ ဒီအခြေအနေကို ထိန်းသိမ်းဖို့ အသည်းအသန် ကြိုးစားနေရတဲ့ စစ်ဘီလူး တယောက်လဲ ဖြစ်တယ်။

အီရန်ကို စစ်ကြေညာဖို့ နတန်ညာဟုက ထရမ့်ကို ဖိအားပေးတာမျိုး သေချာပေါက် ရှိခဲ့လိမ့်မယ်။ ဒေါ်နယ်ထရမ့်အနေနဲ့ ရန်လိုတဲ့ စကားတွေ ဘယ်လိုပဲ ပြောနေပါစေ၊ အီရန်က ယူအက်(စ်)အဖို့ ဘာအန္တရာယ်မှ မရှိဘူး ဆိုတာ အများပြည်သူ သိပြီးသား ကိစ္စပဲ။

အမှန်တော့ လက်ရှိ အီရန်ဟာ အစ္စရေးအတွက်လဲ ဘာလက်ငင်း အန္တရာယ်မှ မရှိဘူး၊ အရှေ့အလယ်ပိုင်းက ဘယ်တိုင်းပြည်ကိုမှ ရန်ပြုနေခြင်း မရှိဘူး။ အီရန်ဟာ စစ်မီးမွှေးလိုတဲ့ အကြမ်းဖက် လုပ်ကြံရေး အစိုးရ ဖြစ်ဖို့ ဝေးစွ၊ စစ်ပွဲကို ရှောင်ရှားပြီး ယူအက်(စ်)နဲ့ ငြိမ်းချမ်းရေး လုပ်ဖို့သာ အစွမ်းကုန် အားထုတ်ခဲ့တယ်။ လက်ရှိ စစ်ပွဲရဲ့ အကြောင်းတရားတွေကို ထဲရန်းမှာ ရှာရမှာ မဟုတ်ဘူး၊ ဝါရှင်တန်နဲ့ ဂျေရုဆလင်မှာ ရှာရမယ်။

## အမေရိကရဲ့ စစ်ပွဲ ရည်မှန်းချက်က ဘာတွေလဲ

ဘယ်စစ်ပွဲမှာမဆို စစ်တိုက်နေတဲ့ ပါဝါတွေမှာ စဉ်းစားချက် နှစ်ခု အခိုင်အမာ ရှိရမယ် - ဒီစစ်ပွဲမှာ သူတို့ရဲ့ ရည်မှန်းချက်တွေက ဘာလဲ၊ သူတို့ မျှော်မှန်းထားတဲ့ နောက်ဆုံး ရလဒ်က ဘာလဲ။

အဲဒီလို ရှင်းလင်းတဲ့ ရည်မှန်းချက်တွေ မရှိဘူးဆိုရင် အဆုံးမရှိတဲ့ နောက်ဆက်တွဲ ရှုပ်ထွေးမှုတွေ၊ ပဋိပက္ခတွေနဲ့ နောက်ဆုံးမှာ အရေးနိမ့်တဲ့အထိ ဖြစ်သွားနိုင်တယ်။

ဒေါ်နယ်ထရမ့်ကတော့ လမ်းပေါ်မှာ ဦးတည်ရာမဲ့ သိုင်းကွက်နင်းလျှောက်သွားနေတဲ့ အမူးသမားတယောက်လို ဒီစစ်ပွဲထဲ ဒယိမ်းဒယိုင်နဲ့ ဝင်ရောက်လာပုံရတယ်။ သူ ဘယ်ကို သွားနေမှန်း ရှင်းရှင်းလင်းလင်း သိပုံမရဘူး။

ဒီပုဂ္ဂိုလ်ရဲ့ လုပ်နည်းလုပ်ဟန်က စိတ်လိုက်မာန်ပါ ထလုပ်တတ်တဲ့ နည်းပဲ ဖြစ်မယ်။ သို့သော် စစ်ပွဲ ဖြစ်လာရင် ဒီလို လုပ်ဟန်က ကောင်းကျိုးမပေးဘူး။

စစ်အင်အား အလုံးအရင်း အသုံးပြုလိုက်ရင် လိုချင်တဲ့ ရလဒ်ကို အချိန်တိုအတွင်း ပြီးမြောက်နိုင်တယ်လို့ သူ ထင်နေပုံပဲ။ ရေရှည် စစ်မခင်းရအောင် နည်းမျိုးစုံသုံးပြီး သူ ရှောင်ကွင်းပါလိမ့်မယ်၊ သူ ဘာ့ကြောင့် ရှောင်ကွင်းချင်သလဲ ဆိုတဲ့ အကြောင်းတရားတွေကို နောက်ပိုင်းမှာ ကျနော်တို့ ဆွေးနွေးသွားပါမယ်။

ဒါပေမဲ့ အဓိက ရည်မှန်းချက်က ဘာဖြစ်မလဲ။ ဒီအချက်ကို ဘယ်တုန်းကမှ ရှင်းရှင်းလင်းလင်း မပြောခဲ့ဘူး။ တိတိကျကျ ပြောရရင် ရည်မှန်းချက်တွေ တခုပြီး တခု ပြောင်းနေခဲ့တယ်။

မကြာသေးခင်က ဖြစ်ပွားခဲ့တဲ့ အီရန် အစိုးရ ဆန့်ကျင်ရေး လူထုဆန္ဒပြပွဲတွေမှာ ဆန္ဒပြသူတွေကို အကြမ်းဖက် နှိပ်ကွပ်တာတွေ လုပ်လာရင် စစ်ရေးနည်းနဲ့ အရေးယူသွားမယ်လို့ ဒေါ်နယ်ထရမ့် ခြိမ်းခြောက်ခဲ့တယ်။

ကြိုတင်ခန့်မှန်းထားသလိုပဲ အကြမ်းဖက် နှိပ်ကွပ်မှုတွေ ဖြစ်ခဲ့တယ်၊ ဆန္ဒပြ ပြည်သူတွေ အမြောက်အမြား အသတ်ခံခဲ့ရတယ်။ ဒေါ်နယ်ထရမ့် ပြောတဲ့ ကိန်းဂဏန်းတွေက ဖောင်းပွနေတာ သေချာတယ်၊ တကယ် အသတ်ခံခဲ့ရတဲ့ အရေအတွက် အမှန်ကို သူလဲ မသိသလို တခြား ဘယ်သူမှ အတိအကျ မပြောနိုင်ဘူး။

ဘယ်လိုပဲဖြစ်ဖြစ် အခု အီရန်ကို ယူအက်(စ်)က စစ်ခင်းနေတာဟာ ဒီနှိပ်ကွပ်မှုတွေနဲ့ ဘာမှ မဆိုင်ဘူး၊ ဆန္ဒပြပွဲတွေ ဖြစ်နေတုန်းကရော၊ ဖြစ်ပြီးတဲ့ နောက်ရက်ပိုင်းတွေမှာပါ ဒေါ်နယ်ထရမ့်ဘက်က ဘာလှုပ်ရှားမှုမှ မရှိခဲ့ဘူး။ အခုဆို ဆန္ဒပြပြည်သူတွေ အသတ်ခံရတဲ့ ကိစ္စတခုလုံးကို သူတို့ လွှတ်ချလိုက်ပြီ၊ စကားထဲတောင် ထည့်မပြောသလောက်ပဲ။

ဆန္ဒပြ ပြည်သူတွေရဲ့ ကြမ္မာဟာ အမေရိကန် သမ္မတရဲ့ ဦးစားပေးစာရင်းမှာ မရှိဘူး ဆိုတာ ထင်ရှားပါတယ်။ အခုဆိုရင် ဆန္ဒပြ ပြည်သူတွေ လမ်းပေါ်မထွက်ဘဲ အိမ်ထဲ နေဖို့ သူပြောနေပြီ၊ မနေလို့ အပြင်ထွက်လာရင် သူတို့ အသတ်ခံရမယ်၊ အီရန် အစိုးရက သတ်မှာ မဟုတ်ဘူး၊ သူတို့ကို ကယ်ဆယ်ဖို့ လွှတ်လိုက်တဲ့ အမေရိကန် ဗုံးတွေကြောင့် သေကုန်မှာ။

သူတို့ပြောတဲ့ တခြား ရည်မှန်းချက်တွေကတော့ အီရန်ရဲ့ တာဝေးပစ် ဒုံးတွေကို ရှင်းပစ်ဖို့ပဲ။ မကြာသေးတဲ့ နှစ်အပိုင်းအခြားအတွင်း အီရန်ဟာ တာဝေးပစ် ဒုံးတွေ သိသိသာသာ စုဆောင်းထားခဲ့တယ်။

စေ့စပ်ရေး ကာလတလျှောက် ဒီလို တောင်းဆိုချက်မျိုး အီရန်ဘက်က လက်သင့်ခံစရာ အကြောင်းမရှိဘူး၊ ဒီတောင်းဆိုချက်ကိုသာ လိုက်လျောလိုက်ရင် အစ္စရေးရဲ့ ရန်လို တိုက်ခိုက်မှုတွေရှေ့ လည်စင်းခံရုံပဲ ရှိတော့မယ်။ သူတို့ တောင်းဆိုချက်က အီရန်တွေကို ဆူဆိုက်(ဒ်)လုပ်ခိုင်းတဲ့ သဘောပဲ။

ဒီအချက်ကို အီရန်ဘက်က ဘယ်တော့မှ မလိုက်လျောနိုင်သလို အမေရိကန်နဲ့ အစ္စရေးဘက်ကလဲ အီရန်ကို စစ်ရေးနည်းနဲ့ ဖျက်ဆီးပစ်ဖို့ ဘယ်တော့မှ မလုပ်နိုင်ဘူး။ ဒီတော့ ဒီရည်မှန်းချက်ဟာ လက်တွေ့ ဖြစ်နိုင်တဲ့ စစ်ပွဲ ရည်မှန်းချက် မဟုတ်ဘူး။

အီရန်အနေနဲ့ ဒေသတွင်း သူ့မဟာမိတ်တွေကို ထောက်ပံ့နေတာတွေ ဖြတ်တောက်ပစ်ရမယ် ဆိုတဲ့ တောင်းဆိုချက်ကလဲ ဒီသဘောပဲ။ အီရန်ရဲ့ မဟာမိတ်တွေ ဆိုတာ ဂါဇာက ဟမား(စ်)၊ လက်ဘနွန်က ဟစ်(ဇ်)ဘိုလာနဲ့ ယီမင်က ဟူသီတို့ကို ရည်ညွှန်းခြင်း ဖြစ်တယ်။ အီရန်ဘက်က ဒီမဟာမိတ်တွေရဲ့ အကူအညီကို အရေးတကြီး လိုအပ်နေချိန်မှာ ဒေသတွင်းက မဟာမိတ်တွေကို စွန့်ပစ်ဖို့ သူတို့ တောင်းဆိုနေတာပဲ။ ဒီတော့ ဒီတောင်းဆိုချက်လဲ အလိုလို ပယ်ပြီးသား ဖြစ်သွားတယ်။



အီရန်က သူ့နျူကလီယာ ပရိုဂရမ် တခုလုံးကို စွန့်ပစ်ရမယ်လို့ တောင်းဆိုနေတာလဲ ဘယ်လိုမှ လက်ခံနိုင်စရာ မရှိဘူး။

အချုပ်အခြာ အာဏာပိုင် ဘယ်လို နိုင်ငံက အဲဒီလို တောင်းဆိုချက်မျိုးကို လက်သင့်ခံမှာလဲ။ ဒီတောင်းဆိုချက်ဟာ နိုင်ငံတခုရဲ့ အခြေခံအကျဆုံး အခွင့်အရေးတွေကို ငြင်းပယ်ရာ ရောက်သွားပြီ။

ဒီတော့ နောက်ဆုံး သတ္တုချလိုက်ရင် တိကျပြတ်သားတဲ့ ရည်မှန်းချက် တခုပဲ ကျန်တော့တယ်။ အခုတော့ ဒီရည်မှန်းချက်ကို အမေရိကန် သမ္မတ ကိုယ်တိုင် ဖြောင့်ဝန်ခံထားပြီး ဖြစ်ပါတယ် -

ယူအက်(စ်)ရဲ့ အဓိက (အမှန်တော့ တခုတည်းသော) စစ်ပွဲ ရည်မှန်းချက်က *အီရန်မှာ မင်းပြောင်းမင်းလွှဲ လုပ်ဖို့ပဲ။*

တကယ်တော့ အီရန် အစိုးရကို ဖြိုချရေးဟာ တလျှောက်လုံး သူတို့ ကိုင်စွဲလာတဲ့ ရည်ရွယ်ချက် အမှန်ပဲ။ အစ္စရေးနဲ့ အမေရိကန် နယ်ချဲ့ အာဏာပိုင် အဝန်းအဝိုင်းက ဒီလို ဖြိုချဖို့ ကြံနေတာ ကြာခဲ့ပြီ။

ပြီးခဲ့တဲ့ ၁၂ ရက်ကြာ စစ်ပွဲတုန်းက အစ္စရေးရဲ့ ကနဦး တိုက်ခိုက်မှုတွေဟာ ထဲရန်းက အစိုးရကို ခေါင်းပိုင်း ပစ်ချတဲ့ နည်းနဲ့ ဖျက်ဆီးပစ်ဖို့ ကြိုးပမ်းတဲ့ သဘောပဲ။ ထင်ရှားတဲ့ အီရန် စစ်တပ် အကြီးအကဲ တော်တော်များများကို သူတို့ သတ်ပစ်နိုင်ခဲ့တယ်။ ဒါပေမဲ့ အစိုးရ ခေါင်းပိုင်းကို ဖြတ်ပစ်ရေး ရည်မှန်းချက်ကတော့ လုံးဝ မအောင်မြင်ခဲ့ပါဘူး။

အီရန် အစိုးရက တောင့်ခံနိုင်ခဲ့တယ်၊ ဒါ့အပြင် ဒုံးကျည် ထိုးစစ် ပြန်ဆင်ပြီး အစ္စရေးကို အကျပ်ဆိုက်သွားစေခဲ့တယ်။ ဒါ့ကြောင့်ပဲ အဲဒီအချိန်မှာ စစ်ရပ်စဲဖို့ ဒေါ်နယ် ထရမ့် ဆုံးဖြတ်ခဲ့တာပဲ။

အခုလဲ သမိုင်းတကျော့ ပြန်လည်လာပြီ ထင်ရတယ်။ ဒါပေမဲ့ ဒီတချီ အခြေအနေတွေက အရင်နဲ့ မတူဘူး၊ လုံးဝ ခြားနားသွားပြီ။ ဒီတော့ အဆုံးသတ် ရလဒ်ကလဲ အရင် တချီနဲ့ ကွဲပြားသွားနိုင်တယ်။

## အီရန် ခေါင်းဆောင်တွေကို ပစ်မှတ်ထား တိုက်ခိုက်ခြင်း

ဂြိုဟ်တု ဓာတ်ပုံ မှတ်တမ်းတွေအရ အီရန်ရဲ့ အမြင့်ဆုံး ခေါင်းဆောင် အလီ ခါမေနီ နေထိုင်တဲ့ အဆောက်အဦလဲ အလုံးစုံ ဖျက်ဆီးခံထားရပုံရတယ်။ ဒီစာကို ရေးနေချိန်မှာတော့ အဲဒီ ခြံဝန်းထဲ ခါမေနီ ရှိနေခဲ့သလား ဆိုတာ အတိအကျ မသိရပါဘူး။ အစ္စရေးနဲ့ အမေရိကန်တို့ဟာ အီရန် အစိုးရရဲ့ ထိပ်သီး ခေါင်းဆောင်တွေကို ပစ်မှတ်ထား တိုက်ခိုက်နေတာကတော့ သေချာတယ်။

*(မြန်မာပြန်သူ၏ မှတ်ချက်။ ။ မူရင်းဆောင်းပါးကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့က marxist.com မှာ ဖော်ပြထားခြင်း ဖြစ်ပါတယ်။ အဲဒီတုန်းက ခါမေနီ သေဆုံးကြောင်း သတင်းတွေ ထွက်မလာသေးပါဘူး)။*

ဒီအတောအတွင်းမှာပဲ အစ္စရေး အစိုးရဘက်ကတော့ အီရန် IRGC တပ်ဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် Mohammad Pakpour ကို ဒီမနက် လေကြောင်း တိုက်ခိုက်မှုတွေမှာ ရှင်းပစ်လိုက်နိုင်ပြီလို့ ထုတ်ပြောထားပါတယ်။ သူနဲ့အတူ အီရန် ထောက်လှမ်းရေး အကြီးအကဲနဲ့ ကာကွယ်ရေး ဝန်ကြီးတို့လဲ အသတ်ခံထားရပါတယ်။

သို့သော် ဖေဖော်ဝါရီ ၂၈ ရက် (ဒီစာကို ရေးနေချိန်မှာတော့) ဒီထုတ်ပြန်ချက်တွေကို အတည်ပြုနိုင်ခြင်း မရှိသေးဘူး။

**အီရန်ဘက်မှာ ထိခိုက် သေဆုံးမှုတွေ များလာတဲ့ အချက်ကြောင့် အမေရိကန် တိုက်ခိုက်မှုက မကြာခင် မင်းပြောင်းမင်းလွှဲ ဖြစ်သွားစေလိမ့်မယ်လို့ ယူဆရင် လွဲလိမ့်မယ်။**

image – the Washington Post

တချိန်တည်းမှာပဲ အီရန်မှာ အရပ်သား ပြည်သူ ထိခိုက် သေဆုံးမှု စာရင်းတွေ တိုးပြီးရင်း တိုးလာနေတယ်။

အစ္စရေးရဲ့ လေကြောင်း တိုက်ခိုက်မှုကြောင့် အီရန် တောင်ပိုင်း Hormozgan ပြည်နယ် Minab မြို့က မိန်းကလေး စာသင်ကျောင်းက ကျောင်းသူ ၈၀ ကျော် သေဆုံးသွားခဲ့ရတယ်။ အခုလို ထိခိုက် သေဆုံးမှု စာရင်းတွေ များပြားလာတာနဲ့အမျှ အီရန် ပြည်သူတွေရဲ့ နာကျည်း ဒေါသစိတ်တွေ တိုးပွားလာဖို့သာ ရှိပါတယ်။

အခုလို အီရန်ဘက်မှာ ထိခိုက် သေဆုံးမှုတွေ များလာတဲ့ အချက်ကြောင့် အမေရိကန် တိုက်ခိုက်မှုက မကြာခင် မင်းပြောင်းမင်းလွဲ ဖြစ်သွားစေလိမ့်မယ်လို့ ယူဆရင် လွဲလိမ့်မယ်။ အီရန် ပြည်သူ အများစုကြီးက အီရန် အစိုးရကို မုန်းတီးတာ အမှန်ပဲ၊ သို့သော် ယူအက်(စ်) နယ်ချဲ့နဲ့ အစ္စရေးအပေါ် သူတို့ရဲ့ မုန်းတီးမှုက အဆမတန် ပိုကြီးမားပါတယ်။

ဒီတော့ အစ္စရေး ယူအက်(စ်) နယ်ချဲ့တွေကို သူတို့ဘ၀ လွတ်မြောက်စေသူတွေအဖြစ် သဘောထားနိုင်မှာ မဟုတ်ဘူး။ အဲဒီလို မြင်စရာ အကြောင်းလဲ မရှိပါဘူး။

## အီရန်ဘက်က တုံ့ပြန်မှု

အီရန် လွှတ်တော်ရဲ့ အမျိုးသား လုံခြုံရေး ကော်မရှင် ဥက္ကဌ Ebrahim Azizi ကတော့ "စိစိညက်ညက် ဖြစ်သွားအောင်" ("crushing" response) အီရန်ဘက်က လက်တုံ့ပြန်သွားမယ်လို့ သတိပေးထားတယ်။ "ငါတို့ သတိပေးထားပြီးသား။ ဘယ်သောင် ဘယ်ကမ်း ဆိုက်မလဲ မရေရာတဲ့ လမ်းကြောင်းအတိုင်း မင်းတို့ လျှောဆင်းသွားကြပြီ" လို့ သူက ဆိုရှယ်မီဒီယာပေါ်မှာ ရေးသားခဲ့တယ်။

အမေရိကန်နဲ့ အစ္စရေးတို့ဘက်က တိုက်ခိုက်မှုတွေ စတင်ပြီး တနာရီ မကြာခင်မှာပဲ အီရန်ဘက်က ဒုံးကျည်တွေနဲ့ လက်တုံ့ပြန်လိုက်တယ်။ အစ္စရေး လေကြောင်း ကာကွယ်ရေး စနစ်က လာသမျှ ဒုံးတွေ ပစ်ချနေပေမဲ့ တဲလ်အဗီး၊ ဂျေရုဆလင်နဲ့ ဟိုင်ဖာတို့ အပါအ၀င် အစ္စရေး နိုင်ငံတ၀ှမ်း ပေါက်ကွဲသံတွေ ဆူညံသွားခဲ့တယ်။

အီရန်ဘက်က ယူအက်(စ်) စစ်အခြေစိုက် စခန်းတွေကို ဒုံးတွေနဲ့ လှမ်းထုခဲ့တယ်လို့ အစီရင်ခံစာတွေ တက်လာတယ်။ ဒီဒေသကြီး တခုလုံးမှာ ယူအက်(စ်) စစ်အခြေစိုက် စခန်းတွေက နေရာ အနှံ့ပဲ။ ကာတာ နိုင်ငံမှာရှိတဲ့ Al-Udeid လေတပ်စခန်း၊ ကူ၀ိတ်နိုင်ငံက Al-Salem လေတပ်စခန်း၊ ယူအေအီး နိုင်ငံက Al-Dhafra လေတပ်စခန်း၊ ဘာရိန်း နိုင်ငံက US Fifth Fleet ဌာနချုပ်တို့ တိုက်ခိုက်ခံလိုက်ရတယ်။ ဆော်ဒီအာရေးဘီယ နိုင်ငံက Riyadh မှာလဲ ပေါက်ကွဲသံတွေ ကြားခဲ့ရသေးတယ်။

ယီမင်က ဟူသီ အဖွဲ့ကလဲ မကြာခင်မှာ အစ္စရေးကို ဒုံးစစ်ဆင်ရေး ပြန်စတင်ဖို့ ရှိကြောင်း ကြေညာထားတယ်။ ဒီအချိန်မှာပဲ အီရန်ဘက်က ရပ်တည်တဲ့ အီရတ် အခြေစိုက် လက်နက်ကိုင် အဖွဲ့တခုကလဲ "အမေရိကန် စစ်အခြေစိုက် စခန်းတွေကို မကြာခင်မှာ လက်တုံ့ပြန် တိုက်ခိုက်သွားမယ်" လို့ ဆိုထားပါတယ်။

## အာရာမ၀င်တော့တဲ့ ဥရောပ

ကမ္ဘာ့ အရေးမှာ ဥရောပ အရာ မရောက်တော့ဘူးဆိုတာ ဒီဖြစ်ရပ်တွေက မီးမောင်းထိုးပြနေတယ်။ အမေရိကန်ရဲ့ စစ်ရေး စီမံကိန်းတွေနဲ့ ပတ်သက်လို့ ဥရောပ ခေါင်းဆောင်တွေကို တိုင်ပင်နှီးနှောခြင်း မရှိသလို ကြိုတင် အသိပေးခြင်းလဲ လုံး၀ မရှိခဲ့ဘူး။ Von der Leyen က အခုလို ညည်းညည်းညူညူ ပြောရှာတယ် -

> "အီရန်မှာ ဖြစ်ပျက်နေတာတွေက အလွန် စိုးရိမ်စရာကောင်းပါတယ်။ ဒေသတွင်းက မိတ်ဖက်တွေနဲ့ ကျနော်တို့ နီးနီးကပ်ကပ် ထိတွေ့ဆက်ဆံလျက် ရှိပါတယ်။ ဒေသတွင်း တည်ငြိမ်မှုနဲ့ လုံခြုံမှု ရရှိရေးကို ကျနော်တို့ ဦးလည်မသုန် ကြိုးပမ်း ဆောင်ရွက်လျက် ရှိကြောင်း အတည်ပြု ပြောကြားလိုပါတယ်။ နျူကလီယာ ဘေးကင်း လုံခြုံရေး အာမခံချက် ရှိရေး၊ ပဋိပက္ခ အရှိန်မြင့်တက်မသွားအောင် ကာကွယ်ရေး (သို့မဟုတ်) နျူကလီယာ လက်နက်တွေ တိုးချဲ့တပ်ဆင်ခြင်း မပြုဖို့ ကတိက၀တ်ပြုထားတဲ့ ကမ္ဘာ့စနစ် ယိုင်နဲ့မသွားအောင် ကာကွယ် တားဆီးရေးဟာ အလွန် အရေးကြီးပါတယ်။ ဘက်အသီးသီးက အတတ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်း လုပ်ကြဖို့၊ နိုင်ငံတကာ ဥပဒေကို အပြည့်အ၀ လေးစားကြဖို့ ကျနော်တို့ တိုက်တွန်းပါတယ်"။

ဗလာချည် အနှစ်မဲ့ စကားတွေချည်း အံထုတ်ထားတာ သက်သက်ပဲ။ ဘာအဓိပ္ပါယ်မှ မရှိဘူး။

သို့သော်လဲ ဥရောပ ခေါင်းဆောင်တွေ နှုတ်ဆိတ်နေချိန် အီရန်အပေါ် တိုက်ခိုက်မှုတွေဟာ နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ရာရောက်ကြောင်း၊ အကျပ်အတည်းကို သံတမန်ရေးနည်းနဲ့ ဖြေရှင်းသင့်ကြောင်း နော်ဝေ နိုင်ငံခြားရေး ၀န်ကြီးက ထပြောလိုက်တယ်။

ဒီအရေးအခင်းကို ဘယ်လို တုံ့ပြန်ရမလဲ မသိလောက်အောင် ဥရောပ ခေါင်းဆောင်တွေ ၀ါးအစည်းပြေသလို ဖြစ်နေကြောင်း လန်ဒန်က ထွက်လာတဲ့ ၀ိရောဓိ ထုတ်ပြန်ချက်တွေက မီးမောင်းထိုးပြနေတယ်။

"ကျယ်ပြန့်တဲ့ ဒေသတွင်း ပဋိပက္ခကြီးအဖြစ် စစ်အရှိန်တက်သွားမှာကို ကျနော်တို့ အလို မရှိဘူး" လို့ နာမည် ထုတ်မပြောတဲ့ ဗြိတိန် အစိုးရ ပြောရေး ဆိုခွင့်ရှိသူ တဦးက ကနဦး ထုတ်ပြန်ချက်မှာ ဆိုထားတယ်။

သို့သော် နောက်ပိုင်း ထုတ်ပြန်ချက်မှာ ၀န်ကြီးချုပ် စတားမားက အရှေ့အလယ်ပိုင်း ဒေသကို စစ်လေယာဉ်တွေ လွှတ်ပေးမယ်လို့ စကားဦးသန်းထားတယ်၊ (ဘာရည်ရွယ်ချက်နဲ့ လွှတ်ပေးမှာလဲ ဆိုတာတော့ ပြောရခက်သား)။

မည်သို့ပင်ဆိုစေ၊ ဒီကနေ့ ဥရောပ ခေါင်းဆောင်တွေ ဘာပြောသလဲ ဆိုတာကို ဘယ်သူမှ အထူးတလည် အာရုံစိုက် နားထောင်မနေဘူး။

## အခု ဘယ်လို ရှိသလဲ

စစ်ပွဲဆိုတာ အရှုပ်ထွေးဆုံး ပုစ္ဆာလို့ နပိုလီယံ ပြောခဲ့ဖူးတယ်။ ဘယ်စစ်ပွဲ မဆို အဆုံးသတ် ရလဒ်ကို ကြိုခန့်မှန်းဖို့ ခက်ခဲပါတယ်။ အကြောင်းကတော့ စစ်ပွဲတခုမှာ မသိကိန်းတွေ အမြောက်အမြား ရှိနေလို့ပဲ။ အဲဒီ မသိကိန်း အကြောင်းအချက်တွေကို ကြိုသိဖို့ မဖြစ်နိုင်သလောက်ပဲ၊ ဒါမှမဟုတ် သိဖို့ အလွန် ခက်ပါတယ်။

လက်ရှိ စစ်ပွဲကလဲ ခြွင်းချက် မဟုတ်ပါဘူး။ အမှန်တကယ် ရှိနေတဲ့ အင်အား ချိန်ခွင်လျှာပေါ် မူတည်ပြီး ရလဒ် အမျိုးမျိုး ထွက်သွားနိုင်တယ်။ အင်အား ချိန်ခွင်လျှာ ဘယ်လို ရှိမလဲ ဆိုတာ စစ်ပွဲ ကာလမှာ အထင်အရှား ထွက်ပေါ်လာလိမ့်မယ်။

ဒီရလဒ်တွေဟာ စစ်ပွဲထဲ ပါ၀င်နေသော အင်အားစုတွေရဲ့ အတ္တဘာ၀ ရည်ရွယ်ချက်တွေနဲ့ ထပ်တူ ဖြစ်လာမှာ မဟုတ်ဘူး။ တကယ့် လက်တွေ့မှာ ဒီနှစ်ခုက ဆန့်ကျင်ဖက် ဖြစ်သွားတာက ပိုများပါတယ်။

ဒေါ်နယ်ထရမ့်ရဲ့ ရည်ရွယ်ချက်က အီရန်မှာ မင်းပြောင်းမင်းလွဲ လုပ်ရေး ဖြစ်တယ်။ ဒါပေမဲ့ ဒါဟာ အပြောလွယ်ပေမဲ့ အလုပ် သိပ်ခက်ပါတယ်။ အခုဆိုရင် သူလဲ သဘောပေါက်လောက်ပါပြီ။ ဒီလို ရလဒ်မျိုး ထွက်လာဖို့ ဘာမှ မရေရာဘူး ဆိုတာ သူ့ဗိုလ်ချုပ်တွေက ထရမ့်ကို သတိပေးခဲ့ပြီးသားပဲ။

ပိုဆိုးတာက အချိန်တိုအတွင်း ဘယ်လိုမှ မဖြစ်နိုင်ကြောင်း သူ့ကို ပြောခဲ့ကြတယ်။ ဒါပေမဲ့ အမေရိကန်တွေမှာ သိပ်များများစားစား မရှိတာလဲ အချိန်ပဲ။

အမေရိကမှာ စီးပွားရေးနဲ့ စစ်ရေး အင်အားတွေ အကန့်အသတ်မဲ့ ပိုင်ဆိုင်ထားတယ်လို့ အနောက်မှာ ယုံကြည်ထားကြတယ်။ ဒါပေမဲ့ တကယ့်



image – marxist.com

အချက်အလက်တွေကတော့ အဲသလို မပြောဘူး။ အဲဒီ ယုံကြည်မှုနဲ့ လုံးဝ ကွဲပြားတဲ့ ဇာတ်လမ်းကို ပြောနေတယ်။

ပြီးခဲ့တဲ့ နှစ်တွေတုန်းက စစ်ပွဲ အတော်များများမှာ တောက်လျှောက် ဝင်ပါခဲ့တဲ့ အကျိုးဆက်ကတော့ အခု အမေရိကမှာ လက်နက် ခဲယမ်းတွေ အတော် ပြုန်းတီးနေပြီ။ ရှားပါး ပြတ်လပ်နေတာတွေလဲ အတော်များသား၊ အထူးသဖြင့် Patriot လို လေကြောင်း ကာကွယ်ရေး ဒုံးတွေ အတော် ရှားပါးနေပြီ။

ယူကရိန်း စစ်ပွဲဟာ အမေရိကန်ရဲ့ ရင်းမြစ်တွေကို အတော် ခမ်းသွားစေခဲ့တယ်၊ ဘတ်ဂျတ်ရော စစ်ရေး ရင်းမြစ်တွေပါ အကြီးအကျယ် ယိုစီးသွားခဲ့တယ်။

အကျိုးဆက်ကတော့ အခုဆို ထင်ရှားနေပြီ။ တချို့သော ခန့်မှန်းချက်တွေအရ အမေရိကဟာ အီရန်နဲ့ စစ်ပွဲကို ၅ရက်ကနေ ၁၀ ရက်အထိပဲ တောင့်ခံနိုင်မယ်၊ ဒီထက် မပိုဘူး။

ပြီးခဲ့တဲ့ ရက်ပိုင်းလောက်ကပဲ *Financial Times* က ဆောင်းပါး တပုဒ် တင်ထားတယ်။ “Defensive munition shortages to shape attack on Iran” (ကာကွယ်ရေး လက်နက်တွေ ရှားပါးနေခြင်းက အီရန်နဲ့ စစ်ပွဲကို ပုံဖော်ပေးသွားလိမ့်မယ်) လို့ ဆောင်းပါး ခေါင်းစဉ် တပ်ထားပါတယ်။

“ယူအက်(စ်)နဲ့ အစ္စရေးတို့ဟာ ပြီးခဲ့တဲ့နှစ်က ၁၂ ရက်ကြာ စစ်ပွဲမှာ ဒုံးခွင်းဒုံးတွေကို စံချိန်တင် ဖြုန်းခဲ့ကြတယ်” လို့ ပြောရင်း ဆောင်းပါးကို ဖွင့်ထားပါတယ်။ ပြီးတော့ အခုလို ကောက်ချက်ဆွဲထားတယ် -

> “အရာရှိတွေနဲ့ အကဲခတ်တွေရဲ့ သုံးသပ်ချက်အရ ယူအက်(စ်) တပ်ဖွဲ့တွေနဲ့ မဟာမိတ်တွေကို ထဲရန်းက ပစ်လွှတ်လိုက်တဲ့ ဒုံးတွေရဲ့ အန္တရာယ်ကနေ ကာကွယ်ပေးဖို့ မရှိမဖြစ် လိုအပ်တဲ့ ကာကွယ်ရေးသုံး စစ်လက်နက် ပစ္စည်းတွေ နည်းပါးနေခြင်းဟာ အီရန်အပေါ် ထိုးစစ်ကို ပုံသွင်းသွားလိမ့်မယ်”။

၁၂ ရက်ကြာ စစ်ပွဲတုန်းက အီရန်ဘက်က အစ္စရေးကို ဒုံးအစင်း ၅၀၀ ကျော် ပစ်လွှတ်ခဲ့တယ်။ ၃၅ စင်းလောက်က အစ္စရေးရဲ့ အလွှာ အထပ်ထပ် ရှိတဲ့ လေကြောင်း ကာကွယ်ရေးတွေကို ထိုးဖောက်သွားခဲ့တယ်။ ဒါဟာ Iron Dome လေကြောင်း ကာကွယ်ရေး ပရိုဂရမ်ကြီးကို စိတ်ချလက်ချ ပစ်ယုံထားဖို့ သင်ကြားခံထားရတဲ့ အစ္စရေးတွေအဖို့တော့ စိတ်ပိုင်းဆိုင်ရာ ရှော့ခ်အကြီးစားပဲ။

ပြီးတော့ အီရန်ဘက်မှာ ဒုံးတွေ ထောင်ပေါင်းများစွာ အရံသင့် ရှိနေပြီးသား။ ယူအက်(စ်)က လက်နက် ထုတ်လုပ်ရေး ကဏ္ဍမှာ ကြီးမားတဲ့ ပြဿနာတွေ ရင်ဆိုင်နေရတယ်။ ဒီတော့ အမေရိကန်နဲ့ အစ္စရေးက ပစ်ချဖို့ မတတ်နိုင်တော့အထိ အစ္စရေးကို ဒုံးမိုးရွာနိုင်လောက်အောင် သူတို့ လက်ထဲမှာ ဒုံး အများအပြား ရှိတယ်။

ဒါ့ကြောင့် ထရမ့်က ရက်တို စစ်ပွဲ ဆင်နွှဲဖို့ လောင်းကြေးထပ်နေတာပဲ။ ဒါမှ မနှစ်က လုပ်ခဲ့သလို မြန်မြန် ပွဲသိမ်းနိုင်မယ်လို့ သူ တွက်ထားတယ်။ ဒါပေမဲ့ ဒီတချီ အဲသလို လုပ်နိုင်မဲ့ အခြေအနေ သူ့ဘက်မှာ မရှိဘူး။

အခုဆိုရင် အကန့်အသတ်နဲ့ တိုက်ခိုက်ခြင်း “limited strike” လို့ သူပြောလာပြီ။ မနှစ်ကလိုပဲ အီရန်ဘက်က ထိန်းထိန်းသိမ်းသိမ်းနဲ့ တုံ့ပြန်လိမ့်မယ်လို့ သူ မျှော်လင့်နေပုံပဲ။

ဒါပေမဲ့ ဒီတချီတော့ အီရန်တွေဘက်က သတိပေးထားပြီးသား။ ထရမ့် အနေနဲ့ စစ်ပွဲကို စချင် စနိုင်တယ်၊ သို့သော် စစ်ပွဲ ဘယ်ချိန် အဆုံးသတ်မလဲ ဆိုတာတော့ သူ့ဘက်က ဆုံးဖြတ်လို့ မရဘူး။ ဒီဆုံးဖြတ်ချက်က အီရန်တွေ လက်ထဲမှာပဲ ရှိလိမ့်မယ်။ အိမ်ဖြူတော်ထဲ ထိုင်နေတဲ့ လူ ဖြစ်စေချင်သလို အီရန်တွေက မြန်မြန် ရပ်တန့်ပေးမှာ မဟုတ်ဘူး။ ဘာ့ကြောင့် အဲလို လုပ်ပေးရမှာလဲ။

အမေရိကနဲ့ အစ္စရေးဘက်မှာ ဒုံးတွေ ရှားပါးနေချိန် စစ်ပွဲ တာရှည် သွားမယ် ဆိုရင် သူတို့အဖို့ အကြီးအကျယ် အကျပ်ရိုက်ပြီ။

အနေ့နဲ့အမြန် ဆိုသလိုပဲ ထရမ့်တို့ နှာခေါင်း ကျည်ပွေ့တွေ့ပြီး မရှုမလှ နောက်ကြောင်းပြန်လှည့် သွားရလိမ့်မယ်။

ဒီလိုသာ ဖြစ်သွားရင် အမေရိကမှာ ထရမ့်ရဲ့ ဂုဏ်သိက္ခာလဲ ရစရာ မရှိတော့ဘူး။ သက်တမ်းဝက် ရွေးကောက်ပွဲတွေ နီးလာချိန် ဒီလို ရင်ဆိုင်ရမဲ့ အဖြစ်ကို ထရမ့် လေးလေးနက်နက် ထည့်စဉ်းစားရလိမ့်မယ်။

အခုဆိုရင် ထရမ့် ကျဉ်းထဲကျပ်ထဲ ရောက်နေပြီ။ သူ ဖော်ဆောင်တဲ့ စီးပွားရေး ပေါ်လစီတွေက လိုချင်တဲ့ ဘာရလဒ်မှ ထွက်မလာဘူး၊ ပြီးတော့ MAGA လှုပ်ရှားမှုအတွင်းမှာလဲ မကျေနပ်ချက်တွေ ဆူဝေလာပြီ။

ဒီလို အကျပ်ရိုက်နေလို့လဲ အရှေ့အလယ်ပိုင်း ဒေသမှာ အခုလို ကမူးရှူးထိုး စွန့်စားခန်း ဝင်လိုက်ပုံရတယ်။ ဘယ်တော့မှ သူ မလုပ်ဘူးလို့ ကတိကဝတ်ပြုထားတဲ့ အရာကို အခု ထလုပ်လိုက်တာပဲ။

လောင်းကစား ခုံမင်သူပီပီ ဒေါ်နယ်ထရမ့်က အီရန် စစ်ပွဲကို လွယ်လင့်တကူ မြန်မြန်ဆန်ဆန် အောင်ပွဲခံ ပွဲသိမ်းနိုင်လိမ့်မယ်လို့ လောင်းကြေး ထပ်လိုက်ပုံပဲ။ အီရန် အစိုးရ ပြုတ်ကျပြီး ယူအက်(စ်) အလိုတော်ရိ အစိုးရ တရပ်ကို ထဲရန်း မြို့တော်မှာ တင်ထားနိုင်မယ်လို့ မျှော်လင့်ထားပုံရတယ်။

ဒါပေမဲ ချိုးကပ်နေတဲ့ လောင်းကစားသမားတွေ ကြုံရလေ့ရှိသလိုပဲ ပုံအောလောင်းတိုင်း ပြန်ရတာတော့ မဟုတ်ဘူး။ မရှုမလှ ရှုံးသွားတာက ခပ်များများ။

အရှေ့အလယ်ပိုင်းမှာ ရုပ်ပျက်ဆင်းပျက် စစ်ရှုံးသွားရင် ဒေါ်နယ်ထရမ့် ရည်မှန်းချက်တွေ အားလုံး အဆုံးသတ်သွားမယ်၊ အရှက်တကွဲ အကျိုးနည်းလောက်အောင် အရေးနိမ့်ခြင်းဆီ တဖြည်းဖြည်း ထိုးဆင်းသွားပြီး အိမ်ဖြူတော်က ဆင်းသွားရလိမ့်မယ်၊ အသရေတောင် ဆယ်လို့ ရမှာ မဟုတ်ဘူး။ ဒေါ်နယ်ထရမ့်အဖို့ အရေးကြီးတဲ့ အရာမှန်သမျှ ဆုံးရှုံးသွားလိမ့်မယ်။

## ရလဒ် ဘာဖြစ်မလဲ

ဒီတော့ ဖြစ်နိုင်ချေ ဘာတွေ ရှိသလဲ။ ဒေါ်နယ်ထရမ့် တောင့်တနေတာနဲ့ စလိုက်ရအောင်။ ရက်တိုတိုနဲ့ စစ်ပွဲ အောင်ပွဲခံ၊ အီရန် အစိုးရ ပြုတ်ကျ၊ လူထု အုံကြွမှုဖြစ်ပြီး အီရန်မှာ အမေရိကန် အလိုတော်ရိ အစိုးရ တက်လာ။

ဒီလို ရလဒ်မျိုး ထွက်မလာပါဘူးလို့ သေချာပေါက် မပြောနိုင်ပေမဲ့ ဖြစ်မလာဖို့ များပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် ကျနော်ကတော့ အဲဒီလို ရလဒ်မျိုးကို ပယ်ထားပြီးသား။

တကယ်လို့ အမေရိကန်တွေက လက်ရှိ အစိုးရကို ဖြိုချလိုက်နိုင်ပြီ ဆိုရင် အကျိုးဆက်က သူတို့ လိုချင်တာ ဖြစ်လာမှာ မဟုတ်ဘူး။ မင်းပြောင်း မင်းလွှဲ လုပ်ဖို့ အမေရိကန်တွေ ကြိုးစားတိုင်း ပျက်ကပ်ဆိုက်ခဲ့တာချည်းပဲ၊

ဒါကို သတိရသင့်တယ်။ အီရတ်၊ ဆီးရီးယား နဲ့ လစ်ဗျား နမူနာတွေ စိတ်ထဲ ပေါ်လာတယ်။

အီရန်မှာ လက်ရှိ အစိုးရကို ဖြုတ်ချလိုက်ရင် ကသောင်းကနင်း ဖြစ်သွားနိုင်ချေ အတော်များပါတယ်။ အီရန် လူ့အဖွဲ့အစည်းအတွင်း ကိန်းအောင်းနေတဲ့ ပဋိပက္ခတွေ ပေါက်ကွဲထွက်လာပြီး အကြမ်းဖက်မှုတွေ၊ အမျိုးသားရေးနဲ့ ဂိုဏ်းဂန ပဋိပက္ခတွေ ဒင်းကြမ်းပြည့်နေတဲ့ ခြောက်အိပ်မက်ကြီးကို ရင်ဆိုင်ရလိမ့်မယ်။ အမေရိကန် ဝင်မွှေလို့ တစစီ ဖြစ်ကုန်တဲ့ တိုင်းပြည်တွေမှာ ဘယ်လို အနိဋ္ဌာရုံတွေ ကြုံရမလဲဆိုတာ ကျနော်တို့ မြင်တွေ့ခဲ့ရပြီးပြီ။

ဒီတော့ အီရန်ပြင်ပ အရှေ့အလယ်ပိုင်း ဒေသကြီး တခုလုံးမှာ အလွန်ဆိုးရွားတဲ့ စစ်ပွဲတွေ၊ ကသောင်းကနင်းတွေ၊ အကျပ်အတည်းတွေ ဆက်ဖြစ်လာမယ်၊ လူထုအတွက် ဆယ်စုနှစ်ချီ ကြာမဲ့ အိပ်မက်ဆိုးကြီး ဖန်တီးပေးလိုက်မှာပဲ။

ဘယ်လိုမှ ကောင်းတဲ့ အလားအလာတော့ မဟုတ်ဘူး။

ဒုတိယ ဖြစ်နိုင်ချေကတော့ ဗုံးကြဲတိုက်ခိုက်မှုတွေကြောင့် ထိခိုက်မှုတွေ၊ ဆုံးရှုံးမှုတွေ အကြီးအကျယ် ရင်ဆိုင်ရပေမဲ့ အီရန် အစိုးရက ကနဦး ထိုးစစ်ကို တောင့်ခံနိုင်သွားမယ်။ လေကြောင်း တိုက်ခိုက်မှုဟာ အလွန်အရေးပါတာ မှန်ပေမဲ့ စစ်ပွဲတခုမှာ အဆုံးအဖြတ်တော့ မဟုတ်ဘူး။

ရှင်းအောင် ပြောရရင် ယူအက်(စ်)နဲ့ အစ္စရေးဘက်က အောင်ပွဲ မြန်မြန်ရသွားမလား၊ ဒါမှမဟုတ် စစ်ပွဲ တာရှည်သွားရင် သူတို့တတွေ အကြီးအကျယ် အကျပ်ဆိုက်သွားမလား။

ဗီယက်နမ် စစ်ပွဲတုန်းက ဟင်နရီ ကစ်ဆင်းဂျား ပြောခဲ့ဖူးတာ ရှိတယ် - “ငါတို့ ရှုံးနေပြီ၊ အကြောင်းကတော့ ငါတို့ နိုင်မနေလို့ဘဲ။ သူတို့ (ဗီယက်နမ်တွေ) နိုင်နေပြီ၊ အကြောင်းကတော့ သူတို့ ရှုံးမနေလို့ဘဲ”။

ဒီငြင်းချက်က အီရန်မှာ ပိုပြီးတော့တောင် အသုံးတည့်သွားနိုင်တယ်။ အီရန် အစိုးရ လုပ်စရာဆိုလို့ ကြာကြာ တောင့်ခံပြီး အချိန်စောင့်နေရုံပဲ။ ဒီလို တောင့်ခံရင်း ယူအက်(စ်)ကို အပြင်းအထန် အထိနာစေမဲ့ ပစ်မှတ်တွေကို တောက်လျှောက် ထုနေရုံပဲ၊ အဲဒီ ပစ်မှတ်တွေကလဲ အီရန် လှမ်းထုနိုင်တဲ့ စက်ဝန်းအတွင်းမှာပဲ အကုန် ရှိနေတာ။

အထင်ရှားဆုံး ပစ်မှတ်ကတော့ ဟောမု(ဇ်) ရေလက်ကြားကို ပိတ်ချတာ ဖြစ်လိမ့်မယ်။ ဒီရေလက်ကြားဟာ ကမ္ဘာ့ ကုန်သွယ်ရေးမှာ အရေးကြီးဆုံး သွေးကြောတွေထဲက တခု ဖြစ်တယ်။ ဒီရေလက်ကြားကိုသာ ပိတ်ချလိုက်ရင် ကမ္ဘာ့ စီးပွားရေးလဲ အကြီးအကျယ် ထိခိုက်ပျက်စီးသွားမယ်။

နောက်ဆုံးမှာ ယူအက်(စ်)ဘက်က အရှုံးကို ဝန်ခံပြီး အပေးအယူ တခုခု လုပ်ဖို့ ကြိုးစားလာလိမ့်မယ်။

တကယ်တော့ အမေရိကန်နဲ့ အီရန်တို့ လျှို့ဝှက် ညှိနှိုင်းမှုတွေ လုပ်မနေဘူးလို့ မပြောနိုင်ဘူး။ ဒီထက် ပိုဆိုးတဲ့ အဖြစ်ကို ရောက်မသွားအောင် ကန့်လန့်ကာ နောက်ကွယ်မှာ သူတို့ချင်း စကားပြောချင် ပြောနေနိုင်တယ်။

လက်ရှိ အချိန်မှာတော့ ဒါဟာ ဖြစ်နိုင်ချေ မရှိသလောက်ပဲ။ အပြန်အလှန် စွပ်စွဲချက်တွေ၊ ပုံဖျက်မှုတွေ၊ စစ်ရေးအင်အား အလွန်အကျွံ တိုးမြှင့်ချထားမှုတွေ၊ အထူးသဖြင့် အိမ်ဖြူတော်ထဲ ထိုင်နေသူရဲ့ ခေါင်းမာမှုကြောင့် စစ်ရေးဟာ အရှိန် ပိုပြင်းထန်လာဖို့ပဲ များပါတယ်။

ဒါဟာ ဖြစ်နိုင်ချေ အများဆုံးပဲ။ သို့သော် နိုင်ငံတကာ လျှို့ဝှက် သံခင်းတမန်ခင်း အမှောင် ကမ္ဘာဆိုတာ တံခါး လော့ခ်ချပြီး လုပ်ကြစမြဲ။ တချို့သော အခြေအနေတွေကျရင် မဖြစ်နိုင်ဘူးလို့ ထင်ရတဲ့ အပေးအယူတွေ ထွက်ချင်လဲ ထွက်လာနိုင်တယ်။

ဒီအပိုင်းကိုတော့ အဖွင့် မေးခွန်းအဖြစ် ချန်ထားခဲ့ပါမယ်၊ အကြောင်းကတော့ ရိုးရှင်းပါတယ်၊ စစ်ပွဲရဲ့ နောက်ဆုံး ရလဒ်ကို အတိအကျ ကြိုပြောဖို့ မဖြစ်နိုင်လို့ဘဲ။

## စစ်ပွဲနဲ့ ပတ်သက်တဲ့ ကွန်မြူနစ်တွေရဲ့ သဘောထား

စစ်ပွဲနဲ့ ပတ်သက်တဲ့ ကွန်မြူနစ်တွေရဲ့ သဘောထားက အခိုင်အမာ ကိစ္စ ဖြစ်ပါတယ်။ ကိုယ်ကျင့်သီလရှုထောင့် ဒါမှမဟုတ် စိတ်ခံစားချက် ရှုထောင့်ကနေ စဉ်းစား ဆုံးဖြတ်တာမျိုး မလုပ်ဘူး။ ကမ္ဘာ့ အလုပ်သမား လူတန်းစား တော်လှန်ရေးရဲ့ ယေဘုယျ အကျိုးစီးပွားကပဲ စစ်ပွဲအပေါ် ကွန်မြူနစ်တွေရဲ့ သဘောထားကို အဆုံးအဖြတ်ပြုပါတယ်။

ကျနော်တို့ သဘောထားကို ဘယ်သူက စတိုက်သလဲ ဆိုတဲ့ သမားရိုးကျ မေးခွန်းတွေက အဆုံးအဖြတ် မပြုဘူး။ ခုခံစစ် တိုက်နေရတဲ့ တိုင်းပြည်တွေဟာ ထိုးစစ် စဆင်နွှဲဖို့ မလွှဲမရှောင်သာ ရွေးချယ်လိုက်ရတာတွေ ဒုနဲ့ဒေး ရှိပါတယ်။

သို့သော် ဒီတချက်ကိုတော့ ကျနော်တို့ အမြင် ရှင်းရမယ်။ ယူအက်(စ်)ဟာ ကမ္ဘာပေါ်မှာ အဆိုးရွားဆုံး၊ အဖောက်ပြန်ဆုံး၊ တန်ပြန် တော်လှန်ရေး အင်အားစုကြီး ဖြစ်တယ်။

ဒီတန်ပြန် တော်လှန်ရေး ဘီလူးကြီးနဲ့ သူ့ပရောက်စီ အစ္စရေးတို့ကို ရှိသမျှ အင်အား အစွမ်းကုန်သုံးပြီး မဆုတ်မနစ် တိုက်ပွဲဆင်ရေးဟာ နိုင်ငံတကာဝါဒီတွေဖြစ်တဲ့ ကျနော်တို့ရဲ့ တာဝန်ပဲ။

တိုင်းပြည်တခုကို အကြောင်းမဲ့ ရန်လုပ် တိုက်ခိုက်တဲ့ ဥပမာ ပြပါဆိုရင် ဒီအရေးအခင်းကို သေချာပေါက် ထုတ်ပြရလိမ့်မယ်။

*The Revolutionary Communist International* က သူ့ ရပ်တည်ချက်ကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ဖော်ထုတ်ပြရမယ် -

ကျနော်တို့ဟာ အမေရိကန် နယ်ချဲ့နဲ့ ပရောက်စီ အစ္စရေးတို့ရဲ့ ရန်စ တိုက်ခိုက်မှုကို ဆန့်ကျင်ပြီး အီရန်ဘက်က ပြတ်ပြတ်သားသား ရပ်တည်တယ်။

ဒီလို ရပ်တည်တာဟာ ထဲရန်းက အစိုးရကို ထောက်ခံတာ မဟုတ်ဘူး။ သို့သော် ဒီအစိုးရကို ဖြုတ်ချရေးဟာ အီရန် လူထုရဲ့ အလုပ် ဖြစ်တယ်၊ အီရန် လူထုသာ စာရင်းရှင်းရမဲ့ အလုပ် ဖြစ်တယ်။ ဒီပြဿနာကို ဖြေရှင်းဖို့ ဘယ်သောအခါမှ ယူအက်(စ်) နယ်ချဲ့ကို အားကိုးလို့ မရဘူး။

အထူးသဖြင့် ဖောက်ပြန်တဲ့ နယ်ချဲ့ စစ်ပွဲတွေကို ကျနော်တို့ ဆန့်ကျင်တယ်။ ရန်သူ အစစ်ကို ဆန့်ကျင်ပြီး သွေးစုပ်ခံ လူထု အားလုံး သွေးစည်းရေးဘက်က ကျနော်တို့ ရပ်တည်တယ်။ ရန်သူ အစစ်ဆိုတာ သရဲမရဲစီးနေတဲ့ နယ်ချဲ့စနစ်နဲ့ ယင်းနောက်ကွယ်က အရင်းရှင်စနစ်ပဲ။

မေဆန် မြန်မာပြန်သည်

Source: The war on Iran: where do communists stand? By Alan Woods, 28 February 2026



read more analyses on
marxistnurma.org
and join our movement

**"အမျိုးသမီးတွေက သူတို့ ဆံပင်တွေကို သေချာ မုံ့မထားလို့ အမျိုးသမီးတွေကို သူတို့ ပစ်သတ်ကြတယ်။** ကျောင်းသား ကျောင်းသူတွေကို သူတို့ ပစ်သတ်ကြတယ်။ သူတို့ဟာ အရည်အချင်းရှိပြီး သတ္တိကောင်းတဲ့ အီရန် ပြည်သူတွေကို အသက်ဝဝ ရှူခွင့်မရအောင် လည်မျိုညှစ်ထားကြတယ်။ ဒီတချီ အုံကြွ လှုပ်ရှားဖို့ ဆုံးဖြတ်ချက်ဟာ အီရန် ပြည်သူတွေရဲ့ ဆုံးဖြတ်ချက်ပဲ"။

ဒီစကားလုံးတွေကို ဘယ်သူ ပြောခဲ့တယ်လို့ ထင်ပါသလဲ။ တချို့လဲ မှတ်မိချင် မှတ်မိကြလိမ့်မယ်။ အီရန်ကို အမြစ်ဖြတ် ချေမှုန်းရေး စစ်ဆင်နေတဲ့ နေတန်ညာဟုက ဒီစကားတွေ ပြောခဲ့တာလို့ သိရင် စာဖတ်သူများ အံ့သြသွားမလား။ ၂၀၂၅ ဇွန်လ၊ ၁၂ ရက်ကြာ စစ်ပွဲအတွင်း နေတန်ညာဟု ပြောခဲ့တာ ဖြစ်ပါတယ်။ ဂါဇာ ပြည်သူတွေကို မျိုးတုန်းသတ်ဖြတ်နေတဲ့ နေတန်ညာဟုလို လူက လူ့အခွင့်အရေး ချန်ပီယံတယောက်လို ပြောလာတော့ လူတော်တော်များများ စက်ဆုပ်မိကြမှာ အမှန်ပဲ။

နေတန်ညာဟုလို ဇိုင်ယွန်ဝါဒီ(ဒ်)ကျူးလွန်နေတဲ့ အစိုးရအဖွဲ့ ခေါင်းဆောင်ရဲ့ စကားကို ဘယ်အီရန် ပြည်သူက နားယောင်မှာလဲ။ သူတို့ဟာ အီရန် ပြည်သူတွေကို အထင်သေးလွန်းတယ်။ အီရန်မှာ regime change လုပ်လိုတဲ့ ခင်းတို့အကြံ အထမြောက်အောင် ဒီလို စက်ဆုပ်ဖွယ် ကြောင်သူတော် စကားတွေ ပြောမှန်း အီရန် ပြည်သူတွေ ကောင်းကောင်း သိတာပေါ့။ ဒါ့ကြောင့်လဲ သူဆော်သြသလို ဘယ်သူမှ ထကြွ လှုပ်ရှားတာမျိုး မလုပ်ခဲ့ဘူး။

ဒီနေရာမှာ အရေးကြီးတဲ့ အချက်တခုကို အရင် ထောက်ပြပါရစေ။ လက်ရှိ အမေရိကန်နဲ့ အစ္စရေးတို့က အီရန်ကို နယ်ချဲ့စစ် ဆင်နွှဲနေတယ်။ ဒါနဲ့ ပတ်သက်လို့ အမေရိကန်-အစ္စရေး နယ်ချဲ့စစ်ကို ဆန့်ကျင်ကြောင်း ထုတ်ပြောလာရင် အတွေ့ရများတဲ့ ဆင်ခြေတခု ရှိတယ်။ "အီရန် အစိုးရက မကောင်းဆိုးဝါး အာဏာရှင်ကြီး၊ ဆန္ဒပြ ပြည်သူတွေကို သတ်ထားတာတင် ၃၀၀၀၀ လောက်ရှိတယ်။ ဒီလို အစိုးရ ပြုတ်ကျသွားရင် မကောင်းဘူးလား။ ဘယ်သူ ဝင်တိုက်တိုက် အီရန် ပြည်သူတွေကို ဒုက္ခပေးနေတဲ့ မကောင်း-ဆိုးဝါးကြီး သေသွားတာ မကောင်းဘူးလား"လို့ စောဒကတက်ကြတယ်။

အီရန် အစိုးရက မကောင်းဆိုးဝါး အာဏာရှင် ဆိုတာ ငြင်းစရာ မရှိပါဘူး။ အဲလိုပဲ ဆန္ဒပြ ပြည်သူတွေကို သတ်ဖြတ်ခဲ့တာလဲ အမှန်ပဲ။ သူတို့ ပြောသလို ၃၀၀၀၀ အထိ ရှိမရှိတော့ ပြောတဲ့သူတွေကိုယ်တိုင်လဲ verify မလုပ်နိုင်ပါဘူး။ ဒီကိန်းဂဏန်းနဲ့ ပတ်သက်လို့ မှတ်ချက်မပြုလိုသေးဘူး။ သူတို့ ပြောသလို လူ သုံးသောင်း သတ်ထားတယ်ပဲ ထားပါတော့။ အဲဒီလို အရပ်သား ပြည်သူတွေကို သတ်ထားလို့ အမေရိကန်က အီရန်ကို ဝင်တိုက်ရပါတယ်ဆိုရင် ဂါဇာ ပြည်သူတွေ သိန်းချီ သတ်ထားတဲ့ ဇိုင်ယင်နစ် အစ္စရေးကို အမေရိကန်က ဘာ့ကြောင့် စစ်မခင်းသလဲ။

အမေရိကန်က အစ္စရေးကို ဝင်မတိုက်ရုံသာမက အဲသလို ဂျန်နိုဆိုက်(ဒ်) စစ်ဆင်ရေးတွေ လုပ်နိုင်အောင် ဇိုင်ယင်နစ် နိုင်ငံတော်ကို နှစ်စဉ် ဘီလျံများစွာ ထုတ်ပေးတယ်၊ စစ်လက်နက်တွေ တပ်ဆင်ပေးထားတယ်၊ အစ္စရေးနဲ့အတူ အမေရိကန်က အီရန်ကို ဝင်တိုက်ပေးတယ်။

အဲလိုပဲ ဆူဒန်မှာ အရပ်သား ပြည်သူတွေ သိန်းချီ သတ်ဖြတ်ထားပြီး ဂျန်နိုဆိုက် လုပ်နေတဲ့ RSF ကို ဘယ်သူ ငွေကြေးထောက်ပံ့ခဲ့သလဲ၊ လက်နက်တပ်ဆင်ပေးထားသလဲ။ ယူကေ၊ ဥရောပ၊ ယူအေအီး၊ အစရှိတဲ့ နယ်ချဲ့ ပါဝါတွေ အကုန်ပါတယ်။ ဒီတော့ သူတို့ ပြောတဲ့ လော့ဂျစ်အရဆိုရင် အစ္စရေးနဲ့ ယူအေအီးတို့ကို ယူအက်(စ်)က ဘာ့ကြောင့် ဝင်မတိုက်သလဲလို့ မေးရလိမ့်မယ်။

အဖြေက ရှင်းပါတယ်။ အရပ်သား ပြည်သူတွေ အသတ်ခံရတာတွေ၊ ဖိနှိပ်ခံရတာတွေကို ဘယ်နယ်ချဲ့ ပါဝါကမှ တကယ် စာနာခြင်း မရှိပါဘူး။ သူတို့ကိုယ်တိုင် အဲသလို သတ်ဖြတ်ခဲ့တဲ့၊ သတ်ဖြတ်နေတဲ့ နယ်ချဲ့ ပါဝါတွေက အဖိနှိပ်ခံ လူထုကြီးကို စာနာတယ်ဆိုရင် ရယ်စရာ မကောင်းဘူးလား။ တကယ် စာနာတယ် ဆိုရင် အများကြီး လုပ်စရာ မလိုပါဘူး၊ ဂျန်နိုဆိုက် စစ်ဆင်ရေးတွေ ကိုယ်ထိလက်ရောက် လုပ်နေတဲ့ ဇိုင်ယင်နစ် အစ္စရေးဆီ တင်ပို့နေတဲ့ စစ်လက်နက်တွေ၊ ငွေကြေး အထောက်အပံ့တွေပဲ ချက်ချင်း ဖြတ်တောက်လိုက်ပါ။

အဲ့တော့ အီရန် ပြည်သူတွေကို အီရန် အစိုးရက သတ်ဖြတ်နေလို့ အမေရိကန်နဲ့ အစ္စရေးတို့က ဝင်တိုက်ရပါတယ် ဆိုတဲ့ ဆင်ခြေဟာ အလိမ်အညာ သက်သက်ပဲ။ သူတို့ရဲ့ နယ်ချဲ့စစ်ပွဲကို တရားထူထောင်ဖို့ အသတ်ခံလိုက်ရတဲ့ အပြစ်မဲ့ ပြည်သူတွေကို ခုတုံးလုပ်တာလောက် ရွံစရာကောင်းတာ ကြောင်သူတော်ဆန်တာ ရှိဦးမလား။

အီရန်က အရပ်သား ပြည်သူတွေ အသတ်ခံနေရတာ စာနာသနားပြီး အမေရိကန်နဲ့ အစ္စရေးက ဗုံးတွေ၊ ဒုံးတွေနဲ့ ကယ်တင်လိုက်တာ ရက်ပိုင်းအတွင်းမှာတင် အီရန် ကျောင်းသူ ၁၆၀ ကျော်အပါအဝင် အရပ်သား ပြည်သူ ၁၀၀၀ ကျော် အသတ်ခံထားရပြီ။ ကလေးတွေ စာသင်နေတဲ့ ကျောင်းပါမချန် ဗုံးကြဲ ကယ်တင်ပေးတဲ့ သူတော်ကောင်းတွေလဲ ဒီကမ္ဘာမှာ ရှိသေးသကိုး။ စုံလုံးကန်းနေသူတွေပဲ ဒီလို နယ်ချဲ့ စစ်ဘီလူးတွေကို

# ယူအက်(စ်)-အစ္စရေး နယ်ချဲ့စစ်ကို ဘာ့ကြောင့် ဆန့်ကျင်ရသလဲ

ထောက်ခံကြမယ် ထင်ပါတယ်။ ဒီလို စုံလုံးကန်းနေသူတွေအတွက်တော့ ဒီလောက်ပါပဲ။

ဆက်လိုက်ရအောင်။

ပက်တီးဘူဇွာ pacifist တွေကြားမှာ အတွေ့ရများတဲ့ ရပ်တည်ချက်က ဒီလို။ သူတို့ အမြင်မှာ အမေရိကန်နဲ့ အစ္စရေးတို့က သွေးဆာနေတဲ့ နယ်ချဲ့ စစ်ဘီလူးတွေ၊ အဲသလိုပဲ တဖက်က အီရန်ကို ကြည့်လိုက်တော့ အမျိုးသမီး တွေကို ဖိနှိပ်ပြီး အရပ်သား ပြည်သူတွေကို သတ်ဖြတ်နေတဲ့ မူလာ အာဏာရှင်စနစ်။ ဒီတော့ နှစ်ဖက်လုံးက reactionary တွေ၊ evil နှစ်ကောင် ချကြတဲ့ စစ်ပွဲလို့ သူတို့ သဘောထားတယ်။

ဒီတော့ သူတို့ဆီက pessimistic conclusion တွေ ထွက်လာမယ်။ တချို့ကတော့ evil နှစ်ကောင် ချကြတဲ့ စစ်ပွဲကြောင့် ကြားက မြေစာပင်တွေ သေကုန်ပါပြီလို့ ညည်းပြလိမ့်မယ်။ တချို့ကတော့ နှစ်ဖက်လုံးက evil တွေ၊ ချကြစမ်း၊ အကုန် သေကုန်လဲ နားအေးတာပဲလို့ စိတ်ပျက်လက်ပျက် ဆိုလိမ့်မယ်။

စစ်ပွဲတခုရဲ့ character ကို ဘယ်သူက လူကောင်း၊ ဘယ်သူက လူယုတ်မာ ဆိုတဲ့ အချက်တွေက ပြဋ္ဌာန်းတာ မဟုတ်ဘူး ဆိုတာလောက်ကို သူတို့ နားမလည်တော့ လက်တွေ့မှာ အဲသလို စိတ်ပျက်လက်ပျက် ညည်းညူ တာလောက်ပဲ တတ်နိုင်တယ်။

ယူအက်(စ်)၊ အစ္စရေးတို့ရဲ့ နယ်ချဲ့ ကျူးကျော်စစ် ဘာ့ကြောင့် ဖြစ်နေ သလဲ နားမလည်ဘူး။ ဒီတော့ moralistic ရှုထောင့်ကနေ နှစ်ဖက်လုံးကို ရှုတ်ချတာကလွဲပြီး တခြား ဘာမှ မလုပ်နိုင်တော့ဘူး။ အဲလိုနဲ့ စစ်ပွဲတွေ ရပ်ကြပါ၊ အရပ်သား ပြည်သူတွေကို စာနာပါ၊ လက်နက်နဲ့ မဖြေရှင်းကြပါနဲ့ ဆိုတဲ့ pacifist ရပ်တည်ချက်ကို ရောက်သွားမယ်။

imperialist aggression ဖြောင်ကျကျ လုပ်နေတဲ့ နယ်ချဲ့ ပါဝါတွေကို ပြတ်ပြတ်သားသား ဆန့်ကျင်တာမျိုး မလုပ်နိုင်ဘူး။ imperialist aggression စစ်ပွဲကို ဆန့်ကျင်တဲ့ လူထု လှုပ်ရှားမှုတွေ ဖော်ဆောင်တာမျိုး လုပ်ဖို့ကတော့ ပိုဝေးသွားပြီ။ ဒါကြောင့် နှစ်ဖက်လုံးက evil တွေလို့ ယူဆပြီး ပက်တီးဘူဇွာ pacifist အမြင်ကို ကိုင်စွဲသူတွေဟာ တကယ့် လက်တွေ့မှာ reactionary impotent တွေ ဖြစ်ကုန်တယ်။

လက်ရှိ အီရန် စစ်ပွဲကို ဘယ်လိုပဲ သဘောထားပါစေ၊ မင်းတို့ ငါတို့ ဘာမှ တတ်နိုင်တာ မဟုတ်ဘူး၊ ဒါ့ကြောင့် ဒီစစ်ပွဲကို ထောက်ခံသည်ဖြစ်စေ၊ ဆန့်ကျင်သည်ဖြစ်စေ ဘာမှ အရေးမပါဘူးလို့ ပြောနိုင်ပါတယ်။ အဲဒီလို ပြောလာမယ် ဆိုရင်တော့ "သူတို့ ရပ်တည်ချက်က လက်တွေ့မှာ reactionary impotent ဖြစ်သွားစေတယ်" ဆိုတဲ့ မှတ်ချက်ကို သူတို့ကိုယ်တိုင် ဝန်ခံ အတည်ပြုပေးလိုက်တာပဲ။

အရင်းရှင် အစိုးရတွေက ပြည်သူ့ ဆန္ဒကို ဆန့်ကျင်ပြီး နယ်ချဲ့စစ် ဆင်နွှဲ နေတာကို ပြည်သူတွေက ဘာမှ မတတ်နိုင်ဘူး ဆိုတာ reactionary impotent ဖြစ်နေတဲ့ ပက်တီးဘူဇွာတွေရဲ့ အမြင်သက်သက်သာ ဖြစ်တယ်။ တကယ့်လက်တွေ့မှာ သာမန်ပြည်သူတွေက နယ်ချဲ့စစ်ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ခဲ့လို့ အမေရိကန် နယ်ချဲ့သမားတွေ မရှုမလှ ထွက်ပြေးခဲ့ရတဲ့ သာဓကတွေ အထင်အရှား ရှိပါတယ်။ ဟုတ်ပါတယ်၊ သမိုင်းဝင် ဗီယက်နမ် စစ်ဆန့်ကျင်ရေး လှုပ်ရှားမှုကြီးကို စာဖတ်သူတချို့ အမှတ်ရဦးမယ် ထင်ပါတယ်။

အမေရိကန်နဲ့ အစ္စရေးတို့ဖက်က ရန်လိုပြီး မိုက်မိုက်ကန်းကန်း ဆင်နွှဲ နေတဲ့ ဗိုလ်ကျစိုးမိုးရေး နယ်ချဲ့ စစ်လို့ သဘောထားသည်ဖြစ်စေ၊ သို့မဟုတ် နှစ်ဖက်လုံးက evil တွေပဲ၊ ဒါ့ကြောင့် ဘာမှ လုပ်နေစရာ မလိုဘူး၊ လုပ်နေလဲ အပိုပဲလို့ သဘောထားသည်ဖြစ်စေ၊ လက်တွေ့မှာ ငါတို့ ဘာမှ မတတ်နိုင်ဘူး လို့ ယူဆထားမယ်ဆိုရင် လက်တွေ့မှာ ဘယ်သူတွေ အကျိုးရှိမလဲ။ သိပ်စဉ်းစားနေစရာ မလိုပါဘူး။ သွေးဆာနေတဲ့ အမေရိကန် အုပ်စိုးသူ လူတန်းစားနဲ့ ဇိုင်ယင်နစ် အစ္စရေးတို့ စိတ်ကြိုက် စစ်ခင်းခွင့် ရသွားမယ်။

> **စစ်နဲ့ ပတ်သက်တဲ့ သဘောထား၊ ရပ်တည်ချက်တွေဟာ သိပ်ကို အရေးကြီးတယ်။ ဝါးတားတား လုပ်လို့ မရဘူး၊ moralist ဆန်ဆန် ချဉ်းကပ်လို့ မရဘူး။**

စစ်ပွဲတွေဟာ အကောင်းဆုံး မှတ်ကျောက်ပဲ။ အင်အားစု အသီးသီး ကိုင်စွဲထားတဲ့ အတွေးအခေါ် အယူအဆတွေကို စစ်ပွဲကာလမှာ မထောက် မညာ မှတ်ကျောက်တင်စစ်ဆေးလေ့ရှိတယ်။ တချို့က အုပ်စိုးသူ လူတန်းစား ဘက်က ရပ်လို့ ရပ်မိမှန်း မသိ ဖြစ်ကုန်တယ်။ တချို့က တွေဝေ စိတ်ပျက် သွားတယ်။ ဒါ့ကြောင့် စစ်နဲ့ ပတ်သက်တဲ့ သဘောထား၊ ရပ်တည်ချက်တွေ ဟာ သိပ်ကို အရေးကြီးတယ်။ ဝါးတားတား လုပ်လို့ မရဘူး၊ moralist ဆန်ဆန် ချဉ်းကပ်လို့ မရဘူး။

ရပ်တည်ချက် ဝေဝါးရင် လက်တွေ့မှာ သေလောက်တဲ့ အမှားတွေ ကျူးလွန်မိတတ်တယ်။ ငါတို့က ဘယ်ဘက်မှ မထောက်ခံဘူး၊ သူတို့ဘာသာ မကောင်းဆိုးဝါးကောင်တွေ ချနေကြတာ ငါတို့နဲ့ အနေသာကြီး၊ ကိုယ့် အလုပ်ကိုယ် သွားနေရုံပဲလို့ စကားမှ ပြောမဆုံးသေးခင် ထိုလူတွေ ဆီတိုးဖို့ ထပြေးရလေပြီ။ ဟုတ်ကဲ့၊ မိတ်ဆွေက ဘေးထွက်ရပ်ပြီး အသာနေချင်ပေမဲ့ စစ်ပွဲရဲ့ reality က နေခွင့် မပေးဘူး မဟုတ်ပါလား။ ဘေးထွက်ရပ်ပြီး နှစ်ဖက်လုံး evil တွေပါကွာလို့ သဘောထားတာကိုက မိတ်ဆွေရဲ့ ရပ်တည်ချက်ပါပဲ။ တော်လှန်ရေးမဆန်ဘဲ reactionary impotent ဖြစ်နေတဲ့ ရပ်တည်ချက်တမျိုးလို့ တိတိကျကျ ပြောနိုင်တယ်။

ရပ်တည်ချက် ဝေဝါးရင် လက်တွေ့မှာ သေလောက်တဲ့ အမှားတွေ ကျူးလွန်မိတတ်တယ်။ ဒီကောက်ချက်ကို နည်းနည်း ဆွေးနွေးကြည့်ရ အောင်။

ဒုတိယ ကမ္ဘာစစ်မှာ နာဇီ ဂျာမနီနဲ့ ဆိုဗီယက် ယူနီယံတို့ တိုက်ကြတယ်။ ဆိုဗီယက် ယူနီယံမှာ အလွန် ရက်စက် ကြမ်းကြုတ်တဲ့ စတာလင် အာဏာရှင် က ခေါင်းဆောင်နေတယ်။ နာဇီ ဂျာမနီဆိုတာကတော့ ထွေထွေ ထူး ပြောစရာ မလို၊ ဖက်ဆစ် အာဏာရှင် ဟစ်တလာ ခေါင်းဆောင်နေတာပဲ။ အာဏာရှင် တိုင်းပြည် နှစ်ခု စစ်ခင်းကြတာပဲ၊ နှစ်ဖက်လုံးက evil တွေလို့ သဘောထား မယ်ဆိုရင် ဘာဖြစ်ကုန်မလဲ။

ဘာဖြစ်ကုန်မလဲ မပြောခင် အဲဒီ သဘောထား၊ အဲဒီ ရပ်တည်ချက်က ဗြိတိန် နဲ့ ယူအက်(စ်) နယ်ချဲ့ ခေါင်းဆောင်တွေ ဖြစ်တဲ့ ချာချီတို့ ရုစဗဲ့တို့ သဘောထားနဲ့ ထပ်တူ ဖြစ်နေတယ် ဆိုတာ အရင် အမှတ်ရစေချင်တယ်။ နှစ်ဖက်လုံးက reactionary ဖြစ်တယ်၊ ဒါ့ကြောင့် ဒီစစ်ပွဲမှာ ငါတို့က ဘယ်သူ့မှ မထောက်ခံဘူး၊ အသာ ရပ်ကြည့်နေရုံပဲလို့ ပြောသူတွေ ဒီကနေ့ ကာလမှာလဲ တွေ့နေရတယ်။ ရယ်စရာကောင်းတာတခုက အဲသလို သဘော ထားသူတွေက သူတို့ကိုယ်သူတို့ သူများထက် ခေါင်းတလုံး ပိုမြင့်နေသလိုလို၊ ပိုပြီး cool ဖြစ်သလိုလို အထာဖမ်းနေတာပဲ။ သမိုင်းမသိတဲ့ ငအေလေးတွေ လို့သာ သက်သက်ညာညာ သဘောထားလိုက်ပါ့မယ်။

ဒုတိယ ကမ္ဘာစစ်မှာ အဲသလို ရပ်တည်ခဲ့သူတွေဟာ အလွန် ဖောက်ပြန် တဲ့ နယ်ချဲ့ ခေါင်းဆောင် ချာချီတို့၊ ရုစဗဲ့တို့ကို ထောက်ခံမိရက်သား ဖြစ်နေ သလို ဒီကနေ့ ကာလမှာလဲ အလွန် ဖောက်ပြန်တဲ့ စစ်မိစ္ဆာ နတန်ညာဟုနဲ့ ဒေါ်နယ်ထရမ့်တို့ကို ထောက်ခံမိရက်သား ဖြစ်နေတယ် ဆိုတာ သတိရစေ ချင်တယ်။ သူတို့ ပါးစပ်ကတော့ အဲဒီ နယ်ချဲ့ ခေါင်းဆောင်တွေကို ပြင်းပြင်းထန်ထန် ဆဲချင် ဆဲကြလိမ့်မယ်၊ လက်တွေ့မှာ သူတို့ ရပ်တည်ချက် က ဖက်ဆစ်နဲ့ ကွန်မြူနစ်တွေ အရင် ချကြပါစေ၊ နှစ်ကောင်လုံး ပန်းမှ ငါတို့ ကောက်စားမယ် ဆိုတဲ့ နယ်ချဲ့သမားနဲ့ ကတုတ်ကျင်း တဖက်တည်းမှာ ရောက်သွားပြီ။

**တပ်နီတော် အသက်ပေးပြီး နာဇီ ဖက်ဆစ်တွေကို တိုက်နေတာဟာ စတာလင် ဗျူရိုကရေစီကို ကာကွယ်ဖို့ မဟုတ်ဘူး။ အောက်တိုဘာ တော်လှန်ရေးရဲ့ အသီးအပွင့်တွေကို ကာကွယ်ဖို့ ဖြစ်တယ်။**



Red Army soldiers raising the flag of the USSR over the Reichstag in Berlin, 2 May 1945

တော်လှန်ရေးသမားစစ်စစ် ကွန်မြူနစ်တွေက ဒီပြဿနာကို ဘယ်လို သဘောထားခဲ့သလဲ။ ထရော့စကီး ဘယ်လို သဘောထားခဲ့သလဲ ဆန်းစစ်ကြည့်ရင် ပိုရှင်းသွားလိမ့်မယ်။ ဘာ့ကြောင့်လဲ။ ထရော့စကီးက ဆိုဗီယက် ယူနီယံရဲ့ အာဏာရှင်ကြီး စတာလင်ရဲ့ ကမ္ဘာ့ရန် ဖြစ်တယ်။ ထရော့စကီးကို စတာလင် ဗျူရိုကရေစီက ဆိုဗီယက်ကနေ မောင်းထုတ်ထားသလို ကမ္ဘာ့နိုင်ငံ အတော်တော်များများမှာလဲ နိုင်ငံရေး ခိုလှုံခွင့် မရအောင် ပိတ်ဆို့ထားခဲ့တယ်။ ဒါတင် မကသေး၊ ထရော့စကီးရဲ့ ရဲဘော်ရဲဘက် ဘော်ရှီဗစ် ခေါင်းဆောင်တွေ အားလုံးကို သတ်ပစ်ထားတယ်၊ ထရော့စကီးရဲ့ သားသမီးတွေ၊ မြေးတွေ၊ ဆွေမျိုးသားချင်းတွေပါမချန် စတာလင် သတ်ပစ်ခဲ့တယ်၊ ပြင်သစ် ရောက်နေတဲ့ သားအကြီးကိုပါ လိုက်ပြီး လုပ်ကြံသတ်ဖြတ်ခဲ့တယ်။ နောက်ဆုံး ထရော့စကီးကိုပါ စတာလင်ရဲ့ အေးဂျန့်တွေက နှစ်ကြိမ်တိုင်တိုင် လုပ်ကြံသတ်ဖြတ်ခဲ့တယ်။

အဲဒီလို ရက်စက် ယုတ်မာတဲ့ အာဏာရှင် စတာလင် ခေါင်းဆောင်တဲ့ ဗျူရိုကရေစီက ဆိုဗီယက်မှာ အာဏာရထားတယ်။ တကယ်လို့ ဒုတိယ ကမ္ဘာစစ် ဖြစ်လာခဲ့ရင် ဆိုဗီယက် ယူနီယံနဲ့ ပတ်သက်လို့ ထရော့စကီးတို့ ဘယ်လို သဘောထားမလဲ။ ဒီပြဿနာကို ဒုတိယ ကမ္ဘာစစ် မဖြစ်ခင်ကတည်းက ထရော့စကီး ဖော်ထုတ်ခဲ့တယ်။

ထရော့စကီး ရပ်တည်ချက်ကတော့ ရှင်းလင်း ပြတ်သားပါတယ်။ စစ်ကြီးဖြစ်လာလို့ နယ်ချဲ့ပါဝါတွေက ဆိုဗီယက် ယူနီယံကို တိုက်ခိုက်လာရင် ဆိုဗီယက် ယူနီယံဘက်က ခြွင်းချက်မရှိ ရပ်တည် ကာကွယ်ရမယ် (unconditional defence) လို့ ထရော့စကီး ရှင်းပြခဲ့တယ်။ စတာလင် အာဏာရှင်ဆန်သလား မဆန်ဘူးလား ဆိုတာ ထရော့စကီးက ခင်ဗျားတို့ ကျနော်တို့ထက် ပိုသိတာပေါ့။ အဲသလိုပဲ ဖက်ဆစ်တွေ ဘယ့်လောက် အာဏာရှင်ဆန်သလဲ ဆိုတာလဲ သူကောင်းကောင်း သိတာပေါ့။ ဒီတော့ ဖောက်ပြန်တဲ့ အာဏာရှင်တွေ စစ်ခင်းကြတဲ့ အခြေအနေမှာ ထရော့စကီးက ဘာ့ကြောင့် သူ့ကို ဖိနှိပ်တဲ့ ဆိုဗီယက်ဘက်က ရပ်တည် ကာကွယ်ဖို့ ပြောခဲ့သလဲ။

ဆိုဗီယက် ယူနီယံမှာ စတာလင် ဗျူရိုကရေစီက အလုပ်သမားထုလက်ထဲက အာဏာကို မောင်ပိုင်စီးထားတာ မှန်တယ်။ သို့သော် ဆိုဗီယက် ယူနီယံမှာ အောက်တိုဘာ တော်လှန်ရေးရဲ့ အောင်သီးအောင်ပွင့်တွေ အခိုင်အမာ ရှိနေသေးတယ်။ အဲဒါက nationalization of means of production နဲ့ planned economy ပဲ။ ဒီစီးပွားရေး အခြေခံပေါ်ကနေ ထွက်ပေါ်လာတဲ့ social reforms တွေလဲ အများကြီး ရှိတယ်။ ဒီတော့ နာဇီ ဖက်ဆစ်တွေ အပါအဝင် နယ်ချဲ့ ပါဝါတွေသာ ဆိုဗီယက် ယူနီယံကို အနိုင်ရသွားရင် အောက်တိုဘာ တော်လှန်ရေးရဲ့ အသီးအပွင့်တွေအားလုံး ချေမွဖျက်ဆီးခံရမယ်။ ဒါ့ကြောင့် ထရော့စကီးက ဆိုဗီယက် ယူနီယံဘက်က ပြတ်ပြတ်သားသား ရပ်တည် တိုက်ပွဲဝင်ဖို့ ရှင်းရှင်းလင်းလင်း ပြောခဲ့တာပဲ။

ထရော့စကီးမှ မဟုတ်ဘူး၊ ဆိုဗီယက် ပြည်ထောင်စုက အလုပ်သမားထုနဲ့ တပ်နီတော်ကလဲ ဒီအချက်ကို ကောင်းကောင်း သဘောပေါက်တယ်။ သူတို့မှာ အသက်နဲ့ရင်း တိုက်ပွဲဝင်ပြီး ခုခံကာကွယ်စရာ အကြောင်းတရား လုံလုံလောက်လောက် ရှိတယ်။ သူတို့ အသက်ပေးပြီး နာဇီ ဖက်ဆစ်တွေကို တိုက်နေတာဟာ စတာလင် ဗျူရိုကရေစီကို ကာကွယ်ဖို့ မဟုတ်ဘူး။ အောက်တိုဘာ တော်လှန်ရေးရဲ့ အသီးအပွင့်တွေကို ကာကွယ်ဖို့ ဖြစ်တယ်။ သန်းနဲ့ချီတဲ့ ဆိုဗီယက် အလုပ်သမားတွေ၊ တပ်နီတော်က ရဲဘော်တွေ အသက်ပေးပြီး နာဇီဖက်ဆစ်တွေကို တိုက်ခဲ့ကြတယ်။ နောက်ဆုံးမှာ ဖက်ဆစ်တွေကို အလဲထိုးနိုင်ခဲ့တယ်။

ဒုတိယ ကမ္ဘာစစ်မှာ ဆိုဗီယက် တပ်နီတော်က နာဇီ ဖက်ဆစ်တွေကို အလဲထိုးနိုင်ခဲ့တဲ့ အကြောင်း နှစ်ချက် ရှိပါတယ်။ နံပါတ်တစ်ကတော့ ဆိုဗီယက် စီးပွားရေး nationalized planned economy က နာဇီ ဂျာမနီနဲ့ အနောက် ဥရောပက အရင်းရှင်စနစ်ထက် အဆမတန် သာလွန်လို့ပဲ။ စစ်အတွင်းမှာ စီးပွားရေး အခြေခံ အားကောင်းတဲ့ဘက်က ရေရှည်မှာ အနိုင်ရတာပဲ။ ဒီအချက်ကို နားလည်ဖို့ မခက်ဘူး ထင်ပါတယ်။ အရင်းရှင်စနစ်နဲ့ nationalized planned economy ဘယ်ဟာက ပိုပြီး အားကောင်းသလဲ ဆိုတာ ဒုတိယ ကမ္ဘာစစ်မှာ လက်တွေ့ စမ်းသပ်ပြီး အဆုံးအဖြတ်ပြုပြီးသွားပြီ။ ဒုတိယ အချက်ကတော့ နာဇီ စစ်သားတွေမှာ အသေခံ တိုက်စရာ အရေးတော်ပုံ မရှိဘူး၊ ဆိုဗီယက် တပ်နီတော်မှာ အသေခံ တိုက်စရာ ခိုင်လုံတဲ့ အရေးတော်ပုံ ရှိတယ်။ ဒါ့ကြောင့် ဖက်ဆစ်တွေ ရှုံးခဲ့တာပဲ။ ဒါ့ကြောင့် တပ်နီတော် အောင်ပွဲရသွားတာပဲ။

ချာချီတို့ ရုစဗဲ့တို့ နယ်ချဲ့ဘက်က ဝါဒဖြန့်တာတွေ ယုံစားမိရင်တော့ ဒီဒေးကြောင့် ဖက်ဆစ်တွေ အလဲထိုးခံလိုက်ရသလို ထင်ကြမှာပဲ။ တကယ်တော့ ဆိုဗီယက် တပ်နီတော်က နာဇီတွေကို နိုင်နေမှန်း သိမှ နယ်ချဲ့ပါဝါတွေ ဝင်ပါလာတာပဲ။ အစက နာဇီနဲ့ ဆိုဗီယက် ချနေတာကို သူတို့ လက်ပိုက်ကြည့်နေတာပါ။ ဖက်ဆစ်တွေကို အနောက် နယ်ချဲ့ပါဝါတွေက တကယ် မတိုက်ခဲ့ပါဘူး။ ပွဲသိမ်းခါနီးမှ ဖျာဝင်ခင်းရုံ လုပ်သွားတာ။ ဒီအကြောင်းအရာတွေက အခု ဆောင်းပါးရဲ့ scope အပြင်ဖက်ကို ရောက်သွားပါပြီ။

အဲ့တော့ အစကို ပြန်ကောက်ရရင် ဆိုဗီယက် အလုပ်သမားတွေကသာ နာဇီအာဏာရှင်နဲ့ ငါတို့ကို ဖိနှိပ်နေတဲ့ စတာလင် ဗျူရိုကရေစီ ချကြတဲ့ စစ်ပွဲ၊ မိစ္ဆာကောင်တွေ အချင်းချင်း ဆော်ကြစမ်းလို့ သဘောထားခဲ့ရင် ဘာဖြစ်မလဲ။ နာဇီတွေ အောင်ပွဲခံပြီး ဆိုဗီယက် ပြည်သူတွေလဲ တစစီ ချေမှုန်းခံရမယ်။ ဖက်ဆစ်တွေသာ ဆိုဗီယက်ကို နိုင်သွားခဲ့ရင် ဥရောပတို့ အမေရိကတို့၊ အာရှတို့လဲ သက်သာရာ ရမယ် မထင်လေနဲ့။

ဒါဆိုရင် ရက်စက်ကြမ်းကြုတ်တဲ့ စတာလင် ဗျူရိုကရေစီကို ဘယ်လို လုပ်မလဲ။ ထရော့စကီး ပြောတာ ရှင်းပါတယ်။ စတာလင် ဗျူရိုကရေစီကို

ဘယ်နယ်ချဲ့ကမှ ငါတို့တော့ မင်းတို့ကို သွေးစုပ်ခြယ်လှယ်ဖို့၊ မင်းတို့ဆီက မြေပေါ် မြေအောက် ရေပေါ် ရေအောက် သယံဇာတတွေ သိမ်းချင်လို့ နယ်ချဲ့တာဟော့လို့ ပြောင်မပြောဘူး။ အီရန်ရဲ့ နျူကလီယာ အန္တရာယ်ကို တဖွဖွ ပြောနေတာလဲ ဒီသဘောပဲ။

ဟစ်တလာက ဖယ်ရှားပစ်တာ လက်မခံနိုင်ဘူး၊ ဆိုဗီယက် အလုပ်သမားထုက သူတို့ကိုယ်တိုင် ဖယ်ရှားလိမ့်မယ်။ အလုပ်သမားထုက နာဇီတွေနဲ့ စာရင်းရှင်းပြီးရင် စတာလင် ဗျူရိုကရေစီကို ဆက်ကိုင်ပါလိမ့်မယ်လို့ ထရော့စကီး ရှင်းပြခဲ့တယ်။

စစ်ပွဲနဲ့ ပတ်သက်တဲ့ ကွန်မြူနစ်တွေရဲ့ သဘောထားက concrete question ဖြစ်တယ်။ အာဏာရှင် နှစ်ကောင် ချကြတဲ့ စစ်ပွဲ၊ နှစ်ဖက်လုံးက evil တွေဆိုပြီး ပြောနေတာက abstract ဆန်လွန်းပြီး လက်တွေ့မှာ ဖက်ဆစ်တွေရှေ့၊ နယ်ချဲ့တွေရှေ့ လည်စင်းခံရေး ဖြစ်နေတတ်တယ်။ ဘာမှ သုံးစားမရဘူး။ ဒါ့ကြောင့် reactionary ဖြစ်တယ်၊ impotent ဖြစ်တယ်လို့ ပြောတာပဲ။

ဒီနေရာမှာ စောဒက တက်စရာ ရှိလာတာက ဆိုဗီယက် Vs နာဇီ ဂျာမနီကတော့ ရှင်းတယ်။ စနစ် အခြေခံချင်း မတူဘူး၊ ဆိုဗီယက်မှာ ကာကွယ်စရာ တော်လှန်ရေး အသီးအပွင့်တွေလဲ ရှိတယ်။ အဲသလို မဟုတ်တဲ့ တခြား အခြေအနေမှာဆိုရင် ဘယ်လို သဘောထားမလဲ။

ဒီကနေ့ ယူအက်(စ်)-အစ္စရေး Vs အီရန် စစ်ပွဲနဲ့ အတော်လေး ဆင်တူတဲ့ သမိုင်း နမူနာတခုကို ဆွဲထုတ်ပြပါမယ်။ ၁၉၃၅ ခုနှစ်လောက်က ဖက်ဆစ် အီတလီက အဘစ်ဆီးနီးယား (အီသီယိုးပီးယား) ကို ဝင်တိုက်တယ်။ တိုက်ရတဲ့ ရည်ရွယ်ချက်ကတော့ ရှင်းတယ်။ အာဖရိကတိုက်မှာ သီးခြား လွတ်လပ်နေသေးတဲ့ လက်ကျန် နိုင်ငံကို ကိုလိုနီပြုဖို့ တိုက်တာပဲ။ ဒါပေမဲ့ နယ်ချဲ့စစ်ပွဲတွေ ထုံးစံအတိုင်း ကျွန်စနစ် ဖျက်သိမ်းရေး အလံထူပြီး civilizing mission လို့ ခေါင်းစဉ်တပ်ပါတယ်။ ဒီကနေ့ခေတ်မှာ ဂျန်နိုဆိုက် တရားခံ နတန်ညာဟုက အီရန်က အမျိုးသမီးထု အခွင့်အရေး ကာကွယ်ပေးဖို့ အီရန်ကို ဝင်တိုက်ရပါတယ် ပြောနေသေးတာပဲ။ ဗမာပြည်ကို အင်္ဂလိပ်တွေ ဝင်တိုက်တုန်းကရော ဘာထူးလဲ။ အရှေ့တိုင်း အာရှ ဘုရင်တွေက သွေးသားချင်းတောင် သတ်ဖြတ်နေကြတဲ့ အရိုင်းအစိုင်းတွေ၊ civilize လုပ်ပေးရမယ် ဆိုပြီး ကိုလိုနီပြုသွားတာပဲ။ ဘယ်နယ်ချဲ့ကမှ ငါတို့တော့ မင်းတို့ကို သွေးစုပ်ခြယ်လှယ်ဖို့၊ မင်းတို့ဆီက မြေပေါ် မြေအောက် ရေပေါ် ရေအောက် သယံဇာတတွေ သိမ်းချင်လို့ နယ်ချဲ့တာဟော့လို့ ပြောင်မပြောဘူး။ အီရန်ရဲ့ နျူကလီယာ အန္တရာယ်ကို တဖွဖွ ပြောနေတာလဲ ဒီသဘောပဲ။

အဲဒီတုန်းက အီသီယိုးပီးယား အင်ပိုင်ယာကို အင်ပါယာ Haile Selassie အုပ်စိုးနေချိန် ဖြစ်တယ်။ ဒီမိုကရက်တစ် အစိုးရ မဟုတ်ဘူးပေါ့လေ။ ဒီတော့ တချို့ လက်ဝဲတွေက အာဏာရှင်တွေကြားက စစ်ပွဲသာ ဖြစ်တယ်၊ အလုပ်သမား လှုပ်ရှားမှုအနေနဲ့ ဘာရပ်တည်ချက်မှ ဖော်ထုတ်စရာ မလိုဘူး။ ထရော့စကီးက [On dictators and the heights of Oslo] ဆောင်းပါးထဲမှာ အဲဒီလို moralisitic ရပ်တည်ချက်ကို ပြင်းပြင်းထန်ထန် ဝေဖန်ထားတယ်။

သဘောက သူတို့ဟာ စစ်ပွဲရဲ့ လက္ခဏာကို နိုင်ငံတော်ရဲ့ the political form ကို အခြေခံပြီး အကဲဖြတ်နေကြတယ်။ အာဏာရှင် အစိုးရလား၊ ဖက်ဆစ် အစိုးရလား၊ ဒီမိုကရေစီ အစိုးရလား ဆိုတဲ့ purely descriptive manner နဲ့ အပေါ်ယံဆန်ဆန် သတ်မှတ်ပြီး စစ်ပွဲကို အကဲဖြတ်နေကြတာ။ 'အာဏာရှင်စနစ်' နှစ်ခုရဲ့ social foundations ကို ထည့်သွင်း စဉ်းစားခြင်း အလျဉ်းမရှိဘူး။

"အာဏာရှင်တယောက်က အိန္ဒိယ လူထုကို ဦးဆောင်ပြီး ဗြိတိန် (ကိုလိုနီ) ထမ်းပိုးကို ရိုက်ချိုးဖို့ သူပုန်ထ အုံကြွလာရင် Maxton အနေနဲ့ အဲဒီ အာဏာရှင်ကို မထောက်ခံဘဲ နေမလား။ ထောက်ခံမယ် သို့မဟုတ် ဆန့်ကျင်မယ်ဆိုတာ အတိအကျ ဖြေပါ။ ထောက်ခံမယ်ဆိုရင် အီတလျံ (ကိုလိုနီ) ထမ်းပိုးကို ရိုက်ချိုးဖို့ ကြိုးပမ်းနေတဲ့ အီသီယိုးပီးယန်း 'အာဏာရှင်' ကိုရော ဘာ့ကြောင့် မထောက်ခံရမှာလဲ။"

ထရော့စကီး ဒီပြဿနာကို အခိုင်အမာ ကိစ္စအနေနဲ့ ချဉ်းကပ်ပါတယ်။ ဒီနေရာမှာ အီသီယိုးပီးယားဘက်က ရပ်တည်တာ၊ အီတလီကို ဆန့်ကျင်တာဟာ အီတလီက ဖက်ဆစ် အာဏာရှင် ဖြစ်နေလို့ မဟုတ်ဘူး။ တချို့ ရွှေဉာဏ်တော်စူးရောက်တဲ့ ပညာတတ်ပေါက်စလေးတွေက အီသီယိုးပီးယား အာဏာရှင်က အာဏာရှင် ဆိုပေမဲ့ မူဆိုလီနီလို ဖက်ဆစ် အာဏာရှင် မဟုတ်လို့ ထရော့စကီးက အီသီယိုးပီးယားဘက်က ထောက်ခံခဲ့တာလို့ စွပ်စွဲနိုင်သေးတယ်။

အဲဒီလို စွပ်စွဲလို့မရအောင် ထရော့စကီးက concretely ရှင်းပြပါတယ် -

"မူဆိုလီနီသာ အောင်ပွဲခံသွားရင် ဖက်ဆစ်စနစ် ပိုခိုင်မာသွားမယ်၊ နယ်ချဲ့စနစ် ပိုအားကောင်းသွားမယ်၊ ဒါ့အပြင် အာဖရိကနဲ့ အခြားတိုင်းပြည်တွေက ကိုလိုနီ ပြည်သူတွေ ခေါင်းမထောင်ရဲအောင် ဦးချိုးပေးရာ ရောက်သွားမယ်။ သို့သော် Negus [ဘုရင်] အောင်ပွဲရသွားရင် အီတာလျံ နယ်ချဲ့စနစ်ကို အပြင်းအထန် ထိုးနှက်နိုင်ရုံသာမက နယ်ချဲ့စနစ် တစုံလုံးကို အရှိက်ထိုးရာ ရောက်သွားမယ်၊ အုံကြွနေတဲ့ အဖိနှိပ်ခံ



ဒီစစ်ပွဲဟာ အရင်းရှင် နယ်ချဲ့ နိုင်ငံ (အီတလီ) က ခေတ်နောက်ကျ တိုင်းပြည် (အီသီယိုးပီးယား) ကို တိုက်ရိုက် ကိုလိုနီပြုဖို့ ရည်ရွယ်တဲ့ စစ်ပွဲ ဖြစ်တယ်၊ ဒီလို နားလည်ထားတဲ့အတွက် ကြောင့် ထရော့စကီးက အီတလီကို ဆန့်ကျင်ပြီး အီသီယိုးပီးယားဘက်က ရပ်တည်ခဲ့တယ်

ပြည်သူတွေအတွက်လဲ အားတက်စရာ ဖြစ်သွားမယ်။ ဒါကို မမြင်ရင်တော့ စုံလုံးကန်းနေလို့ပဲ။”

အခု ကျနော်တို့ မြင်တဲ့အတိုင်းပဲ ဒီစစ်ပွဲဟာ အရင်းရှင် နယ်ချဲ့ နိုင်ငံ (အီတလီ) က ခေတ်နောက်ကျ တိုင်းပြည် (အီသီယိုးပီးယား) ကို တိုက်ရိုက်ကိုလိုနီပြုဖို့ ရည်ရွယ်တဲ့ စစ်ပွဲ ဖြစ်တယ်၊ ဒီလို နားလည်ထားတဲ့အတွက်ကြောင့် ထရော့စကီးက အီတလီကို ဆန့်ကျင်ပြီး အီသီယိုးပီးယားဘက်က ရပ်တည်ခဲ့တာပဲ။

နောက်တနှစ်အကြာ letter to the International Secretariat မှာ ထရော့စကီးက အခုလို ထောက်ပြထားတယ် -

> “မှန်တယ်၊ ငါတို့က အီတလီ ကျရှုံးပြီး အီသီယိုးပီးယားကို အနိုင်ရစေချင်တယ်။ ဒါ့ကြောင့် အီတာလျံ နယ်ချဲ့ကို တခြား နယ်ချဲ့ပါဝါတွေက ထောက်ပံ့ပေးတာတွေ ရောက်မလာအောင် ငါတို့မှာ ရှိသမျှ နည်းပေါင်းစုံသုံးပြီး တားဆီး ပိတ်ပင်ရမယ်။ တချိန်တည်းမှာပဲ အီသီယိုး-ပီးယားကို ခဲယမ်းလက်နက်တွေ ရောက်ရှိသွားအောင် ငါတို့ တတ်နိုင်သမျှ အစွမ်းကုန် ကူညီပေးရမယ်။
>
> “သို့သော် ဒီတိုက်ပွဲဟာ အရင်းရှင် နယ်ချဲ့စနစ်ကို ဆန့်ကျင်တဲ့ တိုက်ပွဲဖြစ်တယ်၊ ဖက်ဆစ်ဝါဒကို ဦးတည် တိုက်တဲ့ တိုက်ပွဲ မဟုတ်ဘူး ဆိုတာလဲ အလေးထား ပြောချင်တယ်။ စစ်ဖြစ်လာပြီဆိုရင် Negus or Mussolini ဘယ်သူ ‘ပိုကောင်းတယ်’ ဆိုတဲ့ မေးခွန်းကို ငါတို့ စိတ်မဝင်စားဘူး၊ လူတန်းစားတွေကြား ဆက်နွယ်ချက်နဲ့ ဖွံ့ဖြိုးမှုနောက်ကောက်ကျတဲ့ တိုင်းပြည်တခုက အရင်းရှင် နယ်ချဲ့စနစ်ကို ဆန့်ကျင်ပြီး လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေတဲ့ အချက်ကသာ တကယ် အရေးကြီးတယ်။”

၁၉၄၀ ရောက်တော့ ဆိုဗီယက် ယူနီယံနဲ့ ပတ်သက်ပြီး ဘယ်လို သဘောထားကြမလဲ ငြင်းခုန်ကြတဲ့ ဆွေးနွေးချက်တွေထဲမှာ ထရော့စကီးက အခုလို ပြောခဲ့ဖူးတယ် -

> "အဘစ်ဆီးနီးယားကို ငါတို့ ထောက်ခံခဲ့တာ နီးဂပ်(စ်)က နိုင်ငံရေးအရ သို့မဟုတ် ကိုယ်ကျင့်သီလအရ မူဆိုလီနီထက် သာလွန်မြင့်မြတ်နေလို့ မဟုတ်ဘူး။ ကိုလိုနီ ဖိနှိပ်မှုကို ဆန့်ကျင်တိုက်ပွဲဝင်တဲ့ ခေတ်နောက်ကျ တိုင်းပြည်တခုကို ခုခံကာကွယ်ခြင်းဟာ ကမ္ဘာ့ အလုပ်သမား လူတန်းစားရဲ့ အဓိက ရန်သူတော် အရင်းရှင် နယ်ချဲ့စနစ်ကို အရှိုက်ထိုးရာ ရောက်လို့ပဲ။" (*Balance sheet of the Finnish events*)

Historical analogy တွေမှာ အကန့်အသတ် ရှိတာကို ကောင်းကောင်း သဘောပေါက်ပါတယ်။ သို့သော် သေချာတာကတော့ စစ်ပွဲနဲ့ ပတ်သက်လာရင် ကမ္ဘာ့ အလုပ်သမား လူတန်းစားရဲ့ အကျိုးစီးပွားကို ရှေ့တန်းတင်ပြီး စဉ်းစားရင် ရပ်တည်ချက် မမှားနိုင်ဘူး။ အဲသလို မဟုတ်ဘဲ ဘယ်အစိုးရက အာဏာရှင်၊ ဘယ်အစိုးရက ဒီမိုကရေစီမို့၊ ဒါမှမဟုတ် အာဏာရှင် အချင်းချင်းမို့ ဆိုပြီး political form ကို အခြေခံ စဉ်းစားရင် ရပ်တည်ချက် မှားမှာ သေချာတယ်။

ယူအက်(စ်)-အစ္စရေးတို့က အီရန်ကို တိုက်နေတာဟာ ဒီမိုကရေစီတွေ၊ လူ့အခွင့်အရေးတွေနဲ့ လားလားမှ မဆိုင်ဘူး။ အရှေ့အလယ်ပိုင်း ဒေသကြီးမှာ သူတို့ ထင်သလို ဗိုလ်ကျမင်းမူခွင့် ရဖို့ တိုက်နေတာပဲ။ ဒီလို complete domination ရရှိရေး နယ်ချဲ့နေတဲ့ လမ်းခုလတ်မှာ သူတို့ကို အံတုနေတဲ့ ဒေသတွင်း ပါဝါက အီရန်ပဲ။ ဒါ့ကြောင့် အီရန်ကို သူတို့ အပြတ်ရှင်းချင်နေကြတာ။ တကယ်လို့သာ ယူအက်(စ်) နယ်ချဲ့နဲ့ ဇိုင်ယင်နစ် အစ္စရေးတို့ အောင်ပွဲရသွားရင် အီသီယိုးပီးယားမှာ ဖက်ဆစ် အီတလီ အောင်ပွဲရသွားတာထက် ပိုဆိုးမှာ သေချာတယ်။

ဒီတော့ ယူအက်(စ်)-အစ္စရေး နယ်ချဲ့စစ်ပွဲကို ဆန့်ကျင်ပြီး အီရန်ဘက်က ကျနော်တို့ ကွန်မြူနစ်တွေ ပြတ်ပြတ်သားသား ရပ်တည်တယ်။ အီရန်ဘက်က ပြတ်ပြတ်သားသား ရပ်တည်တာဟာ အီရန် အစိုးရကို

> **ကိုလိုနီ ဖိနှိပ်မှုကို ဆန့်ကျင်တိုက်ပွဲဝင်တဲ့ ခေတ်နောက်ကျ တိုင်းပြည်တခုကို ခုခံကာကွယ်ခြင်းဟာ ကမ္ဘာ့ အလုပ်သမား လူတန်းစားရဲ့ အဓိက ရန်သူတော် အရင်းရှင် နယ်ချဲ့စနစ်ကို အရှိုက်ထိုးရာ ရောက်တယ်။**


ထောက်ခံခြင်းနဲ့ လားလားမှ မသက်ဆိုင်ဘူး ဆိုတာလဲ ထပ်ရှင်းဖို့ မလိုဘူး ထင်ပါတယ်။ အာဏာရှင် အချင်းချင်း ဘယ်သူက ပိုယုတ်သလဲ၊ ဘယ်သူက ပိုကောင်းသလဲ ကျနော်တို့ စဉ်းစားစရာ မလိုဘူး။

အီရန်လို့ ကြားလိုက်တာနဲ့၊ ကွန်မြူနစ်လို့ ကြားလိုက်တာနဲ့ triggered ဖြစ်ပြီး စိတ်ထဲ ကိန်းအောင်းနေတဲ့ ရန်လိုမုန်းတီးမှုတွေ ပွင့်ထွက်လာလေ့ ရှိကြတယ်။ အဲသလို ဖြစ်အောင်လဲ အမေရိကန် ခေါင်းဆောင်တဲ့ အနောက်နယ်ချဲ့ဂိုဏ်းက နှစ်ရှည်လများ ဂျင်းထည့်လာတာပဲ။ အဲဒီတော့ ကိုယ့်ကိုယ်ကိုယ် ပြန်ဆင်ခြင်ကြည့်ကြဖို့ တိုက်တွန်းလိုက်ပါတယ်။

“Hands off Iran! Down with US-Israel imperialism!”

ရေးသူ - မေဆန်

Reference: Israel’s war on Iran – how would Trotsky have posed the question ? by Jorge Martín 02 March 2026



*လီယွန် ထရော့စကီးရဲ့ အကူးအပြောင်း လုပ်ငန်းစဉ်ဟာ မာ့က်စ်ဝါဒဆိုင်ရာ အထင်ကရ လက်ရာ တခု ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ထဲက သင်ခန်းစာတွေဟာ ဒီကနေ့ ကာလမှာ ပိုပြီး ဆီလျော်မှန်ကန်မှု ရှိလာတယ်။ ဒီကနေ့ခေတ်လိုပဲ ဝရုန်းသုန်းကား ပြောင်းလဲနေတဲ့ အကျပ်အတည်း ကာလမှာ ထရော့စကီး ရေးခဲ့ခြင်း ဖြစ်တယ်။ ထရော့စကီးက ဒီပရိုဂရမ်ထဲမှာ မာ့က်စ်ဝါဒကို ရှင်သန်နေသော လူတန်းစား တိုက်ပွဲနဲ့ ဘယ်လို ပေါင်းစပ်ရမလဲ ဆိုတဲ့ နည်းနာနဲ့ ဗျူဟာတွေ ဖော်ထုတ်ပြသွားတယ်။*

*The Classics of Marxism အတွဲ (၁) ဒုတိယ အကြိမ် ထုတ်ဝေခြင်း မိတ်ဆက်အဖြစ် Fred Weston ရေးခဲ့တဲ့ ဆောင်းပါး ကောက်နုတ်ချက်ကို ဘာသာပြန် ဖော်ပြထားခြင်း ဖြစ်ပါတယ်။ ဒီကနေ့ခေတ် တော်လှန်သော ကွန်မြူနစ်တွေအတွက် အကူးအပြောင်း လုပ်ငန်းစဉ်က ဘာ့ကြောင့် အရေးကြီးသလဲ ရှင်းပြထားတာ တွေ့ရလိမ့်မယ်။*

## ကျနော်တို့ဟာ အရင်းရှင်စနစ် သမိုင်းတလျှောက် အပြောင်းအလဲ လှိုင်းတံပိုး အထန်ဆုံး ကာလတခုကို ဖြတ်သန်းနေရတယ်။

ဆင်းရဲမွဲတေမှု နှုန်းထားက နေရာတိုင်းမှာ မြင့်တက်နေတယ်။ တချိန်တည်းမှာပဲ၊ 'တစ် ရာခိုင်နှုန်း' မျှသာရှိသော လက်တဆုပ်စာ လူနည်းစုရဲ့ လက်ထဲမှာ မကြုံစဖူးလောက်အောင် များပြားတဲ့ ခနဉစ္စာကြွယ်ဝမှုတွေ တောင်ပုံယာပုံ စုဆောင်းမိနေတယ်။

အလုပ်ရှင်တွေက အလုပ်သမား အခွင့်အရေးတွေကို တဖြည်းဖြည်း ရိုက်ချိုး ဖျက်ဆီးပစ်နေတဲ့အတွက် လုပ်ငန်းခွင် အခြေအနေတွေဟာ တနေ့တခြား ပိုပြီး ဆိုးရွားလာနေတယ်။ လုပ်ခလစာတွေဟာ ငွေကြေးဖောင်းပွမှု နှုန်းကို လိုက်မမီနိုင်တော့သလို၊ ဆင်းရဲသား ပြည်သူတွေ ရရှိနေတဲ့ ခံစားခွင့်တွေလဲ ဖြတ်တောက်ခံနေရတယ်။ အိမ်ရာဈေးနှုန်းတွေဟာ မြင်းမိုရ်တောင်မက မြင့်တက်နေပြီး အလုပ်သမား အများစုအတွက် အိမ်ငှားခက လက်လှမ်းမမီနိုင်စရာ ဖြစ်လာနေတယ်။

ဒီအခြေအနေတွေအပြင် ရေလွှမ်းမိုးတာကနေ တောမီးလောင်တာတွေအထိ ရာသီဥတုပြောင်းလဲမှုတွေကြောင့် နိုင်ငံအတော်များများမှာ ကပ်ဘေးသင့်မှုကြီးတွေ ဖြစ်ပေါ်နေတယ်။ မိုးခေါင်ရေရှားမှုတွေကြောင့် လူသန်းပေါင်းများစွာရဲ့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းတွေ ပျက်စီးဆုံးရှုံးနေရတယ်။

ဒီအခြေအနေတွေအောက်မှာ နယ်ချဲ့ အင်အားကြီးနိုင်ငံကြီးတွေကပါ ဈေးကွက်နဲ့ သြဇာခံနယ်ပယ်တွေ လုယက်ရင်း အချင်းချင်း ရန်စောင်နေကြတယ်၊ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ အရေးကိစ္စတွေမှာ ဝင်ရောက် စွက်ဖက်ခြယ်လှယ်နေကြတယ်။ ဒီလုပ်ရပ်တွေကြောင့် မတည်ငြိမ်မှုနဲ့ ရှုပ်ထွေးမှုတွေ၊ စစ်နဲ့ ပြည်တွင်းစစ်တွေ ဖြစ်ပေါ်လာစေတယ်။

ဒါကြောင့်မို့လဲ နိုင်ငံအသီးသီးမှာရှိတဲ့ လူသန်းပေါင်းများစွာ (ဘီလီယံနဲ့ချီတဲ့ လူတွေလဲ ဖြစ်နိုင်တယ်) ဟာ ဒါတွေ ဘာကြောင့် ဖြစ်နေရတာလဲ၊ အကြောင်းရင်းတွေက ဘာလဲ၊ ဘယ်လိုဖြေရှင်းကြမလဲ ဆိုတာနဲ့ ပတ်သက်လို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးခွန်းထုတ်လာကြတယ်။

တော်လှန်သော ကွန်မြူနစ်တွေ လက်ထဲမှာ ဒီပြဿနာတွေနဲ့ ပတ်သက်လို့ ရှင်းလင်းပြတ်သားတဲ့ အဖြေတွေနဲ့ ဒီအကျပ်အတည်းကို အမြစ်ကနေ ကိုင်တွယ်ဖြေရှင်းပစ်နိုင်မယ့် လုပ်ငန်းစဉ် တရပ် ရှိပါတယ်။

## စတုတ္ထ အင်တာနေရှင်နယ်

ဒီ လုပ်ငန်းစဉ်က ဘာလဲ။ အလုပ်သမားလူတန်းစားရဲ့ နိစ္စဓူဝ တိုက်ပွဲတွေနဲ့ ဒီလုပ်ငန်းစဉ်ကို ဘယ်လို ချိတ်ဆက်ကြမလဲ။

ဒီပြဿနာတွေကို လီယွန်ထရော့စကီးက *အကူးအပြောင်းလုပ်ငန်းစဉ် (The Transitional Programme)* ထဲမှာ ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်ထားတယ်။ ဒီစာတမ်းကို ၁၉၃၈ ခုနှစ်မှာ ရေးသားခဲ့ပြီး (အဲဒီအချိန်တုန်းက) အသစ်ဖွဲ့စည်းပြီးစ စတုတ္ထ အင်တာနေရှင်နယ်ရဲ့ ပထမ အကြိမ် ကွန်ဂရက်မှာ ဆွေးနွေး အတည်ပြုခဲ့တယ်။

ထရော့စကီးဟာ ၁၉၁၇ အောက်တိုဘာ တော်လှန်ရေးမှာ လီနင်နဲ့အတူ ဘော်ရှီဗစ်ပါတီကို ဦးဆောင်ခဲ့သူ ဖြစ်တယ်။ အလုပ်သမား လူတန်းစား အာဏာသိမ်းယူနိုင်ရေးအတွက် လီနင်နဲ့ ပူးတွဲ ခေါင်းဆောင်ခဲ့သူ ဖြစ်တယ်။

နိုင်ငံ တနိုင်ငံတည်းမှာ ဆိုရှယ်လစ်စနစ် တည်ဆောက်ဖို့ မဖြစ်နိုင်ဘူး ဆိုတာ လီနင်ရော ထရော့စကီးပါ ကောင်းကောင်း သဘောပေါက်ခဲ့တယ်။ အထူးသဖြင့် အဲဒီခေတ်ကာလတုန်းက ရုရှားနိုင်ငံလို အင်မတန် ခေတ်

# အကူးအပြောင်း လုပ်ငန်းစဉ်

## အကျပ်အတည်းကာလရဲ့ မာ့က်စ်ဝါဒ နည်းနာ



နောက်ကျ ကျန်နေတဲ့ တိုင်းပြည်တခုမှာ နိုင်ငံ တနိုင်ငံတည်း ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးဟာ မဖြစ်နိုင်ဘူး။

ဒုတိယ အင်တာနေရှင်နယ်အဟောင်းဟာ ပြုပြင်ရေးဝါဒီ ပါတီတွေ (reformist party) တွေအဖြစ် လိုက်စားပျက်စီးသွားခဲ့ပြီ။ ဒီပြုပြင်ရေးဝါဒီ ပါတီတွေဟာ ပထမ ကမ္ဘာစစ် ကာလအတွင်း သူတို့ နိုင်ငံအသီးသီးက အုပ်စိုးသူ လူတန်းစားကို ကျောထောက်နောက်ခံပြုရင်း အလုပ်သမား လူတန်းစားကို သစ္စာဖောက်ခဲ့ကြတယ်။

တတိယ အင်တာနေရှင်နယ် တည်ထောင်နိုင်ရေးအတွက် လီနင်နဲ့ ထရော့စကီးတို့ မနေမနားကြိုးပမ်းခဲ့ကြရတယ်။ တတိယအင်တာနေရှင်နယ်ကို နောင်မှာ ကွန်မြူနစ် အင်တာနေရှင်နယ် (Communist International) ဒါမှမဟုတ် ကွန်မင်တန် (Comintern) အဖြစ် လူသိများလာခဲ့တယ်။ နိုင်ငံအသီးသီးမှာ အလုပ်သမား လူတန်းစား အဖို့ သေရေးရှင်ရေး တမျှ အရေးကြီးလှတဲ့ တော်လှန်ရေး ခေါင်းဆောင်မှု ပေးစွမ်းနိုင်ရေးအတွက် တတိယ အင်တာနေရှင်နယ်ရဲ့ နိုင်ငံအလိုက် ဌာနခွဲတွေအဖြစ် အမျိုးမျိုးသော ကွန်မြူနစ်ပါတီတွေ တည်ထောင်ခဲ့ကြတယ်။

၁၉၁၈ ဂျာမန် တော်လှန်ရေးကနေစလို့ တော်လှန်ရေးတွေ တခုပြီးတခု ဖြစ်ပွားခဲ့ပေမဲ့ ကံမကောင်းစွာနဲ့ပဲ ကွန်မြူနစ် ပါတီတွေဟာ ဒီဖြစ်ရပ်ကြီးတွေကို လွှမ်းမိုးနိုင်လောက်အောင် အားမကောင်းခဲ့ဘူး။ ဒါမှမဟုတ် သူတို့ ရင်ဆိုင်နေရတဲ့ မဟာ တာဝန်တွေကို ထမ်းဆောင်နိုင်လောက်အောင် သီအိုရီပိုင်းအရ ကြိုတင် ပြင်ဆင်ထားနိုင်ခဲ့ခြင်း မရှိခဲ့ဘူး။

ဒီ တော်လှန်ရေးတွေ ရှုံးနိမ့်သွားတဲ့အတွက် ဆိုဗီယက် ယူနီယံဟာ တဖြည်းဖြည်း အထီးတည်း ဖြစ်လာခဲ့တယ်။ ဒီအခြေအနေဟာ ရုရှားရဲ့ စီးပွားရေး ခေတ်နောက်ကျမှုနဲ့ ပေါင်းလိုက်တော့ ပိုဆိုးသွားတယ်။ ဒါ့အပြင် ရုရှား ပြည်တွင်းစစ်ကြီးရဲ့ ဖျက်ဆီးမှုကြောင့် အခြေအနေဟာ ပိုပြီး ဆိုးရွားပြင်းထန်သွားခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက် သမ္မတနိုင်ငံဟာ တဖြည်းဖြည်း ပျက်စီး ယိုယွင်းသွားခဲ့တယ်။ စတာလင် ဦးဆောင်တဲ့ အခွင့်ထူးခံ ဗျူရိုကရက် အလွှာက ဆိုဗီယက် အာဏာကို မတရားသဖြင့် သိမ်းပိုက်ခဲ့ တယ်။

၁၉၂၄ခုနှစ် လီနင်ကွယ်လွန်ပြီးနောက်မှာ ဗျူရိုကရက် ပုံပျက်ယိုယွင်းမှု ဖြစ်စဉ်က ပိုလို့တောင် အရှိန်ရလာခဲ့တယ်။ ဒီအခြေအနေတွေအောက်မှာ ထရော့စကီးက လက်ဝဲ အတိုက်အခံ အင်အားစုကို ဖွဲ့စည်းခဲ့တယ်။ လက်ဝဲ အတိုက်အခံတွေဟာ အောက်တိုဘာ တော်လှန်ရေး စံနှုန်းတွေဆီ ပြန် ဦးတည်ကြဖို့ ဆော်ဩခဲ့တယ်။ ၁၉၁၇ အပြီး အစောပိုင်း နှစ်များဆီက စစ်မှန်သော အလုပ်သမား ဒီမိုကရေစီထံ ပြန်လည် ဦးတည်ကြဖို့ လှုံ့ဆော်ခဲ့တယ်။

အားကောင်းလာတဲ့ ဗျူရိုကရေစီနဲ့ လက်ဝဲ အတိုက်အခံ အင်အားစုကို ထောက်ခံသူတွေကြား တိုက်ပွဲဖြစ်လာခဲ့တယ်။ နောက်ဆုံးမှာတော့ ၁၉၂၆ ခုနှစ်မှာ ထရော့စကီးကို ပေါ်လစ်ဗျူရို အဖွဲ့ဝင်အဖြစ်ကနေ ထုတ်ပယ်ပစ်ခဲ့တယ်၊ ၁၉၂၈ ခုနှစ်မှာ (စတာလင် ဦးဆောင်တဲ့ ဆိုဗီယက်ဗျူရိုကရေစီက) ထရော့စကီးကို ပြည်နှင်ဒဏ်ပေးခဲ့တယ်။

နိုင်ငံ တခုပြီးတခု ဖြစ်ပေါ်လာတဲ့ တော်လှန်ရေး လှုပ်ရှားမှုကို အောင်အောင်မြင်မြင် ဦးဆောင်နိုင်စွမ်း မရှိခဲ့တဲ့ ကွန်မြူနစ် အင်တာနေရှင်နယ်ဟာ ကမ္ဘာ့ တော်လှန်ရေး ကိရိယာအဖြစ်ကနေ ဆိုဗီယက် ပြည်ထောင်စု အာဏာရ ဗျူရိုကရေစီရဲ့ နိုင်ငံခြားရေး ပေါ်လစီ လက်ကိုင်တုတ်အဖြစ် တစတစ ပြောင်းလဲခံလိုက်ရတယ်။

၁၉၃၃ ခုနှစ် ဟစ်တလာ အာဏာရလာခြင်းဟာ အရေးကြီး အလှည့်အပြောင်း တရပ် ဖြစ်ခဲ့တယ်။ ဂျာမန် ကွန်မြူနစ် ပါတီနဲ့ ကွန်မင်တန် ခေါင်းဆောင်ပိုင်းဟာ ဖက်ဆစ်စနစ်ရဲ့ သဘောသဘာဝကို နားလည်နိုင်စွမ်း မရှိခဲ့ကြဘူး။ နာဇီဝါဒ ခေါင်းထောင်လာခြင်းဟာ ကွန်မြူနစ်တွေ အာဏာရယူနိုင်ရေးအတွက် ရေခံမြေခံ ပြင်ဆင်ပေးနေခြင်း ဖြစ်တယ်လို့ မှားယွင်းစွာ ရှုမြင်ခဲ့ကြတယ်။ ဂျာမန် အလုပ်သမား လူတန်းစား အလုံးစုံ ဖျက်ဆီးခြေမှုန်းခံရမယ့် အရေးကသာ နာဇီဝါဒရဲ့ အနှစ်သာရ အစစ်အမှန်ဖြစ်ကြောင်း သူတို့ မမြင်နိုင်ခဲ့ကြဘူး။

ဒီအချက်က ဟစ်တလာ အာဏာသိမ်းနိုင်အောင် လမ်းဖွင့်ပေးခဲ့တယ်။ ကမ္ဘာ့ အင်အားအကောင်းဆုံး အလုပ်သမား လှုပ်ရှားမှုတွေထဲက တခုကို သေနတ်တချက်တောင် မဖောက်လိုက်ရဘဲ ပျက်သုဉ်းသွားစေခဲ့တယ်။

တကယ် ကျန်းမာသန်စွမ်းတဲ့ အင်တာနေရှင်နယ်မှန်ရင် ဒီလို ရုပ်ပျက်ဆင်းပျက် ရှုံးနိမ့်မှုမျိုးဟာ ပြင်းထန်တဲ့ ဆွေးနွေးငြင်းခုန်မှုတွေနဲ့ အဖွဲ့အစည်းတွင်း တိုက်ပွဲတွေ ပေါ်ပေါက်စေခဲ့လိမ့်မယ်။ သို့ပေမဲ့ ဗျူရိုကရေစီရဲ့ မှားယွင်းတဲ့ လမ်းစဉ်ကို အင်တာနေရှင်နယ်တခုလုံးက ဘာကန့်ကွက်မှုမှ ဟုတ်တိပတ်တိ မလုပ်ဘဲ လက်ခံခဲ့ကြတယ်။

ဒါကြောင့် ကွန်မြူနစ်အင်တာနေရှင်နယ်ဟာ စစ်မှန်သောတော်လှန်ရေး အဖွဲ့အစည်းတရပ်အဖြစ်ကနေ သေဆုံးသွားခဲ့ပြီ ဖြစ်ကြောင်း ထရော့စကီးက ကြေညာခဲ့တယ်။ စတုတ္ထ အင်တာနေရှင်နယ်တရပ် တည်ထောင်ကြဖို့ အတိအလင်း ပြောဆိုခဲ့တယ်။

## ခေါင်းဆောင်မှုအကျပ်အတည်း

ထရော့စကီးရဲ့ *အကူးအပြောင်း လုပ်ငန်းစဉ်* စာတမ်းနဲ့ ပတ်သက်လို့ မှတ်သားလောက်စရာ ဖြစ်တဲ့ အချက်က *ကွန်မြူနစ် ကြေညာစာတမ်း*လိုပဲ မူလ ရေးသားခဲ့စဉ်ကထက် ဒီကနေ့ခေတ်မှာ ပိုလို့တောင် ဆီလျော် မှန်ကန်လာနေတာပဲ။

ဒီစာတမ်းကို "ကမ္ဘာ့ နိုင်ငံရေး အခြေအနေ တစုံလုံးရဲ့ အဓိက လက္ခဏာကတော့ ပစ္စည်းမဲ့ လူတန်းစား ခေါင်းဆောင်မှု သမိုင်းဝင် အကျပ်အတည်း ဆိုက်နေခြင်းပဲ ဖြစ်တယ်" ဆိုတဲ့ စာသားနဲ့ စဖွင့်ထားတယ်။ ဒီအဖွင့်စာသားဟာ ဒီကနေ့ခေတ် နိုင်ငံတကာ အလုပ်သမား လှုပ်ရှားမှု တရပ်လုံး ကြုံတွေ့နေရတဲ့ ထွက်ပေါက်မဲ့ အခြေအနေကို ထင်းထင်းကြီး ထင်ဟပ်ပြသနေတယ်။

ဒီကနေ့ခေတ် လေဘာလှုပ်ရှားမှု ခေါင်းဆောင်ပိုင်းနဲ့ အလုပ်သမား သမဂ္ဂခေါင်းဆောင်တွေလောက် ဆိုးဆိုးဝါးဝါး ယိုယွင်း လိုက်စား ပျက်စီးနေတာမျိုး ဘယ်တုန်းကမှ မမြင်ခဲ့ရဖူးဘူး။

ဒီအခြေအနေကြောင့် အလုပ်သမား လူတန်းစားမှာ ခေါင်းဆောင်မှု ကင်းမဲ့သွားခဲ့တယ်။ လက်ယာဂိုဏ်း ပေါ်ပြူလစ် နိုင်ငံရေးသမားတွေ ထောက်ခံမှု ဘာကြောင့် ရသလာသလဲ၊ သူတို့ကပဲ အလုပ်သမားထုဘက်က အသံထွက်ပေးနေသယောင် ထင်ရသလဲ ဆိုတာကိုလဲ ဒီအခြေအနေနဲ့ ယှဉ်ထိုးကြည့်ရင် မြင်နိုင်တယ်။ ဒီအခြေအနေအတွက် တာဝန်ရှိသူတွေက အလုပ်သမား လူတန်းစား 'ခေါင်းဆောင်' ဆိုသူတွေပဲ။

အလုပ်သမား လူတန်းစားရဲ့ ပြုပြင်ရေးဝါဒီ (reformist) ခေါင်းဆောင်တွေဟာ တည်ဆဲ အရင်းရှင်စနစ်အောက် လုံးဝဥဿုံ ဒူးထောက် အရှုံးပေးသွားခဲ့ကြပြီ။ ဗြိတိန်မှာ လေဘာခေါင်းဆောင်တွေဟာ လစ်ဘရယ် ဘူဇွာ အစိုးရရဲ့ နောက်မြီးဆွဲသက်သက် ဖြစ်နေခဲ့ပြီ။ အရင်းရှင် လူတန်းစား အကျိုးစီးပွားအတွက်သာ သစ္စာရှိရှိ အမှုတော် ထမ်းနေကြပြီ။

ဂျာမနီက ဆိုရှယ်ဒီမိုကရက် ခေါင်းဆောင်တွေလဲ ဒီပုံစံအတိုင်းပဲ ဖြစ်နေပြီ။ ဒါနဲ့ အလားတူပဲ၊ အီတလီက စတာလင်ဝါဒီဟောင်းတွေဟာ ကွန်မြူနစ် ပါတီကို ဖျက်သိမ်းပြီး ဒီမိုကရက်တစ်ပါတီအဖြစ် ဖွဲ့စည်းခဲ့တယ်။ ပါတီ ခေါင်းဆောင်ပိုင်းရဲ့ အတွေးအခေါ်နဲ့ လုပ်ငန်းစဉ်ဟာ လုံးလုံးလျားလျား ဘူဇွာ အတွေးအခေါ်၊ ဘူဇွာ လုပ်ငန်းစဉ် ဖြစ်နေခဲ့ပြီ။

အမေရိကန် ပြည်ထောင်စုမှာ အလုပ်သမား သမဂ္ဂ ခေါင်းဆောင်ပိုင်းဟာ အမေရိကန် အုပ်စိုးသူ လူတန်းစားနဲ့ ခေါင်းအစ ခြေအဆုံး တွဲချည်မိ

ဆိုရှယ်လစ် တော်လှန်ရေးသာ မဖြစ်ခဲ့ရင် နောက်လာမယ့် သမိုင်းကာလတခုအတွင်းမှာတင် လူသားမျိုးနွယ်ရဲ့ ယဉ်ကျေးမှုကြီး တခုလုံး ပျက်ကပ်ဆိုက်သွားနိုင်တဲ့ အန္တရာယ်ရှိတယ်



The Strike, Robert Koehler, 1886.

လျက်သား ဖြစ်နေပြီ။ ဒီလို အခြေအနေတွေကို နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ မြင်နိုင်တယ်။

## ဆိုရှယ်လစ်ဇင်လား၊ ဘာဘရစ်ဇင်လား

ထရော့စကီးရဲ့ ရေးသားချက်တွေဟာ ဒီကနေ့ခေတ် အရင်းရှင်စနစ် ရင်ဆိုင်နေရတဲ့ အကျပ်အတည်းတွေကို ထုတ်ဖော်ရေးသားထားတယ်လို့တောင် ထင်ရတယ်။

> “လူသားမျိုးနွယ်ရဲ့ ကုန်ထုတ်စွမ်းအားစုတွေဟာ ဖွံ့ဖြိုးမှု တန့်သွားခဲ့ပြီ။ တီထွင်ဖန်တီးမှုအသစ်တွေနဲ့ တိုးတက်မှု အသစ်တွေဟာ ရုပ်ဝတ္ထုပိုင်း ကြွယ်ဝချမ်းသာမှုကို ထပ်မြှင့်တင်ပေးနိုင်စွမ်း မရှိတော့ဘူး။ အရင်းရှင်စနစ် တစုံလုံးရဲ့ လူမှု အကျပ်အတည်းတွေအောက်မှာ အကြောင်းချင်းရာ မျိုးစုံနဲ့ ပေါ်ပေါက်လာတဲ့ အကျပ်အတည်းတွေဟာ လူထုကို ပိုပြီး ဆိုးဆိုးဝါးဝါး ချို့တဲ့ လာစေတယ်၊ ဒုက္ခဝန်ထုပ် ပိုကြီးမားလာစေတယ်။ တဖက်မှာလဲ အလုပ်လက်မဲ့တွေ ပိုမို များပြားလာခြင်းကြောင့် နိုင်ငံတော်ရဲ့ ဘဏ္ဍာရေး အကျပ်အတည်းကို ပိုနက်ရှိုင်းလာစေတယ်၊ အစတည်းက မတည်မငြိမ် လှုပ်ခတ်နေတဲ့ ငွေကြေးစနစ်တွေကို ပိုဆိုးသွားစေတယ်”

နောက် အခုလို ထပ်ပြောထားတယ်၊

> “ဘူဇွာ လူတန်းစား ကိုယ်နှိုက်က ထွက်ပေါက်မဲ့နေပြီ [...] ဘူဇွာ လူတန်းစားဟာ စီးပွားရေးနဲ့ စစ်ရေး ပျက်ကပ်တွေဆီ မျက်စိစုံမှိတ်ပြီး လျှောဆင်းသွားခဲ့ပြီ”

“ဆိုရှယ်လစ် တော်လှန်ရေးသာ မဖြစ်ခဲ့ရင် နောက်လာမယ့် သမိုင်းကာလတခုအတွင်းမှာတင် လူသားမျိုးနွယ်ရဲ့ ယဉ်ကျေးမှုကြီး တခုလုံး ပျက်ကပ်ဆိုက်သွားနိုင်တဲ့ အန္တရာယ်ရှိတယ်” လို့ အဲဒီကာလတည်းက ထရော့စကီး သတိပေးခဲ့တယ်။

အဲသည် ပျက်ကပ်ဟာ လူပေါင်း ငါးဆယ့် ငါးသန်း အသက်ဆုံးခဲ့ရတဲ့ ဒုတိယကမ္ဘာစစ်အသွင်နဲ့ အကောင်အထည် ပေါ်လာခဲ့တယ်။ ဂျူးလူမျိုးတုန်းသတ်ဖြတ်ခံရမှု အနိဋ္ဌာရုံတွေ၊ နိုင်ငံပေါင်းများစွာကို သက်ရောက်ထိခိုက်စေခဲ့တဲ့ အထွေထွေ ပျက်ကိန်းကြီးအဖြစ် အကောင်အထည် ပေါ်လာခဲ့တယ်။

ဒီကနေ့ လက်ငင်း ကာလမှာ ကမ္ဘာစစ်ကြီး တရပ်နဲ့ ရင်ဆိုင်နေရတာတော့ မဟုတ်ဘူး။ သို့ပေမဲ့လဲ ကမ္ဘာ့နေရာ အတော်များများမှာ ဒေသတွင်းစစ်ပွဲတွေ၊ ပြည်တွင်းစစ်ပွဲတွေ၊ လက်နက်ကိုင် အုံကြွမှုတွေ၊ အကြမ်းဖက်တိုက်ခိုက်မှုတွေနဲ့ တင်းကြမ်း ပြည့်နှက်နေတယ်။

လက်ရှိ ကမ္ဘာ့ အရင်းရှင်စနစ် အကျပ်အတည်းဟာ ကျနော်တို့ကို ဆိုရှယ်လစ်စနစ်လား၊ ရက်စက်ကြမ်းတမ်းသော လူရိုင်းစနစ် ဘာဘရစ်ဇင်လားဆိုတဲ့ ရွေးလမ်းနှစ်သွယ် ရှေ့မှောက် နောက်တဖန် ရောက်ရှိသွားစေတယ်။ ဘာဘရစ်ဇင်ရဲ့ အငွေ့အသက်တွေကို စစ်ပွဲနဲ့ ပြည်တွင်းစစ်တွေမှာ စတွေ့နေရပြီ၊ ကမ္ဘာ့နေရာ အသီးသီးမှာ ပုံမှန်လိုလို ဖြစ်ပွားနေတဲ့ အငတ်ဘေးတွေ၊ တနေ့တခြား ကြီးထွားဆိုးရွားလာနေတဲ့ ဆင်းရဲမွဲတေမှုတွေနဲ့အတူ တွဲလျက်ပါလာတဲ့ အကြမ်းဖက်မှုနဲ့ ရာဇဝတ်မှုတွေမှာလဲ ဘာဘရစ်ဇင်ရဲ့ အငွေ့အသက်တွေ တွေ့နေရပြီ။

၂၀၁၁ ခုနှစ် အာရပ်နွေဦးတော်လှန်ရေးကနေစလို့ ၂၀၂၃ သီရိလင်္ကာ တော်လှန်ရေး အုံကြွမှုကြီးတွေ၊ ၂၀၂၄ ဘင်္ဂလားဒေ့ရှ် တော်လှန်ရေးနဲ့ လက်ရှိကာလ နီပေါလ် တော်လှန်ရေး၊ အင်ဒိုနီးရှား တော်လှန်ရေးတွေအထိ နိုင်ငံပေါင်းများစွာက လူထု လူတန်းစား တိုက်ပွဲကြီးတွေနဲ့ တော်လှန်ရေးတွေမှာ ဆိုရှယ်လစ် စနစ်ရဲ့ အလားအလာတွေကိုလဲ ကျနော်တို့ မြင်တွေ့ခဲ့ရတယ်။

## လုပ်ငန်းစဉ် [Programme] တရပ် လိုအပ်တယ်

ပြဿနာတွေထဲက အဓိက ပြဿနာကတော့ “ဒီလို လူထု လှုပ်ရှားမှုတွေကို ဆိုရှယ်လစ် တော်လှန်ရေး လမ်းကြောင်းအတိုင်း အရင်းရှင်စနစ်ကို အောင်မြင်စွာ ဖြိုလှဲဖျက်ဆီးပစ်နိုင်အောင် ဘယ်လို လမ်းညွှန်ပြနိုင်မလဲ” ဆိုတဲ့ ပြဿနာပဲ။ တော်လှန်သော ကွန်မြူနစ်တွေရဲ့ လုပ်ငန်းစဉ် (programme) ကနေ လူထုတရပ်လုံးရဲ့ လုပ်ငန်းစဉ်အဖြစ် ဘယ်လို ကူးပြောင်းသွားနိုင်မလဲ။ ဒီပြဿနာတွေဟာ *Transitional Programme* ရဲ့ အသက်သွေးကြော ဖြစ်တယ်။

၁၉၃၈ မတ်လ၊ အမေရိကန် ထရော့စကီးဝါဒီ ခေါင်းဆောင်တွေနဲ့ ဆွေးနွေးပွဲမှာ ထရော့စကီးက Transitional Programme ကို အခုလို ရှင်းပြခဲ့တယ်။

> “[Transitional Programme ရဲ့ ရည်ရွယ်ချက်က] … ယေဘုယျ စိတ်ကူးထည်သဘော ဖော်မြူလာတွေ ထုတ်နေဖို့ မဟုတ်ဘူး၊ လက်တွေ့ လှုပ်ရှားမှုနဲ့ တောင်းဆိုချက် လိုလားချက်တွေအတွက် အခိုင်အမာ လုပ်ငန်းစဉ်တရပ် ဖော်ဆောင်ဖို့သာ ဖြစ်တယ်။ သဘောကတော့ ဒီ အကူးအပြောင်း လုပ်ငန်းစဉ် (Transitional Programme) ဟာ ဒီကနေ့ခေတ် အရင်းရှင်လူ့အဖွဲ့အစည်းတွင်း အခြေအနေတွေကနေ ထွက်ပေါ်လာပြီး အရင်းရှင်စနစ်ရဲ့ အကန့်အသတ်တွေကို ချက်ချင်းခုန်ကူး ကျော်လွှားသွားမယ် . . .”
>
> “ဒီ တောင်းဆိုချက်တွေဟာ အကူးအပြောင်းသဘော ဆောင်တယ်၊ အကြောင်းကတော့ဒီတောင်းဆိုချက်တွေဟာ အရင်းရှင်လူ့အဖွဲ့အစည်းကို ပစ္စည်းမဲ့ တော်လှန်ရေးတရပ်ဆီ ဆောင်ကျဉ်းသွားလို့ ဖြစ်တယ်။ တဆက်တည်းမှာပဲ ဒီတောင်းဆိုချက်တွေဟာ ပစ္စည်းမဲ့ အစိုးရ ဖြစ်လာသော လူထုရဲ့ တောင်းဆိုချက်တွေဖြစ်လာမယ်”
>
> “ပစ္စည်းမဲ့ လူတန်းစားရဲ့ နိစ္စဓူဝ တောင်းဆိုချက်တွေ အဆင့်လောက်မှာတင် တဝဲလည်လည် ဖြစ်နေလို့ မရဘူး။ အသိအမြင် နောက်အကျဆုံး အလုပ်သမားတွေအတွက် သူတို့ရဲ့ လိုအပ်ချက်တွေနဲ့ အဟပ်ညီတဲ့ အခိုင်အမာ ကြွေးကြော်သံတွေ ပေးစွမ်းရမယ်။ ဒီကနေမှ အာဏာသိမ်းယူရေးဆီ ဒိုင်ယာလက်တစ်နည်းကျ ဦးတည်သွားစေရမယ်”

အဓိကအကျဆုံး အမြင်ကတော့ တော်လှန်ရေးပါတီဟာ ငွေကြေးဖောင်းပွမှု၊ လုပ်ခလစာ နိမ့်ကျမှု၊ အလုပ်ချိန် ရှည်ကြာမှု၊ နေထိုင်မှုစရိတ် မြင့်မားခြင်း၊ ကျန်းမာရေးနဲ့ ပညာရေးစရိတ်ကြီးလေးခြင်း စတာတွေလို

အလုပ်သမား လူတန်းစား ရင်ဆိုင်နေရတဲ့ လက်ငင်း ပြဿနာတွေကနေ စတင်ရမယ်။

ဒါပေမဲ့ ဒီလောက်နဲ့ ရပ်နေလို့တော့ မရဘူး။ ဒီလောက်နဲ့ ရပ်လိုက်ရင် တော်လှန်ရေး ပါတီရဲ့ ပရိုဂရမ်ဟာ "အမြင့်ဆုံး လုပ်ငန်းစဉ်"ဖြစ်တဲ့ ဆိုရှယ်လစ်အရေးနဲ့ ကင်းပြတ်နေသော ဒုတိယ အင်တာနေရှင်နယ်ဟောင်းရဲ့ စံပြ "အနိမ့်ဆုံး လုပ်ငန်းစဉ်" အဆင့်လောက်ပဲ ဖြစ်သွားမယ်။ ဒီလိုဆိုရင် ကျနော်တို့လဲ ပြုပြင်ရေးဝါဒ (reformism) နွံအိုင်ထဲ ဆုံးဆုံး မြုပ်သွားလိမ့်မယ်။

ဒီလို ဖြစ်လို့ မရဘူး။ တော်လှန်သော ပါတီတရပ်ဟာ လက်ငင်း ပြဿနာတွေကနေ အစပြုပြီး ဖြေရှင်းချက်ပေးနိုင်မယ့် တောင်းဆိုချက်တွေ ကြွေးကြော်ဖို့ တာဝန်ရှိတယ်၊ သို့ပေမဲ့ ဒီတောင်းဆိုချက်တွေကိုသာ လက်တွေ့ အကောင်အထည် ဖော်မယ်ဆိုရင် အလုပ်သမား လူတန်းစား ကိုယ်တိုင် အာဏာ သိမ်းယူနိုင်မှ ရမယ်ဆိုတဲ့ လိုအပ်ချက်နဲ့ အမြဲတမ်း ချိတ်ဆက်ထားရမယ်။

ဆိုရှယ်လစ် တော်လှန်ရေးဆင်နွှဲပြီး အရင်းရှင်စနစ်ကို ဖြိုချပစ်ဖို့ဆိုရင် အလုပ်သမားထုကြီးနဲ့ကင်းကွာနေတဲ့ အဖွဲ့အစည်းငယ်လေး အဆင့်လောက်နဲ့တော့ အလုပ်ဖြစ်မှာ မဟုတ်ကြောင်း ကျနော်တို့ နားလည်ထားရမယ်၊ ဆိုရှယ်လစ် တော်လှန်ရေးကို လူထုကြီး ကိုယ်တိုင်ကသာ အောင်အောင်မြင်မြင် ဆင်နွှဲနိုင်တယ်။

မာ့က်စ် ရှင်းပြခဲ့ဖူးသလိုပဲ "အလုပ်သမား လူတန်းစား လွတ်မြောက်ရေးဆိုတာ အလုပ်သမား လူတန်းစားကိုယ်တိုင် တိုက်ယူမှ ရမယ့် အရာဖြစ်တယ်"။ "သီအိုရီတရပ်ဟာ လူထုကို စည်းရုံးသိမ်းသွင်းထားနိုင်တာနဲ့ တပြိုင်နက် ရုပ်ဝတ္ထု အင်အားတရပ်အဖြစ် အကောင်အထည် ပေါ်လာတယ်" လို့လဲ မာ့က်စ်က ရှင်းပြခဲ့တယ်။

## တော်လှန်သော အသိစိတ်

အလုပ်သမား လူတန်းစားဟာ လူ့အဖွဲ့အစည်းကို ပြောင်းလဲပစ်နိုင်စွမ်းရှိတဲ့ တခုတည်းသော လူတန်းစား ဖြစ်တယ်။ ဒါပေမဲ့ ဒီလို ပြောင်းလဲပစ်နိုင်ဖို့ဆိုရင် အလုပ်သမား လူတန်းစားဟာ သူရင်ဆိုင်နေရတဲ့ တာဝန်တွေကို ရှင်းလင်းပြတ်သားစွာ နားလည်နေဖို့ လိုအပ်တယ်။ အလုပ်သမား လူတန်းစားဟာ နေ့ချင်းညချင်း တော်လှန်ရေး ကောက်ချက်တွေ ဆွဲနိုင်လာတာ မဟုတ်ဘူး။ အလုပ်သမား လူတန်းစားဟာ အလုပ်ခွင်တွင်းက လက်ငင်း တောင်းဆိုချက်တွေနဲ့ တိုက်ပွဲတွင်း ဝင်ရောက်လာတာ ဖြစ်တယ်။ တော်လှန်သော ကွန်မြူနစ်တွေ အစပြုရမယ့် စမှတ်ဟာ ဒီနေရာပဲ။

ဒါပေမဲ့ ကျနော်တို့ဟာ အဲဒီ လက်ငင်း တောင်းဆိုချက်တွေမှာတင် ကန့်သတ်မထားဘူး။ ကျနော်တို့ဟာ အလုပ်သမားထုရဲ့ တိုက်ပွဲတွေအတွင်း ရင်ဘောင်တန်း ပါဝင်တယ်။ ဒါပေမဲ့ ရေရှည်မှာ အလုပ်သမားထုရဲ့ ပြဿနာတွေကို အပြီးတိုင် ဖြေရှင်းပေးလို့မရအောင် ပိတ်ဆို့ထားတဲ့ အတားအဆီးဟာ အရင်းရှင် စနစ်သာ ဖြစ်တယ်ဆိုတဲ့ သဘောတရားကို အမြဲ ဖော်ထုတ်နေရမယ်။

အရင်းရှင် စနစ်အောက်က အလုပ်သမား လူတန်းစားရဲ့ နိစ္စဓူဝ တိုက်ပွဲတွေသာ မရှိဘူးဆိုရင် ဆိုရှယ်လစ် တော်လှန်ရေး အဆုံးသတ် အောင်ပွဲဆိုတာ စိတ်ကူးကြည့်လို့တောင် မရဘူး။ အလုပ်သမား လူတန်းစားဟာ ဒီတိုက်ပွဲ အတွေ့အကြုံတွေကို ဖြတ်သန်းရင်းမှသာ သူတို့ ရင်ဆိုင်တိုက်ပွဲဝင်နေတဲ့ စနစ်ရဲ့ တကယ့် သဘောသဘာဝကို နားလည်သဘောပေါက်လာတာ ဖြစ်တယ်။

အလုပ်သမားထုဟာ အတွေ့အကြုံများစွာ စုဆောင်းရင်း အရင်းရှင်စနစ်တစုံလုံးကိုသာ ဖြိုချနိုင်ခြင်း မရှိခဲ့ရင် လုပ်ခလစာ တိုးမြှင့်ရေး၊ အလုပ်ချိန် လျှော့ချရေးစတဲ့ ပြုပြင်ပြောင်းလဲမှုတွေ၊ အောင်ပွဲတွေကို ရေရှည် ထိန်းသိမ်းထားလို့ မရကြောင်း အချိန်နဲ့အမျှ နားလည်စ ပြုလာတယ်။

ဒီပြဿနာတွေနဲ့ ပတ်သက်လို့ ဂိုဏ်းဂဏဆန်တဲ့ သို့မဟုတ် လက်ဝဲစွန်းဆန်တဲ့ ရပ်တည်ချက်မျိုး တော်လှန်သော ကွန်မြူနစ်တွေမှာ မရှိဘူး။ ဆိုလိုတဲ့ သဘောက ကျနော်တို့ ကွန်မြူနစ်တွေဟာ လုပ်သားထုကြီးနဲ့ သီးခြားကင်းကွာပြီး မရပ်တည်ဘူး။ အရင်းရှင် စနစ် ဖြိုချရေးနဲ့ ခေတ်ပြောင်း တော်လှန်ရေး လိုအပ်ကြောင်း နားမလည်လို့ အလုပ်သမားထုကို ကျနော်တို့ အထင်မသေးဘူး။

အလုပ်သမား လူတန်းစားထုဟာ အတွေ့အကြုံတွေကနေ သင်ယူတာ ဖြစ်ကြောင်း ကွန်မြူနစ်တွေ ကောင်းကောင်း နားလည်တယ်။ ဒါကြောင့် ကျနော်တို့ ကွန်မြူနစ်တွေက အလုပ်သမားထုရဲ့ နိစ္စဓူဝ တိုက်ပွဲတွေမှာ ရင်ဘောင်တန်း ပါဝင်တယ်။ အလုပ်သမားထုဟာ ဒီလို တိုက်ပွဲဝင်ရင်း အတွေ့အကြုံတွေ ရလာကြတယ်။ ဒါ့အပြင် ကျနော်တို့ ကွန်မြူနစ်တွေဟာ တိုက်ပွဲ အဆင့်တိုင်းမှာ အလုပ်သမားထု သုံးသပ်ရရှိလာတဲ့ ကောက်ချက်တွေအပေါ် အခြေခံပြီး အလုပ်သမားထုရဲ့ သိမြင်နားလည်မှု အဆင့်အတန်း မြင့်မားလာအောင် ကြိုးပမ်းကြတယ်။

တချိန်တည်းမှာပဲ တည်ဆဲ စနစ်အပေါ် စိတ်ကူးယဉ် အတွေးမှားတွေ ဝင်လာအောင် မလုပ်ဘူး၊ ဒီစနစ်ရဲ့ သရုပ်မှန်ကို အလုပ်သမားထု ရှေ့မှာ ဖွင့်ချတာပဲ လုပ်တယ်။

## Demands **အရေးဆိုချက်များ**

အကူးအပြောင်း ပရိုဂရမ်မှာ နိုင်ငံတခုချင်းဆီက အခိုင်အမာ အခြေအနေတွေကို ထည့်သွင်းစဉ်းစားပြီး အခြေအနေ မတူညီတဲ့အလျောက် ထွက်ပေါ်လာတဲ့ အရေးဆိုချက်တွေ ထည့်သွင်းထားတယ်။ *အကူးအပြောင်း ပရိုဂရမ်* မှာ ဖွံ့ဖြိုးပြီး အရင်းရှင်နိုင်ငံတွေ၊ အကြီးစား စက်ရုံကြီးတွေမှာ အလုပ်သမားများစွာ စုစည်းမိနေတဲ့ စက်မှု နိုင်ငံကြီးတွေမှာ လက်တွေ့ အသုံးချရမယ့် အရေးဆိုချက်တွေ ပါဝင်တယ်။

ဒါ့အပြင် စက်မှုလုပ်ငန်း တိုးတက်မှု နောက်ကျနေသေးပြီး လူဦးရေ အတော်များများဟာ ကျေးလက်တောရွာတွေမှာ လယ်သမားဘဝနဲ့ နေထိုင်နေကြဆဲ ဖြစ်တဲ့ နိုင်ငံတွေအတွက်လဲ အရေးဆိုချက်တွေ ဖော်ထုတ်ထားတယ်။ လူထုကြီးကို စည်းရုံးလှုံ့ဆော်ရာမှာ ဒီမိုကရေစီ ကြွေးကြော်သံတွေက အခန်းကဏ္ဍတရပ်အနေနဲ့ ပါဝင်နိုင်တဲ့ ဖက်ဆစ်အုပ်စိုးမှုအောက်က နိုင်ငံတွေအတွက်လဲ သီးခြား အရေးဆိုချက်တွေကို ဖော်ထုတ်ပေးထားတယ်။

စတာလင်နစ် ဗျူရိုကရေစီက နိုင်ငံရေးအာဏာကို မတရားသဖြင့် ရယူထားတဲ့ ဆိုဗီယက် ယူနီယံအတွက် သီးသန့် ကဏ္ဍတရပ်ကိုပါ *အကူးအပြောင်း ပရိုဂရမ်* မှာ ထည့်သွင်းထားတယ်။ 'နိုင်ငံရေးဆိုင်ရာ တော်လှန်ရေး' တရပ် လိုအပ်ကြောင်း ထရော့စကီး ဖော်ထုတ်ကြွေးကြော်ခဲ့တယ်။ ဆိုလိုတဲ့ သဘောက ၁၉၂၇ အောက်တိုဘာ တော်လှန်ရေးကနေ အောင်သီးအောင်ပွင့်အဖြစ် ရရှိထားတဲ့ ဗဟိုဦးစီး စီမံကိန်း စီးပွားရေးစနစ်ကို ဆက်ထိန်းသိမ်းထားပြီး တချိန်တည်းမှာပဲ အလုပ်သမား လူတန်းစားက အာဏာကို ပြန်လည် သိမ်းပိုက်နိုင်အောင် တော်လှန်ရေး ဆင်နွှဲဖို့ ဖြစ်တယ်။ ဒါသည်သာ လူ့အဖွဲ့အစည်းကို စစ်မှန်တဲ့ ကွန်မြူနစ်စနစ်ဆီ ဆက်လက်ချီတက်စေမယ့် တခုတည်းသော နည်းလမ်း ဖြစ်တယ်။

အကူးအပြောင်းသဘောဆောင်တဲ့ အရေးဆိုချက်တွေ (transitional demands) အဓိက အနှစ်သာရကတော့ အလုပ်သမား လူတန်းစား ရင်ဆိုင်နေရတဲ့ ပြဿနာတွေနဲ့ တိုက်ရိုက် ဆက်နွှယ်နေခြင်းပဲ ဖြစ်တယ်။

တဟုန်ထိုး တက်နေတဲ့ ငွေကြေးဖောင်းပွမှု ဒဏ်ကို ခံနေရတဲ့အခါ ကုန်စျေးနှုန်းအလိုက် လုပ်ခလစာကို လိုက်ညှိပေးဖို့ တောင်းဆိုချက် (Sliding scale of wages) ဟာ လုပ်ခလစာ တန်ဖိုးကျဆင်းနေတဲ့ လက်ငင်း ပြဿနာကို ဖြေရှင်းပေးတယ်။ လုပ်ခလစာ မလျှော့ဘဲ အလုပ်ချိန်ကို လျှော့ချပေးဖို့ တောင်းဆိုချက် — ဒါမှမဟုတ် ဒီနေ့ခေတ် ကျနော်တို့ တောင်းဆိုကြသလို တပတ်တာ အလုပ်ချိန်ကို လျှော့ချပေးဖို့ တောင်းဆိုချက် (Sliding scale of hours) ဟာလဲ အလုပ်လက်မဲ့ ပြဿနာကို အဖြေရှာပေး

တယ်။ အလုပ်အကိုင် နေရာ အလုံအလောက် မရှိဘူးဆိုရင် လူတိုင်း အလုပ်ရနိုင်အောင် အလုပ်ချိန်တွေကို ခွဲဝေပေးလိုက်ရုံပဲ။

သို့ပေမဲ့ အကူးအပြောင်းသဘောဆောင်တဲ့ အရေးဆိုချက်တွေဟာ ဒီလို လက်ငင်း ပြဿနာတွေလောက်မှာတင် တန့်မသွားဘူး။ ဒီလိုလားချက်တွေ ရရှိဖို့နဲ့ ရေရှည် ထိန်းသိမ်းထားနိုင်ဖို့အတွက် အလုပ်သမား လူတန်းစား အနေနဲ့ ဆိုရှယ်လစ် တော်လှန်ရေး ဆင်နွှဲပြီး တည်ဆဲစနစ် တစ်ခုလုံးကို ဖြိုချပစ်နိုင်မှ ရမယ်ဆိုတဲ့ အချက်နဲ့ ချိတ်ဆက်ထားတယ်။

## ပြုပြင်ရေးဝါဒအလွန်

အရင်းရှင်စနစ်ကို ဖြည်းဖြည်းချင်း ပြုပြင်ဖာထေးသွားလို့ ရတယ်ဆိုတဲ့ အမြင်မှားမှုဟာ အလုပ်သမား လူတန်းစား လှုပ်ရှားမှုအပေါ် ဆယ်စုနှစ်များစွာ လွှမ်းမိုးထားခဲ့တယ်။ ဒါပေမဲ့ လက်ရှိအချိန်မှာတော့ ဒီအမြင်မှားမှုဟာ ပြိုကျစပြုလာပြီ။

၂၀၀၈ ဘဏ္ဍာရေး ပျက်ကပ်အပြီး အလုပ်သမား လူတန်းစားအပေါ် အတင်းအကြပ် ခြိုးခြံရေး (austerity) အစီအမံတွေ ကျင့်သုံးလာခဲ့တယ်။ ဒီမတိုင်ခင် ကာလအတွင်း မကြုံဖူးလောက်အောင် မြင့်မြင့်မားမား စုပြုံလာခဲ့တဲ့ ကြွေးမြီပြဿနာကို အရင်းရှင် လူတန်းစားက ဒီနည်းလမ်းနဲ့ ဖြေရှင်းဖို့ ကြိုးစားခဲ့တယ်။

အတင်းအကြပ် ခြိုးခြံရေး ပေါ်လစီရဲ့ သက်ရောက်ရိုက်ခတ်မှုကို အတိုချုံး ဖော်ပြဖို့အတွက် စာရင်းဇယားတခုပဲ ထုတ်ပြပါမယ်၊ ၂၀၀၉ ခုနှစ်ကစလို့ ဥရောပ သမဂ္ဂ နိုင်ငံတွေမှာ ကျင့်သုံးခဲ့တဲ့ အတင်းအကြပ် ခြိုးခြံရေး မူဝါဒတွေကြောင့် သာမန် နိုင်ငံသား တဦးချင်းရဲ့ အမှန်တကယ် ဝယ်ယူစားသုံးနိုင်စွမ်း (Real purchasing power) ဟာ ယူရို ၃,၀၀၀ ခန့် ဆုံးရှုံး နစ်နာသွားခဲ့တယ်။ ဘယ်နေရာကြည့်ကြည့် လူတိုင်းရဲ့ တကယ်တမ်း သုံးစွဲနိုင်တဲ့ ဝင်ငွေတန်ဖိုးဟာ ဆိုးဆိုးဝါးဝါး ကျဆင်းသွားခဲ့တယ်။

ဒါရဲ့ ဖိအား အကျိုးသက်ရောက်မှုက မရပ်မနား ဆက်ရှိနေတုန်းပဲ။ EU အဖွဲ့ဝင် နိုင်ငံတွေအနေနဲ့ သူတို့အားလုံး သဘောတူ လက်မှတ်ရေးထိုးထားတဲ့ စာချုပ်ထဲကအတိုင်း ဂျီဒီပီနဲ့ နိုင်ငံတော်ကြွေးမြီ အချိုး (Government debt-to-GDP ratio) ကို ၆၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ဖို့ဆိုရင် ၂၀၇၀ ပြည့်နှစ်အထိ အစိုးရရဲ့ အများပြည်သူဆိုင်ရာ အသုံးစရိတ်တွေကို ၂ ရာခိုင်နှုန်းစီ နှစ်တိုင်း ဖြတ်တောက်သွားရမယ်လို့ တွက်ချက်ထားကြတယ်။

နောက်လာမယ့် မျိုးဆက် နှစ်ဆက် သုံးဆက်စာလောက်အထိ အတင်းအကြပ် ခြိုးခြံရေး အစီအမံတွေ အမြဲတမ်း ကျင့်သုံးနေဦးမယ့် သဘောပဲ။ ဆိုလိုတာက လုပ်ခလစာရဲ့ အမှန်တကယ် ဝယ်ယူစားသုံးနိုင်စွမ်း အကြီးအကျယ် ကျဆင်းသွားရုံတင်မကဘဲ ကျန်းမာရေး၊ ပညာရေး၊ လူမှုအိမ်ရာ၊ ပင်စင်လစာ စတာတွေ — အနှစ်ချုပ်ရရင် ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ဖို့ ဖန်တီးပေးထားသမျှ အရာအားလုံးကို ဖျက်ဆီးပစ်တာလဲ ဖြစ်တယ်။

ဒီအခြေအနေအပေါ် ပထမဆုံး တုံ့ပြန်မှုတွေကိုတော့ ၂၀၁၄-၁၅ ဝန်းကျင်ကနေ အစပြုလာတဲ့ ကာလတွေမှာ မြင်တွေ့ခဲ့ရတယ်။

ဒီကာလဟာ စပိန်နိုင်ငံက Podemos လို နိုင်ငံရေး အင်အားစုသစ်တွေ ထွက်ပေါ်လာတဲ့ ကာလဖြစ်ခဲ့တယ်။ ဂရိနိုင်ငံက SYRIZA လိုမျိုး အရင်က လူသိနည်းခဲ့တဲ့ ပါတီတွေ ရေပန်းစားလာတဲ့ ကာလလဲ ဖြစ်တယ်။ ဗြိတိန်မှာ လေဘာ ပါတီက လက်ဝဲဘက်ကို ရက်ဒီကယ်ကျကျ ယိမ်းသွားခဲ့ပြီး အဲဒီကာလအတွင်း ဂျယ်ရမီ ကော်ဘင်က ပါတီခေါင်းဆောင် ဖြစ်လာခဲ့တယ်။ အမေရိကန် ပြည်ထောင်စုမှာလဲ "ဘီလီယံနာ လူတန်းစား" ကို "နိုင်ငံရေး အရ တော်လှန်ဆန့်ကျင်ကြဖို့" ပြောဆိုခဲ့တဲ့ ဘာနီ ဆန်းဒါးစ် (Bernie Sanders) လို ပုဂ္ဂိုလ်မျိုး အင်မတန် ရေပန်းစား လူကြိုက်များလာခဲ့တယ်။

စိတ်မကောင်းစရာကတော့ ဒီပုဂ္ဂိုလ်တွေနဲ့ နိုင်ငံရေးအင်အားစုတွေဟာ သူတို့ကို မျှော်လင့်တကြီး အားကိုးခဲ့ကြတဲ့ သန်းပေါင်းများစွာသော အလုပ်သမားတွေနဲ့ လူငယ်ထုကို နည်းလမ်းမျိုးစုံနဲ့ အကြီးအကျယ် စိတ်ပျက်အောင် လုပ်ခဲ့ကြတယ်။ ဂရိနိုင်ငံမှာ SYRIZA ခေါင်းဆောင်တွေဟာ အစိုးရအဖွဲ့ ဖွဲ့စည်းပြီးနောက်မှာ လူထုက ကန့်ကွက်မဲပေးခဲ့ကြတဲ့ မူဝါဒတွေကို သူတို့ကိုယ်တိုင်ကပဲ ပြန်ပြီး အကောင်အထည်ဖော်ခဲ့ကြတယ်။

စပိန်နိုင်ငံမှာလဲ Podemos ဟာ အရင်မူဝါဒဟောင်းတွေကိုပဲ ကျင့်သုံးတဲ့ ညွန့်ပေါင်းအစိုးရအဖွဲ့တွေထဲ ပါဝင်သွားခဲ့တယ်။ ကော်ဘင်ဟာ လေဘာပါတီတွင်းက လက်ယာသမားတွေရဲ့ စနစ်တကျ တိုက်ခိုက်မှုကို ရင်ဆိုင်ခဲ့ရပေမဲ့ ပြန်လည်တိုက်ပွဲဝင်ဖို့ ပျက်ကွက်ခဲ့တယ်။ အမေရိကန်မှာလဲ ဆန်းဒါးဇ်ဟာ ဒီမိုကရက်တစ် ပါတီ ထိပ်သီး ခေါင်းဆောင်တွေရှေ့ လုံးဝ လက်နက်ချ အရှုံးပေးသွားခဲ့တယ်။

ဒီအခြေအနေဟာ လူထုကြား စိတ်ပျက်အားလျော့မှုတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်စေခဲ့တယ်။ ဒါပေမဲ့ တဖက်မှာလဲ ဘာကြောင့် ဒီလို အခြေအနေမျိုး ဖြစ်ပျက်ခဲ့ရသလဲ ဆိုတဲ့ အဖြေကို ရှာဖွေဖို့ (အထူးသဖြင့် လူငယ်ထုကြားထဲက) အလွှာတရပ်ကို တွန်းအားပေးလိုက်သလို ဖြစ်သွားခဲ့တယ်။ ဒါဟာ ကွန်မြူနစ် အယူအဆအပေါ် စိတ်ဝင်စားမှုတွေ တဟုန်ထိုး မြင့်တက်လာရတဲ့ အကြောင်းရင်းလဲ ဖြစ်တယ်။

mainstream မီဒီယာတွေက ကွန်မြူနစ်ဝါဒ သေဆုံးသွားပြီ၊ မာ့က်စ်ဝါဒ ဆိုတာ ဒီနေ့ခေတ်ကမ္ဘာနဲ့ ဘာမှမဆိုင်တော့တဲ့ အတိတ်က အရာတခုပဲ ဖြစ်တယ်လို့ ဝါဒဖြန့်နေကြပေမဲ့၊ ကြီးမားလှတဲ့ လူငယ် အလွှာတခုကတော့ အရင်းရှင်စနစ်ကို ပြဿနာတခုအဖြစ် မြင်နေကြပြီ။ ဒါ့အပြင် လူ့အဖွဲ့အစည်းတရပ်လုံး ဘာကြောင့် ဒီလို ထွက်ပေါက်မဲ့ အခြေအနေဆိုက်နေရသလဲ ဆိုတာကို နားလည်နိုင်အောင် ကြိုးစားနေကြတယ်။

## တော်လှန်သော ကွန်မြူနစ်ဝါဒ

ဒီအခြေအနေ နောက်ခံမှာ မြောက်မြားလှစွာသော အလုပ်သမားတွေနဲ့ လူငယ်တွေဟာ ပစ္စက္ခ အကျပ်အတည်းနဲ့ ပတ်သက်လို့ ရှေ့နောက် ညီညွတ်စွာ သိပ္ပံနည်းကျ ဖြေရှင်းချက်ပေးနိုင်တဲ့ တခုတည်းသော အယူအဆဆီ ဦးတည်မိသွားကြတယ်။ အဲဒါကတော့ မာ့က်စ်ဝါဒ အတွေးအမြင်၊ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ အတွေးအမြင်တွေပဲ။

အရင်းရှင်စနစ်ဟာ ကျနော်တို့ ရနိုင်သမျှထဲ အကောင်းဆုံးနဲ့ ဖြစ်နိုင်ခြေ အရှိဆုံး လူ့အဖွဲ့အစည်း ပုံစံလို့ ဘယ်လိုပဲ သက်သေပြဖို့ ကြိုးစားကြပါစေ၊ ရှေ့တန်းအရောက်ဆုံးနဲ့ တွေးခေါ်မှု အမြင့်မားဆုံး လူငယ်အလွှာနဲ့ အလုပ်သမား လူတန်းစား အလွှာတွေကို တော်လှန်ရေး ထွက်ပေါက်တရပ် ရှာဖွေလာအောင် အကျပ်အတည်းဆိုက်နေတဲ့ အဲဒီအရင်းရှင်စနစ်က တွန်းပို့ပေးနေခြင်း ဖြစ်တယ်။

မာ့က်စ်ရဲ့ နာမည်ကျော် စကားတခွန်းရှိတယ်။ "ဒဿနိက ပညာရှင်တွေဟာ ကမ္ဘာလောကကြီးကို *အဓိပ္ပါယ်ဖွင့်ဆိုရုံသာ* လုပ်ခဲ့ကြတယ်။ တကယ်တမ်း အရေးကြီးတာက ဒီကမ္ဘာလောကကြီးကို *ပြောင်းလဲပစ်ရေးပဲ*"။

ဒီနေရာမှာ မာ့က်စ်က လောကအမြင် ဒဿနကို လုံးလုံးလျားလျား ပယ်ချနေတာ မဟုတ်ဘူး။ မာ့က်စ်ဝါဒ ကိုယ်နှိုက်က *ဒဿနအမြင်* တရပ်ပဲ။ ဒီနေရာမှာ မာ့က်စ်ဆိုလိုတဲ့ သဘောက လောကကမ္ဘာကြီးကို အဓိပ္ပါယ်ဖွင့်ဆိုရုံ၊ လေ့လာဆန်းစစ်ကြရုံလောက်နဲ့ ရပ်မနေကြဖို့ ပြောချင်တာဖြစ်တယ်။ ကျနော်တို့ဟာ ကမ္ဘာလောကကို ပြောင်းလဲပစ်ရေး တိုက်ပွဲမှာ တက်ကြွစွာ ပါဝင်ကြတယ်။

ဒါကမှ တော်လှန်သော ကွန်မြူနစ်ဝါဒရဲ့ တကယ့် အနှစ်သာရ ဖြစ်တယ်။

ဘာသာပြန် - ရှင်မင်းဟန်

မူရင်းဆောင်းပါး - The Transitional Programme : The method of Marxism in a time of crisis by Fred Weston

*၂၀၂၆ ဇန်နဝါရီမှာ အနီးခေတ် အမေရိကန် လူတန်းစား တိုက်ပွဲ သမိုင်းအတွင်း ထူးခြားလေးနက်မှု အရှိဆုံး ဖြစ်ပေါ်ပြောင်းလဲမှု တချို့ကို မြင်တွေ့ခဲ့ရတယ်။ ရနေးဂွတ်(ဒ်) ကို ICE က သတ်ဖြတ်လိုက်ခြင်းကြောင့် ICE ဆန့်ကျင်ရေး လှုပ်ရှားမှုကြီး ပေါက်ကွဲထွက်လာစေခဲ့ပြီး၊ လက်တွေ့အားဖြင့် နိုင်ငံရေး အထွေထွေ သပိတ်ကြီး ပေါ်ထွက်လာခဲ့တယ်။ ဒီနောက် အဲလက်စ်ပရက်တီ သတ်ဖြတ်ခံလိုက်ရတဲ့အခါ လှုပ်ရှားမှုက တနိုင်ငံလုံး ပြန့်သွားတော့မလို ဖြစ်ခဲ့တယ်။ ထရမ့်ကို (အနည်းဆုံးတော့ ယာယီအားဖြင့်) နောက်တလှမ်း ဆုတ်သွားစေခဲ့တယ်။ ဒီအတွေ့အကြုံကနေ ဘယ်လို ကောက်ချက်တွေ ဆွဲလို့ ရနိုင်မလဲ။*

*[မူရင်းကို communistusa.org မှာ ဖော်ပြထားပါတယ်]*

**၁။ လူတန်းစား တိုက်ပွဲအတွင်း ရုတ်တရက် အားကောင်းကောင်းနဲ့ ပေါက်ကွဲအုံကြွလာတဲ့ ဖြစ်ရပ်တွေဟာ အတိတ်သမိုင်းရဲ့ အချင်းအရာတွေ မဟုတ်တော့ဘူး။ ဒီလို အုံကြွမှုတွေဟာ အမေရိကန်ပြည်ထောင်စုမှာ ဖြစ်မလာနိုင်တဲ့ ကိစ္စမျိုးတွေ မဟုတ်ဘူး။ အမှန်တော့၊ မြေကြီးလက်ခတ်မလွဲ ပေါ်ပေါက်လာမယ့် ကိစ္စတွေသာ ဖြစ်တယ်။** မင်နီဆိုးတားမှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေဟာ လူ့အဖွဲ့အစည်းရဲ့ အလွှာအသီးသီးကို နိုင်ငံရေးအရ နိုးကြားလာစေတဲ့ အဖြစ်အပျက်တွေကြောင့် လူထု လှုပ်ရှားမှုတခု ဘယ်ပုံဘယ်နည်း နေ့ချင်းညချင်း ပေါက်ကွဲထွက်လာနိုင်သလဲဆိုတာ ပြသနေတဲ့ စံတော်ဝင် ဥပမာတရပ်ပဲ။ မင်နီဆိုးတားက ICE ဆန့်ကျင်ရေး ဒေါသတွေ စုပြုံလာပြီး ရေဆူမှတ်ကို ရောက်သွားတဲ့အခါ အရေအတွက်ကနေ အရည်အသွေး ပြောင်းလဲခြင်း ဖြစ်ပြီး ဇန်နဝါရီ (၂၃) ရက်မှာ ပြင်းထန်တဲ့ နိုင်ငံရေး ပေါက်ကွဲမှုအဖြစ် အထွဋ်အထိပ်ကို ရောက်သွားခဲ့တယ်။

**၂။ အဖြစ်အပျက်တွေ၊ အဖြစ်အပျက်တွေ၊ နောက်ပြီး အဖြစ်အပျက်တွေကပဲ လူထုရဲ့ အသိစိတ် ပြောင်းလဲမှုများကို ဖြစ်ပေါ်စေတယ်။** ထရမ့်အစိုးရကို ဆန့်ကျင်တာတွေဟာ မင်နီဆိုးတားမှာ အရင်ကတည်းက ရှိနေခဲ့တယ်၊ ဒါပေမဲ့ ရနေးဂွတ်(ဒ်)ကို တရားလက်လွတ် ဖြောင်ကျကျ သတ်ဖြတ်လိုက်တဲ့ အဖြစ်အပျက်က သိန်းချီတဲ့ သာမန် ပြည်သူတွေကို နိုင်ငံရေး လှုပ်ရှားမှုထဲ တွန်းပို့ပေးလိုက်တယ်။ အလုပ်သမား လူတန်းစားထဲက ရှေ့တန်းရောက် အလွှာတွေဟာ စာအုပ်တွေနဲ့ သီအိုရီပိုင်းဆိုင်ရာ ငြင်းခုန်မှုတွေကနေ သင်ယူနိုင်ပေမဲ့ အလုပ်သမား လူထုကြီးကတော့ လက်တွေ့ အဖြစ်အပျက်တွေပေါ် အခြေခံပြီး နိုင်ငံရေး ကောက်ချက်တွေ ချလေ့ရှိတယ်။ မင်နီဆိုးတားက အလုပ်သမားတွေဟာ အလွန် လေးနက်တဲ့ ကောက်ချက်တွေ ချလာကြပြီ။ ကိုယ်ထူကိုယ်ထ စုစည်းဖို့ လိုအပ်ကြောင်း၊ အရင်းရှင် နိုင်ငံတော် (အနည်းဆုံးတော့ နိုင်ငံတော်ရဲ့ အစိတ်အပိုင်း တချို့) ကို ဘယ်လိုမှ ယုံကြည်လို့ မရနိုင်ကြောင်း သူတို့ သဘောပေါက်လာကြတယ်၊ ဒါ့အပြင်

# အမေရိကန်ပြည်ထောင်စု ၂၀၂၆ မင်နီဆိုးတား အထွေထွေသပိတ်ဆိုင်ရာ စစ်တမ်း ဆယ်ချက်






အလုပ်သမားထုက စုပေါင်းအားနဲ့ စီးပွားရေး စနစ်ကို ထိန်းချုပ်နိုင်စွမ်း ရှိကြောင်း ပိုပြီး နားလည်လာကြတယ်။ အလုပ်သမားထုက ၂၀၂၀ ဂျော့ဖလွိုက် လှုပ်ရှားမှု အတွေ့အကြုံအပေါ် အခြေခံပြီး တည်ဆောက်ထားသလို ပြီးခဲ့တဲ့ ဇွန်လက လော့စ်အိန်ဂျလိစ်မှာ ဖြစ်ခဲ့တဲ့ ICE ဆန့်ကျင်ရေး လှုပ်ရှားမှု၊ ၂၀၂၅ ဆောင်းဦးက ရှီကာဂိုမှာ ဖြစ်ခဲ့တဲ့ ICE ဆန့်ကျင်ရေး လှုပ်ရှားမှုကနေ သင်ခန်းစာတွေ ယူထားတယ်။

၃။ **အမေရိကန်မှာ လက်ဝဲ ရက်ဒီကယ်လှိုင်းဟာ လူအများစု ထင်ထားတာထက် အများကြီး ပိုနက်ရှိုင်းတယ်။** လစ်ဘရယ် မီဒီယာတွေ ပြောနေသလို အမေရိကန် အလုပ်သမားတွေကြားမှာ အခြေခံအားဖြင့် "လက်ယာဘက်ကို ယိမ်းသွားတာမျိုး" မရှိဘူး။ အလုပ်သမား လူတန်းစား အလွှာတချို့က ထရမ့်ရဲ့ လမ်းစဉ်ကို စမ်းသပ်ကြည့်နေတုန်း ဖြစ်ပေမဲ့ အင်မတန် များပြားတဲ့ အလွှာတရပ်ကတော့ ထရမ့်ပ်ကို လုံးဝ ဆန့်ကျင်ပြီး လက်ဝဲဘက်ကို ကူးပြောင်းသွားကြပြီ။ ဇိုရန်မမ်ဒါနီ ရွေးကောက် တင်မြှောက်ခံရခြင်းလို လက်ဝဲယိမ်း လက္ခဏာပြတဲ့ ဖြစ်ပေါ်ပြောင်းလဲမှုတွေဟာ မြင်သာထင်သာ အရေပြား တထောက်စာပဲ ရှိသေးတယ်။ မင်နီဆိုးတားမှာ သာမန် ပြည်သူတွေက အရင်းရှင် နိုင်ငံတော်ရဲ့ လက်နက်ကိုင် အဖွဲ့အစည်းတွေကို အင်နဲ့အားနဲ့ ပြန်လှန် ဆန့်ကျင်နေကြတာကို ငါတို့ မြင်ခဲ့ရတယ်။ အလုပ်သမား လူတန်းစား ကိုယ်တိုင် စည်းရုံးစုဖွဲ့မှုရဲ့ ကနဦးအဆင့် ယန္တရားတွေဟာ ရပ်ကွက်အလိုက် လူထု အစည်းအဝေးပွဲတွေ၊ Signal chat တွေအသွင်နဲ့ ထွက်ပေါ်လာတယ်။ တချို့ အလုပ်သမား အလွှာတွေကြားမှာ လက်နက်စွဲကိုင် ခုခံကာကွယ်ဖို့ လိုအပ်တဲ့အကြောင်း ဆွေးနွေးမှုတွေ ရှိလာတယ်။ အထွေထွေ သပိတ် အတွေးအခေါ်ဟာ တက်ကြွ လှုပ်ရှားသူတွေကြားတင်မကဘဲ လူ့အဖွဲ့အစည်းရဲ့ ပိုကျယ်ပြန့်တဲ့ လူထု အလွှာတွေထဲအထိ စိမ့်ဝင် ပျံ့နှံ့သွားခဲ့တယ်။ ဒါဟာ ဒီနိုင်ငံက လူတန်းစား တိုက်ပွဲအတွက် အလှည့်အပြောင်း တခုပဲ။

၄။ **ထရမ့် အစိုးရကို ဖက်ဆစ် အစိုးရတရပ် ဒါမှမဟုတ် မြန်မြန်ဆန်ဆန် ကြီးထွားလာတဲ့ စစ်အာဏာရှင် စနစ်အဖြစ် မြင်တဲ့ အယူအဆဟာ လုံးဝ မှားတယ်။** ထရမ့်ရဲ့ ပုဂ္ဂိုလ်ရေး တိမ်းညွတ်မှုတွေ ဘယ်လိုပဲ ရှိပါစေ၊ အင်အားကြီးတဲ့ ဘိုနာပတ်တစ် အစိုးရတရပ် ဒါမှမဟုတ် ဖက်ဆစ် အစိုးရတရပ် တည်ဆောက်နိုင်တဲ့ အနေအထား မရှိဘူး။ မင်နီဆိုးတား လှုပ်ရှားမှုဟာ ထရမ့်အစိုးရရဲ့ *အားနည်းချက်* ကို လှစ်ဟ ဖော်ထုတ်ပေးသွားတယ်။ စုစည်းမှုအားကောင်းတဲ့ လူထု လှုပ်ရှားမှုကို ထရမ့် ရင်ဆိုင်ခဲ့ရတယ်။ အဲလက်စ်ပရက်တီ အသတ်ခံရမှုကြောင့် တနိုင်ငံလုံး အတိုင်းအတာနဲ့ ကြီးမားကျယ်ပြန့်တဲ့ လူထု အုံကြွမှုကြီး ထွက်ပေါ်လာနိုင်ချေကို ရှင်းရှင်းလင်းလင်း မြင်နေရပြီ။ ဒါ့ကြောင့် ထရမ့် နောက်ဆုတ်ပေးခဲ့ရပြီး ဂရက်ဘိုဗီနိုကို ရာထူးက ဖြုတ်လိုက်ရတယ်။ "ကျနော်တို့ အခြေအနေကို နည်းနည်း ဖြေလျှော့ပေးသွားမယ်" လို့လဲ လူသိရှင်ကြား ကြေညာခဲ့ရတယ်။ ဒါဟာ အမွှာဆက် မြို့ လမ်းမတွေပေါ်မှာ တွေ့ခဲ့ရတဲ့ လူထုရဲ့ စုပေါင်း တိုက်ပွဲဝင် နည်းလမ်းတွေ မှန်ကန်တယ်ဆိုတာကို အပြည့်အဝ သက်သေပြနေတာပဲ ဖြစ်တယ်။ အမေရိကန် လူတန်းစား အင်အား အချိုးအစားဟာ အလုပ်သမား လူတန်းစားဘက်ကို အပြတ်အသတ် အလေးသာနေကြောင်း ပြသလိုက်တာပဲ။ ထရမ့်က အာရုံလွှဲတဲ့ နေရာမှာ ကျွမ်းကျင်တယ်၊ အခွင့်အရေးရတိုင်း နှစ်ဆတိုးပြီး ထိုးစစ်ဆင်ဖို့ ကြိုးစားတတ်တယ်။ ဒါပေမဲ့ သူ ဘယ့်လောက်ထိ လုပ်နိုင်မလဲ ဆိုရာမှာ ကန့်သတ်ချက်တွေ အထင်အရှား ရှိနေတယ်။

၅။ **အကျပ်အတည်းနဲ့ မတည်ငြိမ်မှုတွေ ဖြစ်နေတဲ့ လက်ရှိ ကာလဟာ ဘူဇွာ "ဒီမိုကရေစီ"ရဲ့ သရုပ်မှန်ကို လှစ်ပြနေတယ်။** ဘူဇွာ ဒီမိုကရေစီဆိုတာ သွေးစုပ်ခံ လူများစုကြီးအပေါ် အုပ်စိုးတဲ့ အရင်းရှင် လူတန်းစား အာဏာရှင် စနစ်ပဲ ဖြစ်ခဲ့တယ်။ အထူးသဖြင့် အမေရိကမှာ အရင်းရှင် အုပ်စိုးမှုကို ထိန်းသိမ်းဖို့ ဖိနှိပ်မှုတွေနဲ့ နိုင်ငံတော်ရဲ့ အကြမ်းဖက်မှုတွေကိုပဲ အမြဲ အားကိုးအားထား ပြုခဲ့တယ်။ ရနေးဂွတ်(ဒ်)နဲ့ အဲလက်(စ်)ပရက်တီတို့ အသတ်ခံရတဲ့ အဖြစ်အပျက်တွေဟာ လူတွေရဲ့ ထင်ယောင်မှားမှုတွေကို တိုက်စားပစ်လိုက်ပြီး အရင်းရှင် နိုင်ငံတော်ရဲ့ တကယ့် အခန်းကဏ္ဍက ဘာလဲ ဆိုတာကို သန်းနဲ့ချီတဲ့ ပြည်သူတွေရဲ့ စိတ်ထဲ ရှင်းရှင်းလင်းလင်း သိမြင်လာစေတယ်။ အရင်းရှင် စနစ်နဲ့ အရင်းရှင် အင်စတီကျူးရှင်းတွေ အပေါ် တခါက အလွန်အမင်း ယုံကြည်ကိုးစားခဲ့ကြတဲ့ နိုင်ငံတခုအဖို့တော့ ဒါတွေဟာ သိသိသာသာ ပြောင်းလဲလာတဲ့ အချက်တွေပဲ။

၆။ **တော်လှန်ရေး ဦးဆောင်မှုသာ ရှိခဲ့ရင် ဒီလှုပ်ရှားမှုဟာ အခုထက် အများကြီး ပိုပြီး ခရီးပေါက်နိုင်ခဲ့လိမ့်မယ်။** မီးကုန်ယမ်းကုန် ဆင်နွှဲမဲ့ အထွေထွေ သပိတ်ကြီး ပေါက်ကွဲထွက်လာဖို့ လိုအပ်တဲ့ စိတ်ဓာတ်နဲ့ အလားအလာက ရာနှုန်းပြည့် ရှိနေပြီးသား။ အထွေထွေ သပိတ်ဟာ အသေးစား စီးပွားရေး လုပ်ငန်းတွေ၊ ကျောင်းတွေနဲ့ ယဉ်ကျေးမှုဆိုင်ရာ အင်စတီကျူးရှင်းတွေတင် မကဘဲ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်၊ ဆက်သွယ်ရေး၊ ထောက်ပို့နဲ့ ကုန်ထုတ်လုပ်ငန်းတွေလို စီးပွားရေးရဲ့ အဓိက မောင်းနှင်အားတွေကိုပါ

ရပ်တန့်ပစ်နိုင်စွမ်း ရှိတယ်။ အဲလက်(စ်)ပရက်တီ အသတ်ခံရပြီး နောက်ပိုင်း ဒီလှုပ်ရှားမှုဟာ တနိုင်ငံလုံးကို ပျံ့နှံ့သွားနိုင်စရာ ရှိခဲ့တယ်။ ဒါပေမဲ့ အလုပ်သမား သမဂ္ဂ ဗျူရိုကရက်တွေက လူထုရဲ့ အားမာန်တွေကို အေးအေးလူလူ လမ်းကြောင်းထဲ ရောက်သွားအောင် အစွမ်းကုန် လုပ်ခဲ့ကြတယ်။ အောက်ခြေက ဖိအားတွေကြောင့် တရက်တာ “လှုပ်ရှားမှု နေ့” သတ်မှတ်ပေးခဲ့ရပေမဲ့ အဲဒီထက်ပိုပြီး ဘာမှ မလုပ်မိအောင် သိသိသာသာ ရှောင်လွှဲခဲ့ကြတယ်။ လိုအပ်ခဲ့တာတွေ ပြောရရင် ရပ်ကွက်အလိုက် ကော်မတီတွေကို လုပ်ငန်းခွင်တွေအထိ ကျယ်ပြန့်သွားအောင် လုပ်ပြီး ရွေးကောက်ခံ ကိုယ်စားလှယ်တွေကတဆင့် မြို့လုံးကျွတ် ကိုယ်စားပြု အဖွဲ့ ထွက်ပေါ်လာအောင် အဲဒီကော်မတီတွေကို ချိတ်ဆက်ပေးရမယ်။ အဲဒီ မြို့လုံးကျွတ် ကိုယ်စားပြု အဖွဲ့ဟာ လူထု အစည်းအဝေးတွေကို တာဝန်ခံရမှာဖြစ်သလို လှုပ်ရှားမှု တခုလုံးကိုလဲ ပေါင်းစပ်ညှိနှိုင်းပေးနိုင်ရမယ်။ ဒီလို လုပ်ငန်းစဉ် တပ်ဆင်ထားတဲ့ မာ့(က်စ်)ဝါဒီ ကေဒါ အဖွဲ့အစည်းတခု (အင်အား ၅၀၀၊ ၁၀၀၀ လောက်ပဲဆိုရင်တောင်) သာ မင်နီယာပိုလစ်-စိန့်ပေါလ်က အဓိကကျတဲ့ စက်မှု လုပ်ငန်းခွင်တွေမှာ အမြစ်တွယ်ထားနိုင်မယ်ဆိုရင် အခြေအနေ အရပ်ရပ်ကို လုံးဝ ပြောင်းလဲပစ်နိုင်ခဲ့လိမ့်မယ်။

၇။ **ပြုပြင်ရေးဝါဒီတွေဟာ ဘာကိုမှ နားမလည်ကြဘူး။** DSA ခေါင်းဆောင်မှုပိုင်း၊ Jacobin အယ်ဒီတာအဖွဲ့နဲ့ အလုပ်သမား သမဂ္ဂ ဗျူရိုကရက် အလွှာတချို့မှာ ရှိတဲ့ လစ်ဘရယ်-ပြုပြင်ရေးဝါဒီ ဆိုရှယ်လစ်တွေဟာ လူတန်းစား တိုက်ပွဲကို ပါးစပ်ပြောသာရှိတယ်၊ လက်တွေ့မှာတော့ ဒီမိုကရက်တစ် ပါတီနဲ့ အုပ်စိုးသူ လူတန်းစားရဲ့ အင်စတီကျူးရှင်းတွေကိုပဲ ကျားကန်ပေးနေကြတယ်။ ဒီလူတွေဟာ အမေရိကန် လူတန်းစား တိုက်ပွဲ သမိုင်းကြောင်းကို အမွှမ်းတင်တတ်ကြပေမဲ့ အခုလို အဖြစ်အပျက်မျိုးတွေ နောက်တကြိမ် ပြန်ဖြစ်လာလိမ့်မယ်လို့ တကယ် မယုံခဲ့ကြဘူး။ သူတို့ဟာ တော်လှန်သော ဆိုရှယ်လစ်တွေကို “ဖြစ်ရပ်တွေကို ထိုင်စောင့်နေသူများ” လို့ တံဆိပ်ကပ် စွပ်စွဲခဲ့ကြပေမဲ့ သူတို့ကိုယ်တိုင်ကတော့ အကျပ်အတည်းရဲ့ နက်ရှိုင်းမှုနဲ့ မလွှဲမသွေ ဖြစ်လာမယ့် အရေးအခင်းတွေကို နားမလည်ခဲ့ကြဘူး။ အခု အရေးအခင်း တကယ် ဖြစ်လာတော့မှ “ထောက်ခံပါတယ်” ထအော်နေကြပေမဲ့၊ ဒီဖြစ်ရပ်တွေက တကယ်တမ်း ဘာကို ထင်ဟပ်ပြသနေသလဲ ဆိုတာ သူတို့ အခုထိ နားမလည်ကြသေးဘူး။

၈။ **အမေရိကန် ပြည်ထောင်စုရဲ့ လူတန်းစား တိုက်ပွဲ ခေတ်သစ်တခုဆီ ငါတို့ ချဉ်းနင်း ဝင်ရောက်လာခဲ့ပြီ။** ဇန်နဝါရီ ၂၃ ရက်ဟာ နိဒါန်းပျိုးတာပဲ ရှိသေးတယ်။ ဝတ်စုံပြည့် အစမ်းလေ့ကျင့်တာပဲ ရှိသေးတယ်။ ရှေ့မှာ ပိုကြီးမားတဲ့ အပြောင်းအလဲတွေ လာတော့မယ် ဆိုတဲ့ အရိပ်အယောင်လဲ ဖြစ်တယ်။ ၂၁ ရာစုရဲ့ ဒုတိယ ၂၅ နှစ်ကာလဟာ ပထမ ၂၅ နှစ်နဲ့ သိသိသာသာ ကွဲပြားလိမ့်မယ်။ လူထုလှုပ်ရှားမှုတွေ၊ အကြိတ်အနယ် သပိတ်တိုက်ပွဲတွေ၊ အထွေထွေ သပိတ်တွေနဲ့ နောက်ဆုံး အင်အားအပြည့် ပေါက်ကွဲထွက်လာမယ့် တော်လှန်ရေး အခြေအနေတရပ်ဟာ ငါတို့ ကြုံရမဲ့ အနာဂတ်ပဲ။

၉။ **အမေရိကန် အလုပ်သမား လူတန်းစားရဲ့ တခုတည်းသော အားနည်းချက် အစစ်အမှန်က တော်လှန်ရေး ပါတီတရပ် မရှိသေးတာပဲ။** အမေရိကန်မှာရှိတဲ့ အခစားနဲ့ လစာစား အလုပ်သမား သန်း ၁၆၀ နီးပါးဟာ ဘယ်သူမှ တားဆီးနိုင်စွမ်း မရှိတဲ့ အင်အားစု တခု ဖြစ်လာနိုင်တယ်၊ ဒါပေမဲ့ စစ်မှန်တဲ့ ဦးဆောင်မှုကောင်း မရှိသရွေ့ ဒီအလားအလာဟာ အပြည့်အဝ အကောင်အထည် ပေါ်လာမှာ မဟုတ်ဘူး။ အလုပ်သမား လူတန်းစား တကယ် လှုပ်ရှားလာတဲ့အခါ သူတို့ရဲ့ တီထွင်ဖန်တီးနိုင်စွမ်း ဘယ်လောက်ကြီးမားသလဲ ဆိုတာကို မင်နီဆိုးတားမှာ ငါတို့ တွေ့ခဲ့ရတယ်။ ဒါ့အပြင် အလိုအလျောက် လှုပ်ရှားမှုရဲ့ အကန့်အသတ်တွေကိုလဲ ရှင်းရှင်းလင်းလင်း မြင်ခဲ့ရတယ်။ ဒီထက်ပိုပြီး ခရီးပေါက်ဖို့၊ နောက်ဆုံးမှာ နိုင်ငံရေး၊ စီးပွားရေး အာဏာကို အရယူနိုင်ဖို့ဆိုရင် အလုပ်သမား လူတန်းစားမှာ *မာ့က်စ်ဝါဒ ခေါင်းဆောင်မှု* ရှိဖို့ လိုတယ်။ အင်အားကြီး တော်လှန်ရေး ပါတီတရပ်ကသာ အလုပ်သမား လူတန်းစားရဲ့ အင်အားကို အသုံးချပြီး လူ့အဖွဲ့အစည်းကို ဆိုရှယ်လစ် လမ်းကြောင်းအတိုင်း ပြောင်းလဲပစ်နိုင်လိမ့်မယ်။

၁၀။ **ဒီလိုပါတီမျိုးဟာ သူ့အလိုလို ပေါ်ပေါက်လာမှာတော့ မဟုတ်ဘူး။** အနာဂတ် လှုပ်ရှားမှုတွေနဲ့ တော်လှန်ရေး အလှည့်အပြောင်းတွေ မတိုင်ခင် ကတည်းက သိစိတ်ရှိရှိ ကြိုတင် တည်ဆောက်ထားရမယ်၊ တော်လှန်ရေး ပါတီတခုဟာ အချိန်မီ အသင့်ရှိနေရမယ်။ အုပ်စိုးသူ လူတန်းစားက သူတို့ နိုင်ငံတော်ကို ကွပ်ကဲမယ့် စစ်ဦးစီးချုပ်တွေကို လေ့ကျင့် ပညာပေးဖို့ အချိန်နဲ့ အရင်းအမြစ်တွေ မြှုပ်နှံထားသလိုပဲ၊ အလုပ်သမား လူတန်းစားရဲ့ ခေါင်းဆောင်မှုအပိုင်းကလဲ လေးနက်တဲ့ ကိုယ်ပိုင် လေ့ကျင့်ရေးကွင်း ရှိထားရမယ်။ အလုပ်သမား လူတန်းစားမှာ ပရော်ဖက်ရှင်နယ် တော်လှန်ရေး သမားတွေနဲ့ ဖွဲ့စည်းထားသော ပါတီတရပ် လိုအပ်တယ်။ ပရော်ဖက်ရှင်နယ် တော်လှန်ရေးသမား ဆိုတာ မာ့က်စ်ဝါဒ သီအိုရီနဲ့ လူတန်းစား တိုက်ပွဲ သင်ခန်းစာတွေကို နှံ့နှံ့စပ်စပ် လေ့လာထားသူတွေ ဖြစ်တယ်။ လူတန်းစား တိုက်ပွဲမှာ လေးနက်စွာ တိုက်ပွဲဝင်ကြမယ့်သူ မှန်သမျှ [RCA ကို ဝင်ရောက်သင့်တယ်။](#) ရှေ့လာမယ့် အမေရိကန် ဆိုရှယ်လစ် တော်လှန်ရေးအတွက် ပါတီတရပ် ဝိုင်းဝန်း တည်ဆောက်ကြဖို့ လိုအပ်တယ်။

မြန်မာပြန်သူ - ရှင်မင်းဟန်






# သဘာဝသိပ္ပံ နဲ့ လူမှုသိပ္ပံ ဘယ်လို ကွာခြားသလဲ

**“သဘာဝ” နဲ့ “လူ့အဖွဲ့အစည်း”** ကို လေ့လာခြင်းနဲ့ ပတ်သက်လို့ caricature တခုက ဘယ်လို ပြောသလဲ ဆိုတော့ သဘာဝ သိပ္ပံကို ဓမ္မဓိဋ္ဌာန်ကျတဲ့ နည်းတွေ (objective means) နဲ့ လေ့လာနိုင်တယ်။ ဒါပေမဲ့ လူမှုသိပ္ပံကျ အဲလို မဟုတ်ဘူး။ လေ့လာသူ သွတ်သွင်းထားတဲ့ subjective element တွေကြောင့် ဘက်လိုက်မှုတွေ အများကြီး ရှိနေတယ်လို့ ဆိုကြတယ်။ သဘာဝ သိပ္ပံပညာရှင် positivist တွေကပဲ ဒီလို ပြောတာ မဟုတ်ဘူး။

လူမှု သိပ္ပံပညာရှင်တွေကလဲ ဒီအမြင်ကို ခဏခဏ ဖြန့်ဖြူးလေ့ရှိတယ်၊ ဒိုင်ယာလက်တစ်က သဘာဝ သိပ္ပံနဲ့ လူမှု သိပ္ပံမှာ မတူဘူး၊ အခြေခံကျကျ ကွာခြားချက် ရှိတယ်လို့ ပြောတတ်ကြတယ်။ လူ့အဖွဲ့အစည်းမှာ လူသားတွေရဲ့ ပါဝင် လှုပ်ရှားမှု ရှိတယ်၊ အထူးသဖြင့် subjectivity ရဲ့ တမူ ထူးခြားတဲ့ အခန်းကဏ္ဍ ရှိတယ်၊ ဒါ့ကြောင့် အဲသလို ခြားနားချက် ရှိနေတာလို့ ဆိုတတ်ကြတယ်။

သဘာဝ နဲ့ လူ့အဖွဲ့အစည်းဟာ တူညီမှုတွေ ရှိပေမဲ့ ခြားနားနေသလား (သို့မဟုတ်) ခြားနားမှုတွေ ရှိပေမဲ့ တူညီနေသလား ဆိုပြီး ငြင်းနေရင် ဘယ်မှ ရောက်မှာ မဟုတ်ဘူး။ ဒီအငြင်းပွားမှုရဲ့ အဓိက ပြဿနာက ‘level of analysis’ အပေါ် အများကြီး မူတည်နေတယ်။ လေ့လာမှု နယ်ပယ် တခုချင်း အလိုက် ကွာခြားချက် ရှိတာတော့ အမှန်ပဲ၊ ဒါ အလွန် ထင်ရှားတဲ့ အချက်။ ဥပမာ၊ quantum mechanical randomness က ပါတီကယ်(လ်) ရူပဗေဒရဲ့ အဓိက ဝိသေသပဲ။ ဒါပေမဲ့ အက်တမ် အမျိုးအစား နည်းနည်း၊ အရေအတွက် အမြောက်အမြားနဲ့ အလုပ်လုပ်နေတဲ့ သာမန် ဓာတုဗေဒမှာ ဆိုရင် statistical averaging လုပ်လို့ရပြီး အနုမြူအဆင့် randomness က ငုပ်သွားတယ်။

DNA လို အကြီးစား မော်လီကျူးတွေက ဆဲလ် တလုံးမှာ တကြိမ် (သို့မဟုတ်) အကြိမ် အနည်းငယ်ပဲ ကိုယ်စားပြု ဖော်ပြတယ်၊ နောက်ပြီး DNA အဆင့်မှာ ပြုမူပုံတွေက mechanically ဖြစ်တယ်။ organism တခုချင်းရဲ့ ဇီဝကမ္မဗေဒကို “တစိတ်တဒေသအားဖြင့်” goal directed အဖြစ် နားလည်နိုင်တယ်၊ ဒါပေမဲ့ ဂေဟဗေဒ ကွန်မြူနတီကို လေ့လာရမှာတော့ အဲဒီလို goal directed အဖြစ် မြင်လို့ မရတော့ဘူး။

လူ့အဖွဲ့အစည်းမှာလဲ ထူးခြားတဲ့ ဂုဏ်သတ္တိတွေ ရှိတယ်။ လေဘာ၊ ယဉ်ကျေးမှု၊ အတွေးအမြင်စနစ်နဲ့ subjectivity တို့ ထွက်ပေါ်လာခြင်းကြောင့် ဒီလို ထူးခြားတဲ့ ဝိသေသတွေ ရှိနေတာလို့ ပြောနိုင်တယ်။

ဒါပေမဲ့ တကယ် အရေးကြီးတဲ့ မေးခွန်းက လူ့အဖွဲ့အစည်းရဲ့ ထူးခြားချက်တွေဟာ တခြားသော နယ်ပယ်တွေရဲ့ ထူးခြားချက်တွေနဲ့ *အမျိုးအစားအားဖြင့်* ကွာခြားမှု ရှိသလား။

သဘာဝ သိပ္ပံ Vs လူမှု သိပ္ပံ ဆိုပြီး ခပ်လွယ်လွယ် ပြောနေသူတွေဟာ အဲလို မေးခွန်းထုတ် ဆန်းစစ်ခြင်း မရှိဘူး။ တကယ်တော့ စောစောက ပြောခဲ့သလိုပဲ သဘာဝ သိပ္ပံ ဆိုတဲ့ နယ်နိမိတ်အတွင်းက မတူညီတဲ့ လေ့လာမှု နယ်ပယ်တွေမှာ ထူးခြားချက် ကိုယ်စီ ရှိနေတာပဲ၊ ရူပဗေဒ ဘာသာရပ်တခုတည်းမှာကို ‘level of analysis’ ကို လိုက်ပြီး ‘randomness’ ကွာခြားမှု ရှိနေတာ သတိပြုပါလေ။

မော်လီကျူး အဆင့်မှာကို မိုက်ခရို အဆင့်နဲ့ မက်ခရို အဆင့်မှာ ပြုမူပုံ မတူတာတွေ ရှိနေတာလဲ သတိပြုမိဖို့ အရေးကြီးတယ်။ ဒါတွေ အကုန်လစ်လျူရှုပြီး သဘာဝ သိပ္ပံလို့ ပြောလိုက်တာနဲ့ ‘predictable’ ဖြစ်တယ်၊ တိကျရေရာမှု ရှိတယ်၊ လူမှု သိပ္ပံက အဲသလို မဟုတ်ဘူးလို့ မျက်စိမှိတ်ငြင်းနေရင် အတော် လွဲနေပြီ။ ဒါ့ကြောင့် အဲသလို ပြောလေ့ရှိသူတွေ ဖြေရမဲ့ မေးခွန်းက -

“လူ့အဖွဲ့အစည်းရဲ့ ထူးခြားချက်တွေဟာ တခြားသော နယ်ပယ်တွေရဲ့ ထူးခြားချက်တွေနဲ့ *အမျိုးအစားအားဖြင့်* ကွာခြားမှု ရှိသလား။”

အဲသလို ငြင်းလေ့ရှိသူတွေက လူ့အဖွဲ့အစည်း ဖြစ်စဉ်တွေမှာ လေ့လာခံတွေရဲ့ subjectivity ပါဝင်နေတယ်လို့ ပြောတတ်ကြတယ်၊ “human factor” ဆိုတဲ့ ဝေါဟာရကိုလဲ သူတို့ သုံးတတ်ကြသေးတယ်။ သဘောက အဲဒီ အကြောင်းအချက်တွေ ရှိနေလို့ မတိကျ မသေချာခြင်း (uncertainty) သေချာပေါက် ရှိမယ်၊ လေ့လာချက် ရလဒ် တခုခုကို (duplication) ထပ်ကျော့ ပွားယူဖို့ မဖြစ်နိုင်ဘူးလို့ ပြောလေ့ရှိတယ်။

ဒါ့အပြင် သဘာဝ သိပ္ပံမှာဆိုရင် ‘experiment’ တွေ ပြင်ဆင်ပြီး အကြိမ်ကြိမ် ကြည့်ရှု စစ်ဆေးနိုင်တယ်လို့ ထပ်လောင်း ပြောတတ်ကြသေးတယ်။ ဒါ့ကြောင့် သဘာဝ သိပ္ပံက ဓမ္မဓိဌာန်ကျသလို လူမှု သိပ္ပံက ဓမ္မဓိဌာန် လိုက်မကျနိုင်ဘူးလို့ သူတို့ဘက်က ဆိုပါတယ်။

ကမ္ဘာမြေ လေထုရဲ့ ရှုပ်ထွေးလှတဲ့ ‘pattern’ တွေကိုတောင် အတိအကျ ဖော်ထုတ်မထားရသေးတဲ့ ညီမျှခြင်း (equation) အမြောက်အမြား ရေးဆွဲပြဋ္ဌာန်းနိုင်ပေမဲ့ လူ့အဖွဲ့အစည်းအတွက် ကြိုတင်ခန့်မှန်းချက် ညီမျှခြင်းတွေ ရေးဆွဲပေးဖို့ မဖြစ်နိုင်ဘူးလို့ ဆိုလိုက်သေးတယ်။ ၂၀ ရာစုမှာ ပို့စ်မော်ဒန်ဝါဒ ထွက်ပေါ်လာလိမ့်မယ်လို့ ခန့်မှန်းထားတဲ့ ညီမျှခြင်းမျိုး ရေးဖို့ ဘယ်သူ စိတ်ကူးရခဲ့မှာလဲ။

ဒီငြင်းချက်ဟာ လုံးဝ မှားတယ်၊ မှားရတဲ့ အကြောင်း များစွာ ရှိတယ်။ ပထမ တချက်ကတော့ သဘာဝ သိပ္ပံ ပညာရှင်တွေရဲ့ ‘self-description’ ကို အယုံ လွန်တာပဲ။ ညီမျှခြင်းတွေ ချရေးခြင်း၊ အဲဒီကနေ ခန့်မှန်းချက် ထုတ်ယူခြင်း ဆိုတာ သိပ္ပံပညာရပ်ရဲ့ လုပ်ဆောင်ချက် ‘တခုသာ’ ဖြစ်တယ်။

- ပြဿနာတရပ်ကို ဖော်ထုတ်ခြင်း၊
- ဆီလျော်တဲ့ variable အမျိုးမျိုးကို အဓိပ္ပါယ် သတ်မှတ်ခြင်း၊
- ဘယ်ဟာကတော့ လက်ခံနိုင်ဖွယ် အဖြေ အမျိုးအစား ဖြစ်တယ်လို့ ဆုံးဖြတ်ခြင်း၊
- လေ့လာရရှိချက်တွေကို အနက်ဖွင့်ဆိုခြင်း၊
- validation လုပ်ရတဲ့ စည်းမျဉ်းတွေ၊
- လေ့လာချက် အမျိုးမျိုးက ထွက်ပေါ်လာတဲ့ ကောက်ချက်တွေကို သီအိုရီ ဘောင်တခုအတွင်း ချိတ်ယူခြင်း၊


အစရှိတဲ့ လုပ်ဆောင်ချက်တွေဟာ လူ့အဖွဲ့အစည်းဆိုင်ရာ ဖြစ်စဉ်များရဲ့ ရလဒ်တွေပဲ။ တချို့ ဖြစ်စဉ်တွေဆိုရင် လေ့လာတဲ့ ပညာရှင် ပုဂ္ဂိုလ်တဦးချင်းရဲ့ ထူးခြားချက်အပေါ် အတော်လေး မူတည်နေသေးတယ်။

မှန်ပါတယ်၊ သိပ္ပံပညာရပ်ဟာ လေ့လာတဲ့ ပညာရှင် တဦးချင်းအလိုက် ထူးခြားတဲ့ အတ္တဘာဝ အကြောင်းအချက်တွေကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ အမှားတွေ နည်းနိုင်သမျှ အနည်းဆုံး ဖြစ်အောင် လျှော့ချနိုင်ခဲ့ပြီ။ ဒါပေမဲ့ သိပ္ပံပညာရှင် အသိုင်းအဝိုင်း တခုလုံးမှာ ရှိနေတဲ့ ‘shared bias’ တွေကိုတော့ ဖယ်ရှားပစ်ဖို့ရာ မစွမ်းနိုင်သေးဘူး။ ဘယ်လိုမျိုး shared bias တွေလဲလို့ စောဒကတက်နိုင်ပါတယ်။

ဥပမာ၊ အီဗလူးရှင်းလို့ ပြောလိုက်တာနဲ့ ဖြေးဖြေးချင်း ဆင့်ကဲ ပြောင်းလဲသွားခြင်း (gradualism) အဖြစ် သိပ္ပံပညာရှင် အသိုင်းအဝိုင်းကြားမှာ ပုံသေ လက်ခံထားတာမျိုး။ တကယ်တော့ အီဗလူးရှင်း သမိုင်း ဖြစ်စဉ်မှာ ပြောင်းလဲမှု ကြီးကြီးမားမား ဘာမှ မတွေ့ရတဲ့ ‘prolonged period’ ဖြတ်သန်းပြီးမှ ရုတ်တရက် ဆိုသလို အပြင်းအထန် ပေါက်ကွဲ ပြောင်းလဲသွားတာမျိုး ရှိတယ်။ ဒီဖြစ်စဉ်ကို Stephen J Gould နဲ့ Nile Eldredge တို့က ‘punctuated equilibrium’ သဘောတရားနဲ့ ရှင်းပြခဲ့တယ်။

ဒါပေမဲ့ ဒီအယူအဆဟာ ဒါဝင်နီးယန်း အီဗလူးရှင်း သီအိုရီကို ကိုင်စွဲပါတယ် ဆိုတဲ့ သဘာဝ သိပ္ပံ ပညာရှင် အသိုင်းအဝိုင်း တခုလုံးမှာ ရှိနေတဲ့ ‘shared bias’ ကို ဒဲ့စိန်ခေါ်လိုက်သလို ဖြစ်သွားခဲ့တယ်။ ဒါ့ကြောင့် သိပ္ပံ ပညာရှင် အသိုင်းအဝိုင်းကြား အုတ်အော်သောင်းနင်း ဖြစ်သွားခဲ့တယ်။ ဒါပေမဲ့ တကယ့် အီဗလူးရှင်း ဖြစ်စဉ်တွေက punctuated equilibrium အယူအဆကို ထောက်ခံနေတယ်။

နောက်ထပ် အထင်ကရ ဥပမာ တခုကတော့ သိပ္ပံ ပညာရှင် အသိုင်းအဝိုင်း ကြား ရာစုနှစ်ချီ လွှမ်းမိုးထားခဲ့တဲ့ ‘cerebral primacy’ အယူအဆပဲ။ လူတွေထက် ကာယစွမ်းအား ပိုကြီးမားတဲ့ သတ္တဝါတွေ အမြောက်အမြား ရှိတယ်၊ ဒါပေမဲ့ လူက တခြား သတ္တဝါတွေကို ကြီးစိုးမင်းမူထားနိုင်တာ ဦးနှောက်စွမ်းအားကြောင့် ဖြစ်တယ်၊ တနည်းအားဖြင့် လူ့ဦးနှောက်က တခြား သတ္တဝါတွေရဲ့ ဦးနှောက်ထက် ပိုကြီးနေတဲ့အတွက် ဖြစ်တယ်၊ ဒါ့ကြောင့် ကြီးမားတဲ့ ဦးနှောက်က လူသား အီဗလူးရှင်း ဖြစ်စဉ်ကို မောင်းနှင်အား ဖြစ်ခဲ့တယ်လို့ cerebral primacy အယူအဆ ကိုင်စွဲသူ သိပ္ပံပညာရှင် အသိုင်းအဝိုင်းက လက်ခံထားခဲ့တယ်။ ဒါပေမဲ့ ဒီအယူအဆကို တိုက်ရိုက် ကျားကန်ပေးထားတဲ့ သက်သေ အထောက်အထား ဘာမှ မရှိခဲ့ဘူး။ ၁၉ ရာစု ကုန်ခါနီးမှ လူသား ကျောက်ဖြစ်ရုပ်ကြွင်းကို ရှာတွေ့ခဲ့တာပါ။ ဒါပေမဲ့ cerebral primacy အယူအဆက အဲဒီ မတိုင်ခင်ကတည်းက သိပ္ပံ ပညာရှင် အသိုင်းအဝိုင်းကြား အခိုင်အမာ အမြစ်တွယ်နေပြီ။



SJ Gould 1985 Flamingos Smile Jacket Photo
by Eric Taylor

ဒါနဲ့ ဆန့်ကျင်ဘက် အယူအဆကို အခိုင်အမာ ဖော်ထုတ် တင်ပြခဲ့သူကတော့ သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒရဲ့ဖခင်ကြီး ဖရက်ဒရစ်အန်းဂယ်(လ်စ်)ပဲ။ ၁၈၇၆ ခုနှစ်မှာ အန်းဂယ်(လ်စ်) ရေးခဲ့တဲ့ "The Part Played by Labor in the Transition from Ape to Man" အက်ဆေးမှာ ဦးနှောက်ကြီးထွားမှုက မူလ မဟုတ်ဘဲ ခြေနှစ်ဖက်ပေါ် မတ်တပ်ရပ် သွားလာခြင်း (upright posture)၊ ဒီအခါ လွတ်လပ်သွားတဲ့ ရှေ့လက်တွေကြောင့် ကာယ လုပ်အားကို အသုံးချလာခြင်း၊ ကာယ အလုပ်နဲ့ tool making တို့ရဲ့ အကျိုးဆက်အနေနဲ့ လူ့ဦးနှောက် ကြီးထွားဖွံ့ဖြိုးလာခြင်း ဖြစ်ကြောင်း ရှင်းပြထားတယ်။ (အကြမ်းဖျင်း ရေးပြတာပါ၊ ဒီဖြစ်စဉ်မှာလဲ တလမ်းသွား မဟုတ်ဘဲ ဒိုင်ယာလက်တစ် ဆက်နွှယ်ချက်တွေ ရှိတယ်၊ ဒါကို အန်းဂယ်လ်စ်က သေချာ ရှင်းထားပါတယ်၊ ဒီအက်ဆေး မြန်မာပြန်ကိုလဲ အန်းဂယ်(လ်စ်) နှစ် ၂၀၀ ပြည့်ကတည်းက ကျနော်တို့ *Revolutionary Marxism* စာမျက်နှာနဲ့ *In Defence of Marxism* ဝက်ဘ်ဆိုက်ထဲမှာ ဖော်ပြထားပြီး ဖြစ်ပါတယ်)။

အန်းဂယ်(လ်စ်)ရဲ့ ဒီအက်ဆေးကိုသာ သိပ္ပံပညာရှင် အသိုင်းအဝိုင်းက အလေးထားခဲ့ကြမယ်ဆိုရင် ရာစုနှစ် တခုစာလောက် ရေလိုက်လွဲနေခဲ့မှာ မဟုတ်ဘူးလို့ ဟားဗတ်(ဒ်) ပါမောက္ခ Paleontologist Stephen J Gould က မှတ်ချက်ပြုခဲ့ဖူးတယ်။ ၂၀ ရာစု ရောက်လာတဲ့အခါ Australopithecus ရုပ်ကြွင်းတွေကို ရှာဖွေတွေ့ရှိခဲ့တယ်။ ဒါပေမဲ့ သိပ္ပံ ပညာရှင်တွေ မျှော်လင့်ထားသလို ဦးနှောက် အရွယ်အစား ကြီးကြီးမားမား မရှိသေးဘဲ ape တွေရဲ့ ဦးနှောက် အရွယ်အစားနဲ့ မတိမ်းမယိမ်းသာ ရှိသေးကြောင်း တွေ့ခဲ့ရတယ်။ သို့သော် ဒီဦးနှောက် အရွယ်အစား မကြီးသေးတဲ့ Australopithecus တွေဟာ မတ်မတ်သွားလာပြီး ကိရိယာတွေ ဖန်တီး ပြုလုပ်နေပြီဆိုတာ သိလိုက်ရတယ်။ လူ့ ဦးနှောက် အရွယ်အစားဟာ australopithecine အဆင့်နောက်ပိုင်းကျမှ သိသိသာသာ ကြီးထွားလာခြင်း ဖြစ်တယ်။

အန်းဂယ်(လ်စ်)ရဲ့ ကောက်ချက်တွေ မှန်ကန်ကြောင်း နောက်ပိုင်း သိပ္ပံလေ့လာမှုတွေက သက်သေ အကြိမ်ကြိမ် ထူခဲ့ပြီးပြီ။ ဒါပေမဲ့ Gould ကတော့ အခုလို ပြောခဲ့သေးတယ်။

> "The importance of Engels's essay lies not in its substantive conclusions, but in its trenchant political analysis of why Western science was so hung up on the a priori assertion of cerebral primacy"

ဒီနေရာမှာ Gould ဆိုလိုရင်းကို နားလည်မှု မလွဲဖို့ အရေးကြီးတယ်။ ဒီတကြောင်းထဲ ကွက်ဖတ်ပြီး အန်းဂယ်(လ်စ်)ရဲ့ ကောက်ချက်တွေ အရေးမကြီးဘူးလို့ ဆိုလိုရင်း မဟုတ်ဘူး။ အဲဒီ ကောက်ချက်တွေ အရေးကြီးလို့ပဲ Gould ကိုယ်တိုင် အန်းဂယ်(လ်စ်) အက်ဆေးထဲက main argument တွေကို ကောက်နှုတ် ကိုးကားပြီး သူ့အက်ဆေး တပုဒ်လုံးကို အဲဒီအတိုင်း ရပ်တည် ရေးသားထားတယ်။

ဒီနေရာမှာ အရေးကြီးတဲ့ အချက်က အနောက်တိုင်း သိပ္ပံပညာရှင် အသိုင်းအဝိုင်းဟာ ဘာအထောက်အထားမှ မရှိဘဲ 'ဦးနှောက်က မူလ ဖြစ်တယ်' ဆိုတဲ့ အယူအဆကို 'a priori assertion' အဖြစ် အသေဖက်တွယ်ထားခဲ့ကြတယ်။ အဲဒါ ဘာ့ကြောင့်လဲ။ ဒါဟာ အပေါ်မှာ ပြောခဲ့သလို 'သိပ္ပံ ပညာရပ်က လူတဦးချင်းရဲ့ အဂတိတွေကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ အမှားတွေကို အနည်းဆုံးအထိ လျှော့ချထားနိုင်ပြီ ဆိုပေမဲ့ သိပ္ပံ ပညာရှင် ကွန်မြူနတီ တခုလုံးရဲ့ shared bias ကိုတော့ ဖယ်ရှားမပစ်နိုင်သေးဘူး' ဆိုတာ အထင်ရှားဆုံး သက်သေပြလိုက်တာပဲ။

ဒ့်အပြင် သဘာဝ သိပ္ပံ ပညာရပ်ဟာ လူမှု သိပ္ပံ ပညာရပ်လို မဟုတ်ဘူး၊ objective means တွေ သုံးပြီး လေ့လာခြင်း ဖြစ်တယ်၊ လူမှု သိပ္ပံ ပညာရပ်တွေလို subjectivity မရှိတဲ့အတွက် ဓမ္မဓိဋ္ဌာန် ပိုကျတယ်လို့ ပြောတတ်ကြတယ်။ အခု ပြောခဲ့တဲ့ နမူနာမှာဆိုရင် လေ့လာခံ အကြောင်းအရာဟာ လူ့အဖွဲ့အစည်းလို subjective လူသားတွေနဲ့ ဖွဲ့စည်းထားတဲ့ အရာ မဟုတ်ဘူး၊ ကျောက်ဖြစ်ရုပ်ကြွင်းတွေနဲ့ လေ့လာရတာ ဖြစ်တယ်။ ဒါပေမဲ့ လေ့လာတဲ့ သိပ္ပံ ပညာရှင်တွေမှာ အသေဆုပ်ကိုင်ထားတဲ့ a priori assertion တွေ ရှိနေပြီးသား။

ဒ့်ကြောင့် သဘာဝ သိပ္ပံ ပညာရပ် ဖြစ်နေလို့ အဲဒီ နယ်ပယ်က သိပ္ပံ ပညာရှင်တွေမှာ တဦးချင်းအလိုက်၊ သို့မဟုတ် အသိုင်းအဝိုင်း တခုလုံးအဆင့် ကိုင်စွဲထားတဲ့ အယူအဆတွေ၊ အစွဲအလမ်းတွေ၊ သူတို့အပေါ် လွှမ်းမိုးထားတဲ့ ဒဿနတွေ၊ လူတန်းစား အကျိုးစီးပွားတွေ မရှိဘူးလို့ မပြောနိုင်ဘူး။ လူ့အဖွဲ့အစည်းအတွင်းက general tendency တွေဟာ ဘယ်နယ်ပယ်က သိပ္ပံ ပညာရှင်အပေါ်မဆို လွှမ်းမိုး သက်ရောက်မှု သေချာပေါက် ရှိတယ်။

သိပ္ပံ ပညာရှင် အသိုင်းအဝိုင်းမှာ အမြစ်တွယ်နေတတ်တဲ့ 'subtle social prejudice' တွေအကြောင်း ရှင်းပြရင်း နည်းနည်း ဘေးရောက်သွားတယ်။ မူလ ရေးနေတဲ့ အကြောင်းအရာကို ပြန်ကောက်ရရင် -

ဒုတိယ အချက်က သိပ္ပံ ပညာရပ်ဆိုတာ quantification လဲ မဟုတ်သလို experiment လဲ မဟုတ်ဘူး။ သီအိုရီရေးရာ ဆုံးဖြတ်ချက်တွေ ပြုလုပ်ရာမှာ ကိန်းဂဏန်း အခြေပြု ရလဒ်တွေက အခရာကျတဲ့ အခြေအနေတွေ ရှိတာ မှန်ပါတယ်။ ဥပမာအားဖြင့် relativity theory ကို စမ်းသပ်စစ်ဆေးတဲ့ နေရာ၊ မျိုးဗီဇ ပညာရပ်မှာ မန်ဒဲလီယန်း ၃:၁ အချိုးကို သက်သေပြတဲ့ နေရာ၊ Neptune ဂြိုဟ် တည်ရှိကြောင်း ခန့်မှန်းတဲ့ နေရာ၊ အစရှိတဲ့ အခြေအနေတွေမှာ အတိအကျ တိုင်းတာမှုတွေ မရှိမဖြစ် လိုအပ်ခဲ့တယ်။ ဒါပေမဲ့ ဒီနေရာမှာတောင် အရေးကြီးတဲ့ ကောက်ချက်တွေက quantitative သဘော မဟုတ်ဘူး၊ qualitative သို့မဟုတ် semi-quantitative သဘောသာ ဖြစ်တယ်။

ဒါပေမဲ့ တချို့သော လေ့လာ တွေ့ရှိချက်တွေမှာ ကိန်းဂဏန်း အခြေပြု ရလဒ်တွေက ကြီးကြီးမားမား အရေးမပါလှဘူး။ ဥပမာ၊ Australopithecus ကျောက်ဖြစ်ရုပ်ကြွင်း Lucy ကို လူ့ရဲ့ ရှေးဦး မျိုးနွယ်အဖြစ် အသိအမှတ်ပြုတဲ့ နေရာ၊ DNA ဖွဲ့စည်းတည်ဆောက်ပုံကို ဖော်ထုတ်တဲ့ နေရာ၊ ခြင်တွေက ရောဂါပိုး ကူးစက်စေတယ်လို့ အတည်ပြုတဲ့ နေရာ၊ coronary နှလုံးရောဂါမှာ plaque ဖြစ်ပေါ်မှုရဲ့ အခန်းကဏ္ဍ၊ continental drift ဖြစ်ပေါ်တဲ့ပုံစံ၊ အစရှိတဲ့ အခြေအနေတွေမှာ ကိန်းဂဏန်း အခြေပြု ရလဒ်တွေက အခရာမကျတော့ဘူး။ ဒ့်ကြောင့် အတိအကျ တိုင်းတာမှုဟာ သဘာဝ သိပ္ပံနဲ့ လူမှု သိပ္ပံတို့ကို တခုနဲ့ တခု ခြားနားစေတဲ့ အရာ မဟုတ်ဘူး၊ သဘာဝ သိပ္ပံနဲ့ လူမှု သိပ္ပံရဲ့ မတူညီတဲ့ branch အသီးသီးမှာ ကဏ္ဍ အမျိုးမျိုးနဲ့ ပါဝင်နေခြင်းသာ ဖြစ်တယ်။

အလွန်ကြီးမားတဲ့ကွန်ပြူတာပရိုဂရမ်တွေဟာ ဖြစ်စဉ်တခုရဲ့ အရေးကြီးမျက်နှာစာတွေကို တုပနိုင်တယ် ဆိုတာတော့ မှန်ပါရဲ့။ ဒါပေမဲ့ အဆုံးမှာတော့ ကျနော်တို့မှာ ကိန်းဂဏန်းတွေ ပိုများလာတာပဲ အဖတ်တင် ကျန်ခဲ့တယ်။ အရေအတွက်သဘော တိကျမှု ရှိဖို့ မဖြစ်မနေ လိုအပ်တဲ့ ဒီဇိုင်းတွေမှာ အဲဒီ ကွန်ပြူတာ ပရိုဂရမ်တွေက သိပ်ကို အရေးပါတယ်။ ဒါပေမဲ့ (qualitative understanding) အရည်အချင်းသဘော နားလည်မှုကိုတော့ အစားမထိုးနိုင်ဘူး။

## Experimentation **လုပ်နိုင်မှ သိပ္ပံမည်သလား**

Experimentation လုပ်နိုင်မှ သိပ္ပံ ပညာရပ် စစ်စစ် ဖြစ်တယ် ဆိုတာလဲ မမှန်ပါဘူး။ အလွန် သေးငယ်တဲ့ ဖြစ်စဉ်တွေကိုသာ ဓာတ်ခွဲခန်းထဲမှာ အကြိမ်ကြိမ် စမ်းသပ်လေ့လာနိုင်တယ် (duplicated)၊ သေချာတာကတော့ ကပ်ရောဂါ သို့မဟုတ် supernovae သို့မဟုတ် သက်ရှိမျိုးစိတ်တွေ ဖြစ်ပေါ်လာခြင်း သို့မဟုတ် continental drift လို ဖြစ်စဉ်တွေကို ဘယ်ဓာတ်ခွဲခန်းမှာမှ ထပ်ကျော့ ဖန်တီးပြီး လေ့လာဖို့ မဖြစ်နိုင်ဘူး။

ဒီလို ဖြစ်စဉ်တွေကို လေ့လာတဲ့ နေရာမှာ experimentation နည်းမဟုတ်တဲ့ တခြားသော verification နည်းတွေကို လိုအပ်လာတယ်။

လူ့အဖွဲ့အစည်းဆိုင်ရာ ဖြစ်စဉ်တွေကို လေ့လာမှု ပညာရပ်ဟာ ဂေဟာဗေဒ၊ အီဗလူးရှင်း၊ epidemiology, biogeography တို့နဲ့ တူညီတဲ့ ဝိသေသ ရှိတယ်။ အဲဒီ ပညာရပ်တွေက လေ့လာတဲ့ အကြောင်းအရာတွေဟာ လေ့လာဖို့အတွက် available ဖြစ်တဲ့ အရေအတွက်က နှိုင်းယှဉ်ချက်အားဖြင့် နည်းလွန်းနေတာပဲ။ နှိုင်းယှဉ်ချက်အားဖြင့် ဆိုတာ ဒီလို။ လူအများနဲ့ ရင်းနှီးပြီးသား epidemiology နမူနာ တခုကို စဉ်းစားကြည့်ရအောင်။

၂၀၁၉ မတိုင်ခင်က ကိုဗစ်နဲ့ အမျိုးအစားတူ ကပ်ရောဂါ ဖြစ်စဉ်မျိုး လေ့လာချင်ရင် လေ့လာစရာ ဘယ်နခု ရှိခဲ့လဲ။ SARS ရှိခဲ့တယ်လို့ ပြောချင် ပြောနိုင်တယ်။ ဒါတောင် ကိုဗစ် ကပ်နဲ့ ထပ်တူ မဟုတ်ဘူး။ ဒါပေမဲ့ ကိုဗစ်ရောဂါလို ကပ်မျိုးက တခါပဲ ဖြစ်နိုင်တာ မဟုတ်ဘူး၊ တနေရာတည်း ဖြစ်နိုင်တာ မဟုတ်ဘူး။ အမှန်တကယ် ဖြစ်သွားတဲ့ epidemics အရေအတွက်၊ နောင် အနာဂတ်မှာ ဖြစ်လာနိုင်တဲ့ epidemics အရေအတွက်က များတယ်၊ ဒါပေမဲ့ လေ့လာဖို့ available ဖြစ်တဲ့ အလားတူ ရောဂါကပ် အရေအတွက်ကျ သိပ်များများစားစား မရှိလှဘူး။ epidemics ကို ဓာတ်ခွဲခန်းထဲ ပွားပြီး လေ့လာဖို့ ဆိုတာ အဝေးကြီး။

ဒါဆိုရင် "experimentation နည်းနဲ့ လေ့လာဖို့မဖြစ်နိုင်သောကြောင့်" ဆိုတဲ့ အကြောင်းပြချက်နဲ့ epidemiology ကို သိပ္ပံ ပညာရပ် စစ်စစ် မဟုတ်ဘူးလို့ ပြောနိုင်သလား။ ဘယ်သူမှ မပြောနိုင်ဘူး။

အဲလိုပဲ sexism အတိုင်းအဆ မတူတဲ့ လူ့အဖွဲ့အစည်း တရာမှာ ဖြစ်ခဲ့တဲ့ ဆိုရှယ်လစ် တော်လှန်ရေး တရာကို နှိုင်းယှဉ် ဆန်းစစ် လေ့လာဖို့ ဆိုတာ မဖြစ်နိုင်ဘူး။ ဆိုရှယ်လစ် တော်လှန်ရေးကို ဓာတ်ခွဲခန်းထဲ ပွားပြီး လေ့လာဖို့ မဖြစ်နိုင်မှန်း လူတိုင်း သိတယ်။ ဒီတော့ "experimentation နည်းနဲ့ လေ့လာဖို့ မဖြစ်နိုင်သောကြောင့်" ဆိုတဲ့ အကြောင်းပြချက်နဲ့ ဆိုရှယ်လစ် တော်လှန်ရေး လေ့လာတဲ့ ပညာရပ်ကို သိပ္ပံ ပညာရပ် မဟုတ်ဘူးလို့ ပြောနိုင်သလား။ ဘယ်သူမှ မပြောနိုင်ဘူး။

အခြားတဖက်မှာတော့ အက်တမ် သို့မဟုတ် fundamental particles သို့မဟုတ် ကြယ်တွေဟာ အမျိုးအစားအားဖြင့် အရေအတွက် သိပ်မများလှဘူး။ သို့သော် အမျိုးအစား တခုစီအလိုက် ရှိနေတဲ့ အရေအတွက်ကျ အလွန်အင်မတန် ပေါ်များတယ်။ လူမှု သိပ္ပံနယ်ပယ်မှာလဲ နှိုင်းယှဉ်လေ့လာဖို့ အတန်အသင့် လုံလောက်တဲ့ အကြောင်းအရာတွေ ရှိပါတယ်။ ဥပမာ၊ အသေးစား လုပ်ငန်းလေးတွေအကြောင်း လေ့လာမှုမျိုး။

ဒါပေမဲ့ လူမှု သိပ္ပံနယ်ပယ်မှာ prediction ကို ကန့်သတ်ထိန်းချုပ်ထားတဲ့ experiment တွေအပေါ် အခြေခံထားတာ မဟုတ်ဘူး၊ sets of data အပေါ် အခြေခံခြင်း ဖြစ်တယ်။ ဒီခြားနားချက်တွေဟာ သိပ္ပံပညာရပ်တွေရဲ့ လေ့လာနည်း (methodology) နဲ့ သူတို့ ကိုင်တွယ်တဲ့ ပြဿနာ အမျိုးအစားတွေအပေါ် သက်ရောက်မှု ရှိတာ အမှန်ပဲ။ ဒါပေမဲ့ အဲဒီ ခြားနားချက်တွေ ရှိနေလို့ သဘာဝ သိပ္ပံ နဲ့ လူမှု သိပ္ပံတို့ ကွဲပြားသွားတာ မဟုတ်ဘူး။

## prediction **လုပ်နိုင် မလုပ်နိုင်**

ဒါ့ကြောင့် equation တွေနဲ့ ဖော်ထုတ်မရခြင်း သို့မဟုတ် ကန့်သတ်ထိန်းချုပ်ထားတဲ့ experiment တွေ မရှိခြင်းကြောင့် လူမှု သိပ္ပံဟာ သဘာဝ သိပ္ပံနဲ့ အခြေခံကျကျ ခြားနားနေတယ် ဆိုတာ မဟုတ်ဘူး။ သဘာဝ သိပ္ပံက တိတိကျကျ predict လုပ်နိုင်တယ်၊ လူမှု သိပ္ပံက အဲသလို မလုပ်နိုင်ဘူးလို့ လူအတော်များများ မကြာခဏ ပြောလေ့ရှိတယ်။ ဒါပေမဲ့ predictability ကလဲ သဘာဝ သိပ္ပံနဲ့ လူမှု သိပ္ပံတို့ကြားက အခြေခံ ခြားနားချက် မဟုတ်ဘူး။

ရူပ သိပ္ပံနယ်မှာ တိတိကျကျ ခန့်မှန်းနိုင်စွမ်း သက်သေပြထားတဲ့ ဂန္ထဝင် မြောက် ဥပမာတွေ ရှိပေမဲ့ dynamical စနစ်တွေကို လေ့လာတဲ့ မော်ဒန် သီအိုရီတွေကတော့ ရိုးရှင်းတဲ့ အခြေအနေမှာတောင် precise prediction လုပ်ဖို့ မဖြစ်နိုင်တဲ့ အခြေအနေ အမြောက်အမြားကို ဖော်ထုတ်ပြထားတယ်။ (မိုးလေဝသ ခန့်မှန်းချက်တို့၊ "chaos" အကြောင်း လေ့လာမှုတို့၊ စသဖြင့်)။ သို့သော် chaotic စနစ်တွေမှာတောင် random ဖြစ်တဲ့ ပျက်နှာစာတွေချည်း ရှိတာတော့ မဟုတ်ဘူး၊ regular မျက်နှာစာတွေလဲ ရှိသေးတယ်။

ဥပမာ၊ လူ့အဖွဲ့အစည်း တခုမှာ လူတွေဟာ အကြောင်း အမျိုးမျိုးနဲ့ အသက်အရွယ် အမျိုးမျိုးမှာ သေနေကြတာပဲ။ individuals ကိုပဲ လိုက်ကြည့်မယ်ဆိုရင် အသက် ဘယ့်လောက်ရှည်မယ်၊ ဘာနဲ့ သေမယ်ဆိုတာ ဘယ်လိုမှ ခန့်မှန်းလို့ မရနိုင်ဘူး၊ randomness ပဲ မြင်ရလိမ့်မယ်။ ဒါပေမဲ့ လူ့အဖွဲ့အစည်း တခုလုံး အတိုင်းအတာနဲ့ 'the whole' ကို လေ့လာကြည့်မယ်ဆိုရင် အတော်တိကျတဲ့ ခန့်မှန်းချက်တွေ ထွက်လာတယ်။ မယုံရင် အမြတ်တွေ တနင့်တပိုး ရနေတဲ့ အသက် အာမခံ ကုမ္ပဏီကြီးတွေ သာ သွားမေးကြည့်ပေတော့။

Predictability က သဘာဝ သိပ္ပံနဲ့ လူမှု သိပ္ပံကို ခွဲခြားပေးတဲ့ အရာ မဟုတ်ဘူးလို့ အပေါ်မှာ ပြောခဲ့တယ်။ သို့သော် လူမှု သိပ္ပံမှာ တိကျတဲ့ prediction တွေ လုပ်ဖို့ လုံးဝ မဖြစ်နိုင်ဘူးလို့ မဆိုလိုဘူး။

ဆောင်းပါး အဖွင့်မှာ ပြောခဲ့သလို လူမှု သိပ္ပံက လေ့လာတဲ့ အကြောင်းအရာတွေမှာ subjectivity ရှိတယ်၊ ဒီအချက်ကြောင့် သဘာဝ သိပ္ပံပညာရပ်တွေလို သိပ္ပံနည်းကျ လေ့လာဖို့ မဖြစ်နိုင်ဘူး ဆိုတာ ဟုတ်ရဲ့လား။ မဟုတ်ပါဘူး။ subjectivity ဆိုတာ လူတဦးချင်းရဲ့ ခံစားမှု အတွေ့အကြုံ အနေနဲ့သာ ပုဂ္ဂလဓိဋ္ဌာန် ဖြစ်တာပါ။ ကျနော်တို့ သီအိုရီတွေက လူတဦးချင်းရဲ့ စိတ်ခံစားချက်ကို ဖော်ပြနေတာ မဟုတ်ဘူး။ ဒါပေမဲ့ subjectivity ကိုလဲ ဓမ္မဓိဋ္ဌာန်ကျကျ (objectively) လေ့လာနိုင်တယ်။ ယုံကြည်မှုတွေ၊ စိတ်ခံစားချက်တွေမှာ ဖြစ်ပေါ်ရတဲ့ အကြောင်းရင်းတွေ ရှိတယ်။ အဲဒီ ယုံကြည်မှုတွေ၊ စိတ်ခံစားချက်တွေကိုယ်တိုင်က အကြောင်းတရား ဖြစ်နေတာလဲ ရှိတယ်။

ဥပမာအားဖြင့် epidemic တခုရဲ့ ဖြစ်ပေါ်တိုးတက်မှုကို ကြည့်ရာမှာ ကြောက်စိတ် သို့မဟုတ် မျှော်လင့်ချက် ဆိတ်သုဉ်းခြင်းတို့ကို ကွင်းဆက်တွေ အဖြစ် ထည့်သွင်း လေ့လာနိုင်တယ်။ AIDS pandemic အခြေအနေကို မှန်မှန်ကန်ကန် အကဲဖြတ်နိုင်ဖို့ဆိုရင် ပြောင်းလဲနေတဲ့ subjectivities ကို မဖြစ်မနေ ထည့်သွင်း လေ့လာရမယ်။ ဥပမာ၊ ဒေသတခုက လူတွေကြားမှာ AIDS ကို ကုရာနတ္ထိ ဆေးမရှိလို့ မြင်ပြီး ကြောက်ရွံ့နေသလား၊ သို့မဟုတ် ကာကွယ်လို့ ရသလို ထိထိရောက်ရောက် ကုသနိုင်ပြီလို့ လက်ခံထားသလား၊ စသဖြင့်။

မတူညီတဲ့ subjectivities အမြောက်အမြားကို လေ့လာရာက 'patterns of subjectivity' ထွက်ပေါ်လာတယ်။ ဒါ့ကြောင့်ပဲ psychosocial ကုထုံးတွေ ဖော်ထုတ်လာနိုင်ခြင်း ဖြစ်တယ်။

## ဒိုင်ယာလက်တစ် ရုပ်ဝါဒကို လိုအပ်ခြင်း

ဒါ့ကြောင့် ဒိုင်ယာလက်တစ် ဆိုတာ predictability နဲ့ lawfulness တွေ အနည်းအပြား တည်ရှိနေတဲ့ သဘာဝ သိပ္ပံ ပညာရပ်တွေမှာပဲ အသုံးဝင်တယ်၊ အမျိုးမျိုး ပြောင်းလဲနေတဲ့ subjectivities ကြောင့် လူမှု သိပ္ပံ နယ်ပယ်မှာ အသုံးမဝင်ဘူးလို့ ပြောမရဘူး။

ဒါနဲ့ ပြောင်းပြန် နောက်တမျိုး ပြောကြတာလဲ ရှိသေးတယ်၊ ငါတို့ မျက်စိရှေ့မှာတင် ပဋိပက္ခတွေ အတိုင်းသား မြင်တွေ့နေရတဲ့ လူမှု သိပ္ပံနယ်ပယ်မှာတော့ ဒိုင်ယာလက်တစ်က အလုပ်ဖြစ်တယ်၊ ဒါပေမဲ့ သူ့သဘော သူဆောင်ပြီး ယန္တရားဆန်ဆန် လည်ပတ်နေတဲ့ သို့မဟုတ် statistical ဆန်တဲ့ သဘာဝတရားကို လေ့လာရာမှာတော့ ဒိုင်ယာလက်တစ်က အသုံးမဝင်ဘူး။ ဒီလို ရမ်းသမ်း ပြောဆိုမှုတွေဟာ ဘာမှ အခြေအမြစ် မရှိဘူး။ တကယ်တော့ လူမှု ဖြစ်စဉ်၊ သဘာဝ ဖြစ်စဉ် နှစ်မျိုးလုံးကို နားလည်ဖို့ အတွက် ဒိုင်ယာလက်တစ် ရုပ်ဝါဒကို မရှိမဖြစ် လိုအပ်တယ်။

၁၈၄၇ ခုနှစ်က အသက် ၃၀ မပြည့်သေးတဲ့ လူငယ်လေး နှစ်ဦးဟာ ကမ္ဘာကျော် ကြေညာစာတမ်းတခုကို ရေးသား ထုတ်ဝေခဲ့ကြဖူးတယ်။ ဒါပေမဲ့ သူတို့ ရေးခဲ့တဲ့ အဲဒီ ကြေညာစာတမ်းကိုသာ ဖတ်ကြည့်ရင် ၁၈၄၇ ခေတ်ကို

ဖော်ပြတာထက် ဒီကနေ့ ခေတ်ကို ကြည့်ပြီး ရေးထားသလား ထင်ရလိမ့်မယ်။ ၁၈၄၇ မှာ အရင်းရှင် စနစ်က ဂလိုဘယ် စနစ် ဖြစ်မလာသေးဘူး၊ ကမ္ဘာ့ ဈေးကွက်ဆိုတာ မရှိသေးဘူး။ သို့သော် ထိုလူငယ်လေး နှစ်ဦး ရေးခဲ့တဲ့ *Communist Manifesto* ထဲမှာ အရင်းရှင် စနစ်က ကမ္ဘာ့ စီးပွားရေး စနစ် ဖြစ်လာမဲ့ အကြောင်း၊ ကမ္ဘာ့ ဈေးကွက်ကြီး ပေါ်ထွက်လာမဲ့ အကြောင်း ရှင်းပြထားတာ တွေ့ရလိမ့်မယ်။ ဓာတ်ခွဲခန်းထဲ စမ်းသပ် လေ့လာပြီး ဟောကိန်းထုတ်ထားတာထက် ပိုတိကျတဲ့ prediction ကို သူတို့ ပေးနိုင်ခဲ့တယ်။

မာ့(က်စ်)နဲ့ အန်းဂယ်(လ်စ်) တို့ ဘာ့ကြောင့် အဲသလို predict လုပ်နိုင်ခဲ့သလဲ။ ရှင်းပါတယ်။ ဒိုင်ယာလက်တစ် ရုပ်ဝါဒ နည်းလမ်းကို အသုံးပြုပြီး လူ့အဖွဲ့အစည်းဆိုင်ရာ ဖြစ်စဉ်တွေကို စိတ်ဖြာလေ့လာခဲ့ကြ လို့ပဲ။

၁၉၀၅ မတိုင်ခင်က ရုရှားပြည်မှာ လာမဲ့ တော်လှန်ရေးကို ဘူဇွာ ဒီမိုကရေစီ တော်လှန်ရေးအဖြစ် အားလုံးက လက်ခံထားခဲ့ကြတယ်။ သဏ္ဍာန်အဓိက လော့ဂျစ်သမားတွေက ဘူဇွာ ဒီမိုကရေစီ တော်လှန်ရေး ဖြစ်လို့ ဘူဇွာ လစ်ဘရယ်တွေကပဲ တော်လှန်ရေးကို ခေါင်းဆောင်ရမယ်၊ အလုပ်သမားနဲ့ လယ်သမားထုက သူတို့ အာဏာ ရရှိရေး ဝိုင်းထမ်းပေးရမယ် လို့ ပြောခဲ့ကြတယ်။

ဒါပေမဲ့ ၂၅ နှစ်အရွယ် လူငယ်လေး တဦးဖြစ်တဲ့ လီယွန် ထရော့စကီးက သူတို့ အယူအဆကို ရဲရဲကြီး ပယ်ချပစ်ခဲ့တယ်။ လာမဲ့ တော်လှန်ရေးဟာ ဘူဇွာ တော်လှန်ရေး ဖြစ်တာ မှန်ပေမဲ့ ဘူဇွာ လူတန်းစားက တော်လှန်ရေးကို ဦးဆောင်နိုင်စွမ်း မရှိဘူး၊ အလုပ်သမား လူတန်းစားကသာ တော်လှန်ရေးကို ဦးဆောင်နိုင်တယ်။ အလုပ်သမား လူတန်းစားက လယ်သမားထု အပါအဝင် အဖိနှိပ်ခံ လူထု တရပ်လုံးကို ခေါင်းဆောင်ပြီး ဘူဇွာ ဒီမိုကရေစီ တော်လှန်ရေးကို ဆင်နွှဲရမယ်။ ဒါ့အပြင် အလုပ်သမား လူတန်းစားက အာဏာ အရယူနိုင်ဖို့ လိုအပ်တယ်။ *(ထရော့စကီးက ဘူဇွာဒီမိုကရေစီ တော်လှန်ရေးကို ခုန်ပြီး ဆိုရှယ်လစ် စနစ် တန်းရောက်ချင်တယ်လို့ စွပ်စွဲသူတွေဟာ ထရော့စကီး ရေးခဲ့တဲ့ ဆောင်းပါး တပုဒ်တလေကို မဖတ်ဖူးဘဲ ရမ်းတုပ် ပုံဖျက် နေတာပဲ ဖြစ်ရမယ်။ ဤကား စကားချပ်)*

အလုပ်သမား လူတန်းစားက တော်လှန်ရေးကနေ အာဏာ အရယူပြီး proletarian dictatorship ကို ထူထောင်နိုင်မှသာ ဘူဇွာ ဒီမိုကရေစီ တော်လှန်ရေးက ဖြေရှင်းရမဲ့ အခြေခံ ပြဿနာတွေ (မြေယာ ပြဿနာ၊ autocracy ဖြိုချရေး ပြဿနာ၊ စသဖြင့်) ကို အပြီးတိုင် ဖြေရှင်းနိုင်မယ်။ တော်လှန်ရေးဆင်နွှဲပြီး အာဏာအရယူထားနိုင်တဲ့ အလုပ်သမား လူတန်းစား က တော်လှန်ရေးကို အရင်းရှင်စနစ် ဘောင်ထဲမှာပဲ ကန့်သတ်ထားဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ အရင်းရှင် စနစ် 'property relations' ကို ဖြိုချပြီး ဆိုရှယ်လစ် လမ်းကြောင်းပေါ် စတင် တက်လှမ်းရမယ်။ ဒါဟာ ကမ္ဘာ့ ဆိုရှယ်လစ် တော်လှန်ရေးရဲ့ စမှတ်လဲ ဖြစ်တယ်။

ခေတ်နောက်ကျတဲ့ ရုရှားပြည်က အလုပ်သမား လူတန်းစားဟာ ရှေ့တန်းရောက် အရင်းရှင် တိုင်းပြည်တွေက အလုပ်သမား လူတန်းစားထက် စောပြီး အာဏာ အရ ယူနိုင်တယ်လို့ ၁၉၀၆ ခုနှစ်မှာ ထရော့စကီး ရေးခဲ့တယ်။ အဲဒါဟာ ဟောကိန်းသက်သက် မဟုတ်ဘူး။ ကမ္ဘာ့ အရင်းရှင် စနစ်နဲ့ ရုရှားပြည်ရဲ့ social relations ကို ဒိုင်ယာလက်တစ်နည်းနဲ့ အခိုင်အမာ စိတ်ဖြာသုံးသပ်နိုင်ခဲ့လို့ ထွက်ပေါ်လာတဲ့ ကောက်ချက်တွေပဲ။

အဲဒီလို ဒိုင်ယာလက်တစ် နည်းနဲ့ စိတ်ဖြာလေ့လာခဲ့လို့ အရင်းရှင်စနစ်ရဲ့ 'combined and uneven development' နိယာမကို သူ နားလည်ခဲ့တယ်။ [ဒါ့ကြောင့် စဉ်ဆက်မပြတ် တော်လှန်ရေး သီအိုရီကို] ဖော်ထုတ်နိုင်ခဲ့တယ်၊ အခု ပြောခဲ့တဲ့ conclusion တွေ ထုတ်ယူနိုင်ခဲ့တယ်။

အဲဒီ prediction တွေ မှန်ကန်ကြောင်း ၁၉၁၇ အောက်တိုဘာ တော်လှန်ရေးကြီးက သက်သေပြသွားခဲ့တယ်။

ဒိုင်ယာလက်တစ် ရုပ်ဝါဒကို အသုံးပြုပြီး အရင်းရှင် လူ့အဖွဲ့အစည်းကို သိပ္ပံနည်းကျ ဘယ်လို စိတ်ဖြာသုံးသပ်နိုင်သလဲ လေ့လာချင်ရင် မာ့(က်စ်)ရဲ့ အရင်းကျမ်းကို ကြည့်ပါ။ အဲလိုပဲ အန်းဂယ်(လ်စ်)က Dialectics of Nature စာအုပ်မှာ ဒိုင်ယာလက်တစ် ရုပ်ဝါဒကို သဘာဝ သိပ္ပံ ပညာရပ် နယ်ပယ်မှာ အသုံးချပြခဲ့တယ်။ သို့သော် အန်းဂယ်(လ်စ်)ဟာ မာ့(က်စ်) ချန်ထားခဲ့တဲ့ အရင်းကျမ်း အတွဲ ၂ နဲ့ အတွဲ ၃ ကို တည်းဖြတ် အချောသတ်ရတဲ့ အလုပ်တွေကြောင့် Dialectics of Nature စာအုပ်ကို အပြီးသတ်တဲ့အထိ ရေးခွင့် မရခဲ့ဘူး။

အန်းဂယ်(လ်စ်)ရဲ့ ဒီအစဉ်အလာကို ဆက်ခံတဲ့ မာ့(က်စ်)ဝါဒီတွေ ဖြစ်သော Ted Grant နဲ့ Alan Woods တို့က ခေတ်သစ် သိပ္ပံ ပညာရပ်တွေကို ဒိုင်ယာလက်တစ် ရုပ်ဝါဒနဲ့ ချိတ်ဆက်ပြခဲ့တယ်။ ခေတ်သစ် သိပ္ပံပညာရပ်က တွေ့ရှိချက် အသစ်တွေဟာ အန်းဂယ်(လ်စ်) ပြောခဲ့သလို -

'in the last analysis, the workings of nature are dialectical'


ဖြစ်ကြောင်း သက်သေပြနေတယ်။ ဘယ်လို သက်သေပြနေသလဲ စိတ်ဝင်စားရင် လွန်ခဲ့တဲ့ နှစ် ၃၀ ကျော်က Ted Grant နဲ့ Alan Woods တို့ ရေးသားတဲ့ [Reason in Revolt စာအုပ်]ကို လေ့လာကြည့်ပါ။

မာ့(က်စ်)နဲ့ အန်းဂယ်(လ်စ်)တို့ရဲ့ ဒိုင်ယာလက်တစ် ရုပ်ဝါဒ နည်းလမ်းကို သိပ္ပံ ပညာရပ်တွေ လေ့လာရာမှာ အသုံးပြုခဲ့ကြတဲ့ အထင်ကရ သိပ္ပံ ပညာရှင်တွေလဲ ရှိသေးတယ်။ နမူနာထုတ်ပြရရင် evolutionary biologist တွေ ဖြစ်တဲ့ Richard Lewontin and Richard Levins နဲ့ Paleontologist တွေ ဖြစ်တဲ့ Niles Eldredge and Stephen Jay Gould တို့ ရှိတယ်။


အခု ဆောင်းပါးက ပင်ကိုယ်ရေး မဟုတ်ပါဘူး၊ ဒါပေမဲ့ ဘာသာပြန်လို့လဲ မဆိုနိုင်ဘူး။ Richard Lewontin and Richard Levins တို့ ရေးသားတဲ့ 'Biology under the influence' (Dialectical Essays on Ecology, Agriculture, and Health) စာအုပ်ကို ဖတ်ရင်း ထုတ်ထားတဲ့ မှတ်စုတွေကို ဆောင်းပါးအဖြစ် ပြန်လည်တင်ဆက်ထားခြင်း ဖြစ်ပါတယ်။

လန်းနော့(ဒ်)

၂၀ မေ ၂၀၂၆



*René Magritte - The False Mirror*



*In defence of*

# GENUINE MARXISM

THE STRUGGLE